
www.burmeseclassic.com

တက္ကသိုလ်

# တင်မြင့်

## ကွယ်ပါတယ်ဆိုတာ ဝေဒနာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com








တက္ကသိုလ်
တင်မြင့်

# တွယ်တာတယ် ဆိုတာ ဝေဒနာ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁)

"မဝတီရေ အယ်ဒီတာချုပ်က တွေ့ချင်လို့ ရုံးခန်းကိုခဏလာခဲ့ပါလို့မှာလိုက်ပါတယ်"

မြန်မာပြည်အထက်ပိုင်း မှုခင်းဂျာနယ်တိုက်ခွဲဖြစ်သော မှုခင်းမျက်မှန်ဂျာနယ်တိုက်၏ အယ်ဒီတာချုပ်က မိမိအား တွေ့လိုကြောင်း ရုံးအကူတစ်ဦးမှလာ၍ အကြောင်းကြားသည်။

ရေဝတီ ခေါင်းညိတ်လိုက်၏။ ပြီး သူမ၏ စားပွဲမှ ထသည်။ ဘော(လ်)ပင်နှင့်စာအုပ်အလွတ်တစ်ခု ကောက်ယူလိုက်၏။ အံ့ဩဖို့ကောင်းသည်။ မိမိသည် မှုခင်းမျက်မှန်ဟုခေါ်သော ဂျာနယ်တိုက်ကြီးတွင် တာဝန်ထမ်းဆောင်နေသော်လည်း မှုခင်းသတင်းထောက်မဟုတ်ခဲ့။ ပြောရလျှင် မှုခင်းဂျာနယ် အယ်ဒီတာချုပ်နှင့် နေ့စဉ်တွေ့ဆုံရန်မလိုသည့် ငွေစာရင်းဌာနဝန်ထမ်းတစ်ဦး။

ငွေစာရင်းဌာနဆိုတာက ရုံးလုပ်ငန်းအရ ဂျာနယ်တိုက်၏ ငွေစာရင်းကိစ္စအဝဝကိုသာ ဆောင်ရွက်ပေးရခြင်းသာဖြစ်သည်။ စီမံရေးရာပိုင်း၊ သတင်းပိုင်း၊ ဂျာနယ်ဖြန့်ချိရေးပိုင်းတွေနှင့် ရေဝတီ ပတ်သက်စရာမရှိ။ အယ်ဒီတာချုပ်၏ အရေးတယူခေါ်တွေ့ဆုံစရာမလို။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် အကြောင်းကိစ္စ တစ်စုံတစ်ခုကြောင့်သာ မိမိအား ခေါ်ယူတွေ့ဆုံခြင်းဖြစ်သည်မှာတော့ သေချာနေပါပြီ။ ကော်ဇောခင်းထားသော လှေကားအတိုင်း တစ်ထစ်ချင်း နင်းကာ သူမ တက်ခဲ့၏။

နေရာတိုင်းတွင် မှန်ပြတင်းပေါက်ကြီးများ တပ်ဆင်ထားသည်။ အလင်းရောင်က မှန်မှတိုးဝင်နေခဲ့သည်။ တစ်ဆစ်ချိုးအကွေ့တွင် ရေဝတီရပ်ကာ မှန်ပြတင်းမှ ငေးကြည့်မိသည်။

မန္တလေးနေခြည်သည် မှုန်ပျပျနှင့် မှိုင်းသလိုဖြစ်နေပါ၏။ မှန်များက အရောင်ခံပါသည်မို့ အပြင်အပမှ နေရောင်ခြည်များ မှုန်ပျပျမှိုင်းနေသလားတော့မပြောတတ်။ ဟိုးအဝေးဆီမှ ရန်ကင်းတောင်ကို သူမ ငေးကြည့်မိသည်။ အတွေးထဲမှာ ကိုကိုနောင်ကို တွေးမိလိုက်၏။

"ကိုကိုနောင်"

ဘာသာရေရွတ်လိုက်ပြီးမှ ...

"အို ... သူ ... သူ ငါနဲ့ ဘာမှမဆိုင်တော့ဘူး၊ ကျော်မိုးနောင်ဆိုတာ ငါ့ဘဝထဲမှာမရှိသည့်တော့ဘူး၊ တစ်ချိန်တုန်းက ငါနဲ့သူ ရန်ကင်းတောင်ပေါ်အတူတူတက်ခဲ့ကြဖူးတယ်၊ ဘုရားဖူးခဲ့ကြဖူးတယ်၊ အခု ဘာမှမဆိုင်တော့ဘူး၊ ငါ့ဘဝမှာ ကိုကိုနောင်ဆိုတာ သေပြီ"

ရေဝတီ အတွေးကိုဖြတ်သည်။ သူမ ဆက်၍လျှောက်ခဲ့သည်။ ဒုတိယထပ်တွင် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ သတင်းစုဆောင်းခြင်း စသည့်ဌာနခွဲတွေရှိသည်။ ဌာနခွဲတိုင်းမှာ တာဝန်ထမ်းဆောင်သူတွေက စကားပြောခြင်း၊ ဆူညံနေခြင်းမျိုး



မရှိ။ မိမိတို့ဆိုင်ရာတာဝန်များကို ဆောင်ရွက်လုပ်ကိုင်နေခဲ့ကြသည်။ အပေါ်ဆုံးအထပ်သို့ သူမ ဆက်တက်ခဲ့၏။

အပေါ်ဆုံးထပ်သို့ သူမ ရောက်သွားခဲ့သည်။ အလင်းအားနည်းသောနေရာများတွင် မီးလုံးများထွန်းထား၏။ အလင်းရောင်က မှိန်ပျပျသာ။ ထို့ကြောင့် သူမ အမြဲတမ်းတပ်ဆင်ထားလေ့ရှိသော မျက်မှန်ကို လမ်းလျှောက်ရင်းချွတ်လိုက်ရသည်။

ရုံးခန်းမှန်တံခါးကို တွန်းဖွင့်ကာ ရေဝတီ ဝင်ရောက်လိုက်သည်။ ရုံးခန်းက အတွင်းတွင် နှစ်ထပ်ရှိနေခဲ့သည့် ရုံးခန်းပဲဖြစ်သည်။ ဒုတိယအယ်ဒီတာချုပ်မလေး၏ ဖော်ရွေစွာပြုံးပြလိုက်သည့်အပြုံးကို တွေ့ရသည်။ သူမစားပွဲရှေ့တွင် ရေဝတီ ဝင်ထိုင်လိုက်သည်။ ဒုအယ်ဒီတာချုပ်မလေး၏ စားပွဲပေါ်တွင် တယ်လီဖုန်းသုံးလုံးရှိသည်။ အနီ၊ မီးခိုးရောင်နှင့် အမည်းရောင်တစ်လုံးပဲဖြစ်သည်။

ဒုအယ်ဒီတာချုပ်မလေးက ရေဝတီ၏အသွင်အပြင်ကို မသိမသာအကဲခတ်ကြည့်သည်။ ရေဝတီ သိပါ၏။ ဒုအယ်ဒီတာချုပ်မလေး၏ အကြည့်များမှာ သူမနှင့် ရေဝတီသည် မိန်းမသားချင်းတူညီပါလျက် ကွာခြားချက်ရှိနေသောကြောင့်ဖြစ်ပါ၏။

ဒုအယ်ဒီတာချုပ်မလေး ဝတ်စားဆင်ယင်ထားသည့်ပုံမှာ ဆံကေသာမှအစ ခြေဖဝါး၊ ဖိနပ်တိုင်အောင် အကောင်းစားချည်းဖြစ်နေသည်။ လိမ်းခြယ်ထားသည်မှာ သူ့နေရာနှင့်သူ အဆင်ပြေလွန်းနေပါ၏။ မိန်းမသားတစ်ဦး၏အလှကို ထင်းခနဲတွေ့နေရသည်။

ရေဝတီကို ကြည့်ပါလေဦးတော့။

www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်ချည်ထည်ရင်ဖုံးအင်္ကျီ ထူထူပွပွကို ဝတ်ထားသည်။ ထဘီကလည်း မီးနီးရောင်ပြောင်ထဘီဖြစ်သည်။ ရေဝတီမျက်နှာက မိတ်ကပ်ဝေး၍ ပေါင်ဒါသနပ်ခါးမရှိ။ ပင်ကိုအသားအရောင်က ဖြူဝင်း၍သာတော်တော့သည်။ ရေဝတီ၏ကိုယ်ခန္ဓာအလှမှာလည်း ထူပွပွအင်္ကျီအောက်မှာ မပေါ်လွင်ပါလေတော့။

ရေဝတီက ဆံပင်ကို အုန်းဆီရွှဲရွှဲလိမ်းပြီး ဖြီးဖြီးရေဆိုသည့်ဟန်ဖြင့် အဲကောင်းရှည်လျားသည့်ဆံပင်ကို ပလပ်စတစ်ဘီးအမည်းတစ်ချောင်းခံထားကာ ပတ်ထားခဲ့သည်။

ပြီးတော့ နေကာမျက်မှန်အမည်းကြီး တပ်ထားခဲ့၍ရေဝတီ၏မျက်ခုံးမျက်လုံး၊ နှာတံအလှတို့ ငုပ်လျှိုးသွားခဲ့ရပါ၏။

"ကျွန်မ ရေဝတီပါ၊ အယ်ဒီတာချုပ်ခေါ်တယ်ဆိုလို့ လာတာပါ၊ ငွေစာရင်းဌာနကပါ"

"ဪ ....ဟုတ်ကဲ့ ခဏလေးနော်၊ အယ်ဒီတာချုပ် ခေါ်ထားတာမှန်ပါတယ်၊ ဒါပေမဲ့ အယ်ဒီတာချုပ် ရုံးခန်းထဲမှာဧည့်သည်တစ်ဦးရောက်နေပါတယ်။ ဒီဧည့်သည်ရှိနေတုန်းမှာ မရေဝတီကို ဆရာ တွေ့မှာလားဆိုတာ မေးပါရစေဦးနော်"

ဒုအယ်ဒီတာချုပ်မလေးက ကုပ်ဝဲကို ဖွာခနဲ ခါခနဲဖြစ်အောင် ဦးခေါင်းကိုလှုပ်ခါပြောရင်း စားပွဲပေါ်မှ အင်တာကွန်းခါ် အတွင်းအပြင်ဆက်သွယ်ထားသည့် ခလုတ်ကို နှိပ်လိုက်သည်။

"ငွေစာရင်းဌာနက မရေဝတီဆိုတဲ့ ..."

"လွှတ်လိုက်ပါ၊ ချက်ချင်းလွှတ်လိုက်ပါ"



သူမ စကားပင်မဆုံးလိုက်။ အထဲမှ လိုလားစွာဖြင့် ပြောသံကြားလိုက်ရသည်။ ဒုအယ်ဒီတာချုပ်မလေးက ရေဝတီကို ခေါင်းညိတ်ပြလိုက်ပါ၏။

ရေဝတီ ဣန္ဒြေရစွာဖြင့် အယ်ဒီတာချုပ်၏ရုံးခန်းမှန်တံခါးကို တွန်းဖွင့်ဝင်ရောက်လိုက်သည်။ ရေဝတီ၏ နောက်ကျောပိုင်းကို သူမ ကြည့်လိုက်မိသည်။ မိန်းမသားချင်းမို့ ခန္ဓာကိုယ်အချိုးကျလှပကြောင်း သိနေမိ၏။ အတင်းအရင်းတွေ အဖောင်းအမို့တွေပြီးတော့ ပြည့်ဖြိုးသည့်ပေါင်တံအလှတွေရှိပါလျက်နဲ့ အဘွားအိုတစ်ဦးလို သံခေတ် ကြေးခေတ်ထဲကမိန်းမသားတစ်ဦးလို ပြင်ဆင်ထားရသည်က ဘာကြောင့်ပါနည်း။ မိန်းမသားဆိုသည်မှာ လှချင်လွန်းသည်ဆိုသော သီအိုရီ မှားများမှားနေပြီလားမသိတော့နိုင်ပါလေတော့။

✤ ➡ ✤

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

ရုံးခန်းထဲမှာ လူနှစ်ဦးကိုတွေ့ရပါ၏။ ရုံးခန်းက ကျယ်ပြန့်လှသည်။ အလုပ်စားပွဲပေါ်မှာ ကပ်ထူဖုံး သံကွင်းတပ်ဖိုင်များက နေရာယူထားခဲ့သည်။ တစ်ခန်းလုံးကို မွေးပွကော်ဇောများခင်းထားသည်။ နင်းရက်စရာမရှိ။ အလုပ်စားပွဲနှင့် မနီးမဝေးမှာ ဆိုဖာဆက်တီခင်းထား၏။

အလုပ်စားပွဲက ပေါလစ်ရောင် တဖိတ်ဖိတ်ထနေခဲ့သည်။ စားပွဲပေါ်မှာ အလုပ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအပြင် တယ်လီဖုန်းကောင်စုံသုံးလုံးနှင့် အင်တာကွန်းတို့က နေရာယူထားခဲ့ပြန်သည်။

အလုပ်စားပွဲ၏နောက်မှာ ဆုံလည်ကုလားထိုင်ပြင် အယ်ဒီတာချုပ် ဦးအောင်စည် ထိုင်နေခဲ့ပြီး ညည်သည်က ဆိုဖာဆက်တီပေါ်မှာ အနေ့သားထိုင်နေခဲ့ပါ၏။ ဦးအောင်စည်၏ အသက်ခြောက်ဆယ်နီးလုလုရှိနေခဲ့သော်လည်း အရွယ်တင်ပြီး နေဆဲဖြစ်သည်။ ဥပမိရုပ်က ခန့်ညားပြီး ဖြူသောအသားနှင့် လိုက်ဖက်ပါ၏။ ထိပ်အနည်းငယ်ပြောင်ကာ ခပ်ဖိုင့်ဖိုင့်အနေအထား ရှိသည်။ ဝလွန်းသည်တော့မဟုတ်။



ဆိုဖာဆက်တီပေါ်တွင် ထိုင်နေသူက ရုံးခန်းအဝသို့ မျက်နှာမူ၍ ထိုင်နေခြင်းဖြစ်သည်။ ရေဝတီ မသိမသာကြည့်လိုက်မိသည်။ အသားညိုသော်လည်း ကြက်ဥနှစ်ရောင် အနောက်တိုင်းဝတ်စုံနှင့် ကြည့်ကောင်းလွန်းသည်။ ကြက်သွေးရင့်ရောင် နက်ကတိုင်ခေါ် လည်စည်းကို စည်းနှောင်ထား၏။ ခြေကို ချိတ်ထိုင်ထားပြီး ကျောမှီကို ကျကျနန မှီထိုင်ထားသည်။ လက်တစ်ဖက်က ဆိုဖာနောက်မှီကို ဆန့်တန်း၍တင်ထားသည်။

ထိုသူ၏ရုပ်ရည်က ယောကျ်ားချော,ချောသည်။ ဆံပင်က လှိုင်းတွန့်ကလေးများထကာ ဝဲကျနေခဲ့သည်။ ချောမောသော သူ၏ရုပ်ရည်နှင့်လိုက်ဖက်ပါ၏။ အသက်က ၃၀ ဝန်းကျင်ဟု ရေဝတီ ခန့်မှန်းမိသည်။ သူတို့အကြည့်က စူးရှလွန်းသည်။ ရေဝတီကို မော်ဒယ်လ်တစ်ဦးပမာ ခြေဆုံးခေါင်းဆုံး စိုက်ကြည့်နေကြသည်။ ရိုင်းလွန်းသည်ဟု မှတ်ချက်ပြုချင်မိ၏။

လုစိမ်းသက်သက်ဖြစ်သည့် ကိုလူညို၏ အကြည့်အတွက်ကြောင့်တော့ ရေဝတီ ခြေလှမ်းများချင်မိသည်။ သူမစိတ်ကို မာန်တင်းလိုက်၏။ ဘာကိုမှ ဂရုမစိုက်တော့ဘဲ အယ်ဒီတာချုပ်စားပွဲသို့ လျှောက်လိုက်ပါ၏။

"လာ … လာ။ ငါတူမ ရေဝတီကို အန်ကယ်လ် အခုတွေ့ရတာ ပထမဆုံးအကြိမ်တွေ့ရခြင်းလို့ဆိုရမှာပဲကွယ်။ ရေဝတီ့ဖေဖေ ဦးစောမောင် ဆုံးသွားပြီးတဲ့နောက် တခါယ်ဆိုရင် ရေဝတီ့ကို တွေ့အောင်ရှာပြီး ဂရုတစိုက်လေးရှိဖို့ကောင်းတာပေါ့ကွယ်၊ ကျန်ခဲ့တဲ့သမီးလေးအတွက် ဝတ္တရားပျက်သွားတာကို ခွင့်လွှတ်ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ရေဝတီ ကျေနပ်မိရသည်။ ကြည်နူးသွားမိ၏။ လက်ရှိအနေအထားက ဦးအောင်စည်သည် သူမအထက်အရာရှိ အကြီးအကဲတစ်ဦး။ မိမိက သူ့လက်အောက်ဌာနမှ သာမန်စာရေး မလေးတစ်ဦးသာဖြစ်သည်။ ကွယ်လွန်သွားပြီဖြစ်သော ဖေဖေ ဦးဇော်မောင်၏မျက်နှာဖြင့် တစ်ချိန်တစ်ခါတုန်းက ဦးအောင်စည် သည် စာဖြင့် ဆက်သွယ်ခဲ့ဖူး၏။ ထို့နောက် အဆက်အသွယ် ပြတ်သွားခဲ့သည်။

"အန်ကယ်လ် ဝတ္တရားမပျက်ခဲ့ပါဘူး၊ ဖေဖေ ဆုံးပြီးတော့ ရေဝတီကို အကူအညီပေးချင်လို့ ဆက်သွယ်သေးတာပဲ၊ အဲဒီတုန်းက ရေဝတီအနေနဲ့ လက်ထပ်ခါနီးဆဲဆဲမို့ အားကိုး ရာမဲ့ ခင်ပွန်းသည်ရတော့မှာပဲဆိုပြီး အန်ကယ့်လ် အကူ အညီကို လက်မခံခဲ့တာပါ"

"ဒါပေမဲ့ ရေဝတီ လက်မထပ်ဖြစ်ခဲ့ဘူးနော်"

"အကြောင်းမညီညွတ်လို့ လက်ထပ်မယ့်အစီအစဉ် ပျက် သွားပါတယ် အန်ကယ်လ်"

"အေးကွယ် ... ရေဝတီအကြောင်း သိသင့်တာတွေ သိ ထားပြီးပါပြီ၊ အန်ကယ်လ်တို့ ဆိုဖာမှာပဲထိုင်ပြီး စကား ပြောကြတာပေါ့၊ ရေဝတီကို ကိုနေရဲနဲ့လည်း မိတ်ဆက်ပေး ရဦးမယ်"

ဦးအောင်စည်က ဆုံလည်ကုလားထိုင်မှ ထလာခဲ့ သည်။ သမီးအရွယ် ရေဝတီကို လက်ဆွဲခေါ်ပြီး ဆိုဖာတစ်လုံး တွင် ထိုင်နိုင်း၏။ ဦးအောင်စည်က ရေဝတီဘေးခုံးတွင် ထိုင်လိုက် သည်။ ကိုနေရဲဆိုသူနှင့် မိတ်ဆက်ပေးလာခဲ့ပါ၏။



"ဒါ ကိုနေရဲတဲ့ မှူခင်းရဲတပ်ဖွဲ့ဝင်တစ်ဦးပဲ၊ ပုဂ္ဂိုလ်ရေး အရ တူလိုသားလိုခင်မင်ကြတယ်၊ ကိုနေရဲနဲ့ အန်ကယ်လ် တို့ မှူခင်းဂျာနယ်တိုက်တစ်တိုက်ဆိုတာ လုပ်ငန်းသဘော အရလည်း ဆက်သွယ်နေပါတယ်၊ ကိုနေရဲ မန္တလေးမှာ တစ်ပတ်လောက်နေဖို့ အစီအစဉ်ရှိတယ်၊ ရေဝတီက ကိုနေရဲ လိုအပ်တဲ့အကူအညီပေးရလိမ့်မယ်။ တာဝန်တစ်ရပ်အနေနဲ့ ရေဝတီ အထူးကိုကူညီဖို့လိုပါတယ်၊ မှူခင်းတစ်ခုကို ဖော် ထုတ်ဖို့အတွက်ပါပဲ။ ပြည်သူတိုင်းမှာ မှူခင်းကျူးလွန်ဖို့၊ မှူခင်းတွေ ဖြစ်ပေါ်မလာအောင် မှူခင်းတပ်ဖွဲ့နဲ့အတူ ပူးပေါင်းကူညီဖို့ လက်တွဲဖို့ အသင့်ရှိရမယ်မဟုတ်လား"

"မှန်ပါတယ် အန်ကယ်လ်၊ နိုင်ငံသားပြည်သူတစ်ဦးမှာ တာဝန်ရှိပါတယ်"

ရေဝတီအပြောကြောင့် ဦးအောင်စည်ရော ကိုနေရဲပါ ပြုံးယောင်သမ်းခဲ့ပါ၏။ ဦးအောင်စည်က ဘယ်လိုလဲဆိုသည့် သဘောဖြင့် ကိုနေရဲကို မေးဆတ်ပြခဲ့ပါ၏။

ရေဝတီ တွေးမရသည့်အချက်များကြောင့် တွေဝေ နေခဲ့မိသည်။ မိမိသည် ဤဂျာနယ်တိုက်တွင် တာဝန်ထမ်းဆောင် ခဲ့သည်မှာ ရှစ်လခန့်ပဲရှိသေးသည်။ တကယ်ဆို မိမိသည် သာမန် ဝန်ထမ်းငယ်တစ်ဦးသာဖြစ်ပြီး၊ မှူခင်းနှင့်ပတ်သက်လာလျှင် မယဉ် ပါးသိထားခဲ့ပေ။ ရေဝတီအား တာဝန်ပေးခြင်းမှာ မှားယွင်းသည် ဟု ထင်မြင်နေမိဆဲမှာ ဦးအောင်စည်က စကားဆက်လာခဲ့သည်။

"ကိုနေရဲမှာ အင်မတန်ယုံကြည်စိတ်ချရတဲ့လူတစ်ယောက် လိုအပ်နေတယ် ရေဝတီ၊ မှူခင်းတစ်ခုကို ဖော်ထုတ်နိုင်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ရဲ့ထာဝန်ယူထားရတယ်ဆိုပါတော့ကွယ်၊ အဲဒီအတွက် ရေဝတီ တူညီဖို့ပဲ"

ဦးအောင်စည် ပြောလာလေ ရေဝတီမှာ ကျော်ကြားလာရလေဖြစ်ပါ၏။ လူ့ဂုဏ်သောလုပ်ငန်းမျိုးထဲတွင် ရေဝတီလို အညတြ ဘုမသိ ဘမသိမလေးက မည်သို့သောတာဝန်ကို ယူပြီး ထမ်းဆောင်ရမည်တဲ့လဲ။ ဦးအောင်စည်က စကားဆက်လာပြန်ပါ၏။

"ဘယ်လိုလဲ ရေဝတီ၊ အန်ကယ်လ်ပြောတာ သဘောပေါက်ရဲ့လား၊ နားလည်ရဲ့လား"

"ဟုတ်ကဲ့ သဘောပေါက်ပါတယ်၊ အန်ကယ်လ်က ရေဝတီကို ယောဒီ ကိုနေရဲနဲ့ပတ်သက်ပြီး အင်မတန်လူ့ဂုဏ်တဲ့ လုပ်ငန်းတစ်ခု တာဝန်တစ်ခု ပေးလိမ့်မယ်ဆိုတာ ရေဝတီ နားလည်ပါတယ်၊ မရှင်းတာတစ်ခုရှိနေတယ် အန်ကယ်လ်"

"ဆို ..."

"ဒီလိုကိစ္စမျိုးအတွက် ရေဝတီကို အန်ကယ်လ် ဘာကြောင့် ရွေးချယ်သလဲ ဆိုတာကိုပဲ အန်ကယ်လ်။ တကယ်ဆိုရင် အန်ကယ့်လ်လက်အောက်မှာ ရွေးသင့်ရွေးထိုက်တဲ့သူတွေ ရှိနေကြသားပဲ၊ ဆိုလိုတာက အရည်အချင်းရှိတဲ့လူတွေ ရှိနေတာကို ရေဝတီ ဆိုလိုချင်တာပါ"

"လောကကြီးမှာ ကရိယာတန်ဆာပလာနဲ့တိုင်းတာလို့ရတာမျိုးလည်းရှိတာပေါ့ကွယ်၊ ဥပမာ အပူအအေးကို ပြဒါးနဲ့တိုင်းတယ်၊ သတ်မှတ်ထားတဲ့ ဒီဂရီရောက်ရင် ရေပွက်ပွက်ဆူအောင်ပူရမယ်၊ အဲဒီလိုပဲ သတ်မှတ်ထားတဲ့ ဒီဂရီ



ရောက်ရင်လည်း ရေတွေ အတုံးအခဲဖြစ်အောင်အေးရမယ်၊ ဒါက ကိရိယာနဲ့စမ်းသပ်တိုင်းတာပြီး တွေ့ရတဲ့အမှန်သဘောတရားပဲ ရေဝတီ ...

နောက်တစ်ခုက ချင့်ချိန်ပြီးတွက်ဆလို့ရတဲ့ အရည်အချင်းပိုင်းပဲ၊ ဘီအီးဒီဘွဲ့ရထားသူဟာ ကျောင်းသူကျောင်းသားတွေကို စာသင်ပြနိုင်တဲ့ ဆရာဖြစ်ရမယ်၊ သူက ဘီအီးဒီဘွဲ့ရထားတာကိုး၊ အမ်ဘီဘီအက်(စ်)အောင်ထားသူဟာ ဆေးကုသနိုင်တဲ့ဆရာဝန်ဖြစ်ရမယ်၊ ဒါက လူတစ်ယောက်အရည်အချင်းကို ကိန်းသေတွက်ဆလို့ရတဲ့အပိုင်းပေါ့ ရေဝတီ"

"အန်ကယ်လ်ပြောတာ ရေဝတီ နားမရှင်းတာတော့ အမှန်ပါပဲ၊ အန်ကယ်လ် ဘာကိုရည်ရွယ်ပြောနေမှန်း ရေဝတီ သဘောမပေါက်မရိပ်စားမိသေးပါဘူး"

ဦးအောင်စည် ပြုံးလိုက်သည်။ အပြုံးက အဓိပ္ပာယ်ရှိသည့်အပြုံး။

"လူတစ်ယောက်ရဲ့သစ္စာတရားကိုတော့ ဘယ်လိုကိရိယာနဲ့မှ စမ်းသပ်မရပါဘူး၊ ချင့်ချိန်တွက်ဆတိုင်းလည်း မှန်ချင်မှ မှန်တာမျိုးပါ၊ အန်ကယ့်လ် လက်အောက်မှာအမှုထမ်းနေတဲ့သူတွေထဲမှာ အရည်အချင်းပြည့်ဝတဲ့သူတွေရှိတယ်ဆိုတာကို အန်ကယ်လ် မငြင်းလိုပါဘူး၊ ဒါပေမဲ့ သစ္စာတရားနဲ့ ပတ်သက်ရင် အန်ကယ့်လ် လက်အောက်ကလူတွေထဲမှာ တစ်ဦးတလေတောင်မှ ရှိမှရှိပါ့မလားဆိုတဲ့သံသယစိုင်ထဲမှာဖြစ်မိတယ် ရေဝတီ"

www.burmeseclassic.com

www.burmeseclassic.com



"အခုတော့လည်း အန်ကယ့်လ်လက်အောက်က အမှုထမ်းပါပဲ အန်ကယ်လ်"

"မှန်တယ်၊ ဒါပေမဲ့ ရေဝတီ့ဖေဖေဟာ ဦးစောမောင်၊ ရေဝတီဟာ ဦးစောမောင်ရဲ့သမီး"

"ရှင်"

"ဦးစောမောင်ဟာ အန်ကယ်လ်နဲ့ ညီအစ်ကိုလိုရင်းနှီးခဲ့တဲ့ မိတ်ဆွေတစ်ယောက်ပဲ၊ သူ ဆုံးသွားတဲ့နောက် ရေဝတီကို စုံစမ်းတယ်၊ စာရေးပြီးဆက်သွယ်ခဲ့တယ်၊ တတ်နိုင်သရွေ့ အကူအညီပေးမယ်ပေါ့၊ ဒါပေမဲ့ ရေဝတီဟာ လက်ထပ်တော့မှာမို့ စောင့်ရှောက်တဲ့သူရှိလာမှာကြောင့် ဘာအကူအညီမှမလိုပါဘူးလို့ စာပြန်ခဲ့တယ်မဟုတ်လား၊ အဲဒီနောက် မကြာခင်မှာပဲ အန်ကယ်လ် ရုံးရဲ့အမှုထမ်းစာရင်းကို စစ်တဲ့အခါ အဖ ဦးစောမောင် (ကွယ်လွန်)ဆိုတာကိုတွေ့ရတယ်၊ ဒီမိန်းကလေး လက်ထပ်မယ်ဆိုပြီး ဘာလို့အလုပ်ဝင်လုပ်နေပါလိမ့်ဆိုတာကို အန်ကယ်လ် စုံစမ်းရပြန်တာပါပဲ"

"ရေဝတီ ပြောခဲ့ပြီးပါပြီ အန်ကယ်လ်၊ သစ္စာတရားနည်းလှတဲ့အမျိုးသားက ဖျက်သိမ်းလို့ ပျက်သွားတာပါ၊ ဒီတော့ ရေဝတီ တစ်ဝမ်းတစ်ခါးအတွက် အလုပ်လုပ်ဖို့လိုလာတယ်လေ၊ ရေဝတီ့သူငယ်ချင်း အမျိုးသမီးတစ်ဦးရဲ့ခင်ပွန်းဟာ အန်ကယ့်လ်လက်အောက်မှာ အလုပ်လုပ်သူဖြစ်နေတော့ လူလိုနေတဲ့ ငွေစာရင်းဌာနမှာ အလုပ်သွင်းခိုင်းရတာပါပဲ၊ သူ ကြိုးစားပေးလို့ ဂျာနယ်တိုက်ငွေစာရင်းဌာနမှာ အလုပ်ရခဲ့တာပါ"



ဦးအောင်စည်က ထိုင်ရာမှထသည်။ ပြတင်းပေါက်တစ်ပေါက်ရှိရာသို့ လျှောက်ခဲ့ပြီး ပြင်ပရှုခင်းကို လှမ်းကြည့်နေသေး၏။

ရေဝတီက ဦးအောင်စည်ထံမှစကားကို ငံ့လင့်ရင်းဆိုနေရဲ့ဆိုသူကို မသိမသာ အကဲခတ်ကြည့်မိပါ၏။ ကိုလူချောက ရေဝတီကို စိတ်ဝင်စားပုံမပေါ်ပါ။ ရေဝတီ့ပုံသဏ္ဍာန်ကို သူ စိတ်နှက်နေပုံကို ရေဝတီ သိလိုက်ရ၏။ မိန်းမသားဆိုတာ ဒီမှာဘက်အွင် လူကဲခတ်တတ်ကြပါ၏။

ရေဝတီ မသိမသာပြုံးမိပါ၏။ ရေဝတီ မျက်နှာလွှဲလိုက်မိသည်။ ယောကျ်ားဆိုတာ အချောအလှ၊ အနုအရွကလေးတွေမှ နှစ်ခြိုက်တတ်ကြပါ၏။ ဦးအောင်စည်က ပြတင်းပေါက်ကို ကျောမှီရင်းမှ ...

"ရေဝတီ့ကို သီးသန့်ခေါ်တွေ့တဲ့ကိစ္စက အန်ကယ့်လ်အနေနဲ့ အကူအညီတောင်းတာပါပဲ၊ တစ်ခါတုန်းက အန်ကယ်လ် အကူအညီပေးတာကို ရေဝတီ ငြင်းပယ်ခဲ့ဖူးတယ်၊ အခု အန်ကယ်လ်က တစ်ခါပြန်ပြီး အကူအညီတောင်းတာပါပဲ၊ ရေဝတီကို အခုလိုအကူအညီတောင်းတာက ဦးစောမောင် သမီးဖြစ်နေလို့ပဲ၊ ဦးစောမောင်ဟာ သူ့တစ်သက် သေဆုံးသွားတဲ့အထိ သစ္စာမရှိတဲ့အလုပ်မျိုး တစ်ခုမှမလုပ်သွားခဲ့ဖူးဘူး၊ ဖအေသွေးပါတဲ့ ရေဝတီကလည်း ဖအေ့ခြေရာနင်းမယ့်သမီးမျိုးလို့ အန်ကယ်လ် ယုံကြည်လို့ပဲ ရေဝတီ"

"ဖအေသစ္စာရှိသူမို့ သမီး သစ္စာရှိမယ်လို့ တစ်ထစ်ချယူဆလို့ဖြစ်နိုင်ပါ့မလား အန်ကယ်လ်"

www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်လ် ပြောခဲ့ပြီကော၊ သစ္စာနဲ့ပတ်သက်လာရင် စမ်းသပ်နိုင်တဲ့ကိရိယာ မရှိဘူး၊ ချင့်ချိန်လို့လည်း မရပါဘူး၊ ဒါပေမဲ့ ရေဝတီဟာ ကျော်မိုးနောင်နဲ့ မေတ္တာရှိခဲ့ဖူးကြတယ်၊ တကယ်တမ်းကျတော့ ရေဝတီ သစ္စာမဖောက်ခဲ့ဘူး၊ သစ္စာဖောက်သူက ကျော်မိုးနောင်ပဲ မဟုတ်လား"

ရေဝတီ မျက်ဝန်းများ ပြူးကျယ်သွားမိပါ၏။ ဦးအောင်စည်သည် သူမအား တိုက်ရိုက်မဆက်သွယ်ခဲ့ဘူးစေကာမူ ကျော်မိုးနောင် သစ္စာဖောက်၍ လက်ထပ်ဖို့ကိစ္စပျက်သွားရသည်အထိ ခရေစေ့တွင်းကျ သိနေခဲ့ပေသည်။

"ဖေဖေဟာ သေသွားတဲ့အထိ သစ္စာရှိသွားခဲ့ပါတယ်၊ ဖေဖေဟာ အသက်ရှင်စဉ်တုန်းက ဩဇာတိက္ကမကြီးမားခဲ့တယ်၊ သစ္စာရှိခဲ့တဲ့အတွက်လည်း ဖေဖေ့မှာ သေသွားတဲ့အခါ ခြူးတစ်ပြားတောင်မကျန်ခဲ့ပါဘူး၊ ကျော်မိုးနောင်ဟာ ရေဝတီ့အတွက် ဖေဖေ ဥစ္စာပစ္စည်းမချန်ထားနိုင်ခဲ့မှန်းလည်း သိရော လက်ထပ်ဖို့ကိစ္စကို ဖျက်ပစ်ခဲ့တယ်၊ ပြောင်ပြောင်ကြီးပဲ သစ္စာဖောက်ခဲ့တယ်လေ"

"ဘာကွယ့်"

ဦးအောင်စည်၏ခန္ဓာကိုယ်က ဆတ်ခနဲ တုန်သွားရ၏။ သူ မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး ...

"ဒီမှာ ရေဝတီ ... ဒီစကားတွေဟာ ရေဝတီ့ဖေဖေ ဦးစောမောင်အပေါ် အထင်သေးအမြင်သေးနဲ့ ပြောလိုက်တာတော့မဟုတ်တန်ကောင်းပါဘူးနော်၊ ကျော်မိုးနောင်ကို နာကြည်းစိတ်နဲ့ ပြောလိုက်တာလို့ပဲ အန်ကယ်လ် ယူဆပါရစေလား"

ရေဝတီ ဒေါသစိတ်လေးနှင့် ပြောလိုက်မိသည်ကို ယူကျုံးမရဖြစ်သွားမိသည်။ ဖခင်၏ဂုဏ်သိက္ခာကို ထိခိုက်သွားမိသလိုဖြစ်ရသည်ကို တွေးလိုက်မိ၏။

"ကဲပါလေ ... ဦးစောမောင်ရဲ့သမီးမို့ ရေဝတီကို အသင့်တော်ဆုံးလို့ပဲမြင်မိတယ်၊ သစ္စာလည်းရှိလိမ့်မယ်လို့ ယူဆမိတယ်၊ ရေဝတီ တစ်ပတ်လောက်စဉ်းစားပါဦး၊ လက်ခံမယ်လက်မခံဘူးဆိုတာ ရေဝတီရဲ့ကိုယ်ပိုင်အခွင့်အရေးပါ၊ လက်ခံနိုင်မယ်ဆိုမှ ကိုနေရဲကပဲ ရေဝတီကို ပြောပြပါလိမ့်မယ်၊ ရေဝတီ ပြန်နိုင်ပါပြီ"

ဦးအောင်စည် စကားဆုံးသည်နှင့် ကိုနေရဲက ထိုင်ရာမှထလိုက်သည်။ ရုံးခန်းတံခါးကို ရေဝတီ သွားနိုင်ရန် ဖွင့်ပေးလိုက်ပါ၏။

ကိုနေရဲ၏မျက်နှာက ဖခင်အား ထိထိခိုက်ခိုက်လေး ပြောမိသောစကားကြောင့် နေရဝတီ့အပေါ် အထင်အမြင်သေးသွားသည့်ပုံသဏ္ဌာန်ပေါ်နေမှန်း ရေဝတီ အကဲခတ်မိ၏။

ကိုနေရဲ ဖွင့်ပေးထားသည့်တံခါးရှိရာသို့ မလှမ်းမီခင်မှာ ရေဝတီ ဆုံးဖြတ်ချက်ချလိုက်မိပါ၏။ ဦးအောင်စည်ကို သူမ ခဲခဲကြီးကြည့်မိပါလေ၏။

သူမ ဆုံးဖြတ်ချက်ကိုလည်း ပြင်မည် မဟုတ်ပါလေသော့။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဖတ်ကြာအောင် ရေဝတီ မစောင့်တော့ပါဘူး အန်ကယ်လ်၊ ကိုနေရဲကို ကူညီဖို့ ရေဝတီ ဆုံးဖြတ်လိုက်ပြီးပါပြီ၊ ရေဝတီ ဆုံးဖြတ်ချက်ကို မပြင်တော့ပါဘူး"

"ဆုံးဖြတ်တာမမြန်လွန်းဘူးလား ရေဝတီ"

"ဟုတ်ကဲ့ မြန်ပါတယ်၊ သာမန်ဆိုရင်တော့ ဘာကိစ္စမှန်းမသိဘဲ သစ္စာရှိဖို့လိုတယ်ဆိုတာပဲ သိရုံနဲ့ လက်ခံမှာမဟုတ်ပါဘူး၊ စဉ်းစားဖြစ်ဦးမှာပါ၊ ဒါပေမဲ့ အခုနက ရေဝတီ စကားထဲမှာ ဖေဖေဦးစောမောင်ကို ဂုဏ်သိက္ခာကျစေတဲ့အဓိပ္ပာယ်မျိုး ပါသွားပါတယ်၊ ဒါကြောင့် ဖေဖေ့ကို ပြန်ပြီး ဂုဏ်မြင့်တဲ့အနေနဲ့ အန်ကယ် ဆက်သွယ်လာတဲ့ကိစ္စမျိုးဟာ အသက်ရကယ်ဘုံကိုသွားရတဲ့ကိစ္စမျိုးဖြစ်ပစေဦးတော့ ဖေဖေ့သမီးဟာ ဖေဖေလို့ပဲ သစ္စာတရားဦးထိပ်ထားပြီး လက်ခံဆောင်ရွက်မယ်လို့ ဆုံးဖြတ်လိုက်တာပါပဲ အန်ကယ်လ်"

ဦးအောင်စည် ပြုံးသွားမိပါလေ၏။ ရေဝတီ အခန်းအပြင်သို့ထွက်လိုက်သည်။ ကိုနေရဲ တံခါးကို ပြန်လည်ပိတ်ကာ ဆိုဖာဆီသို့ လျှောက်ခဲ့ပါတော့၏။

✤ ✤ ✤



## အခန်း(၃)

"ဘယ်လို သဘောရသလဲဟေ့ နေရဲ"

ရေဝတီ ထွက်ခွာသွားပြီးနောက် ဦးအောင်စည်က မေးလိုက်ခြင်းဖြစ်၏။ ရေဝတီ ရှေ့တွင် နေရဲအား ဂုဏ်သရေရှိရှိလိပ်ပီသစေရန် "ကိုနေရဲ"ဟု ခေါ်ဝေါ် မိတ်ဆက်စေကာမူ ရေဝတီ မရှိတော့သည်နှင့် ရင်းနှီးစွာခေါ်ဝေါ်သုံးစွဲနေကျအတိုင်း သုံးစွဲလိုက်ခြင်းဖြစ်ပါ၏။

နေရဲက သူ၏ ကျယ်ပြောသော ပခုံးကျယ်ကြီးကို ရှုံ့ပြလိုက်သည်။ ပြီးတော့ သူ ပြုံးပါလေ၏။ ပြုံးလိုက်တိုင်း ထိုဘက်ဒီဘက်သွားစွယ်လေးနှစ်ချောင်းက ပေါ်သွားတတ်သည်။ ထို့ကြောင့်ပင် နေရဲသည် ပြုံးလေရယ်လေတိုင်း အလွန်ကျက်သရေရှိသည်။ သွားဖြူတန်းသွားစွယ်လေးနှစ်ချောင်းကြောင့် သူ ပြုံးလေတိုင်း ကျက်သရေရှိနေသည်ဟု ဦးအောင်စည် ထင်မိသည်။ တစ်ခဏတော့ငေးကြည့်ဖြစ်ပါ၏။

"ကျွန်တော့်အဖို့တော့ ဘယ်လိုမှသဘောမရဘူး အန်ကယ် အောင်၊ အဲ ... ခက်တာက အန်တီခိုင်ဝင်းပဲ၊ ချိန်ကုန်က

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အန်တီ အန်တီခိုင်ဝင်းဟာ ရိုးရိုးအေးအေးကြီး ပေမယ့် ရေဝတီကိုတွေ့ရရင် သံသယဝင်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်"

"မင်း အန်တီခိုင်ဝင်းက ဘာလို့ သံသယဝင်မယ်လို့ဆိုလို တာလဲ နေရဲ"

"အော် ... သူ့တူ နေရဲဟာ အသက်နှစ်ဆယ်ခြောက်နှစ် အထိ ချစ်သူမရှာခဲ့ဘဲ အခုရှာတွေ့မယ့်တွေ့တော့ အဘွား ကြီးအိုပေါက်စနလေးကို ဘယ်လိုရှာတွေ့လာတာလဲ ဒီကောင် ငါ့တူ နေရဲ လုပ်ပုံတွေ ဟုတ်မှဟုတ်ရဲ့လားလို့ ဆိုတဲ့ သံသယမျိုးပေါ့ အန်ကယ်"

"အင်း ... ဟုတ်တော့ဟုတ်တယ်၊ ရေဝတီဟာ အဘွားကြီး အိုပေါက်စလေးလို ပစ်စလက်ခတ်နေတာတော့ အမှန် နေရဲ၊ ဒါလည်း ကျော်မိုးနောင်ရဲ့ သစ္စာဖောက်တာရဲ့ နောက်ပိုင်းမှာ ယောကျ်ားတွေကို နာကြည်းပြီး သူ့ဘဝ မပြုမပြင်နေလိုက်တာမျိုးပဲ၊ နေပါဦး ... မင်းရဲ့ အန်တီခိုင်ဝင်း သဘောတူနေတဲ့အမျိုးသမီးက ဘယ်သူ ..."

"သန္တာမိုးတဲ့"

"အဲဒီသန္တာမိုးက အခု ရေဝတီထက်ပိုပြီး လှနေသလား နေရဲ"

"ဟာ ... ဘာဆိုင်လဲ၊ တခြားစီမှတခြားစီပဲ၊ သန္တာမိုး ဖက်ရှင်မယ်တစ်ယောက်လိုပဲ အန်ကယ်အောင်၊ အဲဒီ အဆင်ပြေပြေမိန်းကလေးတစ်ယောက်ရှိသင့်တဲ့ အလှကို ပိုင်ဆိုင်တဲ့ သန္တာမိုးကို ငြင်းပယ်ပြီး အဘွားကြီးတစ်ဦး



အဆင်အပြင်ရှိတဲ့ ရေဝတီကို နေရဲ ချစ်သူပါဆိုပြီး အိမ် ပေါ်ခေါ်တင်ခဲ့ရင် အန်တီခိုင်ဝင်း သံသယ ဝင်လိမ့်မယ်လို့ ထင်တာပဲ"

ဦးအောင်စည် ငြိမ်ကျသွားသည်။ ပြဿနာကို အလေးအနက်စဉ်းစားပါ၏။

ပြဿနာမှာ သန္တာမိုးပင်ဖြစ်တော့သည်။

သန္တာမိုးက ဒေါ်ခိုင်ဝင်း၏ကွယ်လွန်သွားပြီဖြစ်သော လင်ယောကျ်ား၏တူမအရင်း၊ ဒေါ်ခိုင်ဝင်းက နေရဲ၏ အဒေါ်အရင်း ခေါက်ခေါက်။ နေရဲမှာ မိဘနှစ်ပါးမရှိပါလေတော့။ အန်တီခိုင်ဝင်း နှင့်ပင် နေရဲ နေထိုင်ခဲ့သည်။

ငယ်စဉ်ကပင် ကွဲကွာသွားသော သန္တာမိုးသည် လွန်ခဲ့သောတစ်ပတ်ခန့်က ဘွားခနဲရောက်လာခဲ့သည်။ ဦးလေးဇနီး ကို ချဉ်းကပ်သည်။ အန်တီခိုင်ဝင်းသည် အရာရာတွင် သဘောထား တောင်းမွန်သောအမျိုးသမီးကြီးဖြစ်သည်။ တူတော်မောင် နေရဲအား သင့်တော်သောအမျိုးသမီးတစ်ဦးဦးနှင့် အန်တီခိုင်မင်းက နေရာချ ထားချင်နေခဲ့သည်။

သန္တာမိုးတွင် မြင်ရသော ယောကျ်ားသားတွေအား ဆွဲဆောင်နိုင်သော အလှအပမျိုးတွေရှိနေခဲ့ပါ၏။ ရမ္မက်ဆန်သော အလှတွေကို သန္တာမိုး ပိုင်ဆိုင်ထားခဲ့သည်။

အကယ်၍သာ သန္တာမိုးအပေါ်တွင် သင်္ကာမကင်း ဖွယ်ရာတစ်ခုတလေမျှ မတွေ့ရပါလေက အန်တီခိုင်ဝင်းသဘော တွေ့နေသော သန္တာမိုးအား နေရဲ လက်ခံကောင်းလက်ခံမိမည်ဖြစ် သည်။ နေရဲသည် အလုပ်တာဝန်တွင် မည်မျှလောက် စိတ်ရော

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပါ နစ်မြုပ်နေသူဖြစ်စေဦးတော့ အရွယ်ရှိပြီး ကျန်းမာသန်စွမ်းသူဖြစ်နေသည်။

ချစ်ခြင်းမေတ္တာကို အလေးအနက်ထားရန် အချိန်မရနိုင်လေဦး ရမ္မက်ဆန်သော သန္တာမိုး၏အလှတွင် နေရဲ ယစ်မူးမိချေသည်သာ။

သို့သော် ...

စင်စစ် နေရဲသည် မှူးခင်းတပ်ဖွဲ့ဝင်တစ်ဦး။ ပြီးတော့ မှူခင်းတစ်ခုကို ဖော်ထုတ်ရန် စုံစမ်းနေရသူ တာဝန်ရှိသူတစ်ဦးဖြစ်နေခဲ့သည်။ သည်တော့ သန္တာမိုးလို ချဉ်းကပ်လာသူအမျိုးသမီးတစ်ဦးကို သတိထားရမည်ဖြစ်သည်။

သန္တာမိုး၏ အပြုအမူတွေကို နေရဲ သဘောမတွေ့။ တွေ့စရာလည်းမကောင်း။ သန္တာစိုးက ရဲတင်းလွန်းသည်ဟု ပြောရမည်ထက် စပ်စပ်စုစုနိုင်လွန်းသည်။ အန်တီနိုင်ဝင်းကို ချဉ်းကပ်ရင်း နေရဲဆီသို့လာသောဖုန်းကို သူမက ဝင်ရောက်နားထောင်ကာ တစ်ဖက်ပြောသူအား ကိုနေရဲလာလျှင် ပြန်ပြောပေးပါမည်။ ကိစ္စမှန်သမျှ သူမအား ပြော၍ရပါသည် ဆိုတာမျိုးတွေ လုပ်လာခဲ့သည်။ တစ်ကြိမ်ကလည်း နေရဲထံသို့လာသော စာတစ်စောင်ကို လက်ရာခြေရာ မပျက်စေရန် စာအိတ်အဖုံးကို ရေနွေးငွေ့ပေးပြီး ဖွင့်ဖတ်သည်။ ပြီး ဣန္ဒြေမပျက် ကော်ပြန်ကပ်ထားခဲ့၏။ မှူခင်းတပ်ဖွဲ့ဝင်တစ်ဦးမို့ လက်ရာခြေရာပျက်နေသော စာအိတ်ကို ကိုင်ကြည့်လိုက်သည်နှင့် နေရဲ သိလိုက်ပါ၏။ သန္တာမိုး၏လုပ်ပုံကိုင်ပုံတွေက စပ်စုလွန်းသည်ဟုဆိုရမည်ထက် သံသယဝင်စရာကောင်းလွန်းပါ၏။



မှူခင်းတပ်ဖွဲ့ဝင်တစ်ဦးအဖို့ အစစအရာရာ သတိထားရပါသည်။ တစ်ဖက်ရန်သူ၏ လှုပ်ရှားမှုကို မျက်ခြည်မပြတ်ကြည့်တတ်မြင်တတ်သည်။ သန္တာမိုး၏ အပြုအမူသည် အန်တီနိုင်ဝင်းကို ချဉ်းကပ်ပြီး လက်ထပ်လို၍ဟု အမြင်အားဖြင့်ပြသထားပြီး တကယ်မှာမူ နေရဲထံမှ စစ်ဆင်ရေးအခြေအနေ သတင်းအချက်အလက်ကို နှိုက်ယူဖို့လာသူဟု သံသယဖြစ်စရာ ကောင်းလာသည်။

ပန်းရန့်ဟူသော စစ်ဆင်ရေးဖြင့် နေရဲတို့ မှူခင်းတပ်ဖွဲ့က ဒုစရိုက်သမားများကို နှိမ်နင်းသည်။ မသမာမှုများကို ဖော်ထုတ်နှိမ်နင်းခဲ့သည်။ ဤတွင် ပြည်ပဒုစရိုက်တစ်ခုမှ မြန်မာပြည်တွင်းသို့ စိတ်ကြွဆေးပြားများသွင်းသည်။

ပြည်တွင်းဒုစရိုက်အဖျက်အမှောင့်သမားများကို သိမ်းသွင်းကာ ခြေရှုပ်ကြသည်။ ပြည်တွင်းမှ ကျောက်မျက်ရတနာများကို ခိုးထုတ်ခဲ့ကြသည်။ ပြီးတော့ စစ်ဆင်ရေးသတင်းများကို ရအောင်ကြိုးစားကာ ရောင်းရှားခဲ့ကြသည်။

သို့တစေ ...

သန္တာမိုးသည် ဒုစရိုက်ဂိုဏ်းသားတစ်ဦးဖြစ်သည်ဆိုစေဦးတော့ အကိုင်းအဖျားအဆင့်ပဲဖြစ်ရမည်။ အကိုင်းအဖျားအဆင့်ကို ရှင်းလင်းနိုင်ဦးတော့ ပင်စည် ရေသောက်မြစ်ကို မရှင်းမလင်းနိုင်လျှင် ဒုစရိုက်အသီးအပွင့်တွေက ဖူးဝေနေဦးမည်သာ။

သည်တော့ နေရဲက ရှင်းလင်းလျှင် ပင်စည်ကိုလှဲဖြိုရမည်။ ရေသောက်မြစ်ကို ရှင်းလင်းဖော်ထုတ်ရန်သာရှိပါ၏။ သန္တာမိုးသည် ဒုစရိုက်ဂိုဏ်းတစ်ဂိုဏ်း၏ သူလျှိုတစ်ဦးတလေလား

www.burmeseclassic.com

www.burmeseclassic.com



ဟု ယုံမှားစရာရှိနေသည်။ ဒါမှမဟုတ် နေရဲကို တကယ်ပင်လက်ထပ်လို၍ ချဉ်းကပ်နေသူတစ်ဦးလည်း ဖြစ်ကောင်းဖြစ်နိုင်ပါ၏။

မည်သို့ပဲဖြစ်စေ နေရဲ လိမ္မာစွာနည်းပရိယာယ်ကို သုံးရမည်။ အခိုက သန္တာမိုး အိမ်ပေါ်သို့ရောက်မလာရေးပဲဖြစ်သည်။ လိမ္မာပါးနပ်စွာရှောင်ကွင်းရမည်။ နေရဲ အထက်အဆင့်များက ဆုံးဖြတ်ချက်တစ်ခု ချမှတ်ကြသည်။

နေရဲဘက်မှ သစ္စာရှိသော အမျိုးသမီးတစ်ဦးရှာပြီး ထိုအမျိုးသမီးသည် နေရဲချစ်သူ။ ချစ်သူနှင့် မကြာခင်လက်ထပ်မည်ဟု အကြောင်းပြကာ သန္တာမိုး၏ အန္တရာယ်ကို ဆီးတားထားရန်ဖြစ်ပါ၏။ ပန်းရန့်စစ်ဆင်ရေးကို ပြင်းပြင်းထန်ထန် ဆောင်ရွက်ရန်ဖြစ်ပါ၏။ ပန်းရန့်စစ်ဆင်ရေး မပြီးမပြတ်မချင်း ဟန်ဆောင်ထားသူမိန်းကလေးသည် နေရဲ၏ချစ်သူအဖြစ် အန်တီခိုင်ဝင်းနှင့်အတူ အိမ်တွင်နေထိုင်ရမည်။ ထို့ကြောင့်ပင် မှုခင်းတပ်ဖွဲ့မှနေရဲအား ဟန်ဆောင်ချစ်သူရှာဖွေရန် အမည်ခံသတို့သမီးလောင်းရှာရန် တာဝန်ပေးအပ်ခဲ့ပါလေ၏။

ရန်ကုန်တွင် နေရဲအတွက် ယင်းသို့သော အမျိုးသမီးရှာမရ၍တော့မဟုတ်။ နေရဲ၏နောက်သို့လိုက်နေသော ဒုစရိုက်ဂိုဏ်း၏ ရှဒိုးခေါ် အရိပ်တွေရှိနေခဲ့၏။ သန္တာမိုးပင်လျှင် စိတ်မချရသူ ရှဒိုးဖြစ်ချင်ဖြစ်နေနိုင်သည်။ ထို့ကြောင့် ရန်ကုန်မှာ အမျိုးသမီးတစ်ဦးရွေးချယ်ရန် နေရဲ ပယ်ဖျက်လိုက်သည်။

ဒုစရိုက်ဂိုဏ်းသားတွေ မရိပ်မိနိုင်လောက်သော မြို့တစ်မြို့မှ ရွေးချယ်လျှင် နေရဲကို ခြေရာကောက်ရန် ခဲယဉ်းသွားနိုင်၏။ ရန်ကုန်မြို့မှဆိုလျှင် နေရဲအတွက် ယုံကြည်စိတ်မချရခြင်း။



တစ်ဖက်ဒုစရိုက်ဂိုဏ်းမှ ထိုအမျိုးသမီးကို ချဉ်းကပ်အယုံသွင်းသပ်လျှိုထားနိုင်ပါ၏။ ဒါမှမဟုတ် လုပ်ကြံဖောက်ခင်းထားမှန်း သိသွားနိုင်ပါ၏။

ဒါကြောင့် မန္တလေးမြို့ရှိ မှုခင်းမျက်မှန်အယ်ဒီတာချုပ် ဦးအောင်စည်ကို အကူအညီတောင်းကာ ရှာဖွေခဲ့ရခြင်းဖြစ်သည်။ လုပ်ငန်းသဘာဝအရ မှုခင်းဂျာနယ်ဆိုသည်မှာ မှုခင်းတပ်ဖွဲ့၏ ခြေလက်ဆိုလျှင်မမှား။ ဦးအောင်စည်သည် နေရဲ မှုခင်းတပ်ဖွဲ့သို့ တာဝန်မထမ်းဆောင်မီကပင် ဦးလေးတစ်ဦးလို ကျွမ်းဝင်ခဲ့သူ။

ထို့ကြောင့်ပင် နေရဲ၏ အခက်အခဲကို ဦးအောင်စည်က ဖြေရှင်းပေးခဲ့သည်။ ရေဝတီအား ရုံးခန်းသို့ခေါ်ကာ နေရဲအား အကဲခတ်ခွင့်ပေးခဲ့ခြင်းပင်ဖြစ်ပါ၏။ ရေဝတီ ပြန်သွားပြီးနောက် ဦးအောင်စည်က ရေဝတီအား ဘယ်လိုသဘောရပါသလဲဟု စစ်ကြောမေးမြန်းခြင်းပင် ဖြစ်ပါလေတော့၏။

နေရဲ ပခုံးတစ်ချက်တွန့်လိုက်သည်။ ရေဝတီကို နေရဲ သဘောမကျလှ။

"ရေဝတီဟာ ရုပ်မလှတာမှန်ပေမယ့် နေရဲအပေါ် သစ္စာရှိလိမ့်မယ်လို့ အန်ကယ် ထင်တယ်။ နေရဲအပေါ် သစ္စာရှိမှ နေရဲတို့လုပ်ငန်း အောင်မြင်မှာပဲကွယ့်၊ ဒီအတွက် ရေဝတီကို ရွေးချယ်ပေးလိုက်တာပါ"

"ရေဝတီ့အဖေ ဦးစောမောင်ဟာ အင်မတန် သစ္စာရှိသူမို့ သူ့သမီးဟာလည်း သစ္စာရှိမယ်လို့ မျှော်လင့်ချက်နဲ့ ရွေးတာမဟုတ်လား အန်ကယ်"

www.burmeseclassic.com

www.burmeseclassic.com



"အရောင်းဝင်က သရက်သီးပဲသီးပေးပါတယ်၊ ညှောင်သီး သီးအလေးတက်ပါဘူးကွာ"

"ဒါပေမဲ့ ရေဝတီဟာ သူ့အဖေအပေါ် သိပ်အထင်ကြီးပုံ ရပါဘူး၊ ဆိုလိုတာက သူ့အဖေ သစ္စာတရားကြီးမားလွန်းလို့ ဖအေသေပြီးနောက် သူမွဲနေရတာကို ဖအေအပေါ် အပြစ်ချချင်တဲ့သဘောရှိတာကိုပြောတာပါ၊ ဒါဆိုရင် ရေဝတီ စိတ်ဓာတ်ကြံ့ခိုင်မှုဟာ အန်ကယ်အောင်တွက်သလို ရာနှုန်းပြည့်ရှိနိုင်ပါ့မလား"

"သိပ်ရှိတာပေါ့၊ သူ့အဖေ ဦးစောနောင် မသေဆုံးခင်က အန်ကယ့်ဆီ စာရေးလေ့ရှိခဲ့တာပဲ၊ သူ့စာထဲမှာ သူ့သမီး ရေဝတီအကြောင်းပါလေ့ရှိတယ်၊ ရေဝတီဟာ သူ့သမီးပီပီ သူ့စိတ်ဓာတ်ကို လိုက်မီတဲ့အကြောင်းပေါ့ကွာ"

"ကိုယ့်ငါးချဉ်ကိုယ်ချဉ်နေတာတော့ မဖြစ်နိုင်ဘူးလား"

"ဦးစောမောင်ဟာ ကိုယ့်ငါးချဉ်ကိုယ်ချဉ်တာမျိုး ဘယ်တုန်းကမှ မရှိခဲ့ဖူးဘူး၊ သူ့ကိုယ်ထဲကသွေးတောင် မကောင်းရင် ဖောက်ထုတ်ပစ်မယ့်လူစားမျိုးပဲ၊ ဒါကြောင့် အန်ကယ်က ရေဝတီကို ရွေးချယ်လိုက်တာမျိုးပါ"

နေရဲ နေရာမှ ထလိုက်သည်။ ဦးအောင်စည်အား ခေါင်းညိတ်ပြလိုက်ရင်း ...

"လက်ခံပါတယ် အန်ကယ်၊ အန်ကယ်အောင် ရွေးချယ်တာမှန်ကန်လိမ့်မယ်လို့ ကျွန်တော် အကြွင်းမဲ့ယုံကြည်တဲ့အတွက် နေရဲတို့လုပ်ငန်းမှာ အသုံးပြုဖို့ ကျေနပ်စွာနဲ့ လက်ခံလိုက်ပါတယ်"



ဦးအောင်စည် ပြုံးလိုက်သည်။

"အေး ... လုပ်ငန်းသဘောအရ အခုအချိန်ကစပြီး ရေဝတီဆိုတဲ့မိန်းကလေးဟာ နေရဲရဲ့ ဟန်ဆောင်ချစ်သူရည်းစား သတို့သမီးလောင်းပေါ့ကွာ၊ တော်ကြာမှ နေရဲရဲ့သတို့သမီးလောင်းအစစ်မဖြစ်သွားပါစေနဲ့လို့ အန်ကယ် ဆုတောင်းရမှာလား"

နေရဲ ခေါင်းခါပြသည်။ လက်ဝါးခါပြသည်။

"ကျွန်တော်တို့ငယ်ငယ်က ကစားဖူးခဲ့ကြပါတယ်၊ ဘီးဘီး ဘာဘီးလဲ ရွှေဘီး၊ ရွှေဆော်နံ့ပြန်လိုက်ဦးဆိုတာလေ"

"ဘာဆိုင်လို့လဲ ကွာ"

"အန်ကယ်အောင်ရာ နေရဲ လုပ်ငန်းအောင်မြင်ပြီးဆုံးသွားချိန်မှာ အမယ်ကြီးဆိုစော်နံ့ ပြန်လိုက်ပါဦးဆိုပြီး ရေဝတီကို ရန်ကုန်ကနေ မန္တလေးကို ပြန်ပို့ပေးလိုက်မှာပါ"

ဦးအောင်စည် နှစ်ခြိုက်စွာရယ်နေချိန်မှာပင် နေရဲ ရုံးခန်းထဲမှ ထွက်ခွာခဲ့ပါလေ၏။

✤ ➸ ✤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

စနေနေ့မို့ မွန်မွန့်ကား အိမ်ရှေ့ထိုးရပ်လာခဲ့သည်။ မွန်မွန်လာပြီဆိုလျှင် ရေဝတီကို မရမကခေါ်တော့သည်။ မန္တလေးမှာ ကောင်းမယ့်ဆိုသည့် စားသောက်ဆိုင်များသို့သွားသည်။ ကျွေးမွေးခဲ့၏။ မွန်မွန်က သူငယ်ချင်းကောင်းပီသလှသည်။

နာရီကို သူမ လှမ်းကြည့်မိသည်။ တိုင်ကပ်နာရီက ခုနစ်နာရီထိုးနေခဲ့ပြီ။ ရေဝတီကို ဦးအောင်စည်က ဂျာနယ်တိုက်ကို ကိုးနာရီခွဲအရောက်လာရန် ချိန်းထားခဲ့သည်။

ဦးအောင်စည်က အချိန်ကို လေးစားသူတစ်ဦး။ ရေဝတီ စည်းကမ်းမဲ့သူတစ်ဦးအဖြစ် အထင်မခံချင်။ ရေဝတီ မသွားလိုတော့။ မွန်မွန့်ကို ငြင်းရမှာလည်း အားတုံ့အားနာဖြစ်မိသည်။

ဖေဖေ ဆုံးပြီးနောက် ရေဝတီ့ဘဝက အမြင့်မှအောက်သို့ ထိုးကျသွားခဲ့သည်။ မယ်မယ်ရရ ဘာမှမကျန်။ မန္တလေး စိန်ပန်းရပ်မှာ ခြံနှင့်ပျဉ်ထောင်အိမ်တစ်လုံးသာ ကျန်ခဲ့သည်။ ငွေသားက တစ်သိန်းမရှိတတ်ရှိတတ်သာကျန်ခဲ့သည်။ ဒါပေမဲ့



ရေဝတီ စိတ်အားမငယ်ခဲ့။ သူမအပေါ်မှာ ချစ်သူ ကျော်မိုးနောင် ရှိသည်။ ကျော်မိုးနောင်ကို လက်ထပ်လိုက်လျှင် ကျန်ရှိနေသေးသည့် သူမဘဝအဆစ်အပိုင်းအတွက် ပူပင်စရာမလိုတော့ဟု ယူဆခဲ့မိ၏။

သို့သော် ...

အထင်နှင့်အမြင် ကွာခြားသွားခဲ့၏။ သိုက်ဆရာကြီး ကျော်မိုးနောင်သည် သိုက်ကြီးထဲတွင် ဘာမှ မရှိ။ မကျန်ရစ်ခဲ့သည်ကို သိသွားခဲ့၏။

ထိုရောအခါ ...

သူ့ဖြားယောင်းသွေးဆောင်ထားသော ဥစ္စာစောင့်မလေး ရေဝတီကို ခြေစုံကန်၍ ထွက်ခွာသွားခဲ့၏။ လင်သေ သားဆုံး မပဋာစာတ်ပမာ ရေဝတီ ဘဝကို တစ်ဦးတည်းရုန်းကန်ခဲ့ရပါ၏။

သူမ တွေးနေဆဲမှာပင် မွန်မွန် ကားပေါ်မှဆင်းကာ အိမ်ပေါ်သို့ အပြေးကလေးတက်လာခဲ့ပါ၏။

"ဟေး ... မိဝတီရေ ... ဈေးချိုသွားရအောင်ကွာ၊ လိုက်ခဲ့နော်"

"ဆောရီး မိမွန်၊ တို့ ရုံးတက်ရဦးမှာ"

"မေ့ထားလိုက်ပါ မိဝတီရာ"

"မေ့ထားလို့မရဘူး မွန်၊ အယ်ဒီတာချုပ်က ဘာခိုင်းစရာရှိသလဲ မသိဘူး၊ ဂျာနယ်တိုက်ကို ကိုးနာရီခွဲအရောက်လာဖို့ ပြောထားတယ်၊ သူပြောကာမှ တို့ရုံးမတက်ခဲ့ရင် အလုပ်ကဖြုတ်ပစ်မှ ဟုတ်မှာဖြစ်နေဦးမယ်ဟယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲ၊ အလုပ်က ထုတ်ပစ်ရင် မွန် ကျွေးထားမှာပေါ့၊ ထုတ်ထုတ်ဟာ"

"အဲဒီလိုကျွေးထားရင် တို့က ထိုင်စားလိမ့်မယ်လို့ထင်နေလို့လား မိမွန်"

ရေဝတီ၏ နက်မှောင်သောမျက်လုံးကလေးများက ကုပ်ကုပ်ကွေးကွေးကလေး ဖြစ်သွားခဲ့ပါ၏။

"အယ် ... မိဝတီ၊ နင် ကျွဲမြီးတိုသွားပြီထင်တယ်၊ တို့ပြောတဲ့စကားထဲမှာ နင့်ကို နှိမ်သလိုဖြစ်သွားရင် တို့တောင်းပန်ပါတယ်"

လုံးကျစ်သော ရေဝတီ့ပခုံးလေးကို ကိုင်လှုပ်ပြီး မွန်မွန် တောင်းပန်ပါလေတော့၏။ မိမိအပေါ်ထားသော မွန်မွန်၏ စေတနာကို တုံ့ပြန်ပုံက ဝေဒနာဖြစ်သွားပြီဟု ရေဝတီ သတိထားလိုက်မိ၏။

"မိမွန်ရယ် ငါလည်း နင့်ကို တုံ့ပြန်တာ စေတနာစော်ကားသလိုဖြစ်သွားလို့ ငါလည်း ပြန်ပြီးတောင်းပါတယ်ကွာ။ ကျားနာမှိုပါ မိမွန်။ ကျားနာဆိုတာ ကိုယ့်ကို အစာလာကျွေးတဲ့သူကို ရန်သူလို့ ထင်ချင်ထင်လိုက်တာမျိုးပဲလေ"

မွန်မွန်က ရေဝတီ့ကို စိုက်ကြည့်လိုက်သည်။ အိမ်တွင်နေသည့်မို့ ရေဝတီသည် ဟိုစဉ်ကလို ဘလောက်(စ)အင်္ကျီကလေးပဲ ဝတ်ထားသည်။ လှပသော ရင်သားမို့မို့ကလေး၏အလှကို တွေ့နေရ၏။ အဘွားကြီးအိုပေါက်စလေးပမာ ဆင်ယင်ထားစေကာမူ ဖုံးကွယ်၍ မရနိုင်ပါလေခဲ့။



"ကဲ ... မိဝတီရယ် လိုက်ခဲ့ပါ။ မုန့်တီစားမယ်၊ မြီးရှည်စားမယ်၊ ပြီးတော့ ရုံးချိန်မီအောင် လိုက်ပို့ပေးပါ့မယ်"

"ရုံးချိန်မီအောင် ပြန်ပို့ပေးနော်။ တို့အဝတ်လဲလိုက်ဦးမယ် မိမွန်"

"ဘာလဲ အဘွားအိုယူနီဖောင်း သွားလဲဦးမလို့လား။ အခုအတိုင်းလိုက်ခဲ့တာက ပိုတောင်အဆင်ပြေပါသေးတယ် မိဝတီရယ်"

မွန်မွန်က ညည်းညည်းညူညူ ပြောလိုက်သည်။ ရေဝတီ ပြန်မပြော။ မြုံး၍ အခန်းထဲဝင်သွား၏။ တစ်ခဏအကြာတွင် ပြန်ထွက်လာသည်။ ချည်သားရင်ဖုံးထူထူပွပွ၊ နေကာမျက်မှန်ညည်းကြီးတပ်ပြီး ဆံပင်ဘီးဆံပတ်နှင့် အဘွားကြီးအိုစတိုင်ဖမ်းထားခဲ့ပါ၏။

မွန်မွန် ကားကိုမောင်းသည်။ ရေဝတီက ဘေးမှထိုင်လိုက်လာခဲ့ပါ၏။ လမ်းဆုံတစ်နေရာတွင် နံ့သာရောင်ကားအသစ်ကလေးပေါ်မှ အမျိုးသမီးတစ်ဦးကို မွန်မွန် လက်ပြနှုတ်ဆက်၏။

ရေဝတီ လှမ်းကြည့်လိုက်သည်။ မိန်းမချောတစ်ယောက်ပင်။ အသက်သုံးဆယ်ဝန်းကျင်။ ခြုံ၍ဆိုရလျှင် ခေတ်မီသောအဆင့်အယင်နှင့် ကြည့်၍လှသော မိန်းမချောပါ။ ရေဝတီ ငေးကြည့်နေခဲ့မိပါ၏။

"အေပရယ်(လ်)ဆိုတာ အဲဒီအမျိုးသမီးပဲ ဝတီ"

"မိမွန်အပြောက သူ့ကို တင်စားသလိုပဲ"

"ဟုတ်တယ်။ တင်စားထိုက်တဲ့ အမျိုးသမီးပဲ မိဝတီ။ မန္တလေးမှာ နာမည်တစ်လုံးနဲ့နေတာလေ"

www.burmeseclassic.com

www.burmeseclassic.com



"တို့ နားရှင်းဘူး။ ဘယ်လိုတင်စားလိုက်တာလဲ။ ဘယ်လို နားညည်တစ်လုံးနဲ့ နေတာလဲ"

"ဟဲ့ ... မိဝတီ၊ အေပရယ်(လ်)ကိစ္စက မန္တလေးမှာ အတော်များများ သိသွားကြတဲ့ကိစ္စပဲ၊ ဘယ်မှာ နင်သွားအိပ်ပျော်နေတာလဲ"

"တို့က လောကကြီးနဲ့ အဆက်အသွယ်ပြတ်နေတာပဲ၊ ဘာမှ မသိဘူး၊ ဘာမှမကြားဘူး၊ ဂျာနယ်တိုက်မှာလုပ်နေပေမယ့် တစ်ခါတလေတောင်မဖတ်မိဘူး"

"ဒါဆို နားထောင်၊ အေပရယ်(လ်)ဟာ တက္ကသိုလ်တစ်ခုက လက်ထောက်ကထိကပဲ၊ ဟိုးလွန်ခဲ့တဲ့ ငါးလလောက်က ဒေါက်တာကျော်ဦးဆိုတဲ့သူနဲ့ လက်ထပ်လိုက်ကြတယ်၊ ဒေါက်တာကျော်ဦးမိဘတွေက သဘောမတူကြဘူး၊ ဘာဖြစ်လို့သဘောမတူတာလဲဆိုတော့ ဒေါက်တာကျော်ဦးမိဘတွေက သိပ်ချမ်းသာကြတယ်၊ သူတို့လိုချမ်းသာတဲ့မိသားစုက အမျိုးသမီးတစ်ဦးနဲ့ပဲ သူတို့က သဘောတူကြတယ်"

"သဘောပေါက်ပြီ၊ တို့ကို ပိုက်ဆံမရှိ မချမ်းသာလို့ ကိုကျော်မိုးနောင်က သဘောမကျနိုင်တာမျိုးပေါ့ ဟုတ်လား။ ဒါပေမဲ့ သူတို့က လက်ထပ်ဖြစ်သွားကြတာပဲ၊ မဆိုးပါဘူး"

"ပိုဆိုးသေးတယ် မိဝတီ၊ လက်ထပ်ပြီးငါးရက်ပဲကြာတယ်၊ ဒေါက်တာကျော်ဦးက သူ့ကြောင့် သူ့မိခင် နှလုံးရောဂါနဲ့ အိပ်ရာထဲ ဗုန်းဗုန်းလဲပါတယ် ဆိုတာကြောင့် ဒေါက်တာကျော်ဦးက အေပရယ်(လ်)ကို ကွာရှင်းခွင့်တောင်းတာပါပဲ"

"အေ ... အေပရယ်(လ်) အ ... အဖျိုဘဝ ဆုံးရှုံးခဲ့ပြီးမှ"



"အေးလေ ... အေပရယ်(လ်) သိပ်စိတ်ထိခိုက်သွားရှာတယ်၊ အိပ်ဆေးတွေသောက်ပြီး ဘဝကို အဆုံးသတ်ဖို့ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ ဆေးဦးသွားလို့မသေခဲ့ဘူး၊ အေပရယ်(လ်)ကို ဆေးရုံမှာစောင့်ရှောက်ဖို့ တာဝန်ကျတဲ့ သူနာပြုဆရာမလေးတစ်ယောက်က ဘာပြောတယ်ထင်သလဲ မိဝတီ"

"ငါ ဘယ်သိမလဲ၊ နင်ပြောမှသိမှာပေါ့ မိမွန်"

"သူနာပြုဆရာမလေးက အံ့ပါရဲ့နော်၊ သစ္စာမရှိတဲ့ယောကျ်ားတစ်ယောက်အတွက် ဘာကြောင့်များ ကိုယ့်ဘဝကို အနစ်နာခံကြရတာလဲ၊ သူသာဆိုရင် အဲဒီယောကျ်ားကို အလျော်တောင်းကွာပြီး ရတဲ့ပိုက်ဆံနဲ့ ကားဝယ်စီးပြလိုက်မယ်လို့ ပြောသတဲ့"

"သူနာပြုဆရာမလေးပြောလိုက်တဲ့စကားကြောင့် အေပရယ့်စိတ်ဟာ မခံချင်တဲ့စိတ်ဘက်ကို ပြောင်းလဲသွားတယ်၊ သူကွာရှင်းခွင့်၊ လျော်ကြေးပါရအောင် တောင်းလိုက်တယ်။ လျော်ကြေးငွေနဲ့ ကားတကယ်ပဲဝယ်စီးပြီး နေပြလိုက်တယ်လေ၊ ဒေါက်တာကျော်ဦးကလည်း သူ့မိဘသဘောတူတဲ့ မိန်းကလေးကို ယူသွားခဲ့တယ်၊ အေပရယ်(လ်)ကလည်း မကြာပါဘူး၊ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနဲ့ လက်ထပ်ပြလိုက်တာပေါ့၊ သူ့ယောကျ်ားက ဒေါက်တာကျော်ဦးရဲ့မိဘတွေထက် အများကြီး ချမ်းသာတယ်လေ"

"ဟယ် ... တကယ်လား မိမွန်၊ ယူတဲ့ယောကျ်ားက အေပရယ်(လ်)ဟာ တစ်ခုလပ်ဆိုတာ မသိဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့ဟယ်၊ လောကကြီးမှာ ကျော်မိုးနောင်တို့လို သဈွာမရှိ နှလုံးသားကင်းမဲ့တဲ့ ဒေါက်တာကျော်ဦးတို့လို လူတွေရှိပေမယ့် သစ္စာတရားကို တန်ဖိုးထားတတ်ကြတဲ့ ယောကျာ်းတွေလည်း အများကြီးရှိနေပါသေးတယ် မိဝတီ"

သူမ ငေးငေးငိုင်ငိုင်လေး ဖြစ်သွားရပါ၏။ ရေဝတီ စိတ်တွေ လှုပ်ရှားသွားရပါ၏။ ယောကျာ်းတစ်ယောက်ကြောင့်ဘဝ ကိုအရှုံးပေးရတော့မည်လား။ ရေဝတီရင်ထဲမှာ ဆူဆေနေခဲ့ပါလေ၏။

"ဒီမှာ မိဝတီ"

"ဟင်"

"နင်လုပ်နေပုံက ကျော်မိုးနောင်လိုလူစားအတွက် မျက် ဖြူဆိုက်လေ ဆရာကြိုက်လေဆိုတာမျိုး ဖြစ်နေတာပဲ၊ ကြည့် စမ်း ... ဒီကောင်မ ငါနဲ့ လက်မထပ်ရလို့ အဘွားကြီးအိုရုပ် နဲ့ ပူနေဆွေးနေလိုက်တာ တွေ့လားဆိုပြီး တွေ့သူတိုင်းကို ပြောနေမှာပဲ"

ရေဝတီ ရင်ထဲကဒေါသက အပြင်သို့ လျှံထွက်လာ ခဲ့ရပါ၏။

"ဟုတ်တယ် မိမွန်။ အေပရယ်(လ်)မှန်တယ်၊ နက်ဖြန်က စပြီး တို့ဘဝကို ပြောင်းလဲပစ်လိုက်တော့မယ်၊ ဝတ်မယ် စားမယ်၊ ပျော်မယ် ပါးမယ်ကွာ"

မွန်မွန်က ပြုံး၍ကြည့်လိုက်ပြီး ...

"ဒါမှ တို့သူငယ်ချင်း၊ အဲဒါနဲ့နေဦး နင်က အဘွားကြီးအို ပေါက်စလို ဝတ်နေတာဆိုတော့ ခေတ်နဲ့အမီ စတိုင်(လ်)ကျ တဲ့ အဝတ်အစားမျိုးမှ ရှိသေးရဲ့လား"



"ဟင့်အင်း ... ဟိုတုန်းကချုပ်ထားတဲ့ အဝတ်အစားတွေ တော့ရှိတာပေါ့၊ နောက်ပိုင်းတော့ မချုပ်ဖြစ်တော့ပါဘူး"

"နင် လက်ခံရင် ငါ့မှာမဝတ်ရသေးတဲ့အင်္ကျီတွေ ချုပ်ထား တာအများကြီးပဲ၊ ခေတ်ဆိုတာ တရွေ့ရွေ့ပြောင်းလဲနေသလို အင်္ကျီပုံဆန်းတွေကလည်း အမျိုးမျိုးပြောင်းလဲနေတာ မိဝတီ"

"ငါ လက်ခံပါ့မယ် မိမွန်၊ ကျေနပ်ဝမ်းမြောက်စွာလက်ခံ ပါတယ်၊ ဒီကာလမှာ ငါရတဲ့လခနဲ့ဝယ်ဝတ်ဖို့ မစဉ်းစား ရဲဘူးလေ၊ ဝယ်မှမဝယ်နိုင်ဘဲကွာ"

ဈေးချိုတွင် မုန့်တီစားကြသည်။ မြီးရှည်ပင် ဆက် မစားနိုင်ကြတော့။ ရုံးအချိန်ကစောနေသေးသည်မို့ မိန်းမသဘာဝ အရ လက်ဝတ်ရတနာဆန်းဆန်းလေးများကို ငေးချင်၍ ရွှေဆိုင် တန်းဘက်လှည့်ခဲ့ကြသည်။

မြတ်သီရိရတနာဆိုင်ရှေ့မှာပြသထားသည့် ရတနာ များကို လှျောက်ကြည့်ဖြစ်ကြ၏။ ဆိုင်၏အဆင်အပြင်က ခမ်းနား သလို စိန်၊ မြ၊ နီလာ၊ ပတ္တမြား၊ ပုလဲ၊ မဟူရာ၊ ကျောက်စိမ်း စသည်ဖြင့် အထည်စုံလင်လှသည်။ ဆိုင်ရှေ့ရောက်လျှင် မည်သူမျှ မငေးဘဲမနေနိုင်။

"နင် ဒီအထဲမှာ ဘာအကြိုက်ဆုံးလဲ မိဝတီ"

"ငါတော့ ကျောက်စိမ်းကို အကြိုက်ဆုံးပဲ မိမွန်၊ ဒီမှန်ဗီရို ထဲမှာ ငါကတော့ ဟို ရွှေဖြူနဲ့လုပ်ထားတဲ့ ကျောက်စိမ်း လော့ကက်သီးလေးကို အကြိုက်ဆုံးပဲ၊ တော်တော်လှတယ် မိမွန်"

www.burmeseclassic.com

www.burmeseclassic.com



ရေဝတီနှင့် မွန်မွန်တို့ ရပ်၍ စကားပြောနေခဲ့ကြသည်။ သူတို့နှစ်ဦးနောက်မှာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးကြီးတစ်ဦး ရပ်နေခဲ့ကြ၏။ အမျိုးသားက ပိန်ပိန်ရှည်ရှည် စုတ်ချွန်းချွန်းနှင့်ဖြစ်သည်။ ထိုသူပိန်သလောက် အမျိုးသမီးကြီးက ဝလှသည်။ အစ်နေအောင်ဝသည့် ဖက်တီးမကြီး။

ရေဝတီက မှန်ဗီရိုမှာ အရိပ်လာထင်နေသည့် သူတို့နှစ်ယောက်ကို သတိထားလိုက်မိသည်။ ပိန်ရှည်လူက အသက်လေးဆယ်ဝန်းကျင်။ ဖက်တီးမကြီးက ငါးဆယ်နီးပါးခန့်။

သူနှင့် မိမွန်တို့ စိတ်ကူးယဉ်ကာပြောသည့်စကားကို ကြားများကြားလေမည်လားဟု ရေဝတီ နောက်လှည့်ကြည့်မိသည်။ ကိုပိန်ရှည်က ပြုံးစိစိနှင့် သူ့ကိုစိုက်ကြည့်နေပါ၏။ ဖက်တီးမကြီးကလည်း အလားတူစိုက်ကြည့်နေခဲ့သည်။ ပြုံးစိစိနှင့်မဟုတ်ဘဲ ဖက်တီးမကြီးအကြည့်တွေက ခပ်တည်တည်။

အကြည့်လွှဲပြီး ရေဝတီက သူမ နာရီကို ငုံ့ကြည့်မိသည်။

"ဟာ ... ကိုးနာရီကျော်သွားပြီ မိမွန်၊ လစ်ဆို့ လာ ... လာ
ငေးနေဖို့အချိန်မရှိတော့ဘူး"

မွန်မွန့်ကို သူ တရွတ်ဆွဲခေါ်လာခဲ့သည်။ ရေဝတီ ဂျာနယ်တိုက်သို့ ရုံးအမီရောက်ချင်နေမိပြီ။

✤ ✤ ✤



## အခန်း(၅)

ဂျာနယ်တိုက်ရောက်လို့ အမောပင် ရေဝတီ မပြေရသေးခင်မှာ ရုံးအကူကလေးတစ်ဦးရောက်လာ၍ စားပွဲမှထပြီးလိုက်ခဲ့ရသည်။ အပေါ်ထပ်သို့ ရေဝတီ သွက်လက်စွာတက်လာခဲ့၏။

ခုအယ်ဒီတာချုပ်မလေးက အပြုံးဖြင့် မေးဆတ်ပြ၏။ ဝင်သွားပါဆိုသည့်သဘော။ ရေဝတီ ခေါင်းညိတ်လိုက်ပြီး အယ်ဒီတာချုပ်အခန်းသို့ လျှောက်လိုက်သည်။ မှန်တံခါးကို တွန်းပြီး အထဲသို့ သူမ ဝင်လိုက်ပါ၏။

အယ်ဒီတာချုပ် ဦးအောင်စည်နှင့် ကိုနေရဲတို့ ရေဝတီ အလာကိုမျှော်နေကြဟန်ရှိသည်။ ဆိုဖာဆက်တီခုံတွင် ထိုင်နေခဲ့ကြ၏။

"လာဟေ့ ရေဝတီ။ လုပ်ငန်းကိစ္စပြောဖို့ တို့နှစ်ယောက် စောင့်နေကြတာ။ ထိုင်ကွယ်"

ဆက်တီခုံမှာ သူမ ထိုင်ဖြစ်လိုက်ပါ၏။ ကိုနေရဲက ပြောလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"လုပ်ရမယ့်အလုပ်က အထူးလျှို့ဝှက်ပဲ။ လုပ်ဆောင်ရမှာက ရန်ကုန်မြို့မှာပါ၊ တို့နဲ့တွဲလုပ်ရမှာပဲ၊ ပန်းရန့်စစ်ဆင်ရေး ပြီးဆုံးတဲ့ကာလအထိပေါ့။ ခန့်မှန်းလစာက ရေဝတီ့လစာ ထက်သာမယ်၊ နေထိုင်စရိတ်ကို မှူခင်းတပ်ဖွဲ့က တာဝန်ယူ တယ်"

ရေဝတီ့ရင်ထဲ ခုန်သွားမိသည်။ တာဝန်ထမ်းဆောင် ရမှာက ရန်ကုန်မြို့တော်မှာ။ ရန်ကုန်ဆိုတာက ယဉ်ပါးသည့်မြို့ တော်မဟုတ်ခဲ့။ သူမက မန္တလေးကိုသာယဉ်ပါးနေသည့် မန္တလာ သူ။

"ရန်ကုန်လိုမြို့ကြီးကို နေထိုင်စားစရိတ်မကုန်ဘဲ ရောက် ရမှာဆိုတော့ ကောင်းပါတယ်လေ။ နေရာဟောင်းကအဖြစ် အပျက်တွေနဲ့ဝေးပြီး အတွေ့အကြုံသစ်ကြုံရမှာဆိုတော့ ပိုပြီး စိတ်ချမ်းသာမှာပဲ။ စိန်ပန်းရပ်က အိမ်ကိုတော့ သော့ခတ်ထားခဲ့ပြီး ဒေါ်သစ်သစ်ကို သော့အပ်ထားခဲ့ရမှာ ပေါ့"

"ဘယ်လိုလဲ ရေဝတီ။ ရန်ကုန်မှာ တာဝန်ထမ်းဆောင် မယ်ဆိုလို့ စိတ်များပြောင်းသွားပြီလား"

"မဟုတ်ပါဘူး အန်ကယ်(လ်)။ စိန်ပန်းရပ်ကအိမ်ကိုထား ပစ်ခဲ့ရမယ့်ကိစ္စကို တွေးနေတာပါ"

"စိတ်ချ ရေဝတီ။ ရေဝတီ့အိမ်ကို အပ်တိုတစ်ချောင်းတောင် မပျောက်မရှအောင် မှူခင်းတပ်ဖွဲ့က စောင့်ရှောက်ပေးထား မှာပါ။ ငါ့တူမကြီး မပူရပါဘူး။ ဒါကို ကိုနေရဲ စီစဉ်ထား ပြီးပါပြီ"



"ရပါတယ်၊ ခြံချင်းကပ်လျက်က ဒေါ်သစ်သစ်ကို အိမ် သော့အပ်ခဲ့ရုံပါပဲ။ ရေဝတီ ရန်ကုန်မှာ တာဝန်ထမ်းဆောင် ပါ့မယ်"

"ကောင်းပြီလေ။ လုပ်ငန်းကိစ္စက ကိုနေရဲပြောမယ့်အပိုင်း ပါ။ ကိုနေရဲကပဲ ရေဝတီ့ကို ပြောပြလိုက်ပါတော့။ အန်ကယ်(လ်) တာဝန်က ဒီအထိပဲမဟုတ်လား"

သူ့အလုပ်စားပွဲသို့ ဦးအောင်စည် ထသွား၏။

"မရေဝတီ ကျွန်တော်တို့ အပြင်သွားကြစို့။ အန်ကယ်လ် အောင် စီစဉ်ပေးထားတဲ့ ကားတစ်စီး ဂျာနယ်တိုက်ရှေ့မှာ ရှိနေပါတယ်။ သွားကြစို့"

"ဟုတ်"

ကိုနေရဲနှင့် ရေဝတီ အပြင်သို့ လိုက်ပါခဲ့သည်။ အပေါ်ထပ်မှ အောက်သို့ ကိုနေရဲနှင့်အတူဆင်းခဲ့ကြ၏။ အောက် ထပ်မှထွက်ခဲ့ကြပြီး အသင့်ရပ်ထားသောကားပေါ်သို့ ကိုနေရဲနှင့် အတူ ရေဝတီ တက်လိုက်၏။ နေရဲက ကားကိုမောင်းထွက်ခဲ့သည်။

ရေဝတီ၏စိတ်ထဲတွင် ကိုနေရဲအပေါ် ခံပြင်းစိတ် ကလေးတွေ ဖြစ်ပေါ်နေခဲ့မိသည်။ ဒါကလည်း မိန်းမသားသဘာဝ လေးတစ်ခုပဲဖြစ်လိမ့်မည်။ ကိုနေရဲက ရေဝတီ့အပေါ်ဆက်ဆံသည် မှာ တစ်စက်ကလေးမှ အထင်မကြီးသည့်ပုံသဏ္ဌာန် ဖြစ်နေခဲ့ သည်။ လုပ်ငန်းသဘောအရသာ ဆက်ဆံသည့်အသွင်သာဖြစ်သည်။

မိန်းကလေးသဘာဝ ရွယ်တူတန်းတူအမျိုးသားတစ် ဦးနှင့် မိတ်သစ် ဆွေသစ်ဖြစ်ရလေလျှင် အမျိုးသားတစ်ဦးအနေနဲ့ ဇက်လဲတကင်းကြီးမဟုတ်လေဘူးဘဲထားဦး အားနဲ့သာမိန်းမ

www.burmeseclassic.com



သားတစ်ဦးအပေါ်တွင် အရေးတယူဆက်ဆံတာမျိုးလောက်တော့ မိန်းမသားတာ ချော်လင့်မိသည်သာ။

"ဗွန်း ... ငါက အဘွားကြီးအိုပဲပေါက်နေလို့ ဒီလူဒီအပေါက် ချိုနေတာပဲဖြစ်မယ်။ သိကြရောပေါ့ နေရဲရယ်၊ တောမိရယ်"

ကားက ဘယ်ကိုဦးတည်ပြီး မောင်းနေမှန်းမသိ။ ဘယ်ကိုသွားမှာလဲဟုမေးချင်ပေမယ့် မမေးမိအောင် ရေဝတီက သူမပါးစပ်ကို အလုံပိတ်ထားရသည်။

ကားက ကျုံးလမ်းအတိုင်း မောင်းနေခဲ့၏။

"ရေဝတီ မေးဖို့ကောင်းတယ်။ ကျုပ် ဘယ်လျှောက်မောင်း နေတာလဲလို့"

"လိုသေးလို့လား၊ တာဝန်ပိုင်းမှာ ကိုနေရဲက ဦးဆောင်သူ၊ ရေဝတီက နောက်လိုက်ပဲ၊ ကားကို မဟာအဝီစိအထိမောင်း လည်း လိုက်ရုံပဲပေါ့"

နေရဲ ကားမောင်းရင်း လှည့်ကြည့်လိုက်သည်။ ပြီး တော့မှ ...

"မဟာအဝီစိငရဲအထိ မောင်းချင်လည်း မောင်းရမှာပဲ ... သိလား"

"မသိဘူး"

"ကျွန်းယံတိုက်ကထွက်လာကတည်းက ကျုပ်တို့ကားနောက် ကို ကားတစ်စီးနောက်ယောင်ခံလိုက်လာတယ်။ ရိုးရိုးသား သားလား ဒါမှမဟုတ် နောက်ကလိုက်လာတာလားသိချင် လို့ ကျုပ် တမင်လျှောက်မောင်းနေတာ။ နားလည်လား မရေဝတီ"



"နားလည်ပြီ"

"နားလည်ရင် နောက်ကိုတော့ လှည့်မကြည့်နဲ့။ ကားနောက် မှန်ကို မရေဝတီ နောက်ကို ကြည့်လို့ရအောင် လှည့်ချိန်ပြီး ကြည့်စမ်း။ အဲဒီကားကို မြင်ဖူးတွေ့ဖူးလားလို့"

ရေဝတီ ကားနောက်မှန်ကို ချိန်၍ကြည့်လိုက်သည်။ နောက်ကားကိုမြင်တော့ ရေဝတီ့ရင်ထဲမှာ တင်းခနဲဖြစ်သွားရ၏။ ကားက ဟိုင်းလက်(စ)ကား အပြာနုရောင်။

"မြင်လား"

"မြင်တယ်"

"သိလား"

"သိတယ်"

"ဒါဆိုရင် ဘယ်သူ့ကားလဲ မရေဝတီ"

"ကျော်မိုးနောင်ရဲ့ကားပဲ။ ဘာဖြစ်လို့များ ရေဝတီတို့နောက် လိုက်နေတာလဲမသိဘူး"

"အဲဒီအဖြေကို ကျုပ် သိချင်တာပဲ မရေဝတီ"

"ဘယ်လိုအဖြေလဲ ကိုနေရဲ"

"ကျော်မိုးနောင်က မရေဝတီရဲ့အဆက်ဟောင်း ဟုတ်ရဲ့ လား"

"ဟုတ်တယ်။ အဲဒါ ဘယ်သူပြောလို့ ကိုနေရဲ သိနေရတာလဲ"

"အန်ကယ်(လ်)အောင်ပြောပြထားတယ်။ ကျော်မိုးနောင် လိုက်နေတာဟာ ကျုပ်နဲ့တွဲတာမြင်လို့ မခံချင်စိတ်နဲ့ လိုက်တာလား။ ဒါမှမဟုတ် သူ့မှာ တခြားအကြောင်းတစ်ခု ရှိသလားဆိုတဲ့အဖြေပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ရေဝတီ မသိဘူး။ ကိုနေရဲ သိချင်ရင် ကားရပ်ပြီးဆင်းမေးပေါ့။ ဒါမှမဟုတ်လည်း မန္တလေးတောင်ခြေမှာ ဗေဒင်ဆရာတွေရှိတယ်။ သွားမေးကြည့်ပါလား"

နေရဲအကြည့်နှင့် ရေဝတီ အကြည့်ချင်း ဆုံမိကြရ၏။ သို့သော် ဆုံသည်ဟုတော့မဆိုသာ။ အကြောင်းက မျက်မှန်မည်းကြီးအောက်မှ ရေဝတီ၏မျက်လုံးအစုံကို နေရဲ မသိနိုင်သောကြောင့်ဖြစ်ပါ၏။

နေရဲက သူ့အား အတိုက်အခံချည်းပြောနေသော ရေဝတီ့ကို လှည့်ကြည့်ကာ ပခုံးကျယ်ကြီးကိုတွန့်၍ ပြုံးပါလေ၏။

ရေဝတီ ငေးကြည့်သွားမိသည်။ ပြုံးလေတိုင်း သွားစွယ်လေးများပေါ်ပြီး နေရဲ၏အပြုံးက နှစ်လိုဖွယ်ခန့်ညားခြင်းကြောင့်ပါတည်း။

"ကားရပ်ပြီးဆင်းမေးလို့လည်းမရဘူး။ ဗေဒင်မေးဖို့လည်း မလိုပါဘူး။ အဖြေကို မရေဝတီဆီက လိုချင်တာ။ မေတ္တာနှောင်ကြိုးဆိုတာ ပြတ်ချင်တဲ့အခါပြတ်တောက်ပြီး ဆက်ချင်ရင်လည်း ပြန်ဆက်လို့ရတာပဲမဟုတ်လား၊ ကျော်မိုးနောင်နဲ့ မရေဝတီ ပြန်ဆက်ချင် ဆက်လို့ရနိုင်တာပဲလေ။ သူ့စိတ်ထဲ သူစိမ်းယောကျ်ားတစ်ယောက်နဲ့တွေ့လို့ ပြန်ဆက်ချင်တာမျိုးကြောင့် လိုက်လာတာမဖြစ်နိုင်ဘူးလား"

"စိတ်ခေတ်ပျော့တဲ့မိန်းကလေးတွေအတွက်တော့ ဟုတ်ချင်ဟုတ်နိုင်ပါတယ်။ ပြတ်လိုက်ဆက်လိုက် လုပ်ချင်လုပ်နိုင်ပါတယ်။ ရေဝတီ့အဖို့တော့ ကျော်မိုးနောင်ဆိုတာထွေးပြီးသားတံတွေးပဲ ကိုနေရဲ။ ထွက်ပြီးသားဆင်စွယ်ပါပဲ"



ရေဝတီက ပြောအံပြီးမှာ နောက်ကြည့်မှန်ကိုကြည့်လိုက်မိသည်။ ကျော်မိုးနောင်ကားက လိုက်မလာပါလေတော့။

"ကိုနေရဲ မှားနေပြီထင်တယ်။ သူ့ကားပါမလာတော့ဘူး။ သူသွားတဲ့လမ်းနဲ့ တိုက်ဆိုင်ပြီးပါလာတာမျိုးရော မဖြစ်နိုင်ဘူးလား"

နေရဲ နောက်ကြည့်မှန်ကိုကြည့်လိုက်ပြီး ...

"ဟုတ်တယ်၊ ဒီသတ္တဝါ ပါမလာတော့ဘူး။ ကျုပ်တို့တစ်ခုခုစားပြီး လုပ်ငန်းကိစ္စ တိုင်ပင်ကြရအောင်"

"ရပါတယ် မစားနိုင်တော့ဘူး။ မုန့်တီတွေစားထားလို့ပါ"

"ဒါဆိုရင် ကျုပ်စားမယ်။ မရေဝတီက တစ်ခုခုသောက်ပေါ့။ အအေးဖြစ်ဖြစ် အပူတစ်ခုခုပေါ့"

နေရဲက မန္တလေးတောင်ခြေဆိုင်သို့ မောင်းလိုက်သည်။ တောင်ခြေမှာ စားသောက်ဆိုင်တွေရှိနေ၏။ သန့်ပြန့်သောဆိုင်တစ်ဆိုင်ရှေ့မှာ ကားကိုထိုးရပ်သည်။ ကားပေါ်မှဆင်းပြီး နေရဲကပင် ဆိုင်းအတွင်းသို့ ဦးဆောင်ဝင်လိုက်ပါ၏။

နေရဲက မုန့်တီမှာလိုက်သည်။ ရေဝတီအတွက် ဝင့်မှည့်အအေးတစ်ပုလင်းမှာပေး၏။ နံနက်(၁၀)နာရီခန့်သာရှိ၍ ဆိုင်အတွင်း လူကျဲပါးနေခဲ့သည်။ ထမင်းစားချိန်လည်းမကျ၊ နံနက်အဆာပြေချိန်လည်း မဟုတ်တော့။ ဆိုင်ခန်းက ကျယ်သည်။

လူရှင်းပြီးတောင့်ကျသောနေရာမှာ ထိုင်လိုက်ကြ၏။ မုန့်တီနှင့်အအေးပုလင်းကို စားပွဲထိုးလာချပေးသည်။ အအေးပုလင်းနှင့်ဖန်ခွက်ကိုယူပြီး နေရဲက ပုလင်းထဲမှပင့်မှည့်ကို ဖန်ခွက်ထဲသို့ ထည့်ပေးပြီး ရေဝတီဘက်သို့ တိုးပေးလိုက်သည်။

www.burmeseclassic.com



နေရဲက မုန့်တီကို စားသောက်လိုက်သည်။ ရေဝတီ အအေးမသောက်ဖြစ်သေး။ ထိုအချိန်တွင် လူတစ်ယောက် ဆိုင်ထဲသို့ ဝင်လာသည်ကို ရေဝတီ မြင်လိုက်ရ၏။ ထိုသူကို ရေဝတီ မှတ်မိလိုက်သည်။

ကိုပိန်ရှည်။

ကိုပိန်ရှည်သည် မန္တလေးသို့ရောက်လာသော ဘုရားဖူးခရီးသည် ဖြစ်ကောင်းဖြစ်မည်။ မန္တလေးရောက်လာသူတိုင်း ဈေးချို၊ ဘုရားကြီး၊ မန္တလေးတောင် စသည်တို့ကို လည်ပတ်တတ်ကြသည်။ ထို့ကြောင့်ပင် တိုက်ဆိုင်စွာ နှစ်ကြိမ်တိုင်တိုင်တွေ့ဆုံခြင်းသည် တိုက်ဆိုင်မှုဖြစ်မည်ဟု ရေဝတီ ထင်မိပါ၏။

"ကျုပ်တို့ အားလုံး အခု ပန်းရန့်စစ်ဆင်ရေးကို အပြင်းအထန်ဆောင်ရွက်နေကြတယ်၊ မှုခင်းကျူးဆင်းဖို့နဲ့ မှုခင်းဖော်ထုတ်နိုင်ဖို့ တားဆီးကာကွယ်ဖို့ဆိုပါတော့။ အကြောင်းရင်းနဲ့ အသေးစိတ်ကို မရေဝတီ သိဖို့မလိုသေးပါဘူး။ လိုအပ်တဲ့အခါသိဖို့ ကျုပ် ပြောပြပါ့မယ်။ လောလောဆယ်တော့ မရေဝတီလည်း စစ်ဆင်ရေးမှာ အရေးပါသူတစ်ယောက်အဖြစ် ကိုယ့်ကိုယ်ကိုယ် မှတ်ထားပါ"

"ဟုတ်ကဲ့"

"တချို့စစ်ဆင်ရေးသတင်းတွေ ပေါက်ကြားနေတာယ်လို့ သိရတယ်၊ ဘယ်လိုပေါက်ကြားတယ်ဆိုတာ ခြေရာခံလို့မရသေးပါဘူး။ လျှို့ဝှက်ချက်တွေ ပေါက်ကြားနေပေမယ့် ရန်ကုန်သတင်း၊ မန္တလေးသတင်းက ဆပ်စပ်မှုတော့ မရှိလှဘူး"



"ဒါဆိုရင် ကိုနေရဲ မန္တလေးကို ဘာလို့လာရသလဲ။ ရေဝတီလို အစိမ်းသက်သက်ကို ဘာဖြစ်လို့ခွဲထည့်ရတာလဲ။ ရေဝတီက ဘယ်လိုတာဝန်မျိုးကို ဆောင်ရွက်ရမှာလဲ"

"အားပါးပါး ... မရေဝတီ မေးလိုက်တာ စုံစေ့သွားတာပါလား။ ကိစ္စမရှိပါဘူး။ ကျုပ် ဖြေပါ့မယ်။ ကျုပ်ဟာ ရန်ကုန်အင်းလျားလမ်း ခြံအမှတ်(–)က တစ်ထပ်တိုက်လေးမှာ အဒေါ်မုဆိုးမနဲ့အတူနေတယ်။ ကျုပ်အဒေါ်ကို ကျုပ်က အန်တီခိုင်ဝင်းလို့ခေါ်တယ်။ နာမည်အရင်းက ဒေါ်ခိုင်ဝင်းပါ ...

အဲဒီအင်းလျားမြိုင်လမ်းက တစ်ထပ်တိုက်ဟာ အန်တီခိုင်ဝင်း ပိုင်ဆိုင်တဲ့တိုက်ပဲ။ အိပ်ခန်းသုံးခန်းရှိတယ်။ နှစ်ယောက်အိပ်အခန်းကြီးက တစ်ခန်း။ တစ်ယောက်အိပ်အခန်းကနှစ်ခန်း။ နှစ်ယောက်တွဲအခန်းကို အန်တီခိုင်ဝင်းယူထားတယ်။ သူ့ယောက်ျားမဆုံးခင်ကတည်းက နေခဲ့တဲ့အခန်းကို။ ခေါင်းရင်းဘက် အခန်းက ကျုပ်နေတယ်။ လူပျိုဆောင် ဆိုပါတော့"

ရေဝတီ သဲ့သဲ့မျှပြုံးမိရ၏။ ကိုယ်တော်ချောက အရေးထဲ လူပျိုဖြစ်မှန်းအကြောင်းစုံကို အလျဉ်းသင့်သလို ကြော်ငြာသည့်သွား၏။

"ကျန်တဲ့တစ်ဆောင် ... အဲ ... အခန်းတစ်ခန်းက သီသီစန်းရဲ့အခန်းပဲ။ အခု သူ မနေတာကြာသွားပြီ။ အဲဒီအိပ်ခန်းတစ်ခန်း လစ်လပ်နေတယ်"

"သီသီစန်းဆိုတာ ဘယ်သူလဲ ကိုနေရဲ"

www.burmeseclassic.com

www.burmeseclassic.com



"အန်တီခိုင်ဝင်းရဲ့ တစ်ဦးတည်းသောသမီးပဲ။ ကျုပ်ညီမ တစ်ဝမ်းကွဲပါ"

"သီသီစန်းက ဘယ်မှာသွားနေလို့လဲ ကိုနေရဲ"

"မသိဘူး။ သားအမိချင်း အစေးမကပ်ကြလို့ သီသီစန်း အိမ်ပေါ်ကဆင်းသွားတယ်လို့ မရေဝတီ သိထားရင်လုံ လောက်ပြီ။ ကျုပ် အဓိကပြောချင်တာက သီသီစန်း အကြောင်းမဟုတ်ဘူး။ သန္တာစိုးရဲ့အကြောင်းပဲ"

"လာပြန်ပြီးတစ်ယောက်၊ သန္တာစိုးဆိုတာက ဘယ်သူလဲ ကိုနေရဲ"

"ပြောမယ်လေ။ ဖြတ်ပြီးပြောရင် ပန်းရနံ့စစ်ဆင်ရေးရဲ့ လျှို့ဝှက်ချက်ပေါက်ကြားတဲ့နေရာကို ဆန်းစစ်ရင် ကျုပ်နေ တဲ့နေရာကလည်း သတင်းပေါက်ကြားရင်ပေါက်ကြားနိုင် တယ်လေ"

"အန်တီခိုင်ဝင်းကတစ်ဆင့် ပေါက်ကြားတယ်လို့ဆိုလိုတာ လား ကိုနေရဲ"

နေရဲက ခေါင်းကို သွက်သွက်ခါယမ်းသည်။ ပြီးမှ…

"အန်တီခိုင်ဝင်းရဲ့သိက္ခာ၊ ကိုယ်ကျင့်တရားကို မရေဝတီ မြင်တွေ့တဲ့အခါ အန်တီခိုင်ဝင်းကို အထင်မှားမိတဲ့အတွက် မရေဝတီ နောင်တ,တရားရသွားမှာ အမှန်ပဲ"

"ကိုနေရဲ ပြောချင်တာက အန်တီခိုင်ဝင်းဆီက သတင်း မပေါက်ကြားနိုင်ဘူးပေါ့"

"ဟုတ်တယ်။ အန်တီခိုင်ဝင်းရဲ့ သိက္ခာ သမာဓိ၊ ကိုယ် ကျင့်တရားကို အေားချိတ်ထားလိုက်ဦး။ အန်တီခိုင်ဝင်းဟာ



ပန်းရနံ့စစ်ဆင်ရေးဆိုတာလည်း မသိဘူး။ ကျုပ်ကလည်း လုပ်ငန်းနဲ့ပတ်သက်လို့ တစ်စွန်းတစ်စ ပြောမပြခဲ့ဘူး။ အန်တီခိုင်ဝင်းကလည်း သူနဲ့မဆိုင်တဲ့လုပ်ငန်းကို ဘယ်တုန်း ကမှ မစပ်စုခဲ့ပါဘူး"

"အန်တီခိုင်ဝင်း ဘက်က ဒီလောက် ခိုင်မာနေမှတော့ ကိုနေရဲနေတဲ့ အင်းလျားမြိုင်အိမ်က မဟုတ်နိုင်တာ ထင်ရှား နေတာပဲ"

"မှန်ပါတယ်။ တကယ်လို့သာ သန္တာစိုး ရောက်မလာခဲ့ဘူး ဆိုရင်ပေါ့ မရေဝတီ။ သတင်းပေါက်ကြားတာ ကျုပ်အိမ် ကမဟုတ်ဘူးလို့ ရဲရဲကြီးငြင်းရဲတာပေါ့။ သန္တာစိုးဟာ ကျုပ်ကို အကြောင်းပြုပြီး အန်တီခိုင်ဝင်းကို ချဉ်းကပ်ဝင် ထွက်ခဲ့တယ်။ ဒါကြောင့် ကျုပ်အိမ်ကနေ သတင်းပေါက် ကြားနိုင်စရာအကြောင်းရှိနေပါတယ် မရေဝတီ"

မုန့်တီကို လက်စသတ်စားရင်း သန္တာစိုးအကြောင်း ကို သိသင့်တာမှန်သမျှ ပြောပြခဲ့သည်။ မုန့်တီနောက်ထပ်တစ်လုံး ဆန်အောင် နေရဲ စားပြီးနောက် သန္တာစိုးအကြောင်း သူမနားလည် သွားခဲ့ရပါ၏။ ရေဝတီတွင် မေးစရာလေးတွေ ရှိလာခဲ့ပါ၏။

"ကိုနေရဲဆိုလိုတာက သန္တာစိုးကို အန်တီခိုင်ဝင်းက လိုလား နေတာမို့ သန္တာစိုးက အင်းလျားမြိုင်လမ်းကို ဝင်ထွက်နေ ပြီး ကိုနေရဲဆီ ဆယ်သွယ်တဲ့ဖုန်းကို ကြားဖြတ်နားထောင် မယ်။ ကိုနေရဲရဲ့အခန်းကို ဝင်ထွက်ပြီး စာရွက်စာတမ်းတွေ ကြည့်နိုင်တဲ့အတွက် သတင်းပေါက်ကြားတယ်လို့ ဆိုလို တာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်စရာတော့ရှိတယ်။ တိတိကျကျတော့ မဖြေနိုင်သေးဘူးပေါ့ မရေဝတီ"

"ဒါဆို လွယ်သွားပဲ။ သန္တာခိုး အိမ်ကိုမလာစေနဲ့ပေါ့။ ဒါမှမဟုတ် ကိုနေရဲ တခြားတစ်နေရာရာကို ပြောင်းနေလိုက်ရင်ဖြစ်တာပဲ"

"အဲဒီလိုလုပ်လိုက်ရင် သန္တာခိုးရေ မင်းကို ငါ မသက်ဘူး။ မင်းဟာ ရန်သူရဲ့ သူလျှိုပဲလို့ ပြောလိုက်တာနဲ့ အတူတူပဲ။ ခြေရာကောက်ဖို့ လမ်းစတောင်ပြတ်သွားနိုင်တယ်လေ။ သူလျှိုဖြစ်နေဦးတော့ သူ့ကို တယ်ကြက်အဖြစ် ပြန်သုံးချင်တယ်။ ငါးစာအဖြစ် ပြန်သုံးချင်တယ်"

"သန္တာခိုးဟာ ရန်သူဒုစရိုက်ဂိုဏ်းသားဆိုတာ သေချာပြီလား ကိုနေရဲ။ သူလျှိုဖြစ်နိုင်ပါ့မလား။ သူက အန်တီခိုင်ဝင်း ယောက်ျားရဲ့တူမအရင်းဆို"

"အဲဒီမှာလည်း သံသယဖြစ်စရာတစ်ခု ရှိနေသေးတယ်။ အန်တီခိုင်ဝင်းရဲ့ယောက်ျားမှာ သန္တာခိုးဆိုတဲ့ တူမတစ်ယောက်ရှိနေတာတော့ အမှန်ပါပဲ။ ဒါပေမဲ့ သန္တာခိုးကို အန်တီခိုင်ဝင်း အသေအချာမြင်ဖူးခဲ့တာက ငါးနှစ်သမီးအရွယ်ကပဲ။ အဲဒီနောက် လူချင်းကွဲသွားကြတယ်။ သန္တာခိုးရဲ့ဓာတ်ပုံ တစ်ပုံတလေတောင် အန်တီခိုင်ဝင်းတို့ မရှိခဲ့ကြဘူး။ အဲဒီတော့ သန္တာခိုး အစစ်အမှန်ဟုတ်ရဲ့လားလို့ ယုံကြည်ဖို့ခက်နေတယ်။ အန်တီခိုင်ဝင်းကတော့ ယုံကြည်နေတယ်လေ။ ဒါကြောင့် မရေဝတီကို အခုလိုပုံသဏ္ဌာန်နဲ့



ဝင်နိုင်းရတာပဲ။ ကျုပ်တို့ မှုခင်းတပ်ဖွဲ့ဝင်တွေကတော့ သန္တာခိုးနောက်ကြောင်းအမှန်ကို စုံစမ်းနေဆဲပါပဲ"

ထိုသို့ ရှင်းပြနေစဉ်မှာပင် နှုတ်ဆက်သံကြောင့် ရေဝတီ ဖျတ်ခနဲကြည့်လိုက်မိ၏။

"ဟော ... ရေဝတီပါလား။ မတွေ့ရတာအတော်ကြာသွားပြီနော်"

ကျော်မိုးနောင် ...

ရင်မှာ တင်းခနဲ ဖြစ်သွားရပါလေ၏။ ကိုနေရဲနှင့် စကားပြောနေကြခြင်းကြောင့် ဝင်လာတာကို သတိမထားလိုက်မိ။ ဒါပေမဲ့ ရေဝတီ ဣန္ဒြေမပျက် စကားဆိုလိုက်မိပါ၏။ သူမ ခေါင်းထဲမှာ စိတ်သစ်လူသစ်ဖြစ်စေရန် အင်အားတစ်ခုမွေးဖွားထားပြီးဖြစ်သည် မဟုတ်လား။

"ဟင်း ... ဟင်း ... ကိုကျော်မိုးနောင်ပါလား"

"ကိုကိုနောင်ပါ ဝတီ"

"ကျွန်ခဲ့ပါပြီလေ။ ကိုကျော်မိုးနောင်ကို ကြွတုန်းဆုံတုန်း မိတ်ဆက်ပေးရဦးမယ်။ ဒါက ကိုကိုရဲလေ။ ရေဝတီနဲ့ မကြာခင် လက်ထပ်တော့မယ့်သူတစ်ဦး ဆိုပါတော့"

ရေဝတီ မျက်မှန်ကို ချွတ်၍ပြောလိုက်သည်။ မျက်လုံးလှလှလေးထဲမှ မျက်ဝန်းအိမ်ကို ထောင့်ကပ်ကာ ကိုနေရဲအား ကြည့်လိုက်သည်။

"ကိုကိုရဲ ဒါ ကိုကျော်မိုးနောင်တဲ့။ ရေဝတီ့ မိတ်ဆွေတစ်ဦးပါ ကိုကိုရဲ"

www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်ပါဘဲလျက် ရေဝတီ၏ အရည်အချင်းကို နေရဲ သိလိုက်ရပါ၏။ မှုခင်းတပ်ဖွဲ့ဝင်ဖြစ်သော နေရဲပင် ချက်ချင်း ဤမျှအထေးအယူရှိနိုင်မည် မထင်ထားခဲ့ပါလေ။

နေရဲ ထိုင်ရာမှထသည်။ ကျော်မိုးနောင်ကို လက်ကမ်းသည်။ ကျော်မိုးနောင် ကွက်ခနဲမျက်နှာပျက်လုလုဖြစ်သွားခဲ့ပါ၏။ သို့တစေ ကမ်းပေးလာသောလက်ကို အလိုက်သင့် ပျက်သွားသော ဣန္ဒြေကိုထိန်းကာ လက်ကိုဆွဲကာ အားရပါးရနှုတ်ဆက်လိုက်ပါ၏။ နေရဲက ခပ်သဲ့သဲ့ပြုံးရင်း ...

"ဪ ... ကိုကျော်မိုးနောင်အကြောင်း ဝတီ ပြောပြထားဖူးပါတယ်။ လူချင်းဆုံကြတာ အခုမှပေမယ့် ကိုကျော်မိုးနောင်နာမည်ကို ရင်းနှီးနေခဲ့ပြီးသားပါ။ တွေ့ရတာဝမ်းသာပါတယ် ကိုကျော်မိုးနောင်"

"ခင်ဗျား ကံကောင်းပါတယ် ကိုနေရဲ။ ဝတီလိုမိန်းကလေးမျိုးကို လက်ထပ်ခွင့်ရတဲ့အတွက် တကယ်ကို ကံကောင်းတာပါပဲ"

"ဟုတ်ကဲ့။ ကျွန်တော် ဘယ်လောက်ကံကောင်းတယ်ဆိုတာ ကျွန်တော့်ကိုယ်ကျွန်တော် အသိဆုံးပါပဲ"

ကိုနေရဲ စကားကို ကျော်မိုးနောင် ဘယ်လိုအဓိပ္ပာယ်ကောက်မည်လဲတော့ ရေဝတီ မပြောတတ်။ သူမ စိတ်ထဲတော့ နည်းနည်းခုမိသွားပါ၏။ အမယ်ကြီးအိုပေါက်စရုပ်ပေါက်နေသော ရေဝတီလိုမိန်းကလေးကို တကယ်လက်မထပ်ရဲဘဲ ဟန်ဆောင်လက်ထပ်ရန် စီစဉ်ထားသည်ကို ကံကောင်းသည်ဟူ၍ ရည်ရွယ်ပြောကြားခြင်းလား။



ဟွန်း ... ကြည့်ကြသေးတာပေါ့။

ကျော်မိုးနောင်က နေရဲအား လက်ဆွဲနှုတ်ဆက်ပြီး ရေဝတီဘက်သို့ လှည့်ပြန်သည်။

"ဘယ်တုန်းက ဝတီနဲ့ ကိုနေရဲ တွေ့လိုက်ကြတာလဲ"

"ဝတီလို့မခေါ်ပါနဲ့ ကိုကျော်မိုးနောင်၊ နာမည်အပြည့်အစုံကို ပဲခေါ်ပါ။ ရေဝတီလို့ပေါ့"

ဒါပေမဲ့ ကျော်မိုးနောင် မပြင်ခဲ့ပါလေ။ ဆက်၍ ပြောသည်။

"ဝတီက ခြေရာဖျောက်တော်တယ်နော်။ မှုခင်းဂျာနယ်တိုက်တစ်တိုက်မှာ စာရေးဝင်လုပ်နေတာ ဒီနေ့မှပဲ သိခွင့်ရလိုက်တယ်။ ကိုနေရဲကလည်း ဂျာနယ်တိုက်က စာရေးတစ်ယောက်ပဲလား"

နေရဲကို ဂျာနယ်တိုက်တစ်တိုက်မှ စာရေးအဆင့်ဝန်ထမ်းလေးတစ်ဦးဟု တမင်သက်သက်နှိမ်၍ပြောဆိုလိုက်ခြင်းဖြစ်ဟန်တူလိမ့်မည်။ ဒါကို ရေဝတီ သိလိုက်မိသည်။

"ဪ ... ကိုကျော်မိုးနော် အထင်မှားနေတာပါ။ ကိုကိုရဲက ဂျာနယ်တိုက်ကမဟုတ်ပါဘူး။ ဪ ... အခုနက မိတ်ဖွဲ့ပေးတဲ့နေရာမှာ ကိုကျော်မိုးနောင်ရဲ့ဂုဏ်ပုဒ်ကို ထည့်ပြောဖို့မေ့သွားတာကို ခွင့်လွှတ်ပါဦး။ ကိုကိုရဲရေ ဟောဒီ ကိုကျော်မိုးနောင်ဆိုတဲ့ပုဂ္ဂိုလ်ဟာ နှယ်နှယ်ရရမဟုတ်ပါဘူး။ သံရုံးတစ်ရုံးက ဝန်ထမ်းတစ်ဦးပါ"

"မလိုပါဘူး ဝတီ။ ကိုကိုနောင်မေးတာက ကိုနေရဲနဲ့ ဝတီတို့ တွေ့ကြတာ အလုပ်လုပ်တဲ့ဂျာနယ်တိုက်မှ အတူတူ

www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ကြရင်း တွေ့ဆုံရာက လက်ထပ်မယ့်အခြေအထိ ဖြစ်သွားတာလားလို့ မေးနေတာပါ"

"ဆောရီးပဲ ကိုကျော်မိုးနောင်။ ဒါ ကိုကိုရဲ့နဲ့ ရေဝတီတို့ရဲ့ ကိုယ်ရေးကိုယ်တာပါ။ ကိုကျော်မိုးနောင် သိဖို့မလိုပါဘူး။ ရေဝတီက ကိုကျော်မိုးနောင်ကို အစီအရင်ခံဖို့လည်း လိုမယ် မထင်ပါဘူးရှင်"

ကျော်မိုးနောင် ချာခနဲလှည့်ထွက်သွားသည်။ စားသောက်ဆိုင်အတွင်းမှ သူ ထွက်သွားသည်။ ထို့နောက် ကားကို တစ်ရှိန်ထိုးမောင်းနှင်ထွက်ခွာသွားသံကို ကြားလိုက်ရပါလေတော့၏။

"သူ့ကိုကြည့်ရတာ မရေဝတီနောက်ကို တန်းတန်းစွဲလိုက်ချင်တဲ့သဘောများလား မသိဘူး"

"ရေဝတီတော့ ဒီလိုမထင်ပါဘူး။ ဒီလူ့ရင်ထဲမှာ အသည်းနှလုံးဆိုတာမရှိမဖြစ်ပစ္စည်းမို့ ရှိတယ်ထားဦးတော့။ သူ့နှလုံးသားက ကျောက်ခဲလိုအသည်းနှလုံးမျိုးပါ။ သူ့အတွက် အကျိုးအမြတ်မရှိတဲ့အလုပ်ဆိုရင် ဘာမှ မလုပ်တဲ့သူ။ အခု ရေဝတီကို ပြန်ပြီးဆက်သွယ်ဖို့ ကြိုးစားတာဟာ ဘယ်လိုအကြိုးအမြတ်တစ်ခုခုကို ရည်ရွယ်သလဲမှ မသိတာ။ အလကားလူ။ တကယ့်အလကားလူပါ"

"ခုနက ကျော်မိုးနောင်ရှေ့မှာ မရေဝတီ လုပ်ဝန့်တာဝန်ဆောင်ရွက်ပုံလေးက အင်မတန်သေသပ်ပါတယ်။ မရေဝတီကိုကြည့်ရတာ ထုံထုံထိုင်းထိုင်းကြီးပေမယ့် လက်တွေ့ကျတော့ အတော်ချက်ချာတာပဲ။ တကယ်လို့သာ မှူခင်းတပ်ဖွဲ့ထဲမှာ တာဝန်ထမ်းဆောင်ခဲ့ရင် တိုင်းပြည်အတွက် တကယ့်ရတနာကောင်းတစ်ပွင့်ပါပဲ။ အန်ကယ်(လ်)အောင် ကျုပ်ကို /လူရွေးပေးတာကို ချီးကျူးမိပါတယ်"



ရေဝတီက မျက်မှန်မည်းကို ပြန်တပ်လိုက်သည်။

"ဒါဆိုရင် မုန့်တီဖိုးနဲ့ အအေးဖိုး ရှင်းလိုက်ပေတော့ ကိုနေရဲ"

"ဘာဆိုင်လဲ"

"ဟြော် ... ပန်းရန့်စစ်ဆင်ရေးနဲ့ပတ်သက်ပြီး ရေဝတီ ဘာမှမသိဘူး။ ဒါပေမဲ့ အအေးသောက်တယ်။ အဲဒီတော့ ကျသင့်သမျှ ကိုနေရဲ ရှင်းလိုက်ပေါ့"

တမင်သက်သက် ဆိုင်ရောက်ကာစကစကားကို ချေပမှန်း နေရဲသိလိုက်ပါ၏။ ထိုစဉ်မှာပင် ကိုပိန်ရှည် စားသောက်ပြီးစီးသွားသည်ကို တွေ့နေရသည်။ ကိုပိန်ရှည်က သွားကြားထိုးရင်း မိမိတို့ဘက်သို့ ဝေ့ဝဲကြည့်နေခဲ့သည်။

ရေဝတီ ကိုပိန်ရှည်ကို ကြည့်လိုက်မိ၏။ ကိုနေရဲ ဆိုတော့ ကိုပိန်ရှည်နဲ့ပတ်သက်ပြီး ဘာမျှမပြောမိ။ အကယ်၍ ကိုပိန်ရှည်သည် မန္တလေးရောက် ဘုရားဖူးဧည့်သည်ရိုးရိုး ဖြစ်နေချင် မလိုလားအပ်သောကိစ္စအသေးအမွှားတစ်ခုကြောင့် ပန်းရန့်စစ်ဆင်ရေးအတွက် အနှောင့်အယှက်ဖြစ်သွားမှာကို ရေဝတီ စိုးရိမ်မိပါ၏။

ကိုနေရဲ စားသောက်ပြီးစီး၍ ကျသင့်ငွေများကို ရှင်းလိုက်သည်။

"သွားစို့ မဒူးရင်းသီး"

www.burmeseclassic.com

www.burmeseclassic.com



"အယ် ... မဒူးရင်းသီးဆိုတာက ..."

"မရေဝတီကို ကျွန်တော် နာမည်ပေးလိုက်တာလေ"

"ဘာလို့လဲ ဆူးတွေနဲ့ အရုပ်ဆိုးနေလို့လား"

"ဟုတ်တယ်။ ဆူးတွေနဲ့အရုပ်ဆိုးတာလည်းပါတယ်၊ ပြီးတော့ အထဲမှာ အနှစ်သာရ ရှိနေတာလည်း ပါတာပေါ့"

ဘာလို့မှန်းမသိ ရေဝတီ့ရင်ထဲ ကျေနပ်မိသည်၊ ရေဝတီ့မျက်နှာ ပြုံးရိပ်သမ်းသွားသည်။ ကြည့်သေးတာပေါ့ ကိုနေရဲရယ်။

✤ ➡ ✤



## အခန်း(၆)

"ဝတီရေ... ဟေး ဝတီ။ အိမ်ရှေ့တံခါးလည်းပွင့်လို့ပါလား ဟဲ့"

"ဝတီ အိပ်ခန်းထဲမှာရှိတယ် ဒေါ်သစ်သစ်။ အိပ်ခန်းထဲ လာခဲ့ပါလား"

ဒေါ်သစ်သစ်မှာ ခြံချင်းကပ်ရက်နေသူ။ ရေဝတီ၏ ညအိပ်အဖော်တစ်ယောက်။ ဒေါ်သစ်သစ်က စက္ကူဘူးကြီးတစ်ဘူး ကို ပိုက်ကာဝင်လာခဲ့သည်။

"ဟဲ့ ... ဝတီကော ... ညည်းက ဘယ်သူ ... အယ် ... အယ် ... ကြည့်စမ်းပါဦး။ ဒီပါးစပ်ပေါက်လေးနဲ့ နှာတံလေး ကိုသာမမှတ်မိရင် ညည်းကို ဘယ်သူက ရေဝတီပါလို့ ဘယ်လိုယုံရမှာတဲ့လဲ"

ရေဝတီ ကျေကျေနပ်နပ်ကြီး ပြုံးမိပါလေ၏။ သူမ စမ်းသပ်ချက် အောင်မြင်သွားပြီကော။

"အံမာလေး ... ဝတီရယ် လှလိုက်တာနော်။ ငါက ဘယ် ကကောင်မလေးလှလှရောက်နေလဲလို့။ ကြည့်စမ်းပါဦး ဟယ်။ တကယ် ... တကယ်ကိုပဲ လှလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပဲလား ဒေါ်သစ်သစ်။ ဝတီ တကယ်လှသွားတယ်ပေါ့။ အယ် ... ဒေါ်သစ်သစ် လက်ထဲက ဘာဘူးကြီးလဲ"

"ဟုတ်ပါရဲ့ ညည်းလှတာကိုမြင်တာနဲ့ပဲ ဒီကိစ္စကိုမေ့သွားမိတယ်။ မနက်က ညည်းအပြင်သွားတုန်း လူတစ်ယောက်စက်ဘီးနဲ့ လာပေးသွားတာ။ မွန်မွန်က ပေးခိုင်းလိုက်တာတဲ့"

ဒေါ်သစ်သစ် ကမ်းပေးသောဘူးကို ရေဝတီ ယူလိုက်သည်။ မွန်မွန်သည် ရေဝတီ့ဆီ အဝတ်အစားများကို ပေးပို့လိုက်သည်။

"ငါ ပြန်ဦးမယ် ဝတီ။ ညနေကိုပေးဖို့အင်္ကျီ ရက်ချိန်းရှိတယ်။ ပြီးအောင်ပြန်ချုပ်ဦးမှ"

ဒေါ်သူဇာ အပြင်ရောက်သွားမှ ရေဝတီက မွန်မွန်ပေးလိုက်သောဘူးကြီးကို ခုတင်ပေါ်တင်သည်။ ဘူးကို ချည်နှောင်ထားသည့်ကြိုးပတ်ပတ်လည်၏ အစကို ရှာလိုက်သည်။ ကြိုးစကိုတွေ့ပြီး ဖြေလိုက်၏။

ရေဝတီ မျက်မှောင်ကုတ်လိုက်မိသည်။

မွန်မွန်သည် လူကြုံပါး၍ပေးသည်မို့ စက္ကူဘူးကိုကျကျနန ပိတ်ထားလေသလား။ ဘူးအဖုံး၏နှုတ်ခမ်းသားလေးဘက်ညီကို အောက်ခံဘူးခွံနှင့် ငုံမိအောင် စက္ကူကို အရှည်လိုက်အပြားလိုက်ညှပ်ပြီး ကော်ကပ်ပေးထားပုံရသည်။ ယင်းကော်ကပ်စက္ကူများမှာ လေးဘက်စလုံး အလယ်မှမှတ်ဆိတ်ရိတ်ဓားမျိုးနှင့်ခွဲထားသလိုဖြစ်နေသည်။ မွန်မွန်ပေးလိုက်သော လူကြုံကပင်ဓားနှင့်ခွဲပြီးကြည့်လေသလား။ ဒါမှမဟုတ် နဂိုကပင် ခွဲဖွင့်ထား



ပြီးသောဘူးကို မွန်မွန်ထည့်ကာပေးလိုက်သလား။ အထဲကပစ္စည်းကြည့်ပြီးမှ မွန်မွန့်ကို ဖုန်းဆက်မေးရဦးမယ်။ ရရှိသည့်ပစ္စည်းစာရင်းအတိုင်း မွန်မွန်ပေးပို့လိုက်ခြင်း ဟုတ်မဟုတ် မေးကြည့်ရဦးမည်။

စက္ကူဘူးအဖုံးကို ရေဝတီ ဖွင့်လိုက်သည်။

"အယ် ... လှလိုက်တာဟယ်"

မနေနိုင်အောင်ပင် ရေဝတီ ရေရွတ်ချီးကျူးလိုက်မိသည်။ အဝတ်အစားတွေက ရောင်စုံချုပ်ထားပြီးသား ဝမ်းဆက်တွေဖြစ်ပါလေ၏။

"ဟင် ... ဒီမှာလည်း စက္ကူဘူးသေးသေးလေးပါလား"

ကတ်ထူဘူးထောင့်တွင်တွေ့ရသော ဘူးလေးကိုသူမ ယူလိုက်သည်။ လက်ဝတ်ရတနာတစ်ခုချင်းထည့်ထားသောဘူးမျိုးလေးဖြစ်သည်။

စက္ကူဘူးလေးကို ရေဝတီ ဖွင့်ကြည့်လိုက်သည်။

ရွှေဆွဲကြိုးလေးတစ်ကုံး။ လော့ကက်က ကျောက်စိမ်းရုပ်တုလော့ကက်ဘူးလေးနှင့်။

ဘုရား ... ဘုရား ... မွန်မွန် ရက်ရောလှသည်။ ရွှေကလည်း တုတ်တုတ်တိုတို ခန့်မှန်းမင် သုံးမတ်သားလောက်ရှိလေမည်။

ထားတော့။ ရွှေဆိုသည်က ရိုးနေပြီ။ ဆန်းသည်က ကျောက်စိမ်းရုပ်တုလော့ကက်သီးလေးဖြစ်သည်။ ကျောက်စိမ်းအစစ်။ ရုပ်တုဆိုပေမယ့် တမင်တကာထုထားသော ရုပ်တုမျိုးမဟုတ်။ ကျောက်စိမ်းရုပ်တုလေး၏ သဘာဝပုံက ဦးခေါင်း

www.burmeseclassic.com

www.burmeseclassic.com



သေးသေး၊ မိုက်ပွပွဖြင့် ပစ်တိုင်းထောင်ရုပ်ကလေးနှင့်တူနေသည်။ လော့ကက်၏ကျောနောက်တွင် ရွှေပြားဖြင့်ပိတ်ထားသည်။

မွန်မွန့်အား ကျောက်စိမ်းကို သူမ နှစ်သက်လှကြောင်း ပြောပြခဲ့မိ၏။ ထို့ကြောင့် သူမပေးလိုက်သော ကျောက်စိမ်းရောင်အင်္ကျီစမ်းဆက်နှင့် လိုက်ဖက်အောင် ကျောက်စိမ်းလော့ကက်သီးဆွဲကြိုးကို ထည့်ပေးလိုက်ခြင်း ဖြစ်နိုင်သည်။

အဖိုးတန်လွန်းလှသော ကျောက်စိမ်းလော့ကက်သီးဆွဲကြိုးကို ပြန်ပေးရန် ရေဝတီ ဆုံးဖြတ်လိုက်သေး၏။ ချက်ချင်းလက်ငင်းပြန်ပေးပါကလည်း မွန်မွန်၏စေတနာကို စော်ကားရာရောက်ဦးမည်။

မွန်မွန် ကျေနပ်အောင် တစ်လတန်သည် နှစ်လတန်သည်ဆွဲထားပြီးမှ ပြန်ပေးရန် ရေဝတီ ဆုံးဖြတ်လိုက်ပါ၏။

ဆွဲကြိုးလေးကို ရေဝတီ ဆွဲထားလိုက်ပါ၏။ ဝင်းဝါသော ရေဝတီ့ရင်ညွန့်ကလေးပေါ်မှာ ကျောက်စိမ်းလော့ကက်သီးကလေးက ထင်ရှားပေါ်လွင်လှသည်။

"မမရေဝတီရေ ... မမရေဝတီ ... ဖုန်းလာတာလေ တစ်မနက်တည်း သုံးခါတောင်လာတယ်သိလား"

အိမ်ရှေ့မှဝင်လာသော ချိုချို၏အသံ ကြားလိုက်ရသည်။ ရေဝတီက စက္ကူဘူးကို ပြန်ပိတ်၍ ခုတင်အောက်သို့ ထိုးသွင်းထားလိုက်သည်။ ချိုချိုက ရေဝတီတို့နှင့် အိမ်နီးနားချင်းဖြစ်သည်။ ချိုချိုက ဆယ်တန်းကျောင်းသူဖြစ်သည်။ ရေဝတီအားလပ်ချိန်များတွင် စာသင်ပေးတတ်၍ သူတို့တစ်အိမ်သားလုံး ရင်းနှီးကာ ရေဝတီကို အရေးပေးသည်။ ချိုချိုတို့အိမ်မှဖုန်းကို ရေဝတီ



သုံးပိုင်ခွင့်ပေးထားသည်။ ရေဝတီနှင့် နီးစပ်ရာအပေါင်းအသင်းနှင့် ရုံးမှလုပ်ဖော်ကိုင်ဖက်များကို ချိုချိုတို့ဖုန်းနံပါတ်ပင် ပေးထားခဲ့သည်။

"အယ်တော့ ... ကြည့်စမ်း ... တကယ်လို့သာ ဒီအိမ်နဲ့ ဒီအိပ်ခန်းမဟုတ်ဘဲ လမ်းမှာ မမရေဝတီနဲ့ပက်ပင်းကြီးတွေ့ရင် ချိုချိုတော့ ဘယ်လိုမှ မှတ်မိမှာမဟုတ်ဘူး"

ပြောပြီးတော့ ချိုချိုသည် ရေဝတီ့ပါးပြင်ကို အဆက်မပြတ် အနမ်းမိုးရွာချပါလေတော့၏။

"ချိုချိုလေ လှလှပပလေးတွေတွေ့ရင် အဲဒီလိုတအားနမ်းချင်စိတ်ပေါက်လာတတ် ဘယ်သိလား။ မမရေဝတီကို နတ်ရေကန်ထဲပစ်ချလိုက်သလားထင်ရတယ်။ လှလိုက်ချောလိုက်တာနော်။ ဟိုတုန်းက မမရေဝတီနဲ့ အခုမမရေဝတီ ဘာမှမဆိုင်ဘူး"

"အခြယ်အသကြောင့်ပါ ချိုချိုရယ်"

"အဲဒါလည်းပါပေမယ့် နဂိုချောမှလည်း ချောတာပေါ့နော်။ ဟိုတုန်းကတည်းက မမရေဝတီ ချောတာပါ။ ဒါပေမဲ့ ဝတ်စားဆင်ယင်ထားတာက အဘွားကြီးအိုလေးလိုဆိုတော့ ချောတာလှတာတွေ ပျောက်နေတာပေါ့။ ဟိုလေ ရွှံ့ပေနေတဲ့ပတ္တမြားလိုပေါ့"

ရေဝတီ ပြုံးလိုက်မိသည်။ တကယ်က ရွှံ့နစ်နေသော ပတ္တမြားဟုဆိုချင်တာပဲ ဖြစ်ပါလိမ့်မည်။ ရွှံ့နစ်နေသောပတ္တမြားတဲ့။

"ဘယ်ကလာတဲ့ဖုန်းတဲ့လဲ ချိုချို"

www.burmeseclassic.com



"မပြောဘူး မမရေဝတီ။ မမရေဝတီကို ခေါ်ပေးပါပဲပြောတယ်။ ယောက်ျားသံပဲ။ နှစ်ခါဆက်သေးတယ်။ ချိုချိုပဲ မမရေဝတီ အပြင်ထွက်သွားတယ်လို့ ပြောလိုက်တယ်"

"လာ ... ချိုချို။ မမရေဝတီတို့ ဖုန်းသွားပြောစို့"

နှစ်ဦးသား တစ်ဦးခါးတစ်ဦးဖက်ပြီး ချိုချိုတို့အိမ်သို့သွားခဲ့သည်။ ခေါင်းရင်းဘက်ရှိခြံသို့ မလွယ်ပေါက်မှကူးခဲ့ကြသည်။ ရေဝတီက ဖုန်းတင်ထားရာစင်သို့ လျှောက်သည်။ ချိုချိုက နောက်ဖေးမီးဖိုဆောင်သို့ ဝင်သွားခဲ့၏။

"မေမေရယ် ... မမရေဝတီလေ သိပ်လှတာပဲသိလား။ ဆံပင်လည်းညှပ်လိုက်တယ်။ ဆံပင်ပုံလေးက လှလည်းလှ မမရေဝတီနဲ့ သိပ်လိုက်တာပဲ။ သွားကြည့်စမ်းပါဦး မေမေရယ်"

ချိုချို့အသံအောက်ကျယ်ကျယ်လေးကို ရေဝတီ ကြားနေရ၏။ ဖုန်းခေါ်လိုက်သည်။ တစ်ဖက်မှ ဖုန်းခေါ်သံ။ ရေဝတီ ကောက်ယူလိုက်သည်။

"အမိန့်ရှိပါ။ ရေဝတီ ပြောနေပါတယ်ရှင့်"

"အမိန့်ရှိရရင်တော့ ဝတီ့ကို ကိုကိုနောင် အိပ်ချစ်တယ်လို့ပဲ အမိန့်ရှိရမှာပါ ဝတီ"

"ဩော် ... ကိုကျော်မိုးနောင်ကိုး"

"ဟုတ်ပါတယ် ဝတီ။ တစ်ခါတုန်းက ဝတီက တို့ကို ကိုကိုနောင်လို့ခေါ်ခဲ့တာ မေ့နေပြီလား ဝတီ"

"ဟုတ်ကဲ့။ ဘယ်တော့မှ မသိနိုင်တော့အောင်ကို မေ့ပစ်လိုက်ပါပြီ"

စကားပြောသံ ခဏတော့ရပ်သွား၏။ ပြီးမှ ...



"ဝတီ အချစ်ရာ ... အခုအထိ ကိုကိုနောင့်အပေါ် စိတ်ဆိုးမပြေသေးဘူးလား"

"ဒီမှာ ကိုကျော်မိုးနောင်နဲ့ပတ်သက်ပြီး ဘာစိတ်အချက်မှ မရှိတော့တာပါ"

"မရက်စက်ပါနဲ့ ဝတီ။ လူဆိုတာ တစ်ကြိမ်တစ်ခါတော့ အမှားလုပ်တတ်ကြတာပါပဲ။ ဝတီ့ကို တောင်းပန်စကားပြောချင်လို့ပါ။ ဖုန်းဆက်တာ သုံးခါရှိပြီ။ နေ့လယ်စာ စားကြရအောင်၊ ကိုကိုနောင်နဲ့ ဝတီ နေ့လယ်စာ စားနေကြဆိုင်ကိုလာခဲ့ပါလား"

"ဆောရီးပဲ ကိုကျော်မိုးနောင်။ ရေဝတီနဲ့ ကိုကိုရဲ့ နေ့လယ်စာအတူစားဖို့ ချိန်းထားပါတယ်။ အခု ရေဝတီ ကိုကိုရဲ့ကို စောင့်နေတာပါ"

တမင်သက်သက် ရေဝတီ ပြောလိုက်တာပဲဖြစ်သည်။ အမှန်က ကိုနေရဲ ဘယ်မှာစခန်းချလို့တည်းခိုမှန်းပင် သူမ မသိခဲ့ပါလေ။

"တောက်"

ရေဝတီ တောက်ခေါက်သံကြားလိုက်ရသည်။ နားဝင်ချိုလိုက်ပါဘိတော့။

"နေရဲ ဟုတ်လား။ ဒီကောင်က ရေဝတီ ... အဲ ... ဝတီ့ရဲ့ လူဖြစ်နေပြီပေါ့လေ"

"သိပ်ဟုတ်။ ဏကယ်ဟုတ်ပေါ့ ကိုကျော်မိုးနောင်"

"နေရဲနဲ့လက်ထပ်ဖို့ ဖျက်သိမ်းလိုက်ပါလား။ ကိုကိုနောင့်ကို ဝတီ တကယ်ချစ်တာ ကိုကိုနောင် သိပါတယ်။ နေရဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဝတီ့ရင်ထဲ အစားထိုးခံလိုက်ရတဲ့ သတ္တဝါတစ်ကောင်ပါ။ ကိုကိုနောင် မှားသွားမိပါတယ်၊ ကိုကိုနောင်က သံရုံးဝန်ထမ်းတစ်ဦးဆိုတော့ ပတ်ဝန်းကျင်မှာ ထည်ဝါစေချင်တာနဲ့ ဝတီ့ကို စွန့်ပစ်လိုက်မိတာ အခုမှ မှားမှန်း ကိုကိုနောင် သိနေပါပြီ။ တကယ်တော့ ချစ်တာနဲ့ ငွေကြေးကြွယ်ဝတာ တခြားစီပါ ဝတီ"

"ဟင်း ဟင်း ... ရေဝတီ ပုံပြင်ဒဏ္ဍာရီတွေ နားမထောင်ပါရစေနဲ့တော့။ မန္တလေးမှာ ချမ်းသာတဲ့သူဌေးသမီးတွေ အများကြီးရှိပါတယ်။ ငွေကြေးချမ်းသာတဲ့ သူဌေးသမီးကလေးတွေမှာ အားလပ်ချိန်ဆိုတာရှိကြတယ်လေ။ ရေဝတီလိုအညတြရ စားဖို့ရုန်းကန်နေရတဲ့အတွက် ပုံပြင်နားထောင်ဖို့ အချိန်မရှိတော့ပါဘူး။ ဒါပါပဲ ကိုကျော်မိုးနောင်"

"ဝတီ ... ဖုန်းမချနဲ့ဦးနော်"

တားနေသည့်ကြားမှ ရေဝတီ ဖုန်းချလိုက်သည်။ ပြတ်ပြီးသားကြိုးမှာ ပြန်ဆက်လေက အဖုအထုံးတွေနှင့်ပါ။

ဖုန်းကို ကျောခိုင်းရန်ကြိုးစားလိုက်စဉ်မှာဝင် ဖုန်းခေါ်သံက မြည်လာပြန်ပါ၏။ ရေဝတီ ဒေါသဖြင့် ဖုန်းကို ပြန်ကိုင်သည်။

"ပြော ... ပြော ... ဘာပြောချင်လဲ"

"ဟောဗျာ ... ကျွန်တော် ဘာမှ မပြောရသေးဘဲနဲ့ အဲဒီက ဒီလောက်ဒေါသကြီးနေရသလား"

ဖုန်းနားထောင်ရင်း သူမ စဉ်းစားလိုက်သည်။ ဒီအသံက ကျော်မိုးနောင်အသံမဟုတ်။



"ဟုတ်ကဲ့ရှင့် အမိန့်ရှိပါ"

"အဲဒီအိမ်ရဲ့ ခြံရင်းအိမ်မှာ ရေဝတီဆိုတာ ရှိပါသလား။ ရှိရင် တစ်ဆိတ်လောက်ကျေးဇူးပြုပြီး ခေါ်ပေးပါလားခင်ဗျာ၊ နေရဲလို့ပြောပေးပါ"

"သြော် ... ကိုနေရဲလား၊ အခု ဖုန်းပြောနေတာ ရေဝတီပါပဲ"

"အဆင်သင့်သွားတာပေါ့ မရေဝတီ။ မရေဝတီက ခေါင်းရင်းအိမ်ရောက်နေတာကိုး။ ရန်ကုန်က ကျွန်တော့်ကို လှမ်းခေါ်နေပြီ။ နက်ဖြန်မနက်လေယာဉ်နဲ့ ရန်ကုန်ကို သွားမယ် မရေဝတီ။ လေယာဉ်လက်မှတ်တွေ စီစဉ်ပြီးသွားပြီ။ မနက်ဖြန် (၁၀)နာရီအရောက် ချမ်းမြသာစည်လေယာဉ်ကွင်းကို မရေဝတီ လာခဲ့ပါ။ ကျွန်တော် စောင့်နေမယ်"

"ခက်လိုက်တာ။ ဖြူနီးခနဲ ဒိုင်းခနဲဆိုတော့ ရေဝတီ့အတွက် ဘာမှ မလွယ်လှဘူး"

"မရေဝတီ အခက်အခဲကို အန်ကယ်(လ်)အောင်က ဖြေရှင်းပေးပါလိမ့်မယ်။ လေယာဉ်ကွင်းကို မရောက်ရောက်အောင် သာလာခဲ့ပါ"

သူ ဖုန်းပြန်ချသွားသည်။ ရေဝတီ တစ်ခဏမျှတော့ ...တွေဖြစ်ခဲ့၏။ ဘာပဲဖြစ်ဖြစ် သူမ ရန်ကုန်သို့ လိုက်သွားရမည် ...။ ဒါပေမဲ့ အစစအရာရာ တာဝန်ယူသည်ဆိုဦးတော့ အသေး ...ထိစွလေးတွေကို သူတစ်ပါးကိုအားကိုးရန် ရေဝတီ ဝန်လေး...ည်။ လိုအပ်သောပစ္စည်းကလေးများကို ဝယ်ယူရန်တော့ ရေဝတီ ...ြတ်လိုက်မိပါ၏။

www.burmeseclassic.com



ချိုချိုတို့အိမ်ကို နှုတ်ဆက်ပြီး အိမ်သို့ ရေဝတီ ပြန်ခဲ့သည်။ ခြံတံခါးဝတွင် ဆလွန်းကားတစ်စီးရပ်ထားသည်ကို တွေ့ရသည်။ ကားဘေးတွင်ရပ်နေသော ဦးအောင်စည်ကို တွေ့ရ၏။ မိန်းကလေးတစ်ဦးတည်းမို့ ဦးအောင်စည် ကားဘေးတွင် ရပ်နေပုံရသည်။

ရေဝတီ သွားတွေ့လိုက်၏။

"ရေဝတီ ခေါင်းရင်းအိမ်သွားနေတာပါ အန်ကယ်(လ်) ဖုန်းလာတယ်ဆိုလို့ပါ။ ကိုနေရဲဆီကဖုန်းပါ အန်ကယ်(လ်)"

"ဟုတ်လား။ ကိုနေရဲက ဘာပဲလုပ်လုပ်တိကျတယ်၊ စေ့စပ်မှုရှိတယ်၊ မှုခင်းတပ်ဖွဲ့ဝင်ပီသပါတယ်။ ရေဝတီကို ပြောချင်တာ ကိုယ်တိုင်ကိုယ်ကျပြောချင်လို့ ဖုန်းဆက်တာဖြစ်မှာပေါ့။ ဒါဆို မနက်ဖြန် ခရီးထွက်ရမယ့်ကိစ္စ ရေဝတီသိပြီးရောပေါ့။ မနက်ဖြန်ကို နံနက်(၁၀)နာရီအရောက် ကားနဲ့လာခေါ်ပြီးပို့ပေးလိမ့်မယ်။ ရော့ ... ဒါက ရေဝတီဝယ်ချင်တာဝယ်နိုင်အောင် ကိုနေရဲ ပေးလိုက်တာ။ ငွေငါးသောင်းတိတိပဲ"

"ဟာ ... နေပါစေ အန်ကယ်(လ်)"

"ရော့ ... ယူပါ ရေဝတီ။ ဒါ ကိုနေရဲ စိုက်ထုတ်ပေးတာလည်းမဟုတ်ပါဘူး။ တာဝန်လုပ်ငန်းအတွက် ကိုနေရဲတို့ရုံးက ရေဝတီကို ကြိုတင်ငွေထုတ်ပေးတာပါ။ သုံးငွေအားလုံးကို စာရင်းတင်ပြရမှာပါ။ ရေဝတီအတွက် စာအိတ်ထဲမှာ လေယာဉ်လက်မှတ်ပါပါတယ်။ အန်ကယ်(လ်) ပြန်တော့မယ်"



ရေဝတီက ငွေနဲ့စာအိတ်ကို ယူထားလိုက်သည်။ ဦးအောင်စည် ကားနှင့်ပြန်ထွက်သွား၏။

အခန်းသို့ပြန်ရောက်သည်နှင့် ရေဝတီက လိုအပ်သာပစ္စည်းများကို စဉ်းစားသည်။ စက္ကူတစ်ရွက်ပေါ်တွင် သွားတိုက်ဆေးကအစ အလှကုန်ပစ္စည်းအဆုံး ပါဝင်သောစာရင်းရေးထိုက်သည်။ နာရီကိုကြည့်ကာ အချိန်နည်းနေပြီမို့ အဝတ်အစား လဲတော့ဘဲ ဈေးချိုဘက်သို့ ထွက်ခဲ့ပါ၏။

ဈေးချိုရောက်တော့ မွန်မွန့်ထံဖုန်းဆက်ရန် ရေဝတီ သတိရသည်။ လမ်းထောင့်နေရာရှိ ဖုန်းရုံသို့ဝင်သည်။ သူမ မွန်မွန့်ထံသို့ ဖုန်းလှမ်းဆက်၏။

"မမမွန် မရှိပါဘူးရှင်၊ အမရပူရက မမမွန်ရဲ့ယောက္ခမကြီး နေမကောင်းဘူးဆိုလို့ ချက်ချင်းလိုက်သွားကြပါတယ်။ မနက်ဖြန်ညနေလောက်မှ ပြန်ရောက်ကြမှာပါ"

မွန်မွန်တို့အိမ်မှ အိမ်ဖော်မလေးက အကြောင်းပြန်ပြောသည်။ ရေဝတီက မိမိသွားရောက်နေထိုင်မည့် အင်လျားမြိုင်လမ်း ခြံအမှတ်(--) ရန်ကုန်ရှိ ကိုနေရဲ အိမ်လိပ်စာပေးလိုက်သည်။ မွန်မွန်လာလျှင် ဖုန်းပြန်ဆက်ရန်မှာထားလိုက်၏။ ထို့အပြင် မွန်မွန်ပေးလိုက်သော ပစ္စည်းများကို သဘောကျကြောင်းပြောပေးပါမှာခဲ့သည်။

ဖုန်းရုံထဲမှ ရေဝတီ ပြန်၍ထွက်ခဲ့သည်။ ပလက်ဖောင်းပေါ်ရောက်သည်နှင့် စူးစူးရဲရဲစိုက်ကြည့်နေသော အမျိုးသမီးကြီးကို ရေဝတီ သတိထားလိုက်မိသည်။ အမျိုးသမီးလှလှလေးများကို လမ်းသွားလမ်းလာများက ဂရုတစိုက်ကြည့်တတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



၏။ တစ်လမ်းလုံး ရေဝတီ၏ အဆင်အပြင်ကြောင့် စိုက်ကြည့်ကြသူတွေမနည်းပါ။

သို့သော် ...

အမျိုးသမီးဝဝကြီး စိုက်ကြည့်သည်က ချောသောနသော ယဉ်သော ရေဝတီ၏မျက်နှာကိုမဟုတ်။ တင်းတင်းရင်းရင်း အချိုးကျလှပလွန်းသည့် တင်၊ ရင်၊ ခါး စသည်တို့ကိုကြည့်ခြင်းလည်းမဟုတ်။

သူကြည့်သည်က ရေဝတီ၏လည်တိုင်မှ ရင်ညွန့်ပေါ်ကျရောက်နေသည့် ကျောက်စိမ်းလော့ကက်ကလေးပဲဖြစ်ပါ၏။

အမျိုးသမီးဝဝကြီးကို ရေဝတီ မြင်ဖူးသည်ဟုကြည့်လိုက်သည်။ စဉ်းစား၍ရပြီ။ ရတနာဆိုင်တွင်ဆုံခဲ့ဖူးသည့် ဖက်တီးမဝဝကြီးပဲဖြစ်နေသည်။

ရေဝတီ ဖက်တီးမကြီးကို မကြည့်ဖြစ်တော့ဘဲ စာရင်းအတိုင်း လိုအပ်သည့်ပစ္စည်းများကို လိုက်လံဝယ်ခြမ်းလိုက်သည်။ ရေဝတီ လိုက်လံဝယ်ခြမ်းပြီးချိန်မှာ ညနေစောင်းနေခဲ့ပြီ။

ရေဝတီ့လက်ထဲတွင် တိုလီမိုလီ အထုပ်အပိုးတွေနှင့် မနိုင့်တနိုင် ဖြစ်နေခဲ့သည်မို့ မြင်းလှည်းနှင့်ပြန်ရန် ဆုံးဖြတ်လိုက်၏။

ရေဝတီ မြင်းလှည်းဆိပ်ရှိရာသို့ လျှောက်ခဲ့သည်။

"အွန့်"

"ဟာ ... ဟ ... တိုက်ပြီဟ"

ရေဝတီ အငေးလွန်သွားခဲ့၏။ အထုပ်အပိုးတွေကြောင့် ဂရုစိုက်နေရတာကြောင့်လည်းဖြစ်သည်။



"တောင်းပန်ပါတယ်ရှင်၊ ရေဝတီ ငေးလာလို့ တိုက်မိတာပါနော်"

"ဟော ... မင်းခန္ဓာကိုယ်လေးနဲ့ တိုက်မိတာ ဘာမှ မဖြစ်ပါဘူးကွာ၊ မင်းကော ဘယ်နာသွားသေးလဲ၊ ငါ့ဘော်ဒီဝိတ်က ကျွဲပေါက်တစ်ကောင်လောက်ရှိနေတာပဲလေ"

အမျိုးသားကြီးက အသက် (၄၅)နှစ်ခန့်။ အရပ်မြင့်သည်။ ခန္ဓာကိုယ်က ထွားကြိုင်းကြီးမားသူဖြစ်ပါ၏။ ပွင့်လင်းဖော်ရွေပုံရသည်။ ဝတ်စားထားပုံက လူကြီးဆန်ပြီး နှစ်လိုဖွယ်ကောင်းသော ကိုလူထွားကြီးပဲဖြစ်သည်။ သူက စကားဆက်သည်။

"ငါလည်း ငေးလာတာပါပဲ။ ထိုးမုန့်ကောင်းကောင်းနဲ့ လမုန့်ကောင်းကောင်းရမလားလို့ လိုက်ရှာနေတာ။ ငါမို့ မန္တလေးကပြန်သွားရင် လမုန့်နဲ့ထိုးမုန့်ပါရဲ့လားလို့ အမျိုးသမီးကမေးတတ်လွန်းလို့။ သူစားတာတော့လည်းမဟုတ်ဘူး။ မိတ်ဆွေတွေကို ပေးတာ။ လက်ဆောင်ပေးရင်း ယောကျ်ား မန္တလေးကအပြန်ပါလာတာလို့ ကြွားချင်တာသက်သက်ပါကွာ"

လူထွားကြီး၏ပွင့်လင်းလွန်းသော အပြောကြောင့် ရေဝတီ သဘောကျစွာပြုံးမိ၏။ လွင့်ကျသွားသော အထုပ်များကို ရေဝတီ လိုက်ကောက်သလို လူထွားကြီးကလည်း လိုက်လံကောက်ပေးရင်း ရယ်ကာပြောနေခြင်းဖြစ်ပါ၏။

"ဈေးချိုမှာတော့ ဒီအချိန် ထိုးမုန့်၊ လမုန့်တွေ သိမ်းကုန်ပြီ ဦးလေး"

www.burmeseclassic.com

www.burmeseclassic.com



"ဟား … အဲဒါမှ ခွကျပြီဟ၊ ငါကလည်း မနက်ဖြန်ကို ပြန်ရတော့မှာ။ သူမှာတဲ့မုန့် ပါမသွားရင် ငါနဲ့ မိန်းမနဲ့ တွေ့တော့မှာပဲ"

"မျက်ပါးရပ်ကို သွားလိုက်ပါလား ဦးလေး။ အဲဒီမှာတော့ အဲဒီမုန့်မျိုးတွေကို အိမ်ဆိုင်ဖွင့်ပြီးရောင်းနေကြတာ"

"အေး … အေး … ဒါဖြင့်လည်း အဲဒီမျက်ပါးရပ်ကိုပဲ လစ်ဦးမှ၊ မင်းအထုပ်အပိုးတွေ စေ့ပါတယ်နော်"

"ဟုတ်"

ကိုလူထွားကြီးနှင့် ရေဝတီ လမ်းခွဲလိုက်ကြသည်။ ရေဝတီက မြင်းလှည်းတစ်စီးရှိရာသို့ ဖြတ်လမ်းတစ်ခုမှ လျှောက်လိုက်သည်။ ညနေဆည်းဆာက မှိန်ဖျော့သွား၏။ အမှောင်က တိုးဝင်လာခဲ့ပါလေ၏။

ဖြတ်လမ်းမှာ အဆောက်အအုံပျက်များရှိသောလမ်း ဖြစ်၏။ လူသွားလူလာကျဲပါးသောလမ်းဖြစ်၏။ မြင်းလှည်း ဆိပ်နှင့်နီးသောလမ်းမို့ ရွေးချယ်လျှောက်ခဲ့ခြင်းပင်။ မှောင်လာလျှင် သွားလာရန် သိပ်ကောင်းသောလမ်းတော့ မဟုတ်။

ရေဝတီ လျှောက်သာလာရသည်။ စိတ်ထဲ စနိုးစနောင့်ဖြစ်နေမိသည်။ ထင်သည့်အတိုင်းပင် ကြုံတွေ့ရပါလေ၏။

လူတစ်ယောက်၏လက်တစ်ဖက်က ရေဝတီ၏ နောက်ကျောကို သိုင်းဖက်ကာ ရေဝတီ၏ပါးစပ်ကို ပိတ်လိုက်ခြင်းပင်။ တစ်ချိန်ထဲမှာပင် ထိုသူက ကျန်သောလက်တစ်ဖက်နှင့် ကျောက်စိမ်းလော့ကက်ဆွဲကြိုးကို လည်ကုပ်မှဆွဲကာ ဖြတ်တော့သည်။



ရေဝတီ ကြောက်အားလန့်အားနှင့် ရုန်းသည်။ ရေဝတီ၏ပင်ကိုကျန်းမာရေးနှင့် ကြံ့ခိုင်မှုသည် ဒီနေရာမှာ အသုံးတည့်သွားပြီ။ အလစ်သမားသည် သေသေသပ်သပ်မရှိလှ။ ပါးစပ်ပေါက်ကို မိအောင်မပိတ်နိုင်။ ရေဝတီ ရသည့်အခွင့်အရေးကို အရအမိ ဆုပ်ကိုင်လိုက်သည်။

"ဟောဒီမှာ … အ … အလစ်သမား၊ လု … လုနေပါတယ်၊ ကယ်ကြပါဦး၊ ကယ်ကြပါ"

အခြေအနေမဟန်မှန်း အလစ်သမားသိ၍ နောက်ကျောကို တွန်းပြီး ထွက်ပြေးခဲ့ပါ၏။

ရေဝတီ လဲကျသွားသည်။ ချက်ချင်းပြန်မထနိုင်။ လက်ထဲမှအထုပ်အပိုးလေးတွေ လွင့်စဉ်ကျသွားခဲ့တော့၏။

ကျောက်စိမ်းလော့ကက်သီးကလေးကို ရေဝတီ လဲကျရင်း စမ်းလိုက်မိသည်။ အလစ်သမား ရယူမသွားနိုင်ခဲ့။

သူမရှိရာသို့ ပြေးလွှားလာနေသံများကို ကြားလိုက်ရသည်။ ရဲတပ်ဖွဲ့ဝင်တစ်ဦး ရောက်လာခဲ့သည်။

ရဲတပ်ဖွဲ့ဝင်မှ …

"ဘာဖြစ်တာလဲ မိန်းကလေး"

မေးရင်း ရဲတပ်ဖွဲ့ဝင်က ရေဝတီ၏အထုပ်များကို ကူညီကောက်ပေးခဲ့သည်။ ပြီးတော့ ရေဝတီကို ထူမပေးသည်။ ထိုစဉ်မှာပင် အမျိုးသမီးတစ်ဦးက ဝင်၍ အဖြေပေးခဲ့သည်။

"အလစ်သမားလေ … ဟောဒီညီမကို လုတာ။ ကျွန်မ ယောက်ျား ဝင်ကူလို့ပေါ့။ ဟောဟိုမှာ ကျွန်မယောက်ျား လာနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ချေးတွေရွှဲနစ်ပြီး မောနေပုံရသောလူရွယ်တစ်ယောက် ရောက်လာခဲ့သည်။

"အလစ်သမားကို မမိလိုက်ဘူးဗျ။ ကျွန်တော့်ကိုယ်ကျွန်တော် အပြေးသန်လှပြီအောက်မေ့တာ၊ ဒီအလစ်သမားက အတော့်ကိုအပြေးသန်တာ"

ရဲတပ်ဖွဲ့ဝင်က အခြေအနေကို သိလိုက်သည်။ ရေဝတီကိုမေး၏။

"ဘာပစ္စည်းတွေပါသွားသေးလဲ"

"ဟင့်အင်း ... ဘာမှ ပါမသွားပါဘူး"

"အလစ်သမားကို မြင်လိုက်သလား။ တွေ့ရင်မှတ်မိနိုင်ပါ့မလား"

"သူက နောက်ကျောဘက်က ဝင်လုတာဆိုတော့ သူ့ကို မမြင်ရဘူး၊ ပါးစပ်ကိုပိတ်ပြီး ဆွဲကြိုးကိုဖြုတ်တာပါ။ ဆွဲကြိုးကို မရသွားပါဘူး"

"ဒါဆိုရင် လုတဲ့သူရဲ့ပုံသဏ္ဌာန်ကို ဘယ်လိုသိနိုင်ပါ့မလဲ"

"ဟုတ်တယ်၊ တစ်ခုပဲပြောနိုင်တယ်။ လုတဲ့သူက အတော်သန်မာတယ်၊ သူ့ဘယ်ဘက်လက်ချောင်းမှာ လက်စွပ်ဝတ်ထားတယ်၊ သူက ပါးစပ်ပိတ်၊ ရေဝတီကရုန်းဆိုတော့ သူ့လက်စွပ်က ရေဝတီ့နှုတ်ခမ်းကိုတောင် ခြစ်မိသွားတယ်"

"ရဲစခန်းမှာ အမှုလိုက်ဖွင့်ပါလား မိန်းကလေး"

"ဘာပစ္စည်းမှပါမသွားတော့ အမှုမဖွင့်ချင်တော့ပါဘူး။ နောက်ပြီး နက်ဖြန်ဆိုရင် ရေဝတီ မန္တလေးမှာမရှိတော့ဘူး။ အမှုချိန်းတွေ ဘာတွေ ရေဝတီ လာနိုင်မှာမဟုတ်လို့ပါ"



"ဒါဆိုရင်လည်း မိန်းကလေးကို ကျုပ် ဘာကူညီရမလဲ"

"မြင်းလှည်းဂိတ်ကိုပဲ ပို့ပေးပါ"

ရဲတပ်ဖွဲ့ဝင်တစ်ဦးအကူအညီနှင့် မြင်းလှည်းငှားပြီး အိမ်သို့ပြန်လာခဲ့သည်။ ခြစ်မိသွားသောနှုတ်ခမ်းကို ဆေးထည့်သည်။ ခရီးထွက်ရန်အတွက် ပစ္စည်းများကို ခရီးဆောင်သေတ္တာထဲသို့ ထည့်သည်။

အားလုံးပြီးစီးသွားတော့ ဒေါ်သစ်သစ်ကို ထွက်၍ ပြတင်းတံခါးမှ မျှော်မိ၏။

"အယ် ... ကြည့်စမ်း ဖက်တီးမကြီးပါလား"

လမ်းအလင်းတိုင်မီးအောက်တွင် မာတ်တိုင်ကိုမှီကာ ရေဝတီ၏အိမ်လေးဆီသို့ ငေးစိုက်ကြည့်နေသည်ကို တွေ့လိုက်ရပါ၏။

တိုက်ဆိုင်မှုမဟုတ်နိုင်တော့ပြီ။ တစ်ကြိမ် နှစ်ကြိမ် တိုက်ဆိုင်သည်ဆိုဦးတော့ ယခုအကြိမ်သည် တိုက်ဆိုင်မှု လုံးဝမဟုတ်တော့။ ရေဝတီ အလိုလိုတုန်လှုပ်လာမိပြီ။ ပြတင်းပေါက်တွေကို လိုက်ပိတ်၏။ အိမ်ရှေ့တံခါးကိုပိတ်ကာ မင်းတုပ်ထိုးထားလိုက်သည်။ ဒေါ်သစ်သစ်လာမှပဲ တံခါးဖွင့်ရန်ဆုံးဖြတ်လိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

မန္တလေးလေးအိပ် စာအုပ်ဆိုင်မှ သတင်းစာတစ်စောင်ကို အသက်(၃၀)မပြည့်တတ်သေးသော လူရွယ်တစ်ယောက် ဝယ်ယူလိုက်သည်။ ပြီးတော့ သတင်းစာကို စာအုပ်ဆိုင်အနီးမှာပဲ ထိုင်၍ဖတ်နေခဲ့၏။ သူဖတ်ရင်း တစ်ခါတစ်ရံ ဝေ့ဝဲကြည့်တတ်သေး၏။ ဒါပေမဲ့ စူးစူးစိုက်စိုက်ကြည့်ခြင်းမျိုးတော့ မဟုတ်ပါလေ။

သည်တော့ တစ်စုံတစ်ဦးကို စောင့်မျှော်နေခြင်းဖြစ်ပေမယ့် သာမန်ချိန်းဆိုးထားသူတစ်ဦးကိုသာ စောင့်နေသည့်အသွင်ပဲဖြစ်သည်။

စောင့်နေသူလူရွယ်က အသားညိုညို၊ ကိုယ်လုံးကိုယ်ထည်ကြည့်ကောင်းပြီး အရပ်မြင့်မားသူတစ်ယောက်ဖြစ်သည်။

ထိုစဉ်မှာပင် လူရွယ်ရှိရာသို့ မိန်းမပျိုကလေးတစ်ဦး တစ်လှမ်းချင်းလျှောက်လာခဲ့သည်။ သူမ သွားလေရာသို့ မျက်ဝန်းပေါင်းများစွာက ထက်ကြပ်မကွာကြည့်နေခဲ့ကြသည်။

ကြည့်လည်းကြည့်လောက်အောင် မိန်းကလေးကလှသည်။ အသက်က (၂၀)ဝန်းကျင်မျှသာ။ ဖြူဝင်းသောအသား



ရောင်နှင့် ခြယ်သထားသည်က အဆင်ပြေလွန်းလှပါ၏။ ဆံပင်ပုံစံကပင် လှပလွန်းသော ဆံပင်ပုံစံပဲဖြစ်သည်။

သူမဝတ်ဆင်ထားသည်က အစိမ်းနုရောင်ဝမ်းဆက်ပဲဖြစ်သည်။ ဝတ်ထားသော အစိမ်းနုရောင်ဝမ်းဆက်နှင့်လိုက်ဖက်ညီအောင်ပင် သူမ ရင်ညွန့်ပေါ်တွင် ကျောက်စိမ်းလော့ကက်သီးလေးက နေရာယူထားခဲ့သည်။

ခရီးသွားများရော ခရီးသည်ပို့သူတွေပါ မိန်းမပျိုကလေးကို လှလွန်းနိုင်သည့် အရုပ်ကလေးတစ်ရုပ်ကို အထပ်ထပ်ကြည့်မဝနိုင်စွာ ကြည့်သောအကြည့်မျိုးဖြင့် ကြည့်နေခဲ့ကြပါ၏။

"ကိုနေရဲ ရောက်နေတာကြာပြီလားဟင်"

သတင်းစာဖတ်နေသည့် လူရွယ်က မိန်းမပျိုကို မော်ကြည့်လိုက်သည်။ မိန်းမပျိုက လှရက်နိုင်လွန်းပါလေ၏။ ဝတ်ထားသော အစိမ်းနုရောင်ဝမ်းဆက်နှင့် ကျောက်စိမ်းလော့ကက်ဆွဲကြိုးကလေးပါ ဆွဲထားခဲ့၍ တရုတ်လူမျိုးတို့၏ ဒဏ္ဍာရီပုံပြင်ထဲမှ ကျောက်စိမ်းရတနာကို စောင့်ရှောက်သော ကျောက်စိမ်းနတ်သမီးလေး သူ့အပါးမှာ ကိုယ်ထင်ပြလေသလားဟု နေရဲ ထင်မှတ်မှားသွားလိုက်မိပါလေ၏။

သည်မိန်းမချောကလေးသည် သူနှင့် အဘယ်အရပ်မှာ ဆုံစည်းခဲ့ဖူးပါသနည်း။ သူ ငေးရင်း အပြေးအလွှားစဉ်းစားကြည့်ပါ၏။ အဖြေကပေါ်မလာခဲ့။ ထိုစဉ်မှာပင် လှပလွန်းသည့် နှုတ်ခမ်းမယ်လေးမျက်နှာပေါ်မှ အပြုံးတစ်ခုမွှေးဖွားလိုက်ပါ၏။

"ဟေး ... ဘာဖြစ်လို့ ဒီလောက်တောင်ငေးနေရတာလဲ၊ တခြားလူတွေမမှတ်မိဘူးပဲထားလိုက်ပါဦးတော့။ ကိုနေရဲ

www.burmeseclassic.com

www.burmeseclassic.com



ကတော့ မှတ်မိဖို့ကောင်းပါတယ်။ ဘာလို့လဲဆိုတော့ ရေဝတီဟာ ကိုနေရဲနဲ့ လက်ထပ်တော့မယ် ကိုနေရဲရဲ့ချစ်အဲလေ-ချစ်သူဆိုပါတော့။ နောက်ဆုံး လူကိုမမှတ်မိနဲ့ဦး ရေဝတီရဲ့အသံကိုတော့ မှတ်မိသင့်ပါတယ်"

"ဟာ ... မရေဝတီ"

"ဟုတ်ပါတယ် ကိုနေရဲ၊ ရေဝတီမှ ရေဝတီအစစ်ပါ"

"ဗုဒ္ဓေါ မြတ်စွာ ... ကယ်တော်မူပါ"

သူ့နဖူးသူရိုက်၍ နေရဲ ဘုရားတ,လိုက်မိသည်။ ကျောက်စိမ်းနတ်မိမယ်လေးသည် တကယ်တော့ သူ့မျက်ဝန်းထဲတွင် မနေ့တစ်နေ့ကအထိ အဘွားကြီးအိုပေါက်စလေးအသွင် သဏ္ဌာန်ရှိနေသည့် ရေဝတီဖြစ်နေပါလေ၏။ လောကကြီး ပြောင်းပြန်လှန်ထားပြီလားမသိ။

သူ့ အိပ်မက်တစ်ခု မက်နေခြင်းတော့ မဟုတ်တန်ရာ။

"မှတ်မိပြီလား ကိုနေရဲ"

"မှတ်မိပါပြီ မရေဝတီ၊ ကျုပ်က အရင်တုန်းကလိုပဲထင်ထားတာ၊ အခုတော့ မရေဝတီပုံက မိုက်နေတာကိုး"

"အခုပုံက မိုက်နေတာဆိုတော့ အရင်တုန်းက လိမ္မာနေတာပေါ့နော်။ ဒီလိုလား ကိုနေရဲ"

နေရဲက ရယ်၍ ပြောလိုက်သည်။ နေရဲ ရယ်လေတိုင်း ရေဝတီသည် နေရဲမျက်နှာကို ကိုယ့်ဟာကိုယ် ငေးကြည့်မိနေမှန်း အမှတ်မထားဘဲကြည့်နေမိတတ်သည်။

"ကျုပ် မရေဝတီကို စောင့်နေတာ"



"ဟွန်း ... စောင့်နေတယ်သာပြောတာ၊ ရေဝတီ ရောက်လာတာ ကိုနေရဲ သိတောင်မသိပါဘူး။ ရေဝတီရဲ့သေတ္တာတွေတောင် ရုံးခန်းမှာပေါင်ချိန်ပြီး အပ်ပြီးပြီ"

"ဆောရီးပဲ မရေဝတီ။ ကျုပ် တာဝန်ပေါ့လျော့မှုအတွက် ကျုပ် လျော်ကြေးပေးပါ့မယ်။ စားသောက်ဆိုင်ကိုသွားကြစို့။ တစ်ခုခုစားသောက်ကြတဲ့အတွက် ကျုပ်က တကာခံတဲ့နည်းနဲ့ ပေးတဲ့လျော်ကြေးလေ"

လေဆိပ်စားသောက်ခန်းတစ်ခုသို့ လျှောက်ခဲ့ကြသည်။ စားသောက်ဆိုင်စားပွဲတွင် မျက်နှာချင်းဆိုင်ထိုင်လိုက်ကြသည်။

"ကဲ ပြော ... မရေဝတီ ဘာစားမလဲ။ ဘာသောက်မလဲ"

"ကော်ဖီတစ်ခွက်ပဲ သောက်မယ်။ လေဆိပ်လာကာနီးခါသစ်သစ် ထမင်းကြော်တွေကျွေးလိုက်လို့"

နေရဲက ကော်ဖီနှစ်ခွက်မှာသည်။

"ကျုပ် မရေဝတီကို ဝတီလို့ခေါ်မယ်။ ဟိုကျော်မိုးနောင်ခေါ်သလိုပေါ့"

ရေဝတီ မျက်နှာပင့်ပြီးကြည့်မိသည်။ ကျော်မိုးနောင်အခေါ်အပြောကို သူ ဤမျှအလေးအနက်ထားလိမ့်မည် မထင်ခဲ့။ ရွှေလေးတောင်ခြေတုန်းက ကျော်မိုးနောင်နှင့်ဆုံစဉ်က ကျော်မိုးနောင် ခေါ်ဝေါ်ခဲ့သည့်ကို သူ အမှတ်ထားခဲ့ပုံရပါ၏။

"ကျုပ်ကိုလည်း ကိုကိုရဲလို့ခေါ်ပေါ့။ တောင်ခြေစားသောက်ဆိုင်တုန်းက ကျုပ်ကို ကိုကိုရဲလို့ခေါ်ခဲ့ဖူးသားပဲ။ အဲဒီလိုခေါ်တာပဲကောင်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတုန်းက ကိုကိုရဲလို့ ခေါ်ခဲ့တာက တာဝန်အရဆောင်ရွက်တာပဲ။ လူတွေရှေ့မှာ အဲဒီလိုခေါ်မှ သဘာဝကျမှာပေါ့ ကိုနေရဲ"

"ကျုပ်ကလည်း ဒီလိုပဲပြောတာပါ။ လူတွေရှေ့ကျရင် ကျုပ်က ဝတီလို့ခေါ်မယ်။ မရေဝတီက ကျုပ်ကို ကိုကိုရဲလို့ခေါ်ပေါ့"

"ရပါတယ် ကိုနေရဲ။ အဲဒါတွေဟာ ရေဝတီနဲ့ ကိုနေရဲ တာဝန်ထမ်းဆောင်နေခြင်းလို့ပဲ မှတ်သားထားရမှာပေါ့"

မှာထားသည့် ကော်ဖီများရောက်လာသည်။ သောက်ရန်ပြင်ဆင်မှာပင် နှုတ်ဆက်သံကို ကျယ်လောင်စွာကြားလိုက်ရ၏။

"ဟေး ... ရဲရဲပါလား။ ကြည့်စမ်း ... ရန်ကုန်သားတွေ မန္တလေးမှာလာပြီး ကောင်းစားနေကြတာကိုး"

နေရဲ လှမ်းကြည့်လိုက်သည်။ ရေဝတီလည်း လိုက်ကြည့်မိ၏။ အော်သူနှင့် အမှတ်မထင်ဆုံစည်းခဲ့ဖူးသည့် ကိုလူထွားပဲဖြစ်နေပါလေ၏။

"ဟော ... ဦးမိုးမြင့်ပါလား။ ဦးမိုးမြင့်လဲ မန္တလေးရောက်နေတာကိုး။ ဘုရားဖူးလာတာလား ဦးမိုးမြင့်"

"အာ ... အာ ... မဟုတ်ပါဘူးကွာ။ ငါက သနပ်ဖက်အတွက် တောင်ကြီးလည်းတက်ရ မန္တလေးလည်း စတဲချရတယ်။ လက်ဖက်ခြောက်အတွက် ကျောက်မဲဘက်တက်လည်း မန္တလေးမှာ စတဲချရတယ်လေ။ ရန်ကုန်က ငါ့ရဲ့ ပွဲရုံလုပ်ငန်းကိုလည်း မင်း အသိသားနဲ့။ သနပ်ဖက်နဲ့



လက်ဖက်ခြောက်ပွဲရုံဖြစ်နေတော့ ရန်ကုန်နဲ့ မန္တလေးက ငါ့အဖို့ အိမ်ဦးနဲ့ကြမ်းပြင်ပဲပေါ့"

ဦးမိုးမြင့် လူထွားကြီးက ကိုနေရဲရှိရာသို့ လျှောက်လာပြီးပြောသည်။ ရေဝတီကို မြင်လိုက်သည်နှင့် ဦးမိုးမြင့်က မှတ်မိပုံရသည်။

"ဝတီ့ကို မိတ်ဆက်ပေးရဦးမယ်၊ ဟော့ဒီ ဦးမိုးမြင့်က ရန်ကုန်မှာတော့ လူချမ်းသာစာရင်းဝင်တစ်ဦးပဲ။ သနပ်ဖက်ဆေးလိပ်ရုံတွေ မှီလိုပေါက်လေ ဦးမိုးမြင့်က ချမ်းသာလေပဲ။ လူတွေ လက်ဖက်ဆိုင်ထိုင်လေ ဦးမိုးမြင့် ချမ်းသာလေဆိုတာလိုဖြစ်နေပြီ၊ ရန်ကုန်မှာရှိတဲ့ သနပ်ဖက်ပွဲရုံ လက်ဖက်ပွဲရုံက ဟိန်းနေတာပဲ။ အန်တီမိုင်ဝင်းရဲ့ ဆုံးသွားတဲ့ယောကျ်ားနဲ့ ဦးမိုးမြင့်က မိတ်ဆွေတွေလေ။ ကိုကိုရဲနဲ့ လူခင်တွေဆိုပါတော့"

တစ်ဆက်တည်းမှာပဲ ဦးမိုးမြင့်နှင့် ရေဝတီကိုမိတ်ဆက်ပေးခဲ့ပြန်ပါ၏။

"ဦးမိုးမြင့်ရေ ဒါက မရေဝတီပေါ့။ ကျွန်တော်နဲ့ လက်ထပ်တော့မယ့် ဇနီးလောင်းပေါ့"

ဦးမိုးမြင့်က ပြုံးပြုံးကြီးကြည့်ပါလေတော့သည်။

"ဒုတိယအကြိမ် တွေ့ဆုံခြင်းပေါ့ မရေဝတီ။ ဒီတစ်ခါထပ်တွေ့ရမှ နာမည်လည်းသိရတယ်။ ကိုနေရဲရဲ့ဇနီးလောင်းမှန်းလည်း သိရတော့တယ်"

နေရဲ အံ့သြစွာဖြင့် ဦးမိုးမြင့်ကိုတစ်လှည့် ရေဝတီကိုတစ်လှည့် ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးမိုးမြင့်က ရေဝတီနဲ့ သိနေကြတယ်"

"ဒီလို ရဲရဲရေ။ မနေ့ညနေက ဈေးချိုမှာ မိန်းကလေးလှလှလေးနဲ့ ဝင်တိုက်မိတယ်။ အဲဒီဝင်တိုက်မိတဲ့ မိန်းကလေးလှလှလေးဟာ အခု ရဲရဲရဲ့ဇနီးလောင်း ရေဝတီဖြစ်နေမှန်း ငါ သိရတာပဲ"

"ဟုတ်ပါ့မလား ဦးမိုးမြင့်၊ မနေ့က ဝင်တိုက်မိတာ ဝတီ မဟုတ်ဘူးထင်တယ်။ ဦးမိုးမြင့်တိုက်မိတဲ့ မိန်းကလေးက နေကာမျက်မှန်အမည်း၊ ဘီးစပတ်နဲ့ ရင်းဖုံးအကျီပွပွကြီးနဲ့မဟုတ်ဘူးလား"

"ကြံကြံဖန်ဖန် ရဲရဲရာ၊ ဟောဒီ မရေဝတီမှ မရေဝတီပဲ။ အေး ... တစ်ခုပဲကွာတယ်။ မနေ့က ခရမ်းရောင်ဝတ်ထားတယ်။ ဒီနေ့ အစိမ်းနုရောင် ဒါပဲကွာတယ်။ လှတာကတော့ မနေ့ကလည်းလှတယ်၊ ဒီနေ့လည်းလှတာပဲဟေ့ ရဲရဲ"

"ဟုတ်တယ် ကိုကိုရဲ မနေ့ နံနက်ပိုင်းကတည်းက မျက်မှန်ရယ်၊ ဘီးရယ်က ရေဝတီ့အိပ်ခန်းထဲက အမှိုက်ခြင်းထဲမှာ စုတေစိတ်ကျသွားပြီလေ"

ဦးမိုးမြင့် နားမလည်နိုင်ပါလေတော့။ သူ မသိသော မျက်မှန် ဘီး ဆိုတာတွေကို နားမလည်နိုင်၍ပဲ ဖြစ်ပါ၏။

"မင်းတို့ စကားတွေက ငါ့အဖို့တော့ ပဟေဠိဖြစ်နေပြီကွာ။ ကဲ ... ကော်ဖီတွေအေးကုန်ပြီ သောက်ကြစို့။ ငါ့မှာလည်း အဖော်တွေပါသေးတယ်၊ ငါ့စားပွဲ ပြန်ပြေးဦးမှ"



ဦးမိုးမြင့်လာမှ ရေဝတီ၏ အဆင်အပြင်အားလုံးကို နေ့ကပင် ခဝါချပစ်လိုက်ကြောင်း နေရဲ သိလိုက်ရသည်။ လေယာဉ်ထွက်ခွာရန် အချိန်နီးပြီဖြစ်၍ လေယာဉ်ပေါ်သို့ တက်ခဲ့ကြသည်။

လေယာဉ်ပေါ်တက်သည့် လှေကားအတက်တွင် နေရဲက ရေဝတီအား ဦးစားပေးသည်။

"ဝတီ ရှေ့ကတက်။ လှေကားက ကျဉ်းပြီးမတ်တယ်။ ဝတီ စီးလာတာက ခွာမြင့်ဖိနပ်ဆိုတော့ မတော်တဆ ခြေချော်ကျနိုင်တယ်။ ကိုကိုရဲက နောက်ကဆိုတော့ မတော်တဆ ခြေချော်ရင် ထိန်းနိုင်အောင်လို့ပါ"

နောက်ချန်တက်ရင်း နေရဲက ပြောသည်။

"ဟုတ်ကဲ့။ ဒီနေရာမှာ ရေဝတီနဲ့ ကိုနေရဲပဲရှိတာမို့ အရင်ကအတိုင်း မရေဝတီရယ် ကျုပ်ရယ် ပြောလည်းဖြစ်ပါတယ်"

"သြော် ... ဗျာ ... အရေးထဲ ဈေးကိုင်နေပြန်ပါပြီ။ တက်မှာသာတက်စမ်းပါ"

စိတ်မရှည်သောလေသံဖြင့်ပြောသော နေရဲ၏အပြောကိုတော့ သူမ ကျိတ်ရယ်မိပါလေ၏။

လေယာဉ်ပေါ်တွင် ထိုင်ခုံချင်းယှဉ်ပြီး ထိုင်နေကြသည်။ ရေဝတီက ပြတင်းပေါက်ဘက်သို့ နေရာယူသည်။ သူတို့နေရာက လေယာဉ်ဦးပိုင်းမှာနေရာရသည်။ လေယာဉ်မထွက်မီ ရေဝတီသည် လေယာဉ်အတွင်းသို့ ဝေ့ဝဲကာလိုက်လံကြည့်၏။

"အယ် ... ကြည့်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



“ဘာဖြစ်သွားတာလဲ ဝတီ၊ အဲလေ … မရေဝတီ”

“အဲဒီနောက်က သုံးခုံခြားမှာ ကြည့်လိုက်စမ်း ကိုကိုရဲ့”

နေရဲ လှည့်ကြည့်လိုက်သည်။ ထင်မထားသူကို တွေ့လိုက်ရ၏။ ပါးနပ်သော ရေဝတီ၏ အခေါ်အပြောကို သူ သဘောကျ၍ ချီးကျူးမိရ၏။

“ကျော်မိုးနောင်ပါလား။ သူလည်း ဒီလေယာဉ်နဲ့ပါလာပါလား”

“ဟုတ်တယ်။ သူ ရေဝတီနောက်ကို သဲသဲမဲမဲလိုက်နေဦးမှာလားမသိဘူး”

“ဝေးဝေးကြီးမှာထားလိုက်စမ်းပါ ဝတီ။ ဝတီနဲ့ ကိုယ်က မကြာခင် လက်ထပ်ရတော့မှာပဲမဟုတ်လား”

နေရဲက ကျော်မိုးနောင်ကြားအောင် တမင်ပြောလိုက်သည်။ လေယာဉ်က ဝေဟင်သို့ ပျံသန်းစပြုပြီ။

“ဒီသတ္တဝါပါလာတာ ကိုကိုရဲ့အတွက် ကောင်းသောနိမိတ်တော့ မဟုတ်ဘူး ဝတီရေ”

ဖျတ်ခနဲ ကိုနေရဲကို ရေဝတီ ငဲ့စောင်းကြည့်မိ၏။ သူ ဆိုလိုသည်က ဘာကိုရည်ရွယ်သနည်း။ ပန်းရန့်စစ်ဆင်ရေးကိစ္စကိုပဲ ရည်ရွယ်သလား။ ဒါမှမဟုတ် ကျော်မိုးနောင်နှင့် ရေဝတီတို့ ပြန်၍ဆက်မိကြမည်ကိုပဲ စိုးရိမ်၍လား။ ဒါတော့ သူပဲသိနိုင်လိမ့်မည်။

လေယာဉ်မစီးဖူးသူများအတွက် အတက်တစ်ချက် အဆင်းတစ်ချက်သည် အသည်းအေးဖွယ်ရာဖြစ်သည်။ တုံးသည် ဟုပဲဆိုဆို လေယာဉ်ကို ရေဝတီ တစ်ခါမျှ မစီးဘူးခဲ့။



သည်တော့ လေယာဉ်အတက်တွင် အသည်းအေးခနဲ ဖြစ်မိသည်။ ကယောင်ကတမ်းဖြင့် နံဘေးမှာရှိနေသည့် ကိုနေရဲ၏ လူထစ်ထစ် လက်မောင်းအိုးကြီးကို အားကိုးအားထားပြုဆုပ်ကိုင်လိုက်မိ၏။ ချက်ချင်းပင် ကိုနေရဲ၏လက်က ရေဝတီ၏ လက်ဖဝါးလေးကို ဆုပ်ကိုင်၍ မကြောက်ရန် နှစ်သိမ့်သည့် အနေနှင့် အားပေးလာခဲ့ပါ၏။

“ဝတီ လေယာဉ်ကို ကြောက်သလား”

“တစ်ခါမှ မစီးဘူးတာ”

“တကယ်ပြောတာလား ဝတီ”

“တကယ်ပေါ့၊ လေယာဉ်ခတွေက သိပ်ဈေးကြီးတော့ ဝတီ သွားစရာရှိရင် မီးရထားနဲ့ပဲသွားတတ်တာ”

နေရဲ စိတ်မကောင်းဖြစ်ရသည်။ ရေဝတီကို သနားလိုက်မိ၏။

လေယာဉ်ဆိုတာ နောင်ပိုင်းမင့်ရသော လူတန်းစား ကြေးဆံ့ရှိသူတို့သာ စီးနိုင်ရသည့် ယာဉ်တစ်မျိုးလို ဖြစ်နေခဲ့သည်။

လေယာဉ်က ငြိမ်သက်သွားသည်။ အုပ်ကိုင်ထားသော သူ၏လက်ကို နေရဲ ပြန်၍ရုတ်လိုက်သည်။

“ဝတီ ဒီအချိန်မှာ ကိုကိုရဲ့တို့ စကားကိုဆင်ခြင်ဖို့လိုလာပြီ။ ဘာဖြစ်လို့လဲဆိုတော့ လေယာဉ်ပေါ်မှာ ကျော်မိုးနောင် ရှိနေတယ်၊ သူက ကိုယ်တို့နှစ်ယောက်ကို မြင်သည်ဖြစ်စေ မမြင်သည်ဖြစ်စေ ခပ်တိုးတိုးပဲ ပြောကြရအောင်”

“ဟုတ် ဝတီ သဘောပေါက်ပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ လေယာဉ်ပေါ်ကလူတွေအားလုံး ပတ်သက်သည်ဖြစ်စေ မပတ်သက်သည်ဖြစ်စေ ကိုကိုရဲတို့ပြောတာ မကြားနိုင်ရင် အကောင်းဆုံးပဲပေါ့"

ရေဝတီ ကိုနေရဲကို ငဲ့စောင်းကြည့်မိသည်။ လူ့ရှေ့တွင် ကိုကိုရဲ ဝတီဟု အပြောင်းအလဲတွေဖြင့် ခေါ်ဝေါ်သုံးဆွဲရန် ညှိနှိုင်းခဲ့ကြသော်လည်း လူကွယ်ရာတွင်လည်း ကိုကိုရဲ ဝတီဟူ၍ပဲ သုံးနှုန်းခေါ်ဝေါ်နေပြန်ပါ၏။ အင်း ... ကိုနေရဲနဲ့တော့ ခက်လာပြီဟူ၍သာ ရေဝတီ ဆိုချင်ပါတော့၏။

"ရှေ့လျှောက် ဘာတွေဖြစ်ကြဦးမလဲ မသိဘူး၊ ဒီလုပ်ငန်းထဲဝင်လာကတည်းက အသည်းအေးရတာတွေ၊ ရင်ခုန်ရတာတွေ၊ တုန်လှုပ်ရတာတွေ တစ်ခုပြီးတစ်ခု တွေ့ရတော့တာပဲ"

"ဟုတ်လား ဘယ်လို အသည်းအေးတာတွေ၊ ရင်ခုန်ရတာတွေ၊ တုန်လှုပ်နေရတာတွေ တွေ့ရလို့လဲ ဝတီ"

ရေဝတီက ဆွဲကြိုးအလုခံရသည်မှစ၍ ဖက်တီးဝဝကြီးနှင့် ကြုံရပုံ၊ ထိုဖက်တီးမကြီးမှ မိမိအိမ်ရှေ့တွင် လာရောက်စောင့်ကြည့်နေပုံအထိ ပြောပြလိုက်သည်။

"အဲဒါတွေဟာ ပန်းရနံ့နဲ့ ပတ်သက်နေတယ်လို့ ဝတီ ထင်သလား"

"ကိုကိုရဲကရော ဘယ်လိုထင်သလဲ"

"ကိုယ်တော့ မပတ်သက်ဘူးလို့ထင်မိတယ်။ ဈေးချိုရတနာဆိုင်မှာ ဖက်တီးမကြီးနဲ့ ဝတီ ဆုံမိချိန်က ကိုယ်တို့ ဒီလိုတွဲသွားတွဲလာ ရှိကြသေးတာမှမဟုတ်တာ။ ရန်သူက



ပန်းရနံ့ဆိုတဲ့ စစ်ဆင်ရေးမှာ ကိုယ်ဟာ ဘယ်လောက်အထိ အရေးပါတယ်၊ မပါဘူးဆိုတာ သိချင်သိမယ်၊ ဒါပေမဲ့ အဲဒီအချိန်အထိ ကိုယ်နဲ့ ဝတီ လုပ်ငန်းတစ်ခုတည်းက တွဲဖော်ဆိုတာမှ မသိသေးပဲ။ ကြာလာရင်တော့ ဝတီဟာ ပန်းရနံ့နဲ့ပတ်သက်ကောင်းပတ်သက်နေပါလားလို့ တွေးမြင်မိကြမှာပေါ့"

"ဒါဆိုရင် လမ်းကြားထဲမှာ ဆွဲကြိုးအလုခံရတာမျိုးကျတော့ရော"

"မန္တလေးလိုမြို့ကြီးမှာ လုယက်မှုဆိုတာ လူပြတ်တဲ့နေရာမှာ ဖြစ်တတ်တာပဲလေ"

ကိုနေရဲ၏ အယူအဆမှာ ရေဝတီ ဖြစ်ပျက်ခဲ့သမျှကို ပန်းရနံ့စစ်ဆင်ရေးနှင့် မပတ်သက်ဟု ယူဆပုံရသော်လည်း ရေဝတီအတွက်တော့ စိုးရိမ်နေခဲ့မိသည်။

"ဒါပေမဲ့ ဒုစရိုက်သမားတွေရဲ့လှုပ်ရှားမှုဆိုတာ အသိခေါက်ခေါက်ဆိုတာမျိုးပဲ ဝတီ၊ အဲဒီတော့ ဝတီတို့ ကိုယ်တို့ ဂရုတစိုက်ရှိနေဖို့လိုမှာပဲ။ နောက်တစ်ခုက ဝတီ စိတ်ထဲမှာ မသင်္ကာစရာတစ်ခုခုဖြစ်လာတိုင်း ကိုယ့်ကိုပြောပါ။ ပန်းရနံ့ရဲ့ လှုပ်ရှားမှုအတိမ်အနက်ကို ဝတီ သိခွင့်မရသေးပေမယ့် ဒုစရိုက်ကောင်တွေကတော့ အမြင်မှာ ဝတီဟာ ပန်းရနံ့ရဲ့ အတိမ်အနက်တွေကို သိနေသူ အတွင်းလူလို့ထင်နေမှာပဲ"

"ဟုတ် ကိုကိုရဲကို ပြောပြပါ့မယ်"

ခေတ္တတိတ်ဆိတ်သွားသည်။ ကိုယ့်အတွေးနှင့်ကိုယ် တွေးမိကြပြန်သည်။ တာဝန်အရနေရသည်ဆိုပေမယ့် သူစိမ်းအိမ်

www.burmeseclassic.com

www.burmeseclassic.com



တွင် သွားရောက်နေထိုင်ရမည့်အတွက် ဝန်လေးမိသည်။ ကိုနေရဲ၏ ချစ်သူအယောင်ဆောင်အဖြစ် သွားရောက်နေထိုင်ရလျှင် ကိုနေရဲ အဒေါ်ဖြစ်သူ ဒေါ်ခိုင်ဝင်းက လိုလားစွာ လက်ခံပါမည်လား။

တွေးရတော့ခက်၏။ သန္တာခိုင်အား လိုလားသည့် ဆန္ဒရှိနေပြီဖြစ်သော အန်တီခိုင်ဝင်းသည် မိမိအား မည်သို့ဆက်ဆံမည်လဲ။

"ရေဝတီ ငြိမ်နေလိုက်တာ။ ဘာလဲ … ကျော်မိုးနောင်ကို သတိရနေတာလား"

ဟော … ရေဝတီတဲ့။ ခက်ပဲခက်ရချည်ရဲ့ ကိုနေရဲရယ်။

"ကျော်မိုးနောင်ကိုသတိရရင် အခုပဲ သွားတွေ့လို့ရတာပဲ၊ သူ့အကြောင်း ညဘက်အိပ်မက်ထဲတောင် မမက်တော့တာ ကြာပြီ ကိုနေရဲ"

ရေဝတီက အပြတ်ပြောလိုက်သည်။ သူမ စိတ်ခုသွားမိ၍ ကိုနေရဲဟူ၍ပဲ သုံးစွဲခေါ်ဝေါ်လိုက်သည်။ ဒါပေမဲ့ ကိုနေရဲ၏မျက်နှာက ပြုံးရိပ်သမ်းနေပါ၏။

"ဒါဆို ဝတီက ဘာတွေစဉ်းစားနေတာလဲ၊ ကိုယ် မသိရဘူးလား"

"အန်တီခိုင်ဝင်းအကြောင်း၊ သန္တာခိုင်အကြောင်းနဲ့ ပန်းရနံ့အကြောင်းပေါ့"

"အားပါးပါး … စဉ်းစားတာတွေက ခေါင်းစဉ်တွေများလှချည်လား။ အန်တီခိုင်ဝင်းအကြောင်း ဘာတွေစဉ်းစားထားလို့လဲ"



"အန်တီခိုင်ဝင်းအကြောင်းကွက်ပြီး စဉ်းစားတာတော့ မဟုတ်ဘူးလေ၊ သန္တာခိုင်အကြောင်းပါတွဲပြီး စဉ်းစားရတာပေါ့။ အန်တီခိုင်ဝင်းက သန္တာခိုင်ကို လိုလားနေတာပဲမဟုတ်လား။ မှန်တာပြောရရင် ဝတီက ကိုနေရဲရဲ့ချစ်သူအဖြစ် ရောက်လာမှာကို အန်တီခိုင်ဝင်းက ဘယ်လိုလက်ခံလဲ၊ ဘယ်လိုဆက်ဆံမလဲ ဆိုတာကိုပေါ့။ ရေဝတီ့အဖြစ်က နှစ်ဖက်မိဘသဘောမတူလို့ ခိုးရာလိုက်ပြေးပြီးတဲ့ မိန်းကလေးတစ်ယောက်ဟာ ယောက္ခမအိမ်မှာ သိမ်ငယ်နေရတာလိုပဲလေ"

"ဒါတော့ ဝတီ အတွေးခေါင်လွန်း အစိုးရိမ်ကြီးလွန်းတာပါ၊ ဝတီ့အနေနဲ့ သိမ်ငယ်စရာမရှိပါဘူး။ ဝတီ လိုက်လာပြီးနေရတာကိုက အရေးကြီးတဲ့တာဝန်တစ်ခုကို ထမ်းဆောင်နေတာပဲ။ အန်တီခိုင်ဝင်းလိုလားသည်ဖြစ်စေ မလိုလားသည်ဖြစ်စေ ဝတီ ခေါင်းထဲထည့်ထားစရာမလိုပါဘူး။ ဒါက စကားအဖြစ်ပြောတာပါ။ ဒါပေမဲ့ အန်တီခိုင်ဝင်းက ဝတီ့ကို လိုလားပါတယ်၊ ဖုန်းထဲမှာ အန်တီခိုင်ဝင်းက တူမချွေးမလောင်းလေးကို မြန်မြန်မြင်ချင်လှပြီလို့တောင် ပြောသေးတာပဲ"

"ဘာရယ် …။ တူမချွေးမလောင်းကို မြန်မြန်မြင်ချင်လှပြီ ဟုတ်လား။ စကားက အဆန်းပဲ ကိုနေရဲ"

"မဆန်းနဲ့ အမိ၊ အင်လျားမြိုင်လမ်းက အန်တီခိုင်ဝင်းဆီ ကိုယ် ဖုန်းဆက်ခဲ့တယ်။ ဝတီ့ကိုခေါ်လာမယ့်အကြောင်း ပြောပြလိုက်တယ်။ ဒါကြောင့် တူမချွေးမလောင်းကို အန်တီခိုင်ဝင်း မျှော်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... တူမချွေးမလောင်းဆိုတာကြီးက နားထောင်ရတာ ထောက်တောင့်တောင့်ကြီး"

"ကိုယ့်မှာ မိဘမရှိဘူး ဝတီ။ အန်တီခိုင်ဝင်းဟာ အဒေါ်ဆိုပေမယ့် ကိုယ့်အဖို့ မိဘလိုပဲသဘောထားတာ။ အန်တီခိုင်ဝင်းကလည်း ကိုယ့်ကို သားလိုပဲမှတ်တယ်။ ဒါကြောင့် ကိုယ့်ချစ်သူ၊ လက်ထပ်မယ့်သူလို့ သတင်းလွှင့်ထားတဲ့ ဝတီဟာ တူမချွေးမလောင်းပဲပေါ့"

"ဝတီ့ကို ခေါ်လာမယ်ဆိုလို့ အန်တီခိုင်ဝင်းက ဘာတွေပြောသေးလဲ ကိုနေရဲ"

"အံ့ဩသွားတာပေါ့။ ကိုယ် မန္တလေးကိုလာတာ ချစ်သူကို သွားခေါ်မှာလို့ အန်တီခိုင်ဝင်း သိမှမသိတာ။ ဒါကို လုပ်ငန်းအရ ဖွင့်မပြောထားဘူး။ သိဖို့လည်းမလိုဘူးလေ။ သန္တာခိုးတစ်ယောက် ကိုယ်တို့အိမ်ပေါ်မှာ လာပြီးနေဖို့ အန်တီခိုင်ဝင်း ခွင့်မပြုသေးခင် ကိုယ်က သတို့သမီးလောင်းကို အိမ်ပေါ်ကို အရင်ဦးအောင်တင်ထားဖို့လိုတယ်လေ။ ရန်ကုန်ကအမျိုးသမီးတော့ မဖြစ်နိုင်ဘူး။ ဒါကြောင့် အန်ကယ်(လ်)အောင့်ကို အကူအညီတောင်းပြီး စီစဉ်ရွေးချယ်ခိုင်း၊ အဲ ... အကူအညီတောင်းရတာ။ တွေ့တဲ့တိုင် သတို့သမီးလောင်းကလည်း လက်ခံဦးမှ၊ လက်ခံတယ်ထားဦး ကိုယ်ကလည်း လုပ်ငန်းအတွက် သဘောကျဦးမှဆိုတော့ မသေချာလို့မပြောရဲခဲ့ဘူး။ သေချာပြီဆိုမှ ဖုန်းနဲ့လှမ်းအကြောင်းကြားခဲ့တာ"



"ဝတီ့ကို စမြင်တော့ လက်ခံချင်စိတ်ရောရှိရဲ့လား။ ရှိမှာမဟုတ်ပါဘူးလေ။ လုပ်ငန်းနဲ့နေရာဆိုတာက ကိုနေရဲအိမ်ပေါ်မှာ။ ပြီးတော့ အဘွားကြီးအိုပေါက်စရုပ် ဖြစ်နေသားနဲ့ ကိုနေရဲက ရွေးချယ်ဖို့ လက်ခံရောတဲ့လား"

နေရဲ ပခုံးတွန့်ကာပြုံးသည်။

"ဝတီ့ကိုတွေ့စကတော့ ကိုယ် အတော်စိတ်ပျက်သွားတယ်။ ကိုယ့်သတို့သမီးက မမိုက်ပါလားလို့ပါ။ အန်ကယ်(လ်)အောင်ကလည်း သူ့လက်အောက်က သစ္စာရှိတာဆိုလို့ သူ အာမခံရဲတာ ဝတီကိုပဲလေ။ ဝတီကလွဲပြီး ဘယ်လောက်ပဲလှလှချော့ချော့ သစ္စာတရားအတွက် မထောက်ခံရဲဘူးတဲ့။ ပြီးတော့ အန်ကယ်(လ်)အောင်က ဝတီဟာ မိန်းမလှလေးတစ်ယောက်ပါတဲ့။ အရိုးပေါ်အရွက်ဖုံးနေသလိုမို့သာ အလှကို မတွေ့နိုင်တာပဲလို့ပြောတယ်။ အန်ကယ်(လ်)အောင် စကားမှန်တာ အခု ကိုယ်တွေ့ပဲလေ"

"ထားပါတော့ ကိုနေရဲ။ မိန်းကလေးတိုင်းဟာ ကိုယ့်ကို လှတယ်လို့ပြောရင် ကျေနပ်ကြတာချည်းပါ။ ဝတီ့ကို လှတယ်ပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အန်တီခိုင်ဝင်းအကြောင်း သိသင့်တာတွေ ကိုနေရဲ ပြောပြပေးပါလား"

"အန်တီခိုင်ဝင်းက ကိုယ့်ကို အိမ်ထောင်ပြုစေချင်တယ်။ ကိုယ်ကြိုက်တာမရှိဘူးဆိုရင် သူကြိုက်တဲ့သူကို ယူရမယ်ဆိုတဲ့သဘောပဲ။ အန်တီခိုင်ဝင်းစိတ်ထဲမှာ သူ့သမီး အသိစန်းကို ဥပမာထားပြီး လူငယ်တွေဟာ အိမ်ထောင်ကျသေးရင် စိတ်မတည်ငြိမ်ကြဘူး။ စိတ်ကစားကြတယ်။ အိမ်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကျွသွားမှသာ စိတ်တည်ငြိမ်သွားတတ်ကြတယ်လို့ ယူဆထားခဲ့တယ်လေ။ သူ့သမီးနဲ့ နှိုင်းယှဉ်ကြည့်တော့တာ ဖဲ့ သမီးဖြစ်တဲ့ သီသီစန်း မတည်မငြိမ်ဖြစ်လွန်းလို့ အန်တီခိုင်ဝင်း စိတ်ပင်ပန်းခဲ့ရပြီးပြီ။ ဒီကြားထဲ ကိုယ်ပါမတည်မငြိမ်ဖြစ်ရင် ရင်ကွဲရုံရှိတော့မယ်။ ဒါကြောင့် ကိုယ့်ကို အိမ်ထောင်ပြုစေချင်တယ်"

ရေဝတီ ရယ်မိတော့၏။

"ကိုနေရဲလည်း မတည်မငြိမ်ဖြစ်နေလို့ အန်တီခိုင်ဝင်း စိတ်ပူနေတာ နေမှာပေါ့"

"အာ ... မဟုတ်ကဟုတ်ကတွေပြောရောမယ်။ ကိုယ့်မှာ မတည်မငြိမ်ဖြစ်တယ်ဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ဖူးပါဘူး။ တစ်ခုတော့ရှိတယ်။ ကိုယ်က တာဝန်ချိန်အားလပ်နေတဲ့အချိန်မျိုးမှာ အိမ်မကပ်တတ်ဘူး။ အန်တီခိုင်ဝင်းက အိမ်ကပ်စေချင်တယ်။ ဘာပဲပြောပြော သူ့မျက်စိအောက်မှာ ရှိစေချင်တဲ့သဘောရှိတယ်။ ဒါကြောင့်လည်း ချစ်သူသတို့သမီးလောင်းကို အိမ်ခေါ်လာခဲ့မလို့လည်းပြောလိုက်တော့ ဝမ်းမြောက်ဝမ်းသာကြိုဆိုပါတယ်တဲ့လေ"

"ဒါဆိုရင် ကိုနေရဲရဲ့ အင်လျားမြိုင်လမ်းက အန်တီခိုင်ဝင်းက ရေဝတီ လိုက်လာတာကို ကျေနပ်လက်ခံတာပေါ့နော်"

"ဟုတ်တယ်။ သိပ်ကိုလက်ခံတာပေါ့"

"ကိုနေရဲပြောပြချက်နဲ့ ပုံဖော်ကြည့်ရရင် အန်တီခိုင်ဝင်းဟာ သားသမီးကို သိပ်ချစ်တတ်ပြီး သဘောကောင်းမယ့် အမျိုးသမီးတစ်ယောက်ပဲနေမှာ"



"အဲဒီအတိုင်းပဲနေမှာ၊ အန်တီခိုင်ဝင်းက ရေဝတီ့ကိုတွေ့တာနဲ့ ချစ်မှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ရေဝတီက မြင်ရုံနဲ့ ချစ်ဖို့ကောင်းတဲ့မိန်းကလေး မဟုတ်လား။ ပြီးတော့ အန်တီက ကိုယ့်ကို ချီးမွမ်းဦးမှာ မြင်မိသေးတယ်။ ငါ့တူက စွံမယ့်စွံတော့ မင်းကုသက ပပဝတီကိုရတဲ့ကိန်းမျိုးပါလားလို့လေ"

"တော်ပြီ"

"မတော်လိုက်ပါနဲ့ ရေဝတီ၊ ရန်ကုန်ကိုရောက်ဖို့ နာရီဝက်လောက်ပဲလိုတော့တာ၊ ရေဝတီနဲ့ ကိုနေရဲ ဘယ်လိုတွေ့ခဲ့ချစ်ခဲ့ကြတယ်ဆိုတာ နှစ်ဦးသိတဲ့ဇာတ်လမ်းမျိုးတော့ ဇာတ်တိုက်ထားမှဖြစ်မယ်လေ။ သန္တာစိုးတို့ အန်တီခိုင်ဝင်းတို့ မေးလာရင် ဘယ်လိုလုပ်မလဲ။ ရေဝတီနဲ့ ကိုယ် ပြောသမျှ တစ်ထပ်တည်းတူနေမှဖြစ်မှာနော်။ တစ်ယောက်တစ်မျိုးဆိုရင် ယုတ္တိကင်းမဲ့သွားလိမ့်မယ်။ ဒီတော့ ရေဝတီ ဇာတ်လမ်းဆင်ကြည့်စမ်းပါ"

"အယ် ... ဒီက အဲဒီလို ဇာတ်လမ်းတွေမဆင်တတ်ပါဘူးနော်၊ ကိုနေရဲပဲ ဆင်လိုက်ပါ"

နေရဲ မျက်လုံးကို စုံမှိတ်လိုက်၏။ ခဏနေတော့ ပြန်ဖွင့်လိုက်သည်။

"ဒီလိုဇာတ်လမ်းဆင်မယ်လေ။ မန္တလေးမှာ မီးလောင်တော့ သုံးထပ်တိုက်ပေါ်မှာ ရေဝတီ ပိတ်မိနေတယ်ပေါ့။ အဲဒါကို မရမကတိုက်ထဲဝင်ပြီးကယ်။ ရေဝတီကို သယ်ထုတ်။ နောက်တော့ ရင်းနှီးသွားပြီး ချစ်ကြရောပေါ့'

www.burmeseclassic.com

www.burmeseclassic.com



"အယ် ... မကောင်းပါဘူးနော်၊ မန္တလေးကို မီးမလောင်နဲ့ ရန်ကုန်မြို့ကြီးကိုလောင်လိုက်"

"မဖြစ်နိုင်တာ။ ရေဝတီက မန္တလေးသူ။ ရန်ကုန်လောင်လို့ ဖြစ်ပါ့မလား"

"ဟွန်း ... ဒါဆို ဘယ်လိုမှမလောင်နဲ့၊ အခြားတစ်ခုခု စဉ်းစားဦး"

"ကျပ်လိုက်တာ၊ ဟိုဘက် နည်းနည်းတိုးပါဦးလို့တောင် ပြောမရဘူး။ စိတ်ကူးနဲ့ဓာတ်လမ်းဆင်ပြီးလောင်တာပါကွာ။ တကယ်မှမဟုတ်တာ၊ အဲ ... နေဦး သတိရပြီ။ ရေဝတီက တောထဲရောက်သွား။ ကျောက်ဂူထဲမှာ ပိတ်မိနေတုန်း ကိုယ်က ကျောက်ဂူထဲကကယ်ထုတ်သွား၊ ပြီးတော့ ချစ်သွားကြရော၊ မကောင်းဘူးလား"

"ကောင်းတော့ကောင်းတယ်၊ ဘာဖြစ်လို့ ရေဝတီက မန္တလေးကနေ တောထဲရောက်သွားရမှာလဲ"

နေရဲ ခေါင်းကို တဖြင်းဖြင်းကုတ်မိတော့၏။

ထိုစဉ်မှာပင် ...

ရန်ကုန်လေဆိပ်သို့ ဆင်းသက်တော့မည့် သတိပေး သံက ထွက်လာခဲ့သည်။ ရန်ကုန်သို့သာရောက်လာသည်။ ကိုနေရဲ ဓာတ်လမ်းမဆင်နိုင်ပါသေးခဲ့။ သူ့ရဲ့ကောင်းအသွင် မပီပြင်သေး သည့် ကိုနေရဲကိုကြည့်ကာ ရေဝတီ ရယ်ချင်နေမိပါလေတော့၏။

❖ ❖ ❖



# အခန်း(၈)

မနက်စာကို (၇)မိုင်ရှိ ဟိုတယ်တစ်ခုတွင် နေရဲက ရေဝတီအား ကျွေးမွေးခဲ့သည်။

"အန်တီခိုင်ဝင်းက ကိုယ့်တို့ရောက်မယ့်နေ့ မနက်ပိုင်းမှာ မသွားရင်မဖြစ်တဲ့ ကိစ္စရှိနေလို့ အန်တီခိုင်ဝင်း အပြင်ထွက် ရမှာတဲ့။ ကိုယ်နဲ့ ရေဝတီအတွက် မနက်စာတစ်နပ်ကို အဆင့်သင့်မဖြစ်တာ ခွင့်လွှတ်ဖို့ ကြိုပြောထားခဲ့တယ်။ ဒါကြောင့် ရေဝတီကို ကိုယ်က ဒီဟိုတယ်မှာ ကျွေးခဲ့တာပါ"

"အဲဒါ ဘာဖြစ်စရာရှိလို့လဲ ကိုနေရဲ"

"ဪ ... မရေဝတီ စိတ်ထဲ အန်တီခိုင်ဝင်းက Wel-comeလုပ်ပြီး ထမင်းပွဲကြီးနဲ့ ကြိုဆိုသင့်ပါလျက်နဲ့ မကြိုဆို တာကို ရေဝတီ့ရင်ထဲ အောင့်နေမိမှာစိုးလို့ပါ"

"အဲဒီလို ရေဝတီ စိတ်ထဲမှာ တွေးတောင်မတွေးမိပါဘူး"

"ဒါဆိုရင်တော့ ကိုယ် မရေဝတီ့ကို သိပ်ကျေးဇူးတင်ပါ တယ်၊ ရေဝတီဟာ ခွင့်လွှတ်တတ်တယ်။ သဘောထားကြီး တဲ့မိန်းကလေးပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ရေဝတီက မျက်လွှာပင့်၍ကြည့်လိုက်သည်။

"ချီးမွမ်းလှချည်လား ကိုနေရဲ၊ လေယာဉ်ပေါ်ကတည်း က ခုအထိ ရေဝတီ့ကို ချီးမွမ်းနေတာ ပြီးပဲမပြီးနိုင်တော့ ဘူးနော်။"

"ရွှေအကြောင်း ဖယောင်းသက်သေတဲ့ မရေဝတီ၊ လူဆို တာ တစ်ယောက်နဲ့တစ်ယောက် နီးနီးကပ်ကပ်ပေါင်းကြည့် မှ တစ်ယောက်အကြောင်းကို တစ်ယောက်သိခွင့်၊ လေ့လာ သိရှိရတာ မဟုတ်လား"

"အယ် ... ဟိုမှာ"

နေရဲ စကားဆက်၍ပြောချင်ပုံရှိနေသေးသည်။ ရေဝတီက ကြားဖြတ်ဝင်ပြောလာ၍ နေရဲ စကားရပ်သွားခဲ့ပါ၏။

"ဘာလဲ ရေဝတီ"

"ချက်ချင်း လှည့်မကြည့်နဲ့ ကိုနေရဲ။ မသိမသာကြည့်နော်၊ ကောင်တာရှည်ကြီးရဲ့ ညာဘက်အစွန်းကစားပွဲမှာ ကိုပိန် ရှည် ထိုင်နေတယ်။ ဒါဆိုရင်တော့ သေချာပြီ၊ ကိုပိန်ရှည် ဟာ ရေဝတီ့နောက်ကို လိုက်နေတာအမှန်ပဲ"

"ကိုပိန်ရှည် ဟုတ်လား၊ နာမည်က မိုက်တယ်နော်"

"ရေဝတီ့ဘာသာ မြင်တဲ့အတိုင်း သူ့ကို အဲဒီနာမည်ပေး လိုက်တာပါ၊ သူ့နာမည်ရင်း ဘယ်လိုမှန်းတောင်မသိပါဘူး။ ဒါပေမဲ့ ဟိုဖက်တီးမကြီးလိုက်သလို လိုက်နေတာတော့ သေချာနေပြီ"

မသိမသာငဲ့စောင်း၍ နေရဲ ကြည့်လိုက်သည်။ ပိန်ရှည် ဆိုသည့်လူကို တွေ့လိုက်ရ၏။



"အဲဒီလူက မန္တလေးမှာ ရေဝတီ တွေ့ခဲ့ပါတယ်ဆိုတဲ့ ပိန်ရှည်မှန်းသေချာရဲ့လား ရေဝတီ။ ဘာလို့လဲ ဆိုတော့ မန္တလေးမှာ ဘုရားဖူးနေပါတယ်ဆိုတဲ့ လူတစ်ယောက်ဟာ ဒီနေ့ ရန်ကုန်ရောက်လာမတဲ့လား"

"ကိုပိန်ရှည်မှာ ထပ်တူထပ်မျှ ရုပ်ချင်းတူနေတဲ့ အမြွှာညီ အစ်ကိုရှိနေတယ်ဆိုရင်တော့ မပြောတတ်ဘူး ကိုနေရဲ။ အမြွှာအစ်ကိုမရှိဘူးဆိုရင်တော့ ဒီလူဟာ မန္တလေးမှာတွေ့ ခဲ့တဲ့ ကိုပိန်ရှည်မှ ကိုပိန်ရှည်အစစ်ပဲ။ ရေဝတီတို့တောင် မနေ့က မန္တလေးမှာ၊ အခု ရန်ကုန်ရောက်လာတာပဲ။ သူ ရော ရောက်မလာနိုင်ဘူးလား၊ ရေဝတီတို့စီးတဲ့လေယာဉ်နဲ့ ပါလာချင်ပါလာနိုင်တာပဲ"

"ပါရင် ကိုယ်တို့ တွေ့မိဖို့ကောင်းတာပေါ့"

"မတွေ့နိုင်တာလည်းဖြစ်နိုင်တာပဲ ကိုနေရဲ။ ရေဝတီတို့ ရထားတဲ့ခုံတွေက လေယာဉ်ရှေ့ပိုင်းကျနေတယ်လေ။ ခုံ တွေ့က နောက်မှီအမြင့်ကြီးတွေဖြစ်နေတော့ နောက်ကို သေသေချာချာမကြည့်ရင် ဘယ်လိုလုပ်တွေ့နိုင်မှာတဲ့လဲ။ ကိုပိန်ရှည်လိုလူကို ပါလာမယ်လို့ ထင်မထားတော့ ဂရု တစိုက်ကြည့်မှမကြည့်မိကြတာပဲ"

"အင်း ... ရေဝတီ ပြောပြတာတွေမဆိုးပါဘူး။ ဒါနဲ့ ကိုပိန်ရှည်နဲ့ ဆုံစည်းပုံကို ပြောပြပါဦး။ ဖက်တီးမကြီး အကြောင်းပြောပြပေမယ့် ကိုပိန်ရှည်အကြောင်းပြောပြသေး ဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ဖက်တီးမကြီးကတော့ ညကြီးမိုးချုပ် ရေဝတီ အိမ်ရှေ့မှာ လာစောင့်ကြည့်နေတော့ မသင်္ကာစရာကောင်း လာတာကိုး။ ကိုပိန်ရှည်နဲ့တွေ့ပုံက မတော်တဆကြုံလိုက် တဲ့သဘောမျိုးဖြစ်နေတယ်လေ။ ဒါကြောင့် မပြောမိတာ။ အခုတော့ ပြောစရာဖြစ်လာပြီလေ"

ရေဝတီက ကိုပိန်ရှည်နှင့် သူ ဆုံစည်းခဲ့ရပုံများကို အပိုအလိုမရှိပြောပြလိုက်သည်။

"တောင်ခြေစားသောက်ဆိုင်မှာ ကြုံကြိုက်တာကို ဘေးဖယ် ပြီးထားကြရအောင်။ ရတနာဆိုင်မှာတုန်းက မွန်မွန်နဲ့ ရေဝတီ ပြောခဲ့တဲ့စကားတွေကို ကိုပိန်ရှည်ရော ဖက်တီးမကြီး ပါ ကြားနိုင်တယ်။ ရေဝတီနဲ့ မွန်မွန် ဘာပြောမိကြလဲ"

"ဘာမှ ထူးထူးထွေထွေမပြောမိကြပါဘူး။ မိန်းကလေး သဘာဝ ရတနာဆိုင်ရှေ့ရောက်တော့ လက်ဝတ်ရတနာတွေ ကို ဟိုဟာကြိုက်တယ်၊ ဒီဟာကြိုက်တယ်ပြောမိကြတာပေါ့"

နေရဲက ထမင်းစားရင်း ခေါင်းကိုခါယမ်းလိုက်သည်။

"အခုလောက်အထိတော့ ရေဝတီတို့ပြောတဲ့စကားမျိုး လောက်နဲ့တော့ သူတို့နောက်ယောင်ခံလိုက်လာဖို့အကြောင်း မမြင်ဘူး။ သေသေချာချာစဉ်းစားကြည့်ပါဦး၊ ဒီ့အပြင် ဘာစကားများပြောမိကြသေးလဲ"

ရေဝတီ မျက်စိစုံမှိတ်ကာ စဉ်းစားလိုက်သည်။ ပြီးတော့ သူမ မျက်ဝန်းပြန်ပွင့်လာခဲ့၏။

"မှတ်မိပြီ ကိုနေရဲ။ ရေဝတီကတော့ ရွှေဖြူနဲ့လုပ်ထားတဲ့ ကျောက်စိမ်းလော့ကက်သီးဆွဲကြိုးကလေးကို အကြိုက်ဆုံး ပြီးတော့ တို့ကတော့ ကျောက်စိမ်းမှကျောက်စိမ်းလို့ ပြော လိုက်မိတယ်။ ဆိုင်မဆိုင်တော့မသိဘူး ကိုနေရဲ"

နေရဲ တွေဝေသွား၏။

စားလက်စ ဖွန်းခက်ရင်းကို ပန်းကန်ပြားပေါ်သို့ အသာအစွာ ချထားလိုက်သည်။

"အဖြေတစ်ခုရှာလို့ရသလားဟင်"

"ကျောက်စိမ်းဆိုတာကိုပဲ အဓိကထားရမလိုဖြစ်နေတယ် မရေဝတီ။ ဘာဖြစ်လို့လဲဆိုတော့ မရေဝတီက ကျောက်စိမ်း ကို အနှစ်သက်ဆုံးလို့ ပြောခဲ့တယ်နော်။ မွန်မွန်က အဝတ် အစားတွေနဲ့ အတူတူ ကျောက်စိမ်းဆွဲကြိုးထည့်ပေးလိုက် တယ်။ ဒီကျောက်စိမ်းဆွဲကြိုးကိုပဲ အလစ်သမားက ဆွဲဖြတ် လုယူဖို့ ကြိုးစားခဲ့တယ်။ အကြောင်းအရာတွေဟာ တစ်ခုနဲ့ တစ်ခု ဆက်စပ်ကြည့်ဖို့တော့မလွယ်ဘူး။ ကဘောက်တိ ကဘောက်ချာပဲ။ ဒါပေမဲ့ အကြောင်းအရာတစ်ခုတိုင်းမှာ ကျောက်စိမ်းဆွဲကြိုးကပါနေတယ်။ ဒါကြောင့် ကိုယ်စဉ်းစား ကြည့်နေတာ"

"အဲ ... ဟုတ်ပါရဲ့၊ တစ်ခုရှိသေးတယ်"

ရေဝတီက အသံအတော်ကျယ်သွားသည်အထိ သူမ သတိရလိုက်သည်ကို အော်၍ပြောလိုက်မိသည်။ ပြီးမှ ချက်ချင်း သတိရကာ သူမပြောလိုက်သည်ကို ကိုပိန်ရှည်များ ကြားသွားလေ သလားဟု မသိမသာစောင်းငဲ့ကြည့်မိသည်။ ကိုပိန်ရှည် ကြားဟန် မတူ၊ ရေဝတီနှင့် နေရဲကိုလည်း ဂရုမပြုဟန်မရှိ။ အစားအသောက် ကိုသာ ငုံ့၍စားနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေဦး ကျောက်စိမ်းဆွဲကြိုးဟာ အဝတ်အစားသေတ္တာထဲက ပါလာတာတော့ဟုတ်တယ်။ အဝတ်အစားထည့်ပေးလိုက်တဲ့ ကော်ကပ်စက္ကူတွေဟာ ဓားနဲ့ဖွင့်ပြီး အခွဲခံထားရတယ်။ နဂိုကတည်းက အဖုံးခွဲထားတဲ့ စက္ကူဘူးကို မွန်မွန်က ဒီအတိုင်းထည့်၊ ဒီအတိုင်းပြန်ပိတ်ပြီး ကြိုးချည်ပေးလိုက်တာလား၊ ဒါမှမဟုတ် မွန်မွန် အသေအချာ ကော်ကပ်ပေးလိုက်ပြီးမှ တစ်ယောက်ယောက်က အဖုံးကို ခွဲပစ်တာလား ဆိုတာတော့ ရေဝတီ မစဉ်းစားတော့ဘူး"

"တစ်ယောက်ယောက်က ကြားဖြတ်ပြီး အဖုံးကို ခွဲပစ်ခဲ့ရင် အဲဒီ တစ်ယောက်ယောက်ဟာ ဘယ်သူလဲ၊ ဘာဖြစ်လို့ ခွဲပစ်ရတာလဲ ရေဝတီ"

"ဟင့်အင်း ... ဒီလောက် ဉာဏ်မီနေမှတော့ ရေဝတီ့ဘာသာ ဘယ်သူပါလို့ ကိုနေရဲကို ပြောလိုက်ရုံပဲပေါ့"

"စဉ်းစားဖို့ကောင်းတာက ရေဝတီရဲ့ ဆွဲကြိုးကို လုယက်ဖို့ ကြိုးစားခဲ့ပါတယ်ဆိုရင် ကြားဖြတ်ပြီး စက္ကူဘူးပတ်ခွာ အဖုံးဖွင့်နိုင်ခွင့်ရခဲ့တဲ့လူကြတော့ ဘာလို့ ဆွဲကြိုးကို လွယ်လွယ်ကူကူ ယူမသွားဘဲ နေခဲ့တာလဲ"

"နောက်တစ်နည်း စဉ်းစားစရာရှိသေးတယ် ကိုနေရဲ၊ ဒီစက္ကူဘူးကို လာပေးတဲ့အချိန်မှာ ရေဝတီက အိမ်မှာမရှိဘူး။ ရေဝတီ့အိမ်နီးနားချင်း ဒေါ်သစ်သစ်က လက်ခံထားလိုက်တာ။ ဒေါ်သစ်သစ်က ရေဝတီ ပြန်မရောက်ခင် စက္ကူဘူးရဲ့ အဖုံးပတ်ကို ဓားနဲ့ခွဲပြီး ဘာတွေပါလာပါလိမ့်လို့ ဖွင့်ကြည့်ပြီးမှ နဂိုအတိုင်း ကြိုးပြန်စည်းပြီး ရေဝတီ့ကို ပေးတယ်ဆိုရင်ရော"



"အဲဒါလည်းဖြစ်နိုင်သားပဲ။ ဒေါ်သစ်သစ်ဟာ အရင့်အရင်တုန်းကော ရေဝတီ အိမ်မှာမရှိတုန်းလာပေးတဲ့ ပစ္စည်းတွေကို လက်ခံပြီးယူထားလေ့ရှိသလား"

"ရှိဖူးတယ်။ ဒါပေမဲ့ အရင့်အရင်တုန်းက ဘာပစ္စည်းဖြစ်ဖြစ် လက်ရာခြေရာပျက်တာ မတွေ့ရဘူး။ နောက်ပြီး ဒေါ်သစ်သစ်ရဲ့ပင်ကိုစရိုက်ကိုက သူတစ်ပါးကိစ္စတွေမှာ စပ်စပ်စုစု ရှိတယ်လို့ မတွေ့ရခဲ့ဘူး"

"သေချာအောင် မွန်မွန့်ဆီ ဖုန်းဆက်ကြည့်ရင်ရသားပဲ။ သူပေးလိုက်တဲ့ပစ္စည်း မှန်မမှန် အရေအတွက်ဟုတ်မဟုတ် သိရတာပေါ့"

"ဖုန်းဆက်ပါတယ် ကိုနေရဲ။ ဒါပေမဲ့ မွန်မွန် အမရပူရ သွားတယ်ဆိုလို့ ဖုန်းမပြောခဲ့ရပါဘူး"

နေရဲက ကိုပိန်ရှည်ရှိရာသို့ ကြည့်လိုက်သည်။ သူ[illegible]ားသောက်နေဆဲပင်ဖြစ်သည်။

"ကိုယ်တို့ သွားကြစို့"

ရေဝတီ ခေါင်းညိတ်ပြလိုက်သည်။ ဟိုတယ်မှ [illegible]ားပွဲထိုးကို လက်ယပ်လှမ်းခေါ်၍ ဘီ(လ်)အတိုင်း ကျသင့်ငွေ[illegible]ရှင်းကာ နေရဲနှင့် ရေဝတီတို့ ဟိုတယ်အတွင်းမှ ထွက်ခဲ့ကြပါ[illegible]။

✤ ⊶ ✤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

ခြံကျယ်ဝန်းကျယ်ဖြစ်သည်။ ခြံအလယ်တွင် လှပသောတစ်ထပ်တိုက်လေးက ရှိနေခဲ့သည်။ ဤသည်ပင်လျှင် အယောင်ဆောင်ချစ်သူဘဝဖြင့် ရေဝတီ နေထိုင်ရတော့မည့် အင်လျားမြိုင်လမ်း၊ ခြံအမှတ်(--)ပါတည်း။ ခြံတခါးကို ပွဲထဲက မင်းသားကြီးလို ယောင်ထုံးနှင့်လူကြီးတစ်ဦး လာဖွင့်ပေး၏။ အသက်က (၅၀)ခန့်။ ကွမ်းငုံထား၏။ မြင်ရုံနှင့် အသွင်ကြမ်းမည့် လူကြီးတစ်ဦးဟု ခန့်မှန်းရသည်။

"ဟော ... ရဲရဲ ပြန်လာပလားဟေ့၊ ဟား ဟ ... ဒါလေးက မင်းလက်ထပ်မယ်ဆိုတဲ့ ရွှေမန်းသူလေးလားကွယ်။ ဘယ်ဆိုးလို့တုံး၊ တော်တော်ချောသားပါလား"

"တန်တော့ ဦးဝဏ္ဏကြီးကို အန်တီခိုင်ဝင်းက ပြောပြထားပြီးပြီနဲ့တူတယ်။ ဝတီ့ကိုမြင်ရုံနဲ့ ကျွန်တော့်နဲ့ လက်ထပ်မယ့် ရွှေမန်းသူလေးမှန်း သိနေပါလား"

"အေးလေကွာ ... မင်း အန်တီခိုင်ဝင်းက မင်းဆီက ဖုန်းဆက်တဲ့အကြောင်း၊ မင်းကောင်မလေးပါလာမယ့်အကြောင်း



ပြောထားပြီးသားပါကွာ၊ ကလေးမနာမည်က ဝတီတဲ့လား၊ နာမည်လည်းမဆိုးပါဘူး"

"ဝတီလို့ခေါ်တာက ကျွန်တော်ခေါ်တာ ဦးဝဏ္ဏ။ ဝတီ့နာမည်အရှည်က မရေဝတီတဲ့။ ဝတီလို့လည်းခေါ်နိုင်ပါတယ်"

"အေးပါကွာ၊ ငါ မှတ်ထားပါ့မယ်။ ဝတီဆိုတာ မင်းတစ်ယောက်တည်း စပါယ်ရှယ်ခေါ်ဖို့မဟုတ်လား။ ကဲ ... တိုက်ထဲသွားကြစို့၊ ခေါ်နိုင်က သူ့တူမချောကို တွေ့ချင်ရောပေါ့။ စောစောက ခေါ်နိုင် အပြင်ကပြန်ရောက်ရောက်ချင်း ရဲရဲတို့ မရောက်သေးဘူးလားလို့ တမေးတည်း မေးနေတာ"

ဦးဝဏ္ဏကို ရေဝတီ အကြမ်းဖျဉ်းနားလည်လိုက်သည်။ ဦးဝဏ္ဏသည် အန်တီခိုင်ဝင်းနှင့် ကိုနေရဲတို့၏ အိမ်ဖော်ကြီးဖြစ်ရမည်။ သို့သော် အနေကြာပြီး မိသားစုတစ်ဦးလိုဖြစ်နေခဲ့သူမှန်း သိလိုက်ရ၏။ အငှားကားပေါ်မှ နေရဲနှင့် ရေဝတီ၏ ခရီးဆောင်အိတ်များကို ဦးဝဏ္ဏကြီးပင် ချယူရန်ကျန်ခဲ့သည်။

တစ်ထပ်တိုက်လေးထဲသို့ နေရဲနှင့် ရေဝတီတို့ ဝင်ခဲ့ကြသည်။ ဧည့်ခန်းထဲသို့ ရောက်ရှိလာခဲ့ကြသည်။

"လာကြ ... လာကြ။ မျှော်နေတုန်း ငါ့တူကြီးရဲရဲ ရောက်လာတာပဲ"

"ကျွန်တော်တစ်ယောက်တည်း ရောက်လာတာမဟုတ်ပါဘူး အန်တီခိုင်ဝင်း၊ အန်တီခိုင်ဝင်းအတွက် တူမချောချောလေးပါ ပါလာတယ်လေ။ နာမည်က ရေဝတီတဲ့။ ဝတီ့ပဲ အန်တီခိုင်ဝင်း ခေါ်ပေတော့"

www.burmeseclassic.com

www.burmeseclassic.com



နေရဲက တစ်ဆက်တည်းမှာပင် ရေဝတီ၏လက်ကလေးတစ်ဖက်ကို တယုတယကိုင်လိုက်သည်။ ရေဝတီ၏ အကြည့်က နေရဲထံသို့ ရောက်လာသည်။ တာဝန်ပါဟူ၍ နေရဲက ခပ်စူးစူးလေးကြည့်လိုက်ပါ၏။

"ကိုကိုရဲ ပြောပြထားတဲ့ အန်တီခိုင်ဝင်းပဲ ဝတီ၊ အန်တီ့ကို နှုတ်ဆက်ပါဦး"

ရေဝတီက နှုတ်မဆက်နိုင်သေးမီမှာပင် အန်တီခိုင်ဝင်းက ရှေ့သို့တိုးလာကာ ရေဝတီ၏ပခုံးပေါ်သို့ သူမ၏လက်တစ်ဖက်တင်လိုက်ပြီး ရေဝတီ၏မျက်နှာမှ ခြေဖျားတိုင် ကြည့်လိုက်ပါ၏။

"အန်တီခိုင်ဝင်း စိတ်ထဲမှာ တစ်ထစ်ချမှတ်ထားတာ အခုချက်ချင်းပြင်လိုက်ပြီ။ အန်တီ့ရဲ့တူ ရဲရဲဟာ ဒီတစ်သက်သူ့ဟာနဲ့သူ ဘယ်လိုမှ မိန်းမရှောတစ်ယောက်ကို ရွေး မဟုတ်ဘူးလို့ မှတ်ထားတာ။ အခု မှားသွားပြီ"

ကလေးဆိုးကြီးတစ်ဦးလို ကိုနေရဲက အန်တီခိုင်ဝင်းကို လှမ်းဖက်လိုက်သည်။ အမိအဖ မရှိတော့သော နေရဲ အန်တီခိုင်ဝင်းအပေါ် မည်မျှခင်တွယ်ခဲ့ကြောင်း ပေါ်လွင်လုပါ၏။

"အန်တီခိုင်ဝင်း အဲဒီလို ကျွန်တော့်ကို အထင်သေးနေ သိလို့ ဝတီ့ကို ပါအောင်အတင်းခေါ်လာခဲ့တာပေါ့။ ကြ လေ အန်တီခိုင်ဝင်းရဲ့ ရှန်ကုန်သူတွေနဲ့ ယှဉ်ကြည့်ဦး တခြားစီပဲမဟုတ်လား"

"ဟင်း ဟင်း … ဒါတော့ ကိုနေရဲ ပိုလွန်သွားပြီထင်တ တစ်ပတ်လောက်တော့ လျှော့ပါဦးလား ကိုနေရဲ"



ညေ့ခန်းထောင့်တစ်နေရာမှ အသံက လွင့်ပျံ့လာခဲ့သည်။ ခန့်သမှန်း သိသာလွန်းနေပါ၏။

ရေဝတီနှင့် နေရဲတို့ လှမ်းကြည့်လိုက်ကြသည်။ ညေ့ခန်းရှိုးကေ့(စ)ကြီးကို ကွယ်ပြီးရပ်နေသည်မို့ မမြင်ရသော အမျိုးသမီးပျိုပျိုရွှယ်ရွှယ်တစ်ဦးကို မြင်ရတော့သည်။

"ဩော် … သန္တာစိုး ရောက်နေသလား။ ရုတ်တရက် မမြင်လို့နှုတ်မဆက်မိတာ ဖွေမယူကြေးပေါ့ဗျာ"

"မြန်းစနဲမြင်ပါပြီဆိုဦးတော့ကော ဘာများအကြောင်းပိုထူးလာဦးမှာမို့လဲ ကိုနေရဲရယ်။ ကိုနေရဲမှာ ရွှေမန်းကတောင် တကူးတက သွားခေါ်လာရတဲ့ သတို့သမီးလောင်း ပါလာပြီပဲဟာ"

သန္တာစိုး ပြောလိုက်ပုံက အသည်းယားဖွယ်ရာ ကောင်းလှပါ၏။ အကယ်၍သာ နေရဲနှင့်ရေဝတီသည် ဟန်ဆောင်ချစ်သူတွေမဟုတ်ဘဲ တကယ့်ချစ်သူတွေသာဖြစ်နေပါက သန္တာစိုး၏ စကားသည် အထင်မှားစဖွယ်ဖြစ်ပါ၏။ သန္တာစိုး ပြောပုံမှာ နေရဲနှင့် သူမသည် အစက ချစ်ကြိုက်နေပါလျက် ရေဝတီကြောင့် ပျက်ပြယ်သွားသလိုလို အထင်မှတ်စရာကြီးမဟုတ်ပါလား။ ယင်းအချက်ကို အန်တီခိုင်ဝင်းသည် လီမွှာပါးနပ်စွာဖြင့်ဝင်ကာ ကြားစကားပင်ပြောလိုက်သည်။

"အန်တီခိုင်ဝင်းက ဝတီ့ကို လာမကြိုနိုင်တာရော အိမ်မှာ မနက်စာအဆင်သင့်ဖြစ်မနေတာရော တောင်းပန်ပါတယ် ရေဝတီ။ အန်တီခိုင်ဝင်းမှာ တိုက်တိုက်ဆိုင်ဆိုင် မနက်ပိုင်း ကမသွားမဖြစ်ကိစ္စနဲ့ သွားပြီဆုံနေလို့ပါ ဝတီ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနေရဲက အန်တီခိုင်ဝင်းထက်စောပြီး ပြောပြီးပါပြီ။ ဝတီက အဲဒီလောက်ကိစ္စမျိုးကို အဲဒီလောက်အလေးအနက် မထားပါဘူး။ တောင်းပန်စကားလည်း ပြောရမယ့်ကိစ္စ မဟုတ်ပါဘူး အန်တီခိုင်ဝင်း"

"အံမယ်မင်း ... နားဝင်ကိုချိုသွားတာပဲ ဝတီရယ်၊ ဝတီက ရုပ်ချောသလို အပြောလည်းချိုသာတာပဲကွယ်၊ တစ်ဖက်သားကို ခွင့်လည်း ခွင့်လွှတ်တတ်ပါရဲ့"

"ရန်ကုန်အကြွား၊ မော်လမြိုင်အစား၊ မန္တလေးစကားတဲ့ အန်တီခိုင်ဝင်း။ ဝတီက မန္တလေးသူပဲ၊ ဒီလောက်တော့ စကားတတ်မှာပေါ့"

သန္တာစိုးသည် ရေဝတီနှင့် အန်တီခိုင်ဝင်းရှိရာသို့ လျှောက်လာခဲ့သည်။

ထိုအခါကျမှပင် ရေဝတီက သန္တာစိုးအား စေ့စေ့ စပ်စပ် ကြည့်မိတော့သည်။

ကိုနေရဲသည် သန္တာစိုးလို အမျိုးသမီးတစ်ဦးအား ချစ်သူအဖြစ် ဘာဖြစ်လို့များ မရွေးချယ်ပါလိမ့်ဟု ရေဝတီ အံ့သြရသည်။ သန္တာစိုးသည် မိန်းမချောမိန်းမလှတစ်ဦးပဲဖြစ်သည်။ မိန်းမတစ်ယောက်၏ ပိုင်ဆိုင်သောအလှများကို ထင်းခနဲတွေ့ရပေ၏။ အမို့အမောင်းတွေကို ပိုင်ဆိုင်ထား၏။

အမျိုးသားများအနေနှင့်တော့ သန္တာစိုးသည် မြင်ရုံနှဲ မက်စရာဖြစ်ပေမည်။ ဒီကြားထဲကပင် ကိုနေရဲသည် သန္တာစိုးအား မချစ်ခင် မနှစ်သက်ပါလေခဲ့။



သန္တာစိုးသည် ရေဝတီ၏ ရင်ညွန့်မို့မို့ပေါ်မှ ကျောက်စိမ်းလော့ကက်ကို စိုက်ကြည့်ရင်း တိုးကပ်လာ၏။ ထို့နောက် မျက်နှာချင်းဆိုင်မိသည်နှင့် လော့ကက်လေးကို ရဲတင်းစွာ ခွင့်တောင်းခံခြင်းမရှိဘဲ ကိုင်ကြည့်လိုက်သည်။

"ကျောက်စိမ်းလော့ကက်လေးက လှလိုက်တာ၊ ဒီလော့ကက်နဲ့ ဆွဲကြိုးကို သတို့သားလောင်း ကိုနေရဲက ချစ်လက်ဆောင်ပေးထားတာ မှန်ပါရဲ့"

"မဟုတ်ပါဘူး၊ ကျွန်တော့်မှာ အဲဒီလောက် အရည်သွေးကောင်းပြီး အဖိုးတန်တဲ့ ကျောက်စိမ်းမျိုး ဝတီ့ကို လက်ဆောင်ပေးချင်ဦးတော့ ဘယ်မှာလိုက်ရှာပြီး ဝယ်ရမည်မှန်းလဲမသိဘူး၊ နောက်ပြီး ကမန်းကတန်းကြီးမို့ ဆွဲကြိုးလက်ဆောင်ပေးဖို့နေနေသာသာ လက်ထပ်လက်စွပ်တောင် ဝတီ့ကို ဝယ်မပေးရသေးဘူး"

နေရဲသည် ရေဝတီနှင့် သန္တာစိုးကြားတွင် ဝင်၍ ရပ်လိုက်သည်။ သန္တာစိုး၏ ကျောက်စိမ်းလော့ကက်သီး ကိုင်ထားသာလက်မှာ အလိုလိုပင် ရုပ်သိမ်းသွားသည်။ ရောက်ကတည်းက မတ်တတ်ရပ်နေသည့် ရေဝတီကို နေရဲက ညင်သာစွာ ဆွဲခေါ်ပြီး ဧည့်ခံဆက်တီကုလားထိုင်တွင် ထိုင်စေသည်။

နေရဲ၏ အပြုအမူမှာ တကယ့်ချစ်သူအား ယုယသည့် အတိုင်းဖြစ်နေပါ၏။

"နက်ဖြန်တော့ ဗိုလ်ချုပ်ဈေးသွားပြီး ဝတီ့အတွက် လက်ထပ်လက်စွပ်တစ်ကွင်း ဝယ်ပေးရဦးမယ်၊ စိန်ကွင်းထားတဲ့လက်စွပ်တော့မဝယ်ဘူး၊ ဝတီ့အကြိုက်ကို ကိုကိုရဲ သိနေပြီးသားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျောက်စိမ်းလက်စွပ်ပဲပေါ့ ကိုကိုရဲ့။ ကျောက်စိမ်းကို ဝတီကြိုက်မှန်း ကိုကိုရဲ သိနေသားပဲ"

သန္တာစိုးသည် ရေဝတီရှိရာ ကုလားထိုင်သို့ တိုးကပ်လာသည်။ ရေဝတီ၏ ကျောက်စိမ်းလော့ကက်သီးလေးကို ကိုင်ကြည့်ပြန်သည်။

"ဒီကျောက်စိမ်းလော့ကက်ကိုတွေ့မှ သန္တာစိုး တစ်ခုသတိရမိတယ်၊ သတင်းစာထဲမှာထည့်တားတဲ့ ကြော်ငြာတစ်ခုကို သတိရတာပါ။ ဒီကျောက်စိမ်းလော့ကက်နဲ့ သိပ်တူတဲ့ ပစ်တိုင်းထောင် ကျောက်စိမ်းလော့ကက်သီးပါတဲ့ ဆွဲကြိုးတစ်ကုံး ပျောက်သွားပါသတဲ့။ တွေ့လို့ ပြန်ပေးတဲ့သူကို ဆုငွေပေးမယ်လို့ ကြော်ငြာထဲမှာပါတယ်"

သန္တာစိုးသည် သူမပြောလိုက်သော စကားအဓိပ္ပာယ် ဘယ်သို့ရောက်သွားသည်ဟု သိမှသိပါလေစ။ ပျောက်သွားသော ကျောက်စိမ်းဆွဲကြိုးကို ရေဝတီ ဆွဲထားခြင်းဖြင့် ရေဝတီ ခိုးယူထားသောကြောင့် ပျောက်ဆုံးရသလိုလို ဖြစ်နေ၏။ ရေဝတီအား ကိုနေရဲ စိတ်ပျက်သွားလေအောင် သွယ်ဝိုက်သောနည်းအားဖြင့် သူခိုးမဟူ၍ စွပ်စွဲလိုက်ခြင်းလေလား မပြောတတ်။

အန်တီခိုင်ဝင်းသည် သန္တာစိုးအပြောကြောင့် သူမ ချွေးမလောင်းကို အားနာနေဟန်တူသည်။

"ကဲ ... သန္တာ အစတုန်းကတော့ ရဲရဲမှာ ဒီအစီအစဉ်မျိုး ရှိမနေရင် သန္တာကို အန်တီခိုင်ဝင်း ဒီအိမ်မှာခေါ်ထားမလို့ စိတ်ကူးမိသေးတယ်။ ဒါပေမဲ့ အခုတော့ ရေဝတီကို အခန်းတစ်ခန်းပေးရဖို့ဖြစ်လာပြီ"

၃



"ကိစ္စမရှိပါဘူး အန်တီခိုင်၊ ညှိသည်လာ အိမ်သူပြေး ဆိုတာလိုပေါ့။ သန္တာ့အတွက် အကြောင်းမဟုတ်ပါဘူး၊ သီသီစန်းကလည်း သူနဲ့လာနေဖို့ ခေါ်နေသားပဲ"

"ဘာ ... သီသီစန်းက ခေါ်တယ် ဟုတ်လား"

"ဟုတ်ပါတယ် အန်တီခိုင်၊ ဒါပေမဲ့ သီသီစန်းနဲ့ အတူတူနေဖို့ သန္တာ သိပ်မစဉ်းစားသေးပါဘူး၊ သီသီစန်းနေတဲ့နေရာက စုတ်ပဲ့လွန်းလို့လေ"

တစ်ဦးတည်းသောသမီး မိခင်ကို ခြေစုံကန်ပြီးထွက်သွားသော သမီးဖြစ်သူ သီသီစန်းအမည်ကြားရင်ဖြင့် အန်တီခိုင်ဝင်း၏ မျက်နှာသည် တင်းမာသွား၏။ ပြီးတော့ ချက်ချင်းပဲ ညှိုးငယ်သွားပြန်လေ၏။ သို့သော် သီသီစန်း၏အကြောင်းကို ဆက်၍ မေးမြန်းခြင်းမပြုပါလေတော့။

"သန္တာ ပြန်တော့မယ် အန်တီခိုင်၊ ကိုနေရဲနဲ့ မရေဝတီကိုပါ နှုတ်ဆက်ပါသတဲ့ရှင်"

သန္တာစိုး ဆက်တီကုလားထိုင်မှထသည်။ ကုလားထိုင်ကျောမှီပေါ်တွင် တင်ထားသော ယုန်မွေးခါးရှည်အနွေးထည်ကို ကောက်ကိုင်လိုက်သည်။

နေရဲသည် သန္တာစိုး၏ လှပလွန်းသော အနွေးထည်ကို စိုက်ကြည့်မိလိုက်၏။ ယုန်မွေးမှ အတိုစားမဟုတ်၊ အရှည်စားဖြစ်သောကြောင့် ထိုးထိုးထောင်ထောင် ဖွား၍ထနေသော အမွေးကြီးများဖြစ်သည်။ အသွေးအရောင်မှာ နီနီရဲရဲ မြင်နှင့်ပင် အဖိုးတန် နိုင်ငံခြားဖြစ် အနွေးထည်မှန်း နေရဲ သတိပြုမိ၏။ သန္တာစိုးသည် ကြွယ်ဝသောမိန်းကလေးမဟုတ်။ သန္တာစိုး အန်တီ

www.burmeseclassic.com



နိုင်ဝင်းကို ချဉ်းကပ်ရင်း နေရဲလို လူကောင်းသူကောင်းတစ်ဦး မိမိအဖော်အဖြစ် ဘဝရေးအတွက် ရယူရန်ကြိုးစားခဲ့သည်။ အန်တီနိုင်ဝင်း နေအိမ်တွင် နေရဲကို အကြောင်းပြု၍ ကပ်နေရန် ကြိုးစားခဲ့သူ။ ဤသို့သောမိန်းကလေးမျိုးသည် မည်သို့သော ဝင်ငွေဖြင့် တန်ဖိုးကြီး ယုန်မွေးအနွေးထည်မျိုးကို ဝယ်နိုင်ပါမည်နည်း။

သန္တာခိုး ပြန်သွား၍ တံခါးပေါက်ဝမှ မထွက်သေးမီ တယ်လီဖုန်းသံက မြည်လာခဲ့သည်။ တယ်လီဖုန်းကို အန်တီနိုင်ဝင်း ဝင် နားထောင်လိုက်ပါ၏။

"ဟုတ်ကဲ့ ရောက်နေပါပြီ၊ ခေါ်ပေးပါ့မယ်"

အန်တီနိုင်ဝင်းက ဖုန်းပြောခွက်ကို ပိတ်ထားပြီး "ရဲရဲရေ ဖုန်းဟေ့၊ ရဲရဲရဲ့ ရုံးကဆက်တာ၊ တကယ်ပဲ လူဖြင့်ရောက်မယ်မကြာသေးဘူး ရုံးကခေါ်ပြီ၊ ဒီမှာ လက်ထပ်မယ့်သတို့သမီးလောင်းလည်းပါတယ်၊ အကောင်းဆုံးကတော့ ခွင့်ယူထားလိုက်ရဲရဲ။ ဝတီရောက်ခါစလေးမှာ ရဲရဲ ခွင့်ယူထားဖို့ကောင်းတယ် ရော့ ရော့ ... ဖုန်းလာပြောဦး" ဟု။

အန်တီနိုင်ဝင်းက ညည်းညည်းညူညူပြောရင်း ဖုန်းကိုလှမ်းပေးသည်။ ရဲရဲ ဖုန်းယူလေပြောမှ နေရဲ ဖုန်းကို လှမ်းယူဖြစ်၏။ ဖုန်းကို နားထောင်ရင်း နေရဲ သန္တာခိုးကို လှမ်းကြည့်လိုက်သည်။ သန္တာခိုးသည် ပြန်တော့မည်ဆိုပြီးမှ ဖုန်းလာသောကြောင့်လားမသိ။ တံခါးပေါက်တွင် ဆက်မသွားဘဲ ရပ်နေလေသည်။ နေရဲ လှမ်းကြည့်မှပင် ဆက်၍ ထွက်ခွာသွားပါလေ၏။

နေရဲ ဖုန်းပြောနေစဉ် အန်တီနိုင်ဝင်းမှ ရေဝတီ၏ လက်ကို ယုယုယယဆွဲပြီး ထိုင်ရာမှ ထစေသည်။



"လာ ဝတီ၊ ဒီတိုက်လေးရဲ့ အနေထားအားလုံး အန်တီနိုင်ဝင်း လိုက်ပြပေးမယ်၊ ဝတီက ဒီအိမ်မှာပဲနေရမှာဆိုတော့ ဒီအိမ်ရဲ့အနေအထားကို သိဖို့လိုတယ်လေ၊ ဒါ ဝတို့အိမ်ပဲ။ ဝတီ တစ်သက်လုံးနေရမှာမဟုတ်လား"

"ရှင် ဝတီ တစ်သက်လုံးနေရမယ် ... ဟုတ်လား"

"အေ့လေကွယ်၊ နေရဲနဲ့ လက်ထပ်မှတော့ ဝတီ တစ်သက်လုံး ဒီမှာနေရမှာပေါ့၊ ဒါ အဆန်းလား၊ ဘာဖြစ်လို့ ဝတီက အံ့ဩသလိုဖြစ်သွားရတာလဲ"

အမှတ်တမဲ့မို့ ရေဝတီ သတိမေ့သွားမိ၏။ တစ်သက်လုံးနေရာမှာဟူသောစကားကို ရေဝတီက လက်မခံလိုသောသဘော ဆက်ရောက်သွား၏။ ရေဝတီ၏စကားကို အန်တီနိုင်ဝင်းက ချက်မှောင်ကုတ်၍ စမ်းစစ်သလိုပြောမှပင် ကိုနေရဲနှင့် သူမအား တယ်လက်ထပ်ရမည့် ချစ်သူတွေပါလားဟု အန်တီနိုင်ဝင်း သူထားပုံကို သတိရလိုက်မိပါ၏။

"သြော် ... ဝတီဆိုလိုတာက ကိုကိုရဲက လက်ထပ်ပြီး ဒီမှာပဲဆက်နေမယ်လို့ ဝတို့ကို ပြောမထားလို့ပါ။ ဝတီက လက်ထပ်ပြီးရင် တခြားမှာသွားနေရမလားထင်လို့ပါ"

"ဘာကွယ့်၊ ရဲရဲက လက်ထပ်ပြီးရင် တခြားမှာသွားနေမယ် ဆိုတဲ့စိတ်ကူးမျိုးများ ရှိနေပုံရနေလို့လား ဝတီ"

"အဲဒီလိုတော့ ကိုကိုရဲ တစ်ခါမှမပြောဖူးပါဘူး။ ဝတီ တွေးမိတာကိုပြောမိတာပါ အန်တီနိုင်ဝင်း"

"ဝတီကရော လက်ထပ်ပြီးရင် တခြားမှာသွားနေမယ်ဆိုတဲ့ စိတ်နဲ့ ရဲရဲကိုခေါ်သွားဖို့ ရည်ရွယ်ချက်များရှိနေသလား"

www.burmeseclassic.com

www.burmeseclassic.com



"လုံးဝမရှိပါဘူး အန့်တီခိုင်ဝင်း၊ အိမ်ထောင်ကျကာစ စနိုးအောင်နဲ့အဖို့ အိုးသစ်အိမ်သစ်ထူထောင်ရတဲ့ကိစ္စက လွယ်တာမှမဟုတ်တာ။ အန့်တီခိုင်ဝင်းရဲ့တိုက်မှာပဲ ဝတီတို့နေမှာပါ"

ရေဝတီ့အဖြေကို ဒေါ်ခိုင်ဝင်း ကျေနပ်သွားသည်။ ဒေါ်ခိုင်ဝင်း၏ ကုတ်ထားသောမျက်မှောင်ကုတ်ခြင်းက ပြေသွားတော့၏။

ဒေါ်ခိုင်ဝင်းက တစ်ခန်းဝင် တစ်ခန်းထွက်ပြသည်။

"အေးကွယ် ... အန့်တီခိုင်ဝင်းရဲ့အရွယ်က လူငယ်တွေ အလေးအနက်မထားချင်တော့တဲ့အရွယ် ရောက်နေပြီလေ။ အန့်တီ့ရဲ့အတွေးအခေါ်အယူအစ အဆုံးအမတွေကို မနာခံချင်တော့ဘူး။ ချုပ်ချယ်တယ်လို့မြင်ကြရော။ အန့်တီခိုင်ဝင်းမှာ သမီးတစ်ယောက်ရှိတယ်။ သီသီစန်းတဲ့။ အဲဒီလို မြင်သွားလို့ အိမ်ပေါ်ကဆင်းသွားတာကြာပြီ"

"ကိုကိုရဲ့ ပြောပြဖူးပါတယ်၊ ကိုကိုရဲ့ကတော့ သီသီစန်း ဆိုးတယ်လို့ပဲမြင်ပုံရပါတယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်။ အန့်တီခိုင်ဝင်းဆိုလိုချင်တာက သီသီစန်းအကြောင်း မဟုတ်ပါဘူး။ ရဲရဲနဲ့ ဝတီကို လက်ထပ်ပြီးလည်း ဒီမှာနေစေချင်တာပဲ အဓိကပါ။ ရဲရဲက တူတော်မောင်ဆိုပေမယ့် အန့်တီ့ရဲ့သားဆိုလည်း မမှားဘူးပေါ့ကွယ်။ ရဲရဲသာလက်ထပ်ပြီး အိမ်ခွဲသွားရင် အန့်တီခိုင်ဝင်းရဲ့ဘဝ အထီးကျန်ဆန်လွန်းပြီး အင်မတန်ဝမ်းနည်းစရာကောင်းမှာ"



"စိတ်ချပါ အန့်တီခိုင်ဝင်း၊ ကိုကိုရဲက အိမ်ခွဲနေဖို့ ဘယ်တော့မှ စိတ်ကူးထဲထည့်မှာမဟုတ်ပါဘူး"

ထိုအခိုက်မှာပင် အဝတ်အစားလဲလှယ်ထားသည့် ရဲရဲ အခန်းထဲမှထွက်လာခဲ့၏။

"အန့်တီခိုင်ဝင်းရေ ကျွန်တော် အစည်းအဝေးသွားဦးမယ်၊ မိုးချုပ်ရင်ချုပ်လိမ့်မယ်"

"အန့်တီခိုင်ဝင်းသာ ရဲရဲဆိုရင် ဘယ်လိုပဲအရေးကြီးပါစေ ကိုယ့်ချစ်သူအနားက ခွာမှာမဟုတ်ဘူး။ ဝတီ့ကိုခေါ်ပြီး လျှောက်လည်မယ်၊ ဝတီစားချင်တဲ့နေရာ သွားချင်တဲ့နေရာတွေကို လိုက်ပို့မှာပဲ၊ ဝတီက အခုမှ ရန်ကုန်ကိုရောက်လာတာလေ"

"အစိုးရဝန်ထမ်းဆိုတာ မိမိကိုယ်ရေးကိုယ်တာကို ဦးစားပေးလို့မရဘူးလေ အန့်တီခိုင်ဝင်း၊ အစည်းအဝေးက အရေးကြီးလို့ခေါ်တာဆိုတော့ ရဲရဲ မသွားလို့ဘယ်ရပါ့မလဲ။ ကိုယ့်ချစ်သူအပါးမှာမနေချင်သူ ဘယ်ရှိပါ့မလဲ အန့်တီရာ"

"သွားပါကွယ်၊ သွားပါ၊ အန့်တီခိုင်ဝင်းက ကိုယ့်ချစ်သူကိုယ့်စနိုးလောင်းကို ခေါ်လာတာဆိုတော့ အနားယူပြီး ချစ်သူနဲ့ ပျော်ပျော်ပါးပါးနေစေချင်လို့နော်"

"အာ ... ဒါအတွက်နဲ့တော့ စိတ်ချ အန့်တီခိုင်ဝင်း၊ ဝတီက ရဲရဲကို နားလည်ပါတယ်၊ ခွင့်လွှတ်ပါတယ်၊ ဟုတ်ဘူးလား ဝတီ"

ရေဝတီ ပြုံးပြသည်။ ခေါင်းညိတ်ပြပါလေ၏။

"တွေ့တယ်မဟုတ်လား အန့်တီ"

www.burmeseclassic.com

www.burmeseclassic.com



နေရဲက ရွတ်နောက်နောက်ပြောရင်း ဒေါ်ခိုင်ဝင်း၏ နှာခေါင်းကို လှမ်း၍ မနာတနာလိမ်လိုက်ပါ၏။

"အယ် ... ဒီခွေးကောင် သွားရင်လည်းသွားစမ်း။ ဘာမှန်းကိုမသိဘူး၊ အကျင့်ကိုက နှာခေါင်းအားကြီးဆွဲချင်တယ်"

အန်တီခိုင်ဝင်းက သူမ၏ တူတော်မောင် နေရဲ ထွက်သွားသွားသည်ကိုကြည့်ရင်း ကြည်နူးနှစ်သိမ့်စွာ ကြည့်ရင်း ပြောပါလေ၏။

"ရဲရဲ အကျင့်ကတော့ ဒီအတိုင်းပဲ ဝတီ၊ သူ့စိတ်ထဲ ကြည်နူးတဲ့အခါ ဒီလိုပဲ ဆိုးခနဲဆတ်ခနဲ နှာခေါင်းဆွဲလိမ်တတ်တယ်။ ဝတီ့ကို ရဲရဲက ခဏခဏ နှာခေါင်းကိုဆွဲလိမ်မှာပဲနော်"

"တစ်ခါမှ ဝတီ့နှာခေါင်းကို ဆွဲမလိမ်ပါဘူး အန်တီရယ်"

"ဘာကွယ့် ... မဟုတ်နိုင်တာ"

ရေဝတီ လွှတ်ခနဲပြောလိုက်ခြင်းသည် အန်တီခိုင်ဝင်း၏ စကားအရ ကိုနေရဲသည် ချစ်ခင်သူကို နှာခေါင်းလိမ်ဆွဲတတ်သော အလေ့အကျင့်ရှိပါလျက်နှင့် မိမိအားတစ်ခါမျှ အလိမ်မခံရစဖူးပါဟုဖြေလိုက်မိခြင်းသည် နေရဲက မိမိကို မချစ်ပါဟု၍ ဖြေလိုက်သလိုဖြစ်သွားရသည်။

"ရေဝတီကိုတော့ ကိုကိုရဲက နှာခေါင်းဆွဲမလိမ်ပါဘူး အန်တီခိုင်ဝင်း၊ ဝတီ့ပါးကိုသာ ဆွဲလိမ်လေ့ရှိတာပါ"

အန်တီခိုင်ဝင်း တစ်ခဏတွေဝေသွားသည်။ ပြီးတော့ ဘာသာသဘောကျစွာရယ်လိုက်ပါ၏။



"အင်းပေါ့လေ၊ ဒီကောင်က နေရာပြောင်းပြီးလိမ်မှာပေါ့။ အန်တီခိုင်ဝင်းတို့ သီသီစန်းတို့ဆိုတာက အဒေါ်နဲ့ညီမဖြစ်နေတာကိုး။ ဟုတ်သားပဲ ဝတီ့ကိုတော့ နေရာပြောင်းပြီးလိမ်မှာပါ။ ဝတီက ချစ်သူပဲ။ ဒီကောင်မဆိုးဘူး ဝတီ။ ဒီကောင်မဆိုးဘူးကွယ့်"

ဒေါ်ခိုင်ဝင်းက ဆက်၍ရယ်သည်။ ရေဝတီပါ လိုက်၍ပြုံးပါလေတော့၏။ တော်သေးသည်။ အလှျောက်ကောင်း၍သာ အထောင်းလွတ်လေတော့၏။ အိမ်ပေါ်ရောက်၍မင်မကြာသေး ချိုသူကိစ္စအယောင်ဆောင်ထားသည့်ကိစ္စကြီး အန်တီခိုင်ဝင်း ရိပ်မိသွားဖို့ တည်းတည်းလေးသာလိုသွားပါတော့၏။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

ရန်ကုန်မြို့ ကမ်းနားလမ်းအတိုင်း နေရဲ လျှောက်လိုက်သည်။ သူ့ခြေလှမ်းများက မြေညီထပ်ဖယ်ပြီးလျှင် အဆင့်ခြောက်လွှာရှိသော အဆောက်အအုံကြီးရှေ့တစ်ခုတွင် စုံရပ်လိုက်ပါ၏။ ခေတ်မီလှပသောအဆောက်အအုံကြီးဖြစ်သည်။ နေရဲ ခြောက်ထပ်အဆောက်အအုံကြီးထဲသို့ ဝင်ရောက်လိုက်သည်။ အပေါ်ထပ်သို့တက်သော ကြောင်လိမ်လှေကားရှိသည်။

နေရဲက ခြောက်ထပ်တိုက်အဆောက်အအုံကြီးရှိ ကြောင်လိမ်လှေကားကိုမသုံး။ အောက်ဆုံးထပ်လှေကားအောက်တွင် သံဆွဲတံခါးဖြင့်ပိတ်ထားသော ဓာတ်လှေကားရှိသည်။ နေရဲက ရှပ်အင်္ကျီအိတ်ထဲမှသော့တစ်ချောင်းကို ထုတ်လိုက်၏။ ပိတ်ထားသောတံခါးသော့ခလောက်ကို သော့တံဖြင့်ဖွင့်လိုက်၏။

တံခါးပွင့်သွားသည်။ သံဆွဲတံခါးကိုတွန်း၍ နေရဲ ဝင်လိုက်၏။ ပိတ်ထားသော မီးခိုးရောင်တံခါးနှစ်ချပ်ပေါ်လာခဲ့သည်။ ဓာတ်လှေကား၏ပေါင်ပေါ်မှခလုတ်ကို နေရဲ နှိပ်လိုက်၏။ အလိုအလျောက်ပင် တံခါးနှစ်ချပ်ပွင့်သွားသည်။



ဓာတ်လှေကားအတွင်းသို့ နေရဲ ဝင်လိုက်သည်။ အရောင်စုံခလုတ်များ တန်းစီနေသည်။ နေရဲက အဝါရောင်ခလုတ်ကို နှိပ်လိုက်သည်။ ဓာတ်လှေကား ငြိမ့်ခနဲ အပေါ်သို့ကြွတက်သွားခဲ့သည်။ ဓာတ်လှေကားကြီး ကြွတက်သည်နှင့် သံဆွဲတံခါးသာ အလိုအလျောက် သူ့ဘာသာပြန်ပိတ်သွားခဲ့ပါ၏။

ခြောက်ထပ်အဆောက်အအုံ၏ တစ်နေရာတွင် ဓာတ်လှေကားရပ်သွားသည်။ အပြင်သို့ နေရဲ ထွက်လိုက်၏။ ဓာတ်လှေကားပေါင်မှ ခလုတ်တစ်ခုကို နေရဲ ပြန်နှိပ်လိုက်၏။ ဓာတ်လှေကားကြီးသည် အလိုအလျောက် စီးမည့်သူမပါဘဲ ပြန်ဆင်းသွား၏။ အရာရာသည် လျှို့ဝှက်သောခလုတ်နှိပ်စနစ်ကိုသာ သုံးထားခဲ့၏။

နေရဲ ကော်ရစ်ဒါမှ လျှောက်လာသည်။ အဆောက်အအုံက ကျယ်ပြန့်သည်။ အခန်းတွေကများသည်။ ပြီး အခန်းတိုင်း၏တံခါးသည် ပိတ်၍ထား၏။ အခန်းနံပါတ်မရှိ။ အခန်းအားလုံး မီးခိုးရောင်တွေသာဖြစ်သည်။ အခန်းတံခါး၏ထိပ်ဝတိုင်းတွင် ဘိရှ္မာန်အရုပ်ကလေးများ ရှိကြသည်။ ကြောင်ရုပ်။ ခွေးရုပ်။ ကျွဲနွားရုပ်။ ဓီးကွက်ရုပ်။ သိမ်းငှက်ရုပ်။ ဝေလငါးရုပ်။ ခရုရုပ်သည်ဖြင့်ဖြစ်သည်။ အခန်းတစ်ခန်းသည် ယနေ့ ခွေးရုပ်ဖြစ်သော်လည်း နောက်နေ့ ခရုရုပ်ဖြစ်ချင်ဖြစ်နေပေမည်။

အချင်းချင်း လျှို့ဝှက်အချိန်းအဆက်တွေမရှိလျှင် အဆောက်အအုံကြီး၏ မည်သည့်အခန်းကိုဝင်ရမည်ကို မသိနိုင်။ ဝက်ဝံပါထဲရောက်နေသလို ချာချာလည်သွားမည် ဖြစ်ပေါ်၏။

www.burmeseclassic.com

www.burmeseclassic.com



နေရဲက အခန်းတံခါးထိပ်မှ အရုပ်ကိုကြည့်လိုက်၏။ ကင်းခြေများရုပ် တပ်ထားသော အခန်းဖြစ်၏။

အကျီအိတ်ထဲမှ သော့တံကိုထုတ်ယူပြီး နေရဲက ကင်းခြေများအခန်းကို ဖွင့်လိုက်သည်။ အခန်းပွင့်သွားခဲ့ပါလေ၏။

အခန်းထဲတွင် အစည်းအဝေးစားပွဲကြီးရှိသည်။ လူအတော်များများထိုင်နိုင်သော်လည်း စားပွဲထိပ်တွင် ပုဂ္ဂိုလ်သုံးဦးသာရှိနေခဲ့၏။

သုံးယောက်လုံး (၄၅)နှစ်မှ (၅၀)နှစ်အကြားရှိသူတွေပဲဖြစ်သည်။ သူတို့၏အမည်နာမ။ ဂုဏ်ပုဒ်တွေကို နေရဲမသိ။ သိစရာမလို။ နေရဲက သူတို့အား နှင်းဆီ၊ ဂန္ဓမာ၊ စံပယ် ပန်းသော လျှို့ဝှက်အမည်များဖြင့်သာ ဆက်ဆံနိုင်၏။

ဦးနှင်းဆီ၊ ဦးဂန္ဓမာ၊ ဦးစံပယ်တို့သုံးဦးလုံးက ခရီးဦးကြိုပြုခြင်းမရှိ။ နေရဲက ဦးစံပယ်အနီးတွင် ဝင်ထိုင်သည်။ ဦးစံပယ်က ကိရိယာတစ်ခုဖြင့် ကင်းခြေများတစ်ခန်းလုံးကို စစ်ဆေးရှာဖွေမှုပြုလိုက်သည်။

"အားလုံးရှင်းတယ်။ ကလီယားပဲ။ ဒီနေရာက အသံကို ဘယ်သူတစ်ဦးတစ်ယောက်မှ ကြားဖြတ်ခိုးပြီး နားထောင်ဖို့ကြံစည်ထားတာမရှိဘူး၊ အစည်းအဝေးစနိုင်ပြီ"

"ဒါလောက် စေ့စေ့စပ်စပ် လုပ်တာတောင် တို့အထဲက သတင်းအချို့ပေါက်ကြားနေတာတော့သိပ်ဆန်းလွန်းတယ်"

ဦးဂန္ဓမာက မကျေမနပ်စကားပြောလိုက်သည်။ ထိုစဉ်မှာပင် စားပွဲပေါ်ရှိ တယ်လီဖုန်းက အသံမြည်လာခဲ့သည်။ ဦးနှင်းဆီက ကောက်နားထောင်လိုက်သည်။



"မင်း သေသေချာချာကြည့်ထားနော်"

"အေး ... မျက်ခြည်မပြတ်စေနဲ့"

ဦးနှင်းဆီက ဖုန်းချလိုက်သည်။ ဦးနှင်းဆီက နေရဲကို ကြည့်ကာ ပြောလိုက်သည်။

"နေရဲနောက်ကို လူတစ်ယောက်လိုက်လာတာတွေ့တယ်တဲ့။ နေရဲ အင်းလျားမြိုင်လမ်းအိမ်က ထွက်လာကတည်းက နောက်ကပါလာတာ။ အရပ်ရှည်ရှည် ပိန်ပိန်"

"ကိုပိန်ရှည်"

နေရဲက စိတ်ထဲမှာ ဘာသာရေရွတ်မိသည်။ မိမိနောက်သို့ ရေဝတီ အမည်ပေးထားသော ကိုပိန်ရှည် လိုက်နေပြီမှန်းသိလိုက်ရ၏။

"အဲဒီလူကို နေရဲ သိသလား"

"ကိုပိန်ရှည်လို့ အမည်ပေးထားပါတယ်"

"နာမည်တောင် နေရဲက သိနေတာဆိုတော့ ဒီလူ နောက်ယောင်ခံလိုက်နေတာ နေရဲ သိတယ်ပေါ့"

"နာမည်အရင်းကို မသိဘူး။ ပိန်တဲ့အတွက် ပိန်ရှည်လို့ အမည်ပေးထားခဲ့တာပါ။ ဒီလူ့ကို (၇)မိုင်ဟိုတယ်တစ်ခုမှာ စတွေ့ခဲ့တာပါပဲ။ ဒီလူဟာ အင်းလျားမြိုင်လမ်းက ထွက်လာကတည်းက နောက်ယောင်ခံလိုက်လာတာမဟုတ်ပါဘူး။ မန္တလေးမှာကတည်းကပါ"

"သေချာရဲ့လား နေရဲ"

"သေချာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သေချါတယ်ဆိုပေမယ့် စဉ်းစားစရာရှိနေတယ်။ အခု လတ်တလောအခြေအနေနဲ့ပြောရင် နေရဲမှာ ပန်းရန့်စစ်ဆင်ရေးနဲ့ပတ်သက်တဲ့ စုံစမ်းမှုအခြေအနေသတင်းမျိုး ဘာမှ မရှိသေးဘဲနဲ့ ဘယ်လိုအဖိုးတန်သတင်းမျိုး ရှိနိုင်မှာလဲ။ အဲဒီလိုအခြေအနေမှာ ကိုပိန်ရှည်က ဘာကြောင့် နေရဲနောက်ကို လိုက်နေရသလဲ"

"ဘာကြောင့်လိုက်နေရသလဲဆိုတဲ့ မေးခွန်းကို ကျွန်တော် တိတိကျကျမဖြေနိုင်သေးပါဘူး။ ကိုပိန်ရှည်လိုက်လာပုံကိုတော့ ကျွန်တော် တင်ပြနိုင်ပါတယ်"

နေရဲက ဆက်လက်ပြီး ရေဝတီ ပြောပြသည့် ကိုပိန်ရှည်နှင့် ဆုံစည်းပုံတွေအားလုံးကို မန္တလေးမှအစ ရန်ကုန် ရောက်သည်အထိ ပြောပြလိုက်၏။ ထို့နောက် နေရဲကပင် ဦးနှင်းဆီကို ပြန်၍ မေးခွန်းထုတ်လိုက်ပါ၏။

"ဒီကိုပိန်ရှည်ဟာ ဦးနှင်းဆီတို့အဖွဲ့ကပဲ ကျွန်တော့်ရဲ့ လှုပ်ရှားမှုတွေ Check (ချက်(ခ်))လုပ်ဖို့ စောင့်ကြည့်ဖို့ တစ်ကျော့ပြန်လွှတ်ထားတဲ့လူတစ်ယောက် မဟုတ်ဘူးလား"

"လုံးဝမဟုတ်ဘူး။ ခုချိန်ထိ နေရဲကို တို့ ယုံကြည်နေတယ်။ ဘာသံသယမှမရှိဘူး။ ဒါကြောင့် နေရဲရဲ့နောက်ကို တန်ပြန်လွှတ်စရာမလိုဘူး"

"ကျေးဇူးတင်ပါတယ်။ ဒါဆိုရင် ကျွန်တော့်ကို ဆက်ဆွေးခွင့်ပြုပါဦး။ သန္တာစိုးရဲ့အကြောင်းကို မန္တလေးမသွားခင်ကတည်းက တင်ပြထားပြီးပါပြီ။ ဒီကိစ္စကို ဦးနှင်းဆီတို့အဖွဲ့



က ဆက်စစ်ဆေးထားမယ်ပြောပါတယ်။ အဲဒါ ထူးခြားချက်ရှိလာပါပြီလား"

"ရှိလာတယ်။ ဒါကြောင့် အစည်းအဝေးခေါ်ရတာပဲ။ ကဲ ဦးဂန္ဓမာက သန္တာစိုးအကြောင်း ပြောပြပေးပါ"

ဦးဂန္ဓမာက ဆက်လက်၍ ရှင်းပြသည်။

"သန္တာစိုးဆိုတဲ့အမျိုးသမီးက တပ်မတော်က ဗိုလ်ကြီးတစ်ယောက်နဲ့ အိမ်ထောင်ကျတယ်။ ရှမ်းအမျိုးသားဗိုလ်ကြီး တပ်မတော်က အနားယူပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဇာတိ ကွတ်ခိုင်ကိုပြန်သွားတယ်။ အဲဒီမှာ သူအမွေရတဲ့ခြံလုပ်ငန်းတွေ လုပ်နေခဲ့တယ်။ သန္တာစိုးက ခင်ပွန်းနဲ့အတူတူ လိုက်သွားခဲ့တယ်၊ ပြည်မကို ပြန်မလာဘူး။ ဟိုမှာပဲ အခြေချနေထိုင်ခဲ့ကြတယ်"

"ဒါဆိုရင် အခု အိမ်ကို အဝင်အထွက်လုပ်နေတဲ့ သန္တာစိုးဟာ သန္တာစိုးအစစ် မဟုတ်ဘူးလို့ ဆိုလိုတာလား"

"ဆိုလိုတာမဟုတ်ဘူး။ သူဟာ သန္တာစိုး ဟုတ်ကိုမဟုတ်ဘူးလို့ တိတိကျကျပြောတာ"

"ဟုတ်ပါ့မလား။ အန်တီခိုင်ဝင်းက သူ့ကို သန္တာစိုးအနေနဲ့ပဲ အသိအမှတ်ပြုထားတာပဲ ဦးဂန္ဓမာ"

"တို့ သန္တာစိုးအစစ်ရဲ့ဓာတ်ပုံရထားတယ်။ ဒီက ငတိမလေးရဲ့ဓာတ်ပုံကိုလည်း ရထားတယ်။ ဓာတ်ပုံနှစ်ပုံကိုယှဉ်ကြည့်ရင် ရုတ်တရက် ရုပ်ချင်းတူသလိုလိုရှိတယ်။ ခန္ဓာကိုယ်အရုပ်အမောင်းကအစတူနေတယ်၊ ဒါပေမဲ့ ပုံကြီးချဲ့ပြီး အသေအချာစစ်ဆေးကြည့်လိုက်တဲ့အခါ အဖြေပေါ်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကွဲပြားခြားနားတာတွေ အများကြီးပါပဲ။ မောင်ရင့် အန်တီက ငါးနှစ်သမီးလောက်ကသာ တွေ့ခဲ့ဖူးတာ ဆိုတော့ သန္တာစိုးအတုကို အစစ်ယောင်ဆောင်ပြီး ပုံမှားရိုက်လာဖို့ အခွင့်အရေးရသွားတာပေါ့”

“ဒါဖြင့် သူက ဘယ်သူလဲ”

“သူ့နာမည်က နန္ဒာတဲ့။ နောင်ချိုမှာနေခဲ့တယ်၊ နောင်ချို မှာတုန်းက ရရစားစားဘဝမျိုးပဲ။ အခု ရန်ကုန်မှာ သန္တာစိုး နာမည်ခံထားပြီး ငွေကို ဖောဖောသီသီသုံးနေနိုင်တယ်။ အဝတ်ကောင်းဝတ်၊ အစားကောင်းစားနိုင်တယ်။ အိမ်ဖြူ ဟိုတယ်မှာတည်းခိုနေတယ်၊ ငွေကို အတော်သုံးနေနိုင် တယ်”

“အန်တီခိုင်ဝင်းက နန္ဒာကို သန္တာစိုးအဖြစ်နဲ့ ယုံကြည်နေ တာ အံ့ဩစရာပဲ”

“ငါ့စိတ်ထင်တော့ နန္ဒာဟာ မင်းတို့မိသားစုရဲ့အတွင်းရေး တွေကို တစ်ယောက်ယောက်ဆီက သိထားလိမ့်မယ်။ အဲဒီ အကြောင်းတွေကို အန်တီခိုင်ဝင်းကို ပြောပြပြီး သူ့ကိုယ်သူ သန္တာစိုးလို့ပြောလိမ့်မယ်။ သန္တာစိုးဟာ နောက်ကြောင်း တွေပြန်ပြောနိုင်တာနဲ့ပဲ သန္တာစိုးအစစ်လို့ လက်ခံလိုက်တဲ့ သဘောမျိုးဖြစ်နိုင်ပါတယ်”

နေရဲ၏ မျက်စိထဲတွင် အပြေးအလွှား သီသီစန်းကို မြင်လိုက်မိ၏။ ဦးခေါင်းကိုလည်း ညိတ်ပြလိုက်သည်။

“ဖြစ်နိုင်ပါတယ်။ အန်တီခိုင်ဝင်းမှာ သီသီစန်းဆိုတဲ့ သမီး တစ်ယောက်ရှိတယ်။ ကျွန်တော့်ညီမတစ်ဝမ်းကွဲပေါ့။ အိမ်



ကစိတ်ဆိုးပြီး သီသီစန်း ထွက်သွားတာ နှစ်နှစ်နီးပါးရှိပြီ။ သီသီစန်း ဘယ်မှာရှိမှန်းမသိဘူး။ ဒါပေမဲ့ အန်တီခိုင်ဝင်း တော့ သီသီစန်းရှိနေတဲ့နေရာကို သိချင်သိလိမ့်မယ်။ သီသီ စန်းနဲ့ပတ်သက်ပြီး အန်တီခိုင်ဝင်းက ဘာမှမပြောခဲ့ဘူး။ သီသီစန်းနဲ့ နန္ဒာ ဆက်သွယ်မှုရှိတယ် ဆိုရင်တော့ ကျွန်တော် တို့မိသားစုရဲ့အတွင်းရေးတွေကို သီသီစန်းတစ်ဆင့် နန္ဒာ သိရနိုင်ပါတယ်၊ ဒါ ကျွန်တော့်ခန့်မှန်းချက်ကို ပြောတာပါ”

“သိပ်ဖြစ်နိုင်တာပေါ့။ ဒါဆိုရင် တို့တစ်တွေ သီသီစန်းကို ခြေရာခံရမယ်။ နန္ဒာနဲ့ သီသီစန်း ဆက်သွယ်မှုရှိမရှိကို စုံစမ်းရမယ်”

နေရဲသည် သူ၏ တင်ပြချက်မှာ ရာခိုင်နှုန်းအတော် များများမှန်ကန်လိမ့်မည်ဟု ယူဆမိသည်။ အင်းလျားမြိုင်လမ်းအိမ် တွင် နေခွင့်မရလျှင် သီသီစန်း၏အိမ်တွင် နေမည်ဆိုကနေနိုင် ကြောင်း၊ သီသီစန်းက သန္တာစိုးကို ခေါ်ငင်ထားကြောင်း အယောင် ဆောင် နန္ဒာက ပြောခဲ့သည်ကို နေရဲ သတိရလိုက်မိသည်။

“နန္ဒာနဲ့ပတ်သက်ပြီး စဉ်းစားစရာ အချက်နှစ်ချက် ရှိလိမ့် မယ်၊ ကျွန်တော် တင်ပြချင်ပါတယ် ဦးဂန္ဓမာ”

“တင်ပြနိုင်ပါတယ်”

“နန္ဒာဟာ ကျွန်တော့်ညီမ သီသီစန်းနဲ့ ခင်မင်သူတွေဆို ပါတော့။ နန္ဒာကို ကျွန်တော်နဲ့နီးစပ်စေချင်လို့ အန်တီခိုင် ဝင်းကို အယုံသွင်းနိုင်တဲ့စကားမျိုးတွေ သင်ပေးထားပြီး ကျွန်တော့်အိမ်မှာ အတူတူလာနေခွင့်ရဖို့ ကြံစည်တာမျိုး ကော မဖြစ်နိုင်ဘူးလား”

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်ပါတယ်။ နေရဲလို ယောကျ်ားမျိုးတစ်ယောက်ကို အတော်များများမိန်းမပျိုတွေက လင်သားအဖြစ် ရွေးချယ်ကြလိမ့်မယ်ဆိုတာ မယုံနိုင်စရာမှမရှိဘဲ။ ဒုတိယအချက်ကို ဆက်တင်ပြပါ"

"ဒုတိယအချက်ကတော့ သန္တာခိုး အယောင်ဆောင် နန္ဒာဟာ ဒုစရိုက်ဂိုဏ်းတွေကို သတင်းရောင်းသူဖြစ်ချင်ဖြစ်နိုင်တယ်။ ကျွန်တော့်အိမ်မှာ နီးနီးကပ်ကပ်အတွင်းလူအဖြစ် နေခွင့်ရရင် ပန်းရန့်စစ်ဆင်ရေးရဲ့သတင်းတွေ ရနိုင်တယ်လို့ မျှော်လင့်နိုင်ပါတယ်။ နောက်ပြီး နန္ဒာဟာ သီပေါမှာတုန်းက ရရစားစားလို့ ဆိုထားတယ်။ အခု နေနိုင်စားနိုင်ပြီး ငွေပေါနေတာဟာ ဒီလိုပဲ သတင်းရောင်းစားပြီး ငွေကြေးရနေနိုင်ပါတယ်။ သူဝတ်လာတဲ့ နိုင်ငံခြားဖြစ်ယုန်မွေးအင်္ကျီဟာ အကောင်းစားအင်္ကျီပါ။ နိုင်ငံခြားနဲ့အဆက်အသွယ်ရှိတဲ့ လူတစ်ယောက်က လက်ဆောင်ပေးတာဖြစ်နိုင်ပါတယ်။ အဲဒီလိုဆိုရင် ယုန်မွေးအင်္ကျီပေးတဲ့သူဟာ နိုင်ငံခြားနဲ့ အဆက်အသွယ်ရှိသူပဲဖြစ်လိမ့်မယ်။ ကျွန်တော်တို့ ပန်းရန့် စစ်ဆင်ရေးကလည်း နိုင်ငံရပ်ခြားက ဒုစရိုက်အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်မှုကို စုံစမ်းနေရတာပဲမဟုတ်လား"

ဦးနှင်းဆီ၊ ဦးဂန္ဓမာ၊ ဦးစံပယ်တို့သုံးဦးက နေရဲ၏ တင်ပြချက်အပေါ် အလေးအနက်ထားကြသည်။ နေရဲ တင်ပြချက်တွေကို စေ့စေ့စပ်စပ်စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း အဖြေပေးခဲ့ကြသည်။



"ကောင်းပြီလေ ငါတို့စုံစမ်းပေးမယ်၊ တို့တစ်တွေ လုပ်ငန်းကို ပြန်ဆန်းစစ်ကြည့်ရအောင်။ သန္တာခိုးဟာ နေရဲရဲ့အိမ်ပေါ်ရောက်မလာနိုင်အောင် တားမြစ်တဲ့ နည်းပရိယာယ်အတွက် မန္တလေးက ဦးအောင်စည်ရှိရာကို နေရဲ သွားခဲ့တယ်။ ဦးအောင်စည်က မရေဝတီဆိုတဲ့မိန်းကလေးကို ထည့်ပေးလိုက်တယ်။ မရေဝတီနဲ့ နေရဲဆက်သွယ်မိတဲ့ အချိန်မှာ တစ်ချိန်းတည်းမှာပဲ ကိုမိန်ရှည်ဆိုတဲ့လူ ပေါ်လာတယ်။ မရေဝတီဆိုတဲ့မိန်းကလေးဟာ ယုံကြည်စိတ်ချရတဲ့ မိန်းကလေးဖြစ်ပါ့မလား"

"အန်ကယ်(လ်)အောင်စည် ရွေးပေးလိုက်တာပဲ"

"ထားတော့၊ ဦးအောင်စည် ရွေးပေးခဲ့တာမှန်ပါတယ်၊ နေရဲကိုယ်တိုင်ရော အခု မရေဝတီနဲ့ ဆက်သွယ်လာတဲ့အခါမှာ ဒီမိန်းကလေး ဘယ်လိုသဘောရပါသလဲ"

"အန်ကယ်(လ်)အောင့်အတိုင်းပဲ ရေဝတီဟာ အင်တာမန့်သစ္စာရှိတဲ့မိန်းကလေး၊ စိတ်ချရတဲ့မိန်းကလေးလို့ပဲ သဘောရပါတယ်၊ ဒီအဖွဲ့က ရေဝတီကိုမြင်လည်း ဒီလိုပဲ သဘောရမှာပါ"

"ကောင်းပြီ၊ မရေဝတီနဲ့ နေရဲ ဆက်သွယ်မိပုံကနေစပြီး မန္တလေးမှာ ကြုံတွေ့ခဲ့ရတာတွေ ရန်ကုန်မှာကြုံတွေ့ရတာတွေကို အားလုံးတင်ပြပါ နေရဲ"

နေရဲက ရေဝတီနှင့်ဆက်သွယ်မိပုံမှအစ ရန်ကုန်ရောက်သည်အထိ ရှင်းပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... နေရဲပြောသမျှ မရေဝတီအကြောင်းကြားရတာ အားရကျေနပ်စရာပါပဲ။ ဒါပေမဲ့ နေရဲနဲ့ မရေဝတီဟာ အလုပ်သဘောအရမတွဲခင် ဒီအလုပ်ကို မရေဝတီက လက်ခံမယ် လက်မခံဘူးလို့ အဖြေမထွက်ခင်မှာပဲ မရေဝတီဟာ ကိုဝိန်ရှည်တို့ ဖက်တီးမကြီးတို့နဲ့ တစ်နည်းတစ်ဖုံပတ်သက်နေတယ်လို့ ယူဆစရာရှိလာတယ်။ အဲဒါ ဘယ်လိုသဘောလဲ နေရဲ"

"အဲဒါ ဘာသဘောလဲဆိုတာ အဖြေရှာနိုင်ဖို့ ဒီအဖွဲ့ကို တင်ပြတာပါပဲ ဦးနှင်းဆီ။ ရေဝတီနဲ့ပတ်သက်ပြီး အင်မတန်စိတ်ချစရာကောင်းတာက ရေဝတီကို အန်ကယ်(လ်)အောင်ရွေးပေးတဲ့အတွက်ပါပဲ။ အန်ကယ်(လ်)အောင်ဟာ ဒီနေ့အထိ သူ့နေရာနဲ့သူ စီမံခန့်ခွဲတာ၊ လူရွေးချယ်တာ တစ်ခါမှ မှားယွင်းသွားတယ်လို့မရှိခဲ့သေးဘူး။ မှုခင်းအယ်ဒီတာချုပ်တစ်ယောက်အနေနဲ့ သူ့ရဲ့မြင်ပုံ တွေးခေါ်ပုံ သုံးသပ်ပုံတွေ မမှားယွင်းခဲ့ဖူးပါဘူး။ အန်ကယ်(လ်)အောင်နဲ့ ကျွန်တော် ဦးလေးနဲ့တူလို ရင်းနှီးခဲ့တာကြာပါပြီ"

"ကောင်းပြီလေ၊ ဒီအဖွဲ့ထဲမှာ နေရဲလည်း အပါအဝင်ဆိုတော့ ဒီကိစ္စတွေကို ကိုယ်တိုင်ကိုယ်ကျထိတွေ့လာခဲ့ရတာပဲ။ ဒီတော့ နေရဲရဲ့ထင်မြင်ချက်၊ ယူဆချက်ကို တင်ပြပါ"

"ကျွန်တော် ယူဆမိတာက ကိုဝိန်ရှည်နဲ့ ဖက်တီးမအမျိုးသမီးကြီးဟာ ပန်းရန့်စစ်ဆင်ရေးနဲ့ ဆန့်ကျင်ဘက်ဒုစရိုက်သမားတွေပဲဖြစ်ပါလိမ့်မယ်။ သူတို့မှာ သီးခြားဂိုဏ်းဆက်သွယ်ရာမှာဖြစ်ဖြစ်၊ သူတို့ဂိုဏ်း တစ်ဂိုဏ်းစည်းက



လူအချင်းချင်း လုပ်ငန်းဆက်သွယ်ရာမှာဖြစ်ဖြစ် စကားဝှက် Code Word ရှိနေမယ်"

"ဒါတော့ ရှိမှာပေါ့။ တို့မှာလည်း ရှိနေတာပဲ"

"ရတနာဆိုင်ရှေ့မှာ ရေဝတီက မွန်မွန်ကို ကျောက်စိမ်းနဲ့ပတ်သက်ပြီးပြောမိတယ်။ ရေဝတီ အမှတ်မထင်ပြောလိုက်တဲ့ 'ကျောက်စိမ်း'ဆိုတဲ့စကားဟာ စကားဝှက်ဖြစ်သွားတယ်လို့ ကျွန်တော် ထင်တယ်"

"အင်း ... စဉ်းစားသင့်တဲ့ အချက်ပါပဲ"

တစ်ချိန်လုံး ငြိမ်၍နားထောင်နေသော ဦးစံပယ်က အသံလေးနက်နက်ဝင်ပြောသည်။

"ရတနာဆိုင်ရှေ့မှာ မရေဝတီက ကျောက်စိမ်းကိုနှစ်သက်ကြောင်းပြောတယ်၊ မွန်မွန်ပေးလိုက်တဲ့ စက္ကူဘူးထဲမှာ ပစ်တိုင်းထောင်ကျောက်စိမ်းလော့ကက်သီးနဲ့ ဆွဲကြိုးလေးပါလာတယ်။ အဖုံးရဲ့အနားမှာကပ်ထားတဲ့ စက္ကူတွေကို ဓားနဲ့ခွဲဖြတ်ထားတာ[illegible]ကယ်။ ဒီကျောက်စိမ်းလော့ကက်သီးဆွဲကြိုးကိုပဲ ရေဝ[illegible]က တစ်ဦးတစ်ယောက်က အဓမ္မနည်းနဲ့ လုယူဖို့ကြိုးစားတယ်။ ဒါတွေဆက်စပ်ကြည့်ရင် နေရဲ တင်ပြတာ စဉ်းစားသင့်ပါတယ်"

"နောက်တစ်ခုရှိသေးတယ်၊ သန္တာစိုးအယောင်ဆောင် နန္ဒာဟာ ကျွန်တော်နဲ့ ရေဝတီ အင်းလျားမြိုင်လမ်းကိုရောက်တော့ ရေဝတီမှာ ကျောက်စိမ်းဆွဲကြိုးဆွဲထားတာမြင်တော့ ဟန်မဆောင်နိုင်လေအောင် စိတ်ဝင်စားခဲ့တာကို တွေ့ရတယ်။ နောက် နန္ဒာက ဒီဆွဲကြိုးနဲ့ တစ်ပုံစံတည်းပျောက်

www.burmeseclassic.com

www.burmeseclassic.com



သွားလို့ ပိုင်ရှင်က သတင်းစာထဲထည့်ကြော်ငြာတယ်လို့ ပြောခဲ့တယ်။ တွေ့တဲ့လူ အကြောင်းကြားရင် ဆုငွေပေးမယ်လို့လည်း ပြောခဲ့သေးတယ်။ ဒီတော့ ကျောက်စိမ်းဟာ ဒုစရိုက်ဂိုဏ်းသားတွေရဲ့ စကားဝှက်ဖြစ်နေရိုးမှန်ရင်တော့ နန္ဒာကို ထည့်စဉ်းစားသည့်လာပြီလို့ ကျွန်တော် တင်ပြပါတယ်"

"ကိုပိန်ရှည်၊ ဖက်တီးမ၊ နန္ဒာတို့အားလုံးကို တို့များ သေသေချာချာဆန်းစစ်စုံစမ်းကြည့်ရမှာပေါ့။ တစ်ခုတော့ရှိတယ် နေရဲ။ ဒီကျောက်စိမ်းဆွဲကြိုးဟာ မရေဝတီကို မွန်မွန်ဆိုတဲ့သူငယ်ချင်းကပေးလိုက်တဲ့ အဝတ်အစားစက္ကူဘူးထဲကပါလာတာဆိုတော့ ဒီဆွဲကြိုးနဲ့ပတ်သက်ပြီး မွန်မွန့်ကို မေးကြည့်ဖို့လိုလာပြီ"

"ရေဝတီက မန္တလေးမှာတုန်းက မွန်မွန့်အိမ်ကိုဖုန်းဆက်မေးပါသေးတယ်။ အဲဒီတုန်းက မွန်မွန် အမရပူရဘက်ရောက်နေလို့ ရေဝတီ ရန်ကုန်ကိုတွက်လာတဲ့အထိ မွန်မွန်နဲ့စကားမပြောဖြစ်ခဲ့ကြဘူး"

"ဒီလိုဆိုရင် တို့တစ်တွေ အခုပဲ မွန်မွန့်ဆီကို ဖုန်းဆက်ကြည့်ကြတာပေါ့ကွာ"

ဦးနှင်းဆီက ပြောဆိုရင်းမှ တယ်လီဖုန်းအနီရောင်ကြီးကို ကောက်ကိုင်သည်။ မန္တလေးကိုတောင်းသည်။ အရေးကြီးသော အစိုးရကိစ္စဖြစ်၍ အရေးပေါ်ဆက်သွယ်ရေးဖြင့် မန္တလေးကို တစ်ခဏအတွင်းရရှိသည်။ နေရဲက အခြားဖုန်းဖြင့် အင်းလျားမြိုင်လမ်းအိမ်ကို ဆက်သွယ်ကာ ရေဝတီအား မွန်မွန်၏ဖုန်းနံပါတ်ကို



မေးမြန်းရယူလိုက်သည်။ ဆယ်မိနစ်အတွင်းမှာပင် မွန်မွန်နှင့် အဆက်အသွယ်ရသည်။

"မမွန်မွန် သေသေချာချာနားထောင်ပါ၊ အခုပြောနေတာ မှုခင်းတပ်ဖွဲ့ အရေးကြီးဌာနတစ်ခုကပါ။ ကျွန်တော်တို့ကို ကူညီပါ။ မမွန်မွန်ဆီက သိချင်တာလေးတစ်ခုရှိနေပါတယ်။ မမွန်မွန်က သူငယ်ချင်းရေဝတီကို စက္ကူဘူးတစ်ဘူးနဲ့ အဝတ်အစားပေးခဲ့တယ်နော်။ အဲဒီစက္ကူဘူးထဲမှာ ကျောက်စိမ်းလော့ကက်သီးနဲ့ ဆွဲကြိုးတစ်ကုံး ထည့်ပေးလိုက်တယ် မဟုတ်လား"

တစ်ဖက်မှ မွန်မွန် ပြန်ပြောသည်ကို ဦးနှင်းဆီ နားထောင်နေခဲ့သည်။ လေး,ငါးမိနစ်ကြာမှ ဦးနှင်းဆီက နေရဲကို ဖုန်းကမ်းပေးလိုက်သည်။

"သူပေးလိုက်တဲ့ ဘူးထဲမှာ ဘာဆွဲကြိုးမှ မပါဘူးတဲ့။ မွန်မွန်က မင်းနဲ့ စကားပြောချင်ပါတယ်လို့ ပြောတယ်"

နေရဲက မွန်မွန်နှင့်ဆက်ပြောသည်။ မွန်မွန် စကားပြောသံမှာ ဒေါသံပါနေမှန်း နေရဲ သတိပြုမိလိုက်သည်။

"ကျွန်တော် နေရဲပါ မမွန်မွန်"

"ဒါဆို မိဝတီကို အလုပ်သစ်တစ်ခုလုပ်ဖို့ တာဝန်ပေးတဲ့ ကိုနေရဲပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"အခု မိဝတီ ဘယ်မှာလဲဟင်။ ရန်ကုန်မှာပဲလား"

"ဟုတ်ပါတယ် မမွန်မွန်၊ ရန်ကုန်က ကျွန်တော့်ရဲ့အဒေါ်အိမ်မှာ ရေဝတီ ရှိနေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



နေရဲက မွန်မွန် တစ်မျိုးတမည် ထင်နေမည်စိုး၍ အန်တီနိုင်ဝင်းနှင့်အတူရှိနေကြောင်း ပြောပြလိုက်သည်။

"ဒီမှာ ကိုနေရဲ၊ မိဝတီမှာ အန္တရာယ်တွေဘာတွေရှိနေပြီလားဟင်။ ရှင်က မိဝတီကို ဆိုင်းမဆင့်ဗုံမဆင့် ရုတ်တရက်ကြီး ရန်ကုန်ခေါ်သွားတယ်၊ မိဝတီ သွားပြီး မန္တလေး စိန်ပန်းရပ်က မိဝတီရဲ့အိမ်လေးကို တစ်ယောက်ယောက်က ဖောက်ထွင်းဝင်ရောက်ခဲ့တယ်။ တစ်အိမ်လုံး မွှေနှောက်သွားတာ ရှာစရာမရှိဘူး"

"ဪ ... ဟုတ်လား"

"မိဝတီရဲ့ မွေ့ရာတွေ ခေါင်းအုံးတွေကိုတောင် ဓားနဲ့ စိတ်စိတ်မွှာမွှာ ခွဲထားပစ်ခဲ့တယ်"

"ရေဝတီက ကျွန်တော့်ကို ပြောဖူးတယ်။ ခြေရင်းအိမ်က ဒေါ်သစ်သစ်က ရေဝတီ့အိမ်ကို စောင့်ရှောက်ပေးမယ်တဲ့"

"ဒါတော့ဒါပေါ့ ကိုနေရဲ။ အခု ဒေါ်သစ်သစ်ကပဲ ကျွန်မဆီအကြောင်းကြားလို့ မိဝတီအိမ်ကို သွားကြည့်ပြီးပြီ။ ဒေါ်သစ်သစ်ကလည်း သူ့အလုပ်နဲ့သူပဲ။ ကြံစည်ချင်တဲ့လူက တမင်ချောင်းပြီး အလစ်စောင့်နေတော့လည်း ဘယ်တတ်နိုင်မှာလဲ။ ဒါပေမဲ့ သူခိုးက တစ်မျိုးကြီးပဲရှင့်"

"ဘယ်လိုတစ်မျိုးကြီးလဲ မမွန်မွန်"

"မိဝတီရဲ့အခန်းထဲမှာ အဝတ်အစားတွေ အခြားအသုံးအဆောင်ပစ္စည်းတွေ ရှိပါတယ်။ ဘာတစ်ခုမှ ယူမသွားဘူး။ သူခိုးက သူလိုချင်တာသာ သူရှာဖွေတဲ့သဘောမျိုးဖြစ်နေပါတယ်"



"ဟုတ်လား၊ ဒီကိစ္စ ရဲကိုမတိုင်ဘူးလား မမွန်မွန်"

"မတိုင်ရသေးဘူး။ ဒေါ်သစ်သစ်ကတော့ ရှုပ်ရှုပ်ယှက်ယှက်တွေဖြစ်မှာစိုးလို့ ရဲကိုမတိုင်ချင်ဘူးတဲ့"

"ဒါဆိုလည်း မမွန်မွန်ကပဲ သက်ဆိုင်ရာရဲစခန်းကို တိုင်ထားပေးပါလား မမွန်မွန်"

"ရပါတယ်၊ ဒါက အရေးမကြီးပါဘူး။ အရေးကြီးတာက မိဝတီ ဘေးကင်းဖို့ပါ။ ဒီမှာ ကိုနေရဲ၊ မိဝတီကို ကျွန်မ သိပ်ချစ်တာပါ။ ညီအစ်မအရင်းရှိရင်တောင် မိဝတီကိုချစ်သလောက် ကျွန်မ ချစ်နိုင်ပါ့မလားမသိဘူးရှင့်"

"အဲဒီအတွက် မမွန်မွန်ကို ကျွန်တော်က ကျေးဇူးတင်ပါတယ်၊ ဝမ်းလည်းသာပါတယ်"

"ရှင်က ဘာဆိုင်လို့လဲ"

မွန်မွန့်ထံမှ မကျေနပ်သံ ကြားလိုက်ရ၏။ မွန်မွန်မဟုတ်မခံ ဆတ်ဆတ်ကြဲ ဖြစ်ပါလိမ့်မည်။

"မိဝတီကို ကျွန်မ သိပ်ချစ်တာနဲ့ ကိုနေရဲက ဘာလို့ ကျေးဇူးတင်ရမှာလဲ၊ ဝမ်းသာရမှာလဲ"

"ဟုတ်ပါတယ်၊ ကျွန်တော် စကားမှားသွားပါတယ်။ မမွန်မွန်ဆီက ဖုန်းလာတဲ့အကြောင်း ရေဝတီ့ကို ပြောပြပေးပါ့မယ်။ ဒါဆိုရင် ရေဝတီက မမွန်မွန်ကို ကျေးဇူးတင်မှာပါ။ ဝမ်းလည်းဝမ်းသာရှာမှာပါ"

"ဟုတ်ကဲ့ ကျွန်မလိုချင်တာဒါပါပဲ။ မိဝတီဟာ ချစ်သူ ရွေးမှားခဲ့လို့ သူ့ဘဝမှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ခဲ့ပြီးပါပြီ။ နောက်ထပ် ဒီဒုက္ခမျိုး သူ့ကိုမခံစားစေချင်တော့ဘူး။

www.burmeseclassic.com



အခုအလုပ်က ဘာမှန်းမသိဘူး။ မိဝတီကို ရန်ကုန်ခေါ်သွ
တယ်။ ကိုနေရဲလို အရွယ်ရှိတဲ့ယောက်ျားတစ်ဦးနဲ့ ပူးတွဲ
ပြီး အလုပ်လုပ်နေရတာဆိုတော့"

"ရေဝတီဟာ သူ့ကိုယ်ပိုင်ဆုံးဖြတ်ချက်ကြောင့် ဒီအလု
ကို စဉ်းစားပြီးလက်ခံခဲ့တာပါ။ ရေဝတီ ဘယ်လိုမှ ဒုက္ခ
မရောက်စေရပါဘူး၊ ကျွန်တော် တာဝန်ယူရင် မမွန်မွ
ကျေနပ်ပါ"

"ဟုတ်ကဲ့ အလုပ်တာဝန်ဆိုတာကတော့ ဘယ်မှာနိုင်းခိုင်
လုပ်ရမှာပေါ့။ တာဝန်ပဲ မဟုတ်လား။ အဓိကဆိုလိုချင်တာ
က မိဝတီက တစ်ခါအသည်းကွဲထားရပြီးပြီ။ ဒီတစ်ခေ
နောက်ထပ် မိဝတီ အသည်းကွဲတယ် ဆိုရင်တော့ ဟင်း
အဲဒီအသည်းခွဲတဲ့သူနဲ့ ကျွန်မ ကောင်းကောင်းကြီးတွေ
မယ်မှတ်"

နေရဲ ပြုံးမိပါလေ၏။ မွန်မွန်သည် နေရဲကို ရေဝ
၏အသည်းကို မခွဲပါနှင့်ဟု မွန်မွန်က ကြိုတင်စိုးရိမ်စိတ်ဖြ
ခြိမ်းခြောက်လိုက်ခြင်းပါတည်း။

ဘာပဲပြောပြော မွန်မွန့်ဆီမှ သတင်းထူးနှစ်ခုရသည်
သာဖြစ်ပါ၏။ ပထမသတင်းထူးမှာ အဝတ်အစားထည့်ပေးလို
သည့်စက္ကူဘူးထဲတွင် မွန်မွန်သည် ကျောက်စိမ်းဆွဲကြိုး ထည့်ပေး
ခဲ့ကြောင်းဖြစ်သည်။ ဒုတိယသတင်းထူးမှာ ရေဝတီ၏ မန္တလေး
စိန်းပန်းရပ်မှအိမ်ကို သူခိုးဝင်ခိုးသည်။ သူခိုးသည် တခြားပစ္စည်း
များ ဘာတစ်ခုမှယူမသွားပါဟုဆိုသည်။ ထိုသူခိုးမှာ ကျောက်စိမ်း
ဆွဲကြိုးကိုရှာဖွေသည်ဟုပဲ ခန့်မှန်းနိုင်ပါ၏။



"ကဲပါလေ မမွန်မွန် သူငယ်ချင်း ရေဝတီအတွက် အစစ
အရာရာစိတ်ချပါ။ ဘာမဆို ရေဝတီအတွက် ကျွန်တော်
တာဝန်ယူပါတယ်"

"တာဝန်ယူပါတယ်ဆိုတဲ့ ကိုနေရဲကိုပဲ မွန်မွန်က စိုးရိမ်
နေမိတာ။ ရေဝတီ့ကို မှုခင်းမျက်မှန်ဂျာနယ်တိုက်အယ်ဒီ
တာချုပ်ဆီမှာပဲ စုံစမ်းကြည့်လိုက်တယ်။ အယ်ဒီတာချုပ်
ဦးအောင်စည်ကပြောတယ်၊ ရေဝတီနဲ့ တွဲလုပ်ရမှာက
သူ့တူလိုသားလိုဖြစ်နေတဲ့ ကိုနေရဲဟာ လူရွယ်တစ်ယောက်ပဲ
ရှိသေးတယ်။ အသားညိုပေမယ့် ယောက်ျားပီသပြီး ခန့်ချော
ခေယာတဲ့အကြောင်းပဲ။ ကျော်မိုးနောင်တုန်းကလည်း လူ
ကချော အပြောကောင်း နှုတ်ချိုနဲ့ ရေဝတီ နှလုံးသားဝေဒနာ
ရခဲ့ပြီးပြီ"

"ကျော်မိုးနောင်လိုလူစားမျိုးနဲ့ ကျွန်တော့်ကို ယှဉ်ပြီးမပြော
ပါနဲ့လား မမွန်မွန်။ ကျွန်တော် နေရဲက ကျော်မိုးနောင်လို
လူစားမဟုတ်ဘူးလို့သာ မမွန်မွန် မှတ်ထားပါ။ တစ်ခုထပ်ပြီး
မမွန်မွန်ကို ပြောပါရစေ၊ ခုနက ကျွန်တော်တို့ရဲ့ ပုဂ္ဂိုလ်ကြီး
တစ်ဦး ပြောခဲ့တဲ့ ကျောက်စိမ်းဆွဲကြိုးနဲ့ ပတ်သက်ပြီး
မမွန်မွန်က တခြားဘယ်သူ့ကိုမှ ဖွင့်မပြောပါနဲ့ဦး။ မလို
လားအပ်တဲ့ လူတစ်ယောက်ယောက်ကို မမွန်မွန် ကျောက်စိမ်း
ဆွဲကြိုးအကြောင်းပြောမိရင် ရေဝတီ့အတွက် အန္တရာယ်ရှိ
နိုင်လို့ပါ"

"စိတ်ချ၊ ဘယ်သူမှမပြောဘူး။ ပြောဖို့လည်းစိတ်မဝင်စား
ဘူး။ ကျွန်မနဲ့ ဘာမှမဆိုင်တဲ့ကိစ္စပဲ"

www.burmeseclassic.com

www.burmeseclassic.com



နေရဲက မွန်မွန့်ကို နှုတ်ဆက်စကားပြောပြီး တယ်လီဖုန်းကိုချထားလိုက်သည်။ ထို့နောက် ဦးနှင်းဆီ၊ ဦးဂန္ဓမာ ဦးစံပယ်တို့ကို မွန်မွန်ပြောသည်များကို ပြန်ပြောပြသည်။

"မန္တလေးမှ ရေဝတီ၏အိမ် ဖောက်ထွင်းခံရမှု ပြောပြသည်။

ဦးနှင်းဆီကပင် ဦးဆောင်ပြီး ကျောက်စိမ်းဆွဲကြိုး ကိစ္စကို ဆွေးနွေးခဲ့ပါလေ၏။

"မွန်မွန်ကိုယ်တိုင်က စက္ကူဘူးထဲမှာ ကျောက်စိမ်းဆွဲကြိုး ထည့်မပေးခဲ့ဘူးဆိုရင် ဒုစရိုက်ဂိုဏ်းက ရေဝတီ့ကို လူမှား ပေးတာဖြစ်နိုင်တယ်။ မွန်မွန် ပို့တဲ့အဝတ်ဘူးက ကော်ဖာ စက္ကူတွေခွာပြီး ကျောက်စိမ်းဆွဲကြိုးကို ထည့်ပေးလိုက်တာ ဖြစ်နိုင်တယ်။ လူမှားမှန်းသိတာနဲ့ အဓမ္မနည်းသုံးပြီး ကျောက်စိမ်းဆွဲကြိုးကို ပြန်ယူဖို့ ကြိုးစားတာဖြစ်မယ် ကျွန်တော် တင်ပြတာကို ဘယ်လိုသဘောရလဲ ဦးဂန္ဓမာ"

"ဖြစ်နိုင်ပါတယ်။ ဒါဆိုရင် ကိုပိန်ရှည်နဲ့ ဖက်တီးမကြီး ဟာ ဂိုဏ်းတူတစ်ဂိုဏ်းတည်းသားတွေ ဖြစ်နိုင်မလား ရေဝတီဆီက ဆွဲကြိုးကို အဓမ္မနည်းနဲ့ပြန်ယူဖို့ကြိုးစားတာ ကိုပိန်ရှည်တို့ဂိုဏ်းဖြစ်မလား။ တခြားဂိုဏ်းတစ်ခုရော မဖြစ် နိုင်ဘူးလား။ အခုပြောပုံထောက်ရင် ကိုပိန်ရှည်က ပိန်တယ် ရှည်တယ်၊ မတုတ်နိုင်ဘူး၊ မရေဝတီကို နောက်က ဖက် ပတ်ပြီး ဆွဲကြိုးလုတဲ့သူက သိပ်သန်မာပုံရတယ်လို့ပြော ထားခဲ့တယ်"



"တစ်ဂိုဏ်းတည်းလား ဘယ်နှဂိုဏ်းကလူတွေလဲ ဆိုတာ တော့ ဆက်ပြီးစုံစမ်းရဦးမှာပဲ ဦးဂန္ဓမာ၊ ဒီအစည်းအဝေးမှာ ကျွန်တော်တို့ဆုံးဖြတ်ရမှာက မရေဝတီလက်ထဲကိုရောက် လာတဲ့ ကျောက်စိမ်းဆွဲကြိုးဟာ ပန်းရန့်စစ်ဆင်ရေးနဲ့ ပတ်သက်နေပြီဆိုတာ သေချာတဲ့အကြောင်းပဲ၊ ပထမ မန္တလေးက လမ်းကြားတစ်ခုမှာ ပြန်လုယူဖို့ ကြိုးစားတယ်။ ဒုတိယ ဖက်တီးမကြီးက ညအထိ မရေဝတီရဲ့အိမ်ပတ်ဝန်း ကျင်မှာ လာစောင့်ကြည့်နေတာကလည်း ဆွဲကြိုးကိုပြန်ရ ဖို့ဖြစ်မယ်။ တတိယ မရေဝတီရဲ့ မန္တလေးကအိမ်ကို ဖောက်ထွင်းဝင်ရောက်ရှာမယ်"

နေရဲက သတိတရပင် ထပ်မံဖြည့်စွက်လိုက်ပါ၏။

"စတုတ္ထရှိသေးတယ် ဦးနှင်းဆီ။ နန္ဒာကလည်း ကျောက်စိမ်း ဆွဲကြိုးကို သိပ်စိတ်ဝင်စားနေမှန်း ထင်ရှားတယ်။ ကျွန်တော် တို့က နေ့တိုင်းလုပ်ငန်းသဘောအရ ထွက်သမျှသတင်းစာ တွေကို ဖတ်ရုံမကဘူး မှတ်တမ်းပြုသင့်တာတောင် ဖြ . ဘးခဲ့ သေးတာပဲ။ ဘယ်သတင်းစာမှာမှ ကျောက်စိမ်းဆွဲကြိုး ပျောက်သွားလို့ ပြန်ပေးရင် ဆုငွေပေးပါမယ်လို့ဆိုတဲ့ကြော် ငြာကိုမှ မတွေ့ခဲ့ကြဘဲ"

"ဟုတ်ပြီလေ၊ ဒီတော့ တို့တစ်တွေက ဒီကျောက်စိမ်းဆွဲကြိုး ကိုပဲ ငါးစာအဖြစ်ပြန်သုံးကြည့်ရမယ်။ နောက်ပြီး ဆွဲကြိုး ကို တို့များ စစ်ဆေးကြည့်ဖို့လိုလာပြီ နေရဲ။ မရေဝတီဆီ ကဆွဲကြိုးကို တို့များဆီ ယူလာခဲ့ပါလား"

www.burmeseclassic.com



"ဟုတ်ကဲ့ ယူလာခဲ့ပါမယ်"

"လွယ်လွယ်နဲ့ မရေဝတီက ပေးပါ့မလားကွာ"

ဦးစံပယ်က ပြုံး၍ဝင်ပြောၓ၏။

"ဘာလို့ မလွယ်ရမှာလဲ ဦးစံပယ်ရာ၊ မရေဝတီက နေရဲ့ ချစ်သူ။ မရေဝတီဟာ နေရဲ့ သတို့သမီးလောင်းမဟုတ်လား"

"ဒါက လုပ်ငန်းတာဝန်သဘောအရကို။ တကယ့်အစစ်အမှန်မှမဟုတ်တာ။ ဆွဲကြိုးက ကောက်ရတဲ့ပစ္စည်းမျိုးဖြစ်နေရင်တော့ မရေဝတီက ပေးဖို့ကျေနပ်ပါ့မလားလို့ပါ"

ဦးစံပယ်ကပင် ဆက်၍ပြောသည်။

"လုပ်ငန်းတာဝန်သဘောကနေပြီး တကယ်တမ်းဖြစ်မြောက်မသွားဘူးလို့ ဘယ်သူက အာမခံရဲမှာလဲ။ အတုအယောင်ဘဝက တကယ့်အစစ်အမှန်ဖြစ်မသွားပါဘူးလို့ကော ဘယ်သူက အာမခံရဲမလဲ။ ကဲ ... နေရဲ၊ မောင်ရင်ကိုယ်တိုင် အာမခံနိုင်မှာလားတဲ့ကွာ"

အစည်းအဝေးနိဂုံးပိုင်းရောက်ပြီမို့ သူတို့က အတည်အတံ့မှ အရွတ်အနောက် အရယ်အမောသို့ ကူးပြောင်းလာကြသည်။

နေရဲက ဦးစံပယ်၏မေးခွန်းကို ပခုံးတွန့်ပြလိုက်သည်။

သွားစွယ်နှစ်ချောင်း ပေါ်အောင်လည်း ပြုံးလိုက်ပါ၏။



"ပုထုဇဉ်ဘောဥမ္မတ္တကောတဲ့။ လူ့စိတ်ဟာ အငြိမ်နေတတ်တာမှမဟုတ်တာ၊ ပြောင်းလဲချင် ပြောင်းလဲတတ်တဲ့ သဘာဝရှိတာပဲ ဦးစံပယ်၊ နှလုံးသားကနေ ပေါက်ဖွားလာတဲ့ အချစ်ဆိုတာ ဟန့်တားချင်မှ ဟန့်တားနိုင်တာပါ။ ဘာပဲပြောပြော ရေဝတီဆီက ကျောက်စိမ်းဆွဲကြိုးကို ရေဝတီက ကျေကျေနပ်နပ် ကျွန်တော့်ကို ပေးစေရပါမယ်၊ ဒါဆိုရင် အားလုံး ကျေကျေနပ်နပ်နဲ့ အစည်းအဝေးကို ရုပ်သိမ်းကြပါစို့"

✤ ➜ ✤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

"ဝတီ ...

ညက ကိုကိုရဲ့ ပြန်ရောက်လာတဲ့အချိန်မှာ ဝတီ အိပ်ပျော်နေပြီ၊ ဒီနေ့မနက်လည်း အစောကြီး ကိုကိုရဲ့ အလုပ်ကိစ္စတစ်ခုရှိလို့ အပြင်ထွက်ရပြန်ပြီကွာ။ ဝတီ မနိုးခင်မှာပဲပေါ့။

ဆောရီးပါ ဝတီ။ ကိုကိုရဲ့ကို ခွင့်လွှတ်ပါ။ ချစ်သော ဝတီ့ထက်ပိုပြီး လုပ်ငန်းတာဝန်ကို ဦးစားပေးလွန်းလိုက် တာဆိုတဲ့ အတွေးမျိုးတော့ မဝင်လိုက်ပါနဲ့ ဝတီ နော်။

နေ့လယ်မွန်းလွဲ တစ်နာရီမှာ ကိုကိုရဲ့ ပြန်လာခဲ့ပါ့ မယ်။ ဝတီနဲ့အတူတူ မိုလ်ချုပ်ဈေးကိုသွားစို့လေ။ ဝတီ့ကို ကိုကိုရဲ့က လက်ထပ်လက်စွပ်လေးတစ်ကွင်း ဝယ်ပေးချင် လို့။ နောက်ပြီး နေ့လယ်စာ အတူတူစားကြမယ်။ မနက် စာထမင်းကို ဝတီ လွှော့စားထားနော်။ ဒါမှ နေ့လယ်စာကို အားရပါးရ စားနိုင်မှာမို့ပါ။

ဝတီ့ရဲ့ ထာဝရ
ကိုတိုရဲ့"



ဝတီ မနက် ခုနစ်နာရီထိုးကာမှ နိုးခဲ့သည်။ ရေဝတီ အိပ်ရာမှနိုးသည်နှင့် အန်တီခိုင်ဝင်းသည် ရေဝတီ့အခန်းသို့ ရောက် လာခဲ့၏။ ကိုနေရဲ ရေးပေးထားခဲ့သည့် အိတ်ဖွင့်စာလေးတစ် စောင်ကို အန်တီခိုင်ဝင်းက ပေးသည်။ စာထဲတွင် ကိုနေရဲ ရေး ထားလိုက်ပုံက တကယ့်ချစ်သူအချင်းချင်း ရေးပေးထားသည့်နှယ် ဖြစ်သည်။

စာကို အန်တီခိုင်ဝင်းကတစ်ဆင့်ပေးရသောကြောင့် တော်တဆ အန်တီခိုင်ဝင်း ဖွင့်ဖတ်ကြည့်လျှင် ယုတ္တိယုတ္တာရှိစေ ရန် ရေးထားခဲ့ခြင်းဖြစ်ပါလိမ့်မည်။

ကိုနေရဲသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရေဝတီကို ခေါ်ကာ အပြင်သွားကြမည်။ လုပ်ငန်းကိစ္စအတွက် တစ်ခုခုပြော ရောရှိဟန်တူသည်။ လုပ်ငန်းစကားတွေကို အပြင်ဘက်တစ်နေ ရာရာတွင် တိုင်ပင်ဆွေးနွေးဖို့ ကိုနေရဲက တင်ကြိုချိန်းဆိုလိုက် သောစာဟု ရေဝတီက သဘောပေါက်ရပါ၏။

"ဝတီရေ အန်တီခိုင်ဝင်း ထမင်းစားခန်းကစောင့်မယ်နော်၊ ရေမိုးချိုးပြီးရင် ဝတီ လာခဲ့ပေတော့"

"ဟုတ်ကဲ့ အန်တီခိုင်ဝင်း၊ ဝတီ အိပ်ရာထနောက်ကျတာ ကို ခွင့်လွှတ်ပါ။ ညက တော်တော်နဲ့အိပ်မပျော်ဘူး။ ညဦး နက်မှ အိပ်ပျော်သွားလို့ မနက်အိပ်ရာထနေမြင့်သွားတယ်။ မန္တလေးမှာဆိုရင် ညရှစ်နာရီအိပ်ရာဝင်တယ်၊ မနက်ငါးနာရီ ဆိုထနေကျပါ"

"အေးပေါ့ကွယ်။ နေရာပြောင်း အိပ်ရာပြောင်းရင် ဒီလိုပဲ ဖြစ်တတ်ကြတာ အန်တီ နားလည်ပါတယ်။ သိသိစန်းဆို

www.burmeseclassic.com

www.burmeseclassic.com



ရင် နေ့တိုင်း မနက်အိပ်ရာထချိန်ဟာ ကိုးနာရီ ဆယ်နာရီပဲ။ အဲဒါတွေကို အန့်တီခိုင်ဝင်းက မကြိုက်လို့ အပြစ်တင်မိတာကို သီသီစန်းက မနှစ်သက်ခဲ့ဘူးလေ"

ရေဝတီက အန့်တီခိုင်ဝင်း၏ လက်တစ်ဖက်ကို ကိုင်၍ အသာအယာဆုပ်ကိုင်မိလိုက်သည်။ အန့်တီခိုင်ဝင်းသည် သမီးဖြစ်သူ သီသီစန်းကို ချုပ်ချယ်မိသည်။ ထို့ကြောင့် သီသီစန်း အိမ်ပေါ်မှဆင်းသွားခဲ့သည်။

ဒါကြောင့် ရေဝတီကို အပြစ်မတင် မချုပ်ချယ်ပါဆိုသည့်အဓိပ္ပာယ် သက်ဝင်သည့်စကားကို ဆိုလိုခြင်းဖြစ်လိမ့်မည်။

"ညက ရဲရဲတစ်ယောက် သန်းခေါင်ကျော်မှ ပြန်လာတာ"

"အန့်တီခိုင်ဝင်းကစောင့်ပြီး ကိုနေရဲ ... အဲလေ ကိုကိုရဲကို ဖွင့်ပေးရတာပေါ့နော်။ တကယ်ဆို ဒီတာဝန်ကို ဝတီယူရမှာပါ။ ဝတီ စောင့်ပြီး ကိုကိုရဲကို ကြိုရမှာပါ"

"အောင်မယ်လေးလေ၊ သူ့ကို ဘယ်မှာစောင့်ပြီး တံခါးဖွင့်ပေးနိုင်ပါ့မလဲ။ သူက အချိန်ရှိတဲ့ကလေးမှ မဟုတ်တာ။ တံခါးသော့ပိုတစ်ချောင်း နေရဲဆီမှာရှိပါတယ်။ သူ ပြန်လာတဲ့အချိန် သူ့ဟာသူ ဖွင့်ဝင်ပလေ့စေပေါ့။ ညကတော့ အန့်တီခိုင်ဝင်း အိပ်မပျော်တာနဲ့ သူ ပြန်လာတာကိုသိတာပါ။ ညက နေရဲ ပြန်လာတော့ အန့်တီ သူ့ကို ဆူမိသေးတယ်။ ဘယ့်နှယ်ကွယ် ... ကိုယ့်ချစ်သူကို အိမ်ပေါ်ခေါ်လာပြီး ပစ်စလက် ခတ်ထားရတယ်လို့"

"အဲဒီလိုသဘောမျိုးတော့ မဟုတ်ပါဘူး အန့်တီခိုင်ဝင်း။ သူ့ခမျာ အလုပ်တွေ ပိနေလို့ဖြစ်မှာပါ"



"အင်း ... ရေဝတီကလည်း ဒီသတ္တဝါလေးကို ကြပ်ကြပ်အလိုလိုက်၊ ယောကျ်ားဆိုတာ အိမ်ထောင်ဦးအချိန်မှာမှ ကိုယ်လိုချင်တဲ့ပုံ သွင်းထားလို့ရတာ။ အိမ်ထောင်ဦးကတည်းက အလိုလိုက်ထားရင် နောက်ကျတော့ သိမ်းသွင်းလို့မရတော့ဘူး။ လင်နေစ ဆင်သေမှတဲ့"

"ဝတီကမှ လင်မနေရသေးဘဲ အန့်တီရယ်။ ဆင်လေးလည်း မသေပါရစေနဲ့ဦး"

နှစ်ဦးသား သဘောကျစွာ ရယ်မောလိုက်မိကြပါ၏။ ရေဝတီမှာ ကိုယ်လက်သန့်စင်ခြင်း မပြုရသေးဘဲ အိပ်ရာထ ကပိုကရိုပင် ဒေါ်ခိုင်ဝင်း၏ တယုတယသိုင်းဖက်ခြင်းကို ခံလိုက်ရသည်။

"မိန်းကလေးတစ်ယောက် တကယ်လှမလှ အိပ်ရာထကို ကြည့်ရတယ်တဲ့။ အခု ဝတီ့ရဲ့အိပ်ရာထမျက်နှာလေးကို ကြည့်မှ တကယ်မှန်ပါလားလို့ ရှေးအဆိုကို အန့်တီလက်ခံလိုက်ပြီ။ ကြည့် သနပ်ခါးတစ်မှုန် မိတ်ကပ်မရှိတော့တဲ့ ရေဝတီ အိပ်ရာထမျက်နှာလေးဟာ ဝင်းနေတာပဲ။ မျက်လုံးလေးတွေကလည်း ကြည်နေတယ်။ မျက်တောင်မျက်ခုံးစိမ်းပြီးတော့ မှောင်နေတာပဲ။ နှုတ်ခမ်းလေးတွေကလည်း သွေးအားပြည့်လို့ ပန်းနုရောင်"

"အယ် ... အန့်တီကလည်း မျက်နှာချင်းဆိုင်ပြီး မြှောက်ပြောနေတော့ ဝတီ ရှက်ချင်လာပြီ"

"မြှောက်တာမဟုတ်ပါဘူးကွယ်။ သီသီစန်း အိပ်ရာထတိုင်း အန့်တီ ကြည့်ဖြစ်တာပဲ။ မျက်နှာလည်းမဝင်းဘူး၊ မျက်လုံးတွေလည်း ရီဝေနေလေ့ ရှိတယ်"

www.burmeseclassic.com



"သိသိစန်းက အန်တီခိုင်ဝင်းသမီးပဲ၊ မအေတူသမီးမို့ လှရမှာပေါ့"

ပိတ်ထားလျက်ရှိသေးသည့် မှန်ပြတင်းပေါက်မှ အပြင်သို့ တစ်ခဏမျှ ဒေါ်ခိုင်ဝင်း ငေးကြည့်လိုက်သည်။ ပြီးမှ စကားကို တစ်လုံးချင်းဆက်ပြောပါ၏။

"သိသိစန်းဟာ လှပတဲ့မိန်းကလေးတစ်ယောက်ပါပဲ။ ဒါပေမဲ့ အအိပ်မမှန် အစားမမှန်နေတယ်၊ ယောက်ျားလေးတွေနဲ့လည်း တွဲလွန်းတယ်။ ဒီတော့ သူ့အသားအရေတွေ ဖျော့တော့လာတယ်။ အပျိုသွေး အပျိုရည်ပျက်ပြားပြီး တင်းတင်းရင်းရင်း မရှိရှာတော့ဘူး၊ သိသိစန်းဟာ ပြင်လိုက်ဆင်လိုက်ရင်တော့ လှရှာပါရဲ့။ ဒါပေမဲ့ သူ့မှာ သဘာဝအတိုင်းအိပ်ရာထမှာတော့ မလှရှာတော့ပါဘူး"

အန်တီခိုင်ဝင်းတွင် စိတ်ဝေဒနာတစ်ခု ကပ်ငြိနေမှန်း ရေဝတီ သိနားလည်လိုက်ရပါ၏။ အန်တီခိုင်ဝင်းသည် မေတ္တာဝတ်နေရှာသော အမျိုးသမီးတစ်ဦး။ အရွယ်ကောင်းစဉ်မှာ လင်သားဆုံးပါးခဲ့၍ တစ်ဦးတည်းသောသမီးဖြစ်သူ သိသိစန်းကို ပုံ၍ချစ်သည်။ သမီးသိသိစန်းက စွံကန်၍ထွက်သွားသောအခါ ချစ်စိတ် နာကြည်းစိတ် တစ်သက်ဖြစ်ကျန်ရစ်ခဲ့ရသည်။ ရေဝတီက သူမအား ချစ်ခင်ကြောင်းပြသလေတိုင်း သူမ မျက်နှာမှာ အပြုံးရိပ်သမ်းလာတတ်သည်။ ဆိုရလျှင် မေတ္တာဝတ်သော ဝေဒနာစွဲကပ်နေခြင်းပင်တည်း။ သမီး သိသိစန်းထံမှ တုံ့ပြန်သောမေတ္တာကို လိုလားနေခြင်းဖြစ်ပါ၏။

"အန်တီခိုင်ဝင်း"



"ဟင်"

ရေဝတီ လှုပ်၍ခေါ်မှ သူမ၏မျက်ဝန်းအကြည့်တအပြင်သို့ ငေးမောကြည့်နေရာမှ ရေဝတီထံရောက်၏။

"သိသိစန်း ဘယ်မှာနေလဲဟင်၊ သူ့လိပ်စာကို အန်တီသိလားဟင်"

"သာကေတမှာနေတယ် ဝတီ။ ဘယ်ရပ်ကွက် ဘယ်လမ်းဆိုတာတော့ အန်တီခိုင်ဝင်း အလွတ်မရဘူး။ ဒိုင်ယာရီထဲမှာတော့ မှတ်ထားပါတယ်။ ဘာဖြစ်လို့ ဝတီက သိသိစန်းလိပ်စာကို မေးတာလဲဟင်"

"သူ့ကို ဝတီ သွားတွေ့ချင်တယ်"

"ဘာဖြစ်လို့ ဝတီက သိသိစန်းကို တွေ့ချင်ရတာလဲကွယ်"

"သိသိစန်းကို မိခင်ရဲ့မေတ္တာကို သဘောပေါက်အောင် ရေဝတီ ... အဲ ... ဝတီ သွားပြောချင်လို့ပါ"

အန်တီခိုင်ဝင်း ရယ်ပါလေ၏။ သို့သော် ရယ်ခြင်းက ခြောက်ခြောက်ကပ်ကပ်ရယ်သံမျိုးပါ။

"ကဲပါကွယ်၊ သိသိစန်းအကြောင်းကို မပြောကြပါနဲ့တော့၊ ဒီဟာမလေးကို ဘယ်သူမှ တရားချလို့ရမယ်လို့ မထင်ထားတော့ပါဘူး။ ဘယ်တော့မှ ဒီမိန်းကလေးအကြောင်း မပြောတော့ပါဘူးလို့ ဆုံးဖြတ်ထားရက်သားနဲ့ ဘာဖြစ်လို့များ ဝတီ့ကို ပြောမိနေသလဲမသိပါဘူး။ ဝတီ မျက်နှာသစ်တော့ အန်တီခိုင်ဝင်း ယမင်းစားခန်းကစောင့်နေမယ်"

"ဟုတ်ကဲ့ အန်တီ"

www.burmeseclassic.com

www.burmeseclassic.com



မွန်းတိမ်းစနေက အပူရှူးဆဲရှိသေးသည်။ နေရောင်က တလက်လက်တော့ တောက်တောက်ပပမရှိတော့ အနည်းငယ်မှိန်ဖျော့သွားခဲ့သည်။ ရေဝတီ တင်ကြိုအဝတ်အစားလဲထားနှင့်သည်။

မွန်းလွဲ ၁ နာရီတိတိမှာပင် ကိုနေရဲ ပြန်၍ ရောက်လာခဲ့သည်။ အင်းလျားမြိုင်လမ်းမှ နေရဲနှင့်အတူ ရေဝတီ လိုက်ပါခဲ့ပါ၏။

ရေဝတီအား နေရဲက ဟိုတယ်တစ်ခုတွင် ကျွေးမွေးခဲ့သည်။ ဟိုတယ်ရောက်သည်နှင့် စားစရာသောက်စရာများ မှာယူ၍ ကျွေးမွေးခဲ့သည်။ စားသောက်နေစဉ်တွင် နေရဲက လုပ်ငန်းအကြောင်း ဘာမှမပြော။ စားစရာအသစ်တစ်ခု ရောက်လာတိုင်းလည်း ရေဝတီပန်းကန်ထဲသို့သာ ထည့်ပါ၏။ ရေဝတီ စားသောက်ပုံကို အားမရဟုဆိုကာ သူကိုယ်တိုင် အသားဖတ်တွေ အသည်းဖတ်တွေ ဇွန်းနှင့်ခပ်၍ ရေဝတီ့ပန်းကန်ထဲသို့ ထည့်ပေးသည်။ နေရဲ သဏ္ဌာန်လုပ်ပုံက သရုပ်ပါလွန်းလှပါ၏။

ရေဝတီ မနေနိုင်တော့။ လုပ်ငန်းအကြောင်း မေးချင်လာ၏။ ယခင်ကဆိုလျှင် စားသောက်ဆိုင်တွင် စားသောက်ရင်း အလုပ်အကြောင်းကို နေရဲ ပြောတတ်သည်။ ဘာကြောင့် တစ်လုံးမှ မဟပါသည်လဲ။



"လုပ်ငန်းနဲ့ ပတ်သက်ပြီး တစ်ခုခု ထူးခြားမှုရှိလား ကိုနေရဲ၊ ဝတီ ထင်နေတာက ဒီနေ့ နေ့ခင်း အပြင်မှာ နေ့လယ်စာ စားကြစို့ စာဖတ်ရကတည်းက တစ်ခုခုတော့ ထူးခြားမှု ရှိနေလို့ပဲလို့ တွက်ထားတာပါ"

"ထူးခြားပါတယ် ဝတီ၊ ဒါပေမဲ့ စားတုန်းသောက်တုန်း အရသာခံပြီးသာ စားစမ်းပါ။ အလုပ်အကြောင်းပြောရရင် ဝတီ အစားပျက်မှာစိုးလို့၊ ပြီးတော့ ကိုယ် အားလုံးပြောပြပါမယ်"

စားသောက်ပြီးနောက် ဟိုတယ်မှ ကားနှင့်ထွက်ခဲ့ကြသည်။ ကားကို အင်းယားကန် တစ်နေရာတွင် ရပ်ထားခဲ့သည်။ ကားပေါ်မှဆင်းကာ ကန်ပေါင်အတိုင်း လျှောက်ခဲ့ကြသည်။ လှုိင်း၍ အရိပ်ကောင်းသော ကန်စပ်အနီး မြက်ခင်းတွင် ထိုင်ခဲ့ကြသည်။ ရေဝတီက ကိုနေရဲနှင့် တစ်တောင်ကွာခန့်တွင် ယှဉ်၍ ထိုင်လိုက်သည်။

"ဒီလိုနေရာမျိုးတွေကို ဒီလိုချစ်သူတွေ လာလေ့ရှိတယ်။ ဒီလိုပဲ ထိုင်လေ့ရှိတယ်။ ဒီလိုပဲ စကားပြောလေ့ရှိကြတယ် ဝတီ"

"ကိုနေရဲ စကားတွေက ဒီလိုတွေ များလွန်းမနေဘူးလား"

"ဟုတ်တယ်၊ ဒီလိုတွေ များလွန်းနေတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ်နဲ့ဝတီက ဒီလိုတွေ မဟုတ်ဘဲ ဟိုလိုတွေ ဖြစ်နေကြတယ် မဟုတ်လား"

"ဘာရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... တကယ့်ချစ်သူတွေကျတော့ ဒီနေရာ ဒီလိုလာ၊ ဒီလိုထိုင်၊ ဒီလိုပြောကြပေမဲ့ ကိုယ်နဲ့ဝတီကျတော့ ဟန်ဆောင်နေကြတာလေ။ ဒီားကနေကြည့်လို့ မြင့်ရတဲ့သူတွေကတော့ ကိုယ်တို့စုံတွဲကို ချစ်သူတွေပဲလို့ ထင်ကြမှာပါ။ ကဲ ... လုပ်ငန်းစကား ပြောကြတာပေါ့"

"ရေဝတီ ရန်ကုန်လိုက်လာကတည်းက လုပ်ငန်းကိစ္စကြောင့်ပါ ကိုနေရဲ"

"ဟုတ်ပါတယ်လေ၊ ကိုယ်လည်း လုပ်ငန်းအကြောင်းပဲ ပြောမှာပါ။ မနေ့က မန္တလေးက မွန်မွန်ဆီကို ကိုယ်တို့ ဖုန်းနဲ့ဆက်သွယ်ခဲ့ကြတယ်။ အဓိက သိချင်တာက ရေဝတီဆီ ရောက်လာတဲ့ အဝတ်အစား ကတ်တူစက္ကူဘူးထဲက ကျောက်စိမ်းဆွဲကြိုးလေးဟာ မွန်မွန် ထည့်ပေးလိုက်တာလား ဆိုတာကိုပဲ"

"ဟင် ... မွန်မွန့်ဆီ ဆက်တယ်။ မွန်မွန့်ဆီဆက်လို့ရလား ဟင်၊ ဘာ ... ဘာပြောလဲ။ ရေဝတီကိုကော မမေးဘူးလား ဝတီ ရန်ကုန်ရောက်နေတာကော သူ ဘာမှမပြောဘူးလား"

"အားပါးပါး ... မေးလိုက်တာကလည်း စုံသွားတာပဲ။ ကိုယ် တစ်ခုခြင်း ဖြေမယ်၊ မွန်မွန်က သူ့ အဝတ်အစား ထည့်ပေးလိုက်တာကလွဲလို့ ကျောက်စိမ်းဆွဲကြိုးကို ထည့်မပေးလိုက်ပါဘူးတဲ့။ ဝတီ့ကို သူ မေးပါတယ် ကိုယ်နဲ့အတူတူ ခေါ်လာခဲ့တာမို့ ဝတီ ဒီတစ်ခါ အသည်းကွဲရင် ဝတီ့အသည်းကိုထပ်ခွဲတဲ့လူ သူ့အကြောင်း ကောင်းကောင်းသိစေရမယ်လို့ ကြိမ်းတယ်"



"အို ... ရေဝတီက ဘာဆိုင်လို့ အသည်းထပ်ကွဲရမှာလဲ"

"ဒါတော့မသိဘူးလေ၊ ကိုယ်က မွန်မွန့်ကို ကတိပေးလိုက်ပါတယ်။ ဘာမဆို ရေဝတီအတွက် ကိုယ်တာဝန်ယူတယ်လို့"

နေရဲ စကားကိုချွန်၍ ပြောသည်။ အကယ်၍သာ မွန်မွန့်အား ပြောခဲ့သလို ကျော်မိုးအောင်လို လူစားမဟုတ်ခဲ့ပါဆိုလျှင် မိမိကို ရေဝတီ ဘယ်လိုအမိပွာယ်ကောက်ယူလေမည်နည်း။ ထိုအခါ မည်သို့မျှ ကောက်ယူစရာမလို ရေဝတီ့ကို မိမိက ချစ်နေမိပါပြီဟုသာ ဖြောလိုက်ရုံပဲ ရှိပါ၏။

နေရဲ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်သည်။ ရေဝတီအား ချစ်နေခြင်းမရှိပါဘူ မဖြေရဲပါလေ၊ ဒါဆိုရင် ချစ်နေပြီလားဆိုရင်ရော၊ ဒီအချိန်မှာတော့ ဖွင့်ပြောရန် ဝန်လေးမိသည်။

လုပ်ငန်းကတခြား၊ နှလုံးသားကတခြား ဖြစ်သည်။ နေရဲ ဖွင့်ပြောရန် ဝန်လေးခြင်းသည် အချိန်ကာလအားဖြင့် စောလွန်းနေသည်လားဟူ၍ ဆင်ခြင်မိခြင်းပဲ ဖြစ်ပါ၏။ မိမိအချစ်ကို အပေါ်စားအချစ်ဟု ရေဝတီ မှတ်ယူသွားမှာကို နေရဲ စိုးရိမ်မိသွားခြင်းသာဖြစ်သည်။

"ဘာငိုင်နေတာလဲ ကိုနေရဲ၊ ဝတီ မေးထားတာ တစ်ခုကျန်နေသေးတယ်၊ ရေဝတီ ကောက်ကာငင်ကာ ရန်ကုန်ကို ရောက်သွားတာ မွန်မွန် ဘာမှမမေးဘူးတဲ့လား"

"မေးပါတယ်၊ အခုအလုပ်ကို ဘာအလုပ်မှန်းမသိဘဲ လက်ခံလိုက်ရမလားပေါ့၊ ရေဝတီ ကိုယ်တိုင်က ဆုံးဖြတ်ပြီး လက်ခံတာပါလို့ ပြောလိုက်ပါတယ်။ မွန်မွန်ဟာ ဖုန်းဆက်တဲ့အချိန်မှာ အတော်ဒေါပွနေပုံရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မွန်မွန် ဘာလို့ ဒေါပွနေတာလဲဟင်"

"ရေဝတီရဲ့ စိန်ပန်းရပ်က အိမ်ကို သူခိုးဖောက်ခံရတာကို မွန်မွန် မကျေမနပ်ဖြစ်နေတာ"

"ဘာရယ်။ ရေ ... ရေဝတီအိမ် သူခိုးအဖောက်ခံရတယ်"

ရေဝတီ ကြားရသော သတင်းအတွက် ထိတ်ထိတ်ပျာပျာ ဖြစ်သွားပုံရသည်။ မည်သူမဆို ကိုယ့်အိမ်ဖောက်ထွင်းခံရခြင်းအတွက် စိုးရိမ်တုန်လှုပ်မိကြမှာပဲဖြစ်သည်။

"ဘာအဖိုးတန်ပစ္စည်းမှ ပါမသွားပါဘူး ဝတီ။ ကိုယ်တို့အားလုံးက ဒီသူခိုးဟာ ရေဝတီ့ဆီမှာရောက်နေတဲ့ ကျောက်စိမ်းဆွဲကြိုးကို မန္တလေးကအိမ်မှာများ ရှိလေမလားထင်ပြီး အိမ်ဖောက်ဝင်ရှာတာပဲလို့ ယူဆတယ်"

"ဖြစ်နိုင်ပါ့မလား။ ကိုဝိန်ရှည်ဟာ ဝတီ ရန်ကုန်သွားတာသိလို့ ရန်ကုန်အထိတောင် ပါလာတာကို၊ ကိုနေရဲလည်း တွေ့သားပဲ"

"ဒါပေမဲ့ ဖက်တီးမကြီးက မန္တလေးမှာ ကျန်ခဲ့သေးတာပဲ ဝတီ"

ရေဝတီ စိတ်ရှုပ်ထွေးစွာဖြင့် ရင်ညွန့်မို့မို့ပေါ်တွင် တွဲလွဲခိုနေသော ကျောက်စိမ်းလော့ကက်သီးလေးကို ငုံ့ကြည့်နေမိသည်။

"ဘာလို့များ သူတို့တစ်တွေက ဒီကျောက်စိမ်းဆွဲကြိုးကို သဲကြီးမဲကြီး လိုချင်နေကြသလဲ မသိဘူးနော်"

"အဲဒီအဖြေကို ကိုယ်တို့ကလည်း သဲကြီးမဲကြီး ရှာနေတာပဲ ဝတီ။ လိုအပ်လာတဲ့အခါ ဝတီရဲ့ဆွဲကြိုး ကိုယ်ယူသွားချင်တယ်။ ဆွဲကြိုးထဲမှာ အဖြေတစ်ခုခု ရှိမလား၊ ရှာကြည့်ချင်လို့"



"အခုယူလေ ကိုနေရဲ"

ရေဝတီက ဆွဲကြိုးဖြုတ်ပေးရန် ပြင်လိုက်သည်။

"အခုမယူသေးဘူး ဝတီ၊ အခု ကိုယ်တို့ပတ်ဝန်းကျင်မှာ ဝတီ့ကို စောင့်ကြည့်နေသူတွေ ရှိချင်ရှိမယ်။ အဲဒီစောင့်ကြည့်နေသူတွေကို ကိုယ်နဲ့ ဝတီ အခုလို ထိုင်နေတာကို ချစ်တင်နှီးနှောတာလို့ အထင်ရောက်စေချင်လို့ပါ"

ရေဝတီက နေရဲအား မျက်ဝန်းလဲ့လဲ့ဖြင့် ကြည့်လိုက်မိသည်။ နေရဲ၏စကားပြောပုံတွေသည် တစ်ခါတစ်ရံ လုပ်ငန်းသဘောချည်းသက်သက် မဟုတ်ဘဲ သူ့ရင်ထဲကရှိသည့်အတိုင်း ပြောနေရော့သလားဟု ထင်ရပါ၏။

ပြီးတော့ ကိုနေရဲ၏မျက်ဝန်းတို့က စူးစူးနစ်နစ် ရှိလွန်းလှပါ၏။

"ကိုယ့်ကို နောက်တစ်ခု သိချင်တာလေး ပြောပြပေးပါဦးနော်၊ အန်ကယ်လ်အောင်တို့ရဲ့ ဂျာနယ်တိုက်မှာ အလုပ်ရအောင် ဘယ်သူက ဆက်သွယ်ပေးခဲ့တာလဲဟင်"

"ကိုမင်းဦးပါ"

"ကိုမင်းဦး ... ဒီနာမည်ကို ကိုယ် ကြားဖူးနေသလိုလိုပဲ"

"ကြားဖူးချင်လည်း ကြားဖူးမှာပေါ့၊ ရေဝတီတို့ ဂျာနယ်တိုက်မှာ အလုပ်,လုပ်ခဲ့သေးတယ်"

"ဟုတ်လား ... လုပ်ခဲ့သေးတယ်ဆိုတော့ အခု အလုပ်မလုပ်တော့ဘူးလို့ ဆိုလိုတာလား"

www.burmeseclassic.com

www.burmeseclassic.com



"ရေဝတီ ဂျာနယ်တိုက်မှာ အလုပ်ဝင်ပြီး နှစ်လလောက် အကြာမှာ သူ အလုပ်ကထွက်သွားတယ်။ နောက် သတင်းကြားတာကတော့ မှုခင်းတပ်ဖွဲ့ ရုံးမှာ ကိုမင်းဦး အလုပ်ဝင်သွားတယ်လို့ ကြားတယ်။ ကိုမင်းဦးက ဂျာနယ်တိုက်မှာတုန်းက ငွေစာရင်းဌာနကပါ။ အလုပ်ပြောင်း ဌာနပြောင်းတော့လည်း ငွေစာရင်းဌာနမှာပဲ ဝင်လုပ်ဖြစ်မယ်လို့ ရေဝတီ ထင်တာပဲ"

"မှုခင်းတပ်ဖွဲ့ ရုံးချုပ်မှာပေါ့။ သြော် ... သြော် ဒါကြောင့် မင်းဦးဆိုတဲ့ နာမည်ကို ကိုယ် ကြားဖူးသလိုလို ရှိနေတာပဲ။ ဒါပေမဲ့ ငွေစာရင်းဘတ်ဂျက်ဌာနမျိုးက ကိုယ်နဲ့ သိပ်မရင်းနှီးတဲ့ ဌာနမျိုးပဲလေ"

"ဟုတ်မှာပေါ့၊ ရုံးချုပ်တစ်ခုမှာ ဌာနခွဲတွေက အများကြီးပဲလေ၊ နောက်ပြီး ကိုမင်းဦးက ဌာနသစ်တစ်ခုမှာ သိပ်မကြာသေးတဲ့ လူတစ်ယောက် မဟုတ်လား"

"ရေဝတီကို ကိုမင်းဦးကပဲ အလုပ်ရအောင် ဆက်သွယ်ပေးတယ်ဆိုတော့ ကိုမင်းဦးနဲ့ ရေဝတီ ရင်းနှီးသလား"

"ဟင့်အင်း ... ဝတီနဲ့ ရင်းနှီးခင်မင်တာက မိကြည်ပါ"

"မိကြည် ... သူက ဘယ်သူလဲ ဝတီ"

"နာမည်အပြည့်အစုံက ကြည်ကြည်။ ဝတီနဲ့ မိမှန် ခင်သလို မိကြည်နဲ့ ဝတီလည်း ခင်မင်တဲ့ သူငယ်ချင်းတွေပါ။ ကြည်ကြည့်ကို ဝတီတို့က မိကြည်လို့ပဲ ခေါ်တယ်။ ကိုမင်းဦးဟာ မိကြည်ရဲ့အဆက်။ သူတို့ချင်းက စေ့စပ်ကြောင်းလမ်းပြီးသား။ မိကြည်မျက်နှာနဲ့ပဲ ကိုမင်းဦးက ဝတီကို ဂျာနယ်



တိုက်မှာ အလုပ်ရအောင် ဆက်သွယ်ပေးခဲ့တယ်။ ဒါပေမဲ့ ဝတီ အလုပ်ဝင်လို့ နှစ်လအကြာမှာ ကိုမင်းဦးနဲ့ မိကြည် ဘာလို့မှန်းတော့ မသိဘူး။ ခွာပြဲသွားကြတယ်။ အဲဒီနောက် ကိုမင်းဦးလည်း အလုပ်ထွက်ပြီး အလုပ်ပြောင်းသွားတာပဲ။ ဝတီ သိတာတော့ အဲဒီလောက်ပဲ 'ကိုနေရဲ'"

နေရဲ နာရီကိုကြည့်လိုက်သည်။ သုံးနာရီပင် ကျော်စပြုပြီ။

"သွားကြစို့ ဝတီ၊ ကိုယ်တို့ ဗိုလ်ချုပ်ဈေးကို သွားရအောင် အဲဒီမှာ ရွှေဆိုင်တွေ ရှိတယ်။ ဝတီ့အတွက် ကိုယ် လက်ထပ်လက်စွပ်တစ်ကွင်း ဝယ်ပေးချင်လို့"

ထိုင်ရာမှ ထလိုက်ကြသည်။ ရပ်ထားသော ကားရှိရာသို့ လျှောက်ခဲ့ကြသည်။ လျှောက်လာရင်း ရေဝတီ ပြုံးလိုက်မိသည်။

"ဘာလို့ပြုံးတာလဲ ဝတီ"

"သြော် ... ဝတီ့ဘာသာ ပြုံးတာကို ကိုနေရဲ မြင်လိုက်တာပဲလား"

"ဟုတ်တယ်။ ဘေးချင်းယှဉ်လျှောက်သူကို ဘေးကသူက အသေအချာ မကြည့်ဘဲနဲ့ မမြင်နိုင်ဘူး။ ဘာလို့မှန်းတော့ မသိဘူး။ ကိုယ်လေ ဝတီ့မျက်နှာကို အမြဲကြည့်နေမိတယ်။ ဒါကြောင့် ဝတီ ပြုံးတာ ကိုယ်မြင်လိုက်ရတာပါ"

"ဟုတ်မှာပေါ့၊ ကိုနေရဲတို့ မှုခင်းတပ်ဖွဲ့ဝင်တွေဆိုတာ အမြဲလို သတိရှိနေတတ်တာဆိုတော့ ဝတီ ပြုံးတာ မြင်မှာပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com



ရေဝတီ ကိုနေရဲကို ဆန်းစစ်ကြည့်မိသည်။ ကိုနေရဲသည် မိမိအပေါ် ဟန်ဆောင်ရင်းက စိတ်ယိုင်နေပြီလား မသိ။ အကယ်၍ ဟန်ဆောင်သည်ဆိုလျှင်လည်း အလွန်လုပ်နိုင်စွမ်းရှိလေသည့် ကိုနေရဲဟူ၍ပဲ ချီးကျူးရလိမ့်မည်။

ဘာပဲပြောပြော ကိုနေရဲ ဒီလိုစကားတွေ ပြောလာလျှင် ဝတီ ရင်ခုန်သံတွေ မြန်လာမိသည်။ အန်တီခိုင်ဝင်း ဖွင့်ဖတ်လျှင် ယုတ္တိရှိပါစေတော့ဟူသော သဘောမျိုးဖြင့် ရေးသားခဲ့သော ကိုနေရဲ၏စာကို ဖတ်ရတော့ ရေဝတီ ရင်ခုန်ရပါသေး၏။ ဘယ်လိုပဲဖြစ်ဖြစ် ကိုနေရဲထံမှ သည်လိုအပြောကလေးတွေ ကြားရလျှင် ရေဝတီ ကျေကျေနပ်နပ် ပြုံးမိရသည်ပဲ ဖြစ်ပါလေ၏။

"ဟော ... ပြုံးပြန်ပြီ။ ဘာလို့ ပြုံးတယ်ဆိုတာ ပြောပြပါဦးလား ဝတီ"

"ပြုံးတယ်ဆိုတာ ရယ်ချင်လို့ပေါ့ ကိုနေရဲရယ်။ ရေဝတီအဖြစ်က ရယ်စရာကြီးလေ။ ရည်းစားပျက်တယ်။ အခုအတုအယောင် လက်ထပ်လက်စွပ် ဝတ်ရဦးမယ်။ နောက်ကျတော့လည်း ရေဝတီ ရည်းစားကွဲပြန်ပဟော့ ဆိုပြီး အကြောင်းမသိသူတွေက ပြောကြဦးမယ်လေ။ အဲဒါ တွေးကြည့်ရင် ရယ်စရာမကောင်းဘူးလား"

"ဟင့်အင်း ... မကောင်းဘူး၊ ရယ်စရာကို မကောင်းဘူး"

"ဘာလို့"

"ရယ်စရာမကောင်းတဲ့ အဖြစ်မျိုး ဖြစ်လာရင် ဘယ်ရယ်စရာကောင်းဦးတော့မှာလဲ ဝတီရယ်"



ကိုနေရဲ၏ စကားက ပဟေဠိဆန်သည်။ သို့သော် ရေဝတီ ထပ်မမေးခဲ့ပါလေတော့။ နှလုံးသားရေးရာနှင့် ပတ်သက်လာလျှင် သူမ တိုတိုပပစကားမျိုးကိုပဲ လိုလားသည်ကြောင့်ပါ။

မကြာလိုက်သော အချိန်အတွင်းမှာပင် ဗိုလ်ချုပ်ဈေးထဲရှိ ဆိုင်တစ်ဆိုင်မှာ ရတနာရွှေထည်ပစ္စည်းများကို ကြည့်ခဲ့ကြသည်။ ကျောက်စိမ်းကိုမှ နှစ်သက်သူ ရေဝတီကလည်း ကျောက်စိမ်းလေး မြှုပ်ထားသော လက်စွပ်ကလေးကိုပဲ ရွေးချယ်လိုက်ပြန်ပါ၏။

ရွှေရောင်းသူက သူ့ပစ္စည်းရောင်းတော့ စကားတွေ အောင်ဖွဲ့ရလောက်အောင် ပြောတော့၏။

"ညီမလေးနဲ့တော့ ကျောက်စိမ်းက သိပ်လိုက်တာပဲ။ ကျောက်စိမ်းဆိုတာ အသွေးအရောင်ကိုက စိမ်းဖန့်ဖန့်လေး မဟုတ်လား။ ညီမရဲ့ လက်ဖမိုးက အကြောစိမ်းစိမ်းလေးတွေနဲ့ ကျောက်စိမ်းက လိုက်မှလိုက်ပဲ။ ဟို ... ညီမလည်တိုင်က အကြောစိမ်းလေးတွေနဲ့ ကျောက်စိမ်းလော့ကက်သီးလေးနှစ်ခု လိုက်ဖက်သလိုပေါ့"

ရွှေရောင်းသူက ပြောရင်းမှ ရေဝတီ၏ ရွှေရင်မို့မို့ဆီမှ ကျောက်စိမ်းလော့ကက်သီးလေးကို စူးစူးစိုက်စိုက် ကြည့်လာခဲ့ပါ၏။

နေရဲ၏စိတ်ထဲတွင် တစ်ပါးသူတစ်ဦးက ရေဝတီ၏ ရွှေရင်မို့မို့ကို ဤမျှစိုက်ကြည့်လာသောအခါ မခံမရပ်နိုင်သော ဒေါသကလေး ဖြစ်လာခဲ့မိသည်။

"ဘယ့်နှယ်လဲ၊ ကြည့်လှချည်လားဗျ"

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... တလွဲမထင်ပါနဲ့ ခင်ဗျာ၊ ကျွန်တော် အကြည့်ရိုင်းသွားတာကို ခွင့်လွှတ်ပါ။ ဒီညီမ ဆွဲထားတဲ့ ကျောက်စိမ်းလော့ကက်သီးလေးကို စိတ်ဝင်စားလွန်းလို့ ကြည့်တာပါ"

နေရဲ ဒေါသစိတ်လွင့်ပြယ်သွားခဲ့သည်။ လုပ်ငန်းအရ စူးစမ်းလိုစိတ်က စိတ်အတွင်း နေရာယူလာခဲ့ပြန်၏။

"ဒီကျောက်စိမ်းလော့ကက်သီးကို အစ်ကိုက ဘာလို့စိတ်ဝင်စားရတာလဲဗျာ။ ခိုးရာပါပစ္စည်းတစ်ခုလို့ ထင်နေလို့လား"

"ဟာ ... မဟုတ်ပါဘူး။ ကျောက်စိမ်းလော့ကက်ရဲ့ အရည်အသွေးကို စိတ်ဝင်စားတာပါ။ နောက်ပြီး လော့ကက်ပေါ်... ထားတဲ့ လက်ရာကိုလည်း စိတ်ဝင်စားလို့ပါ။ တကယ်ဆို ဒီကျောက်စိမ်းဟာ အနာအဆာသာ မပါရင် အင်မတန် အရည်အသွေးကောင်းပြီး တန်ဖိုးမြင့်မားလိမ့်မယ်။ နောက်ပြီး လက်ရာက ဒီနေ့ခေတ်လက်ရာ မဟုတ်ဘူး၊ ရှေးလက်ရာမျိုးဗျ"

နေရဲက ရေဝတီ၏ လက်ဖဝါးကလေးကို ကိုင်ကာ ဖျစ်ညှစ်လိုက်သည်။ ရေဝတီကိုလည်း ပြုံးပြလိုက်သေး၏။

"ဝတီရေ ... အတော်ပဲကွာ၊ ကြုံကြိုက်တုန်း ဒီက အစ်ကိုကို ဝတီရဲ့ကျောက်စိမ်းလော့ကက်သီးလေး ပြကြည့်ပေး... အရည်အသွေးနဲ့ တန်ဖိုးကို သိရတာပေါ့"

ရေဝတီက ချက်ချင်း သဘောပေါက်သည်။ ကိုနေ... က ရေဝတီကို လုပ်ငန်းတစ်ခု ဆောင်ရွက်နေလေပြီ။



"ပြလေ ... ကိုကိုရဲ၊ ဒါပေမဲ့ ဆွဲကြိုးချိတ်က သိပ်ခိုင်တာ။ ကိုကိုရဲပဲ ဖြုတ်ပေးလေ"

ချိတ်သည် လည်ကုပ်ပေါ်မှာရှိသည်မို့ ရေဝတီက နေရဲအား ကျောပေးရပ်လိုက်သည်။ နေရဲက ဖြုတ်သည်။ ချိတ်က လွယ်လွယ်နှင့် ဖြုတ်မရ၍ ရှေ့သို့တိုးကာ နေရဲ ဖြုတ်ရ၏။

ရေဝတီ၏ ကျောပြင်မှာ နေရဲ၏ ရင်ခွင်နှင့် ထိရပါလေ၏။ လူပျိုကြီးခမျာ အပျိုမလေး၏ ကိုယ်သင်းရနံ့ကို ရှူရှိုက်နေခဲ့ရ၏။ လူပျိုကြီး၏ ရင်ခုန်သံ မြန်ရပြီကော။

"လက်ချည်းတော့ ဘယ်လွယ်မလဲဗျာ၊ ရော့ ... ဒီဇာကနာလေးနဲ့ဖြုတ်"

ဆိုင်ရှင်က မှန်ဗီရိုထဲမှ ဇာကနာတစ်ချောင်းထုတ်၍ ပေးသည်။ ဇာကနာအကူအညီနှင့်မှ ချိတ်က ဖြုတ်ရတော့သည်။

လော့ကက်သီးကို ဆိုင်ရှင်က မှန်ဘီလူးနှင့် စေ့စေ့စပ်စပ်ကြည့်သည်။ ရှေ့နောက် လှန်ကြည့် မှောက်ကြည့်သည်။

"ကျွတ် ... ကျွတ် ... နှမြောစရာ ကောင်းလိုက်တာဗျာ၊ ကျောက်စိမ်းရဲ့ အရည်အသွေးက ပထမတန်းပဲဗျာ။ ဒါပေမဲ့ ကျောဘက်မှာ အက်ကြောင်းကြီးနဲ့ဗျ။ အက်ကြောင်း၊ ကွဲကြောင်းသာ မပါရင် အတော်ကို တန်ဖိုးမြင့်မြင့် ပြောလို့ရတဲ့ ကျောက်ပါပဲ"

"ကိစ္စမရှိပါဘူး၊ ကျွန်တော်တို့က ပြန်ရောင်းမှာမှ မဟုတ်တာ။ အရည်အသွေးနဲ့ တန်ဖိုးကြီးမကြီး သိချင်တာပါပဲ။ ဒါက ဘိုးစဉ်ဘောင်ဆက်က ဆင်းသက်လာတဲ့ အမွေပဲဗျာ၊ ပြန်ရောင်းဖို့ မဟုတ်ပါဘူး"

www.burmeseclassic.com



ဆိုင်ရှင်က ကျောက်စိမ်းဆွဲကြိုးကို နေရဲ လက်သို့ ပြန်ပေးသည်။

"အင်မတန် ဖြတ်ရခက် တပ်ရခက်တယ် ဝတီ။ အိမ်ရောက်မှပဲ ကိုကိုရဲ့ သေသေချာချာ ပြန်ဆွဲပေးမယ်နော်"

"ကောင်းတယ် ကိုကိုရဲ့၊ အဲဒါ ကိုကိုရဲ့ပဲ အိမ်ထဲထည့်ပြီး သိမ်းထားလိုက်ပါ"

ထို့နောက် ကျောက်စိမ်းမြပ်လက်ထပ်လက်စွပ်ကို ဆိုင်ရှင်တွက်ချက်ပေးသော တန်ဖိုးအတိုင်း နေရဲ ပေးချေလိုက်ပါ၏။

"ကိုကိုရဲ့ ဝတ်ပေးမယ်နော် ဝတီ"

နေရဲက ရေဝတီ၏လက်ကို တယုတယကိုင်ကာ လက်ဝဲလက်သူကြွယ်တွင် လက်စွပ်ကို စွပ်ပေးလိုက်သည်။

"ဒီလင် ဒီမယား အိုအောင်မင်းအောင် ပေါင်းရပါစေ၊ အသက်ရှည်ပါစေ၊ ရာထူးဌာနန္တရ တိုးတက်ကြီးပွားချမ်းသာပါစေ"

ဆိုင်ရှင်က ဆုပေးခဲ့သည်။ ရေဝတီ ရှက်မိပါ၏။ ပန်းနုရောင်သွေး မျက်နှာပေါ်မှာ ဖျန်းပက်ထား၏။ ရင်ခုန်သံတွေ မြန်လာမိ၏။ လှည့်၍ပင် ဆိုင်ရှင်ကို မကြည့်ရဲတော့ဘဲ ကားရှိရာသို့ မပြေးရုံ လှမ်းလိုက်မိပါ၏။ နေရဲက သွားစွယ်နှစ်ချောင်းပေါ်အောင်ပြုံးကာ နောက်မှ လှမ်းလာခဲ့သည်။

"ဟွန်း ... မုန်းစရာကောင်းလိုက်တဲ့ ကိုနေရဲကြီး"

ဘာသာတိုးတိုး ရေဝတီ ရေရွတ်လိုက်မိပါလေ၏။

✤ ◆ ✤



## အခန်း(၁၂)

အခန်းရှေ့တွင်ရှိသည့် အရုပ်က ပြောင်းလဲသွားပြီ။ တင်းခြေများအရုပ်မဟုတ်။ ယုန်ကလေး မတ်မတ်ရပ်နေသော အရုပ်။

ဦးနှင်းဆီ။

ဦးဂန္ဓမာ။

ဦးစံပယ်။

ပြီးတော့ ... နေရဲ။

လေးဦးစလုံး အသံလုံ အခန်းပိတ် အခန်းတွင် စားပွဲကို ဝိုင်းထိုင်နေခဲ့ကြသည်။ စားပွဲအလယ်မှာ ကျောက်စိမ်းဆွဲကြိုးရှိနေခဲ့၏။ လော့ကက်သီးကသပ်သပ်။ ဆွဲကြိုးကသပ်သပ်။ ပစ်တိုင်းတော င် ကျောက်စိမ်းမှာ နှစ်ခြမ်းဟက်တက်ကွဲနေသော ဟက်တက်ကွဲတစ်ခြမ်းစီတွင် အခေါင်းပေါက်လေး ကိုယ်စီရှိကြ၏။ မိုက်ကရိုဖလင် သေးသေးလေး။

မိုက်ကရိုဖလင်သေးသေးလေး။

www.burmeseclassic.com

www.burmeseclassic.com



မိုက်ကရိုဖလင်ကလေးမှာ ပဲလွှန်းစေ့လောက်ပဲရှိသည်။ ပစ်တိုင်းထောင် ကျောင်းစိမ်းတစ်ခြမ်းစီ၏ အခေါင်းပေါက်ဟိုဘက်ဒီဘက်ထဲတွင် ထည့်ထားခဲ့ခြင်းဖြစ်၏။ ပြီးမှ ကျောက်စိမ်းကို ကော်နှင့်ပြန်ကပ်ထားခြင်းဖြစ်သည်။ လော့ကက်၏ ရွှေပေါင်အကွပ်ဖြင့်လည်း ညှပ်ထားခဲ့သည်။

သူတို့လေးဦးစလုံး၏ မျက်နှာများ မကောင်းကြ။ အကြောင်းကမူ မိုက်ကရိုဖလင်လိပ်ကလေးထဲရှိ အကြောင်းအရာတွေကို မှန်ဘီလူးအား အလွန်ကောင်းသော ပြစက်ဖြင့် ကြည့်လိုက်သောအခါ ပန်းရန့်စစ်ဆင်ရေးတွင် ထိပ်တန်းလျှို့ဝှက်ထားသော မှတ်တမ်း၊ ဓာတ်ပုံများ၊ စခန်းနေရာများချည်း ဖြစ်နေခဲ့သည်။

ဘာကြောင့် သတင်းများ ပေါက်ကြားသည်။ မည်သည့်နေရာမှ ဖြစ်နိုင်သည်ကို သူတို့အားလုံး တွက်ဆမိနေခဲ့ကြပြီ။ ဦးနှင်းဆီ၏မျက်ထောင့် နီနေခဲ့၏။ တင်းမာသောစကားသံက သူ့ထံမှ ထွက်လာခဲ့သည်။

"တင်ပြစရာရှိရင်တော့ တင်ပြရမှာပဲ။ မျက်နှာကိုထောက်နေလို့ မဖြစ်ဘူး။ ဝေဖန်စရာရှိလည်း ဝေဖန်ရမှာပဲ"

စကားပြောရင်း ဦးနှင်းဆီက နေရဲကို လှမ်းကြည့်သည်။

"ကျုပ် ဦးနှင်းဆီ၊ ဦးဂန္ဓမာ၊ ဦးစံပယ်တို့ဟာ လူကြီးပိုင်းတွေနော်။ မိုက်ကရိုဖလင်ထဲမှာပါတဲ့ ကိစ္စအားလုံးဟာ ကျုပ်တို့လေးဦးသာသိတဲ့ အကြောင်းအရာတွေ။ ကျုပ်တို့ရဲ့အဖွဲ့မှာ အောက်ခြေသိမ်း အတွင်းရေးမှူးသဘော



ဆောင်ရွက်သွားတာက နေရဲပဲ။ မှတ်တမ်း၊ ဖိုင်တွဲ၊ ဓာတ်ပုံ အယ်လ်ဘမ်တွေဟာ နေရဲရဲ့ထိန်းသိမ်းမှုအောက်မှာ ရှိနေတယ်"

"ထည့်တည့်ပဲ ပြောပါတော့ ဦးနှင်းဆီ။ ဒီကိစ္စတွေ ဓာတ်ပုံရိုက်ခွင့်ရပြီး အပြင်ကို ပေါက်ကြားတာ ကျွန်တော် နေရဲပဲလို့ စွဲချက်တင်ထားတာလား"

"စွဲချက်မတင်သေးဘူး။ အဖွဲ့ကို ဝေဖန်ပြပြီး တင်ပြနေတာ နေရဲ။ စွဲချက်တင်တယ်ဆိုတာက အဖွဲ့ရဲ့သဘောတူမှ စွဲချက်တင်နိုင်တာ"

"ဆက်ပြီး ဝေဖန်ပါ ဦးနှင်းဆီ"

ဦးဂန္ဓမာက ဦးနှင်းဆီအား ဆက်လက် ဝေဖန်စေခဲ့သည်။

"ပုဂ္ဂိုလ်ရေးအရ နေရဲကို ကျုပ်အနေနဲ့ အင်မတန်ယုံကြည်တယ်။ ကျုပ်တို့က အခြေအနေနဲ့ အဖြစ်အပျက်ကို ဆက်စပ်ကြည့်ရမယ်။ နေရဲဟာ သိပ်အလုပ်များတယ်။ တစ်ခါတလေ ရုံးချုပ်မှာ မပြီးပြတ်နိုင်တဲ့ကိစ္စမျိုး ရှိလာရင် သူ့ရဲ့အိမ်ကို ယူသွားပြီး ညပိုင်းအထိ ဆက်လုပ်တယ် မဟုတ်လား။ သူ့အိမ်မှာ ဘယ်သူတွေ ရှိသလဲ။ ဒေါ်နိုင်ဝင်းရှိတယ်"

"ကျွန်တော့်အဒေါ် ဒေါ်နိုင်ဝင်းဟာ လျှာမှာမြက်ပေါက်ပြီး အသေခံသွားမယ်။ ဒီလို မဖွယ်မရာကိစ္စမျိုး မလုပ်တတ်ဘူး။ တကယ်လို့ အန်တီနိုင်ဝင်း လုပ်ခဲ့တယ်ဆိုရင် ကျွန်တော်ကိုယ်တိုင်လုပ်တာနဲ့ အတူတူပဲလို့ ပြောရဲတဲ့အထိ

BURMESE CLASSIC .com
www.burmeseclassic.com

အန်တီခိုင်ဝင်းကို ကျွန်တော် တာဝန်ယူတယ် ဦးနှင်းဆီ"

"ဒါဖြင့် ... သီသီစန်းကော"

"သေသေချာချာ စဉ်းစားပါ ဦးနှင်းဆီ၊ သီသီစန်း အိမ်က ဆင်းသွားတာ တစ်နှစ်ကျော်ပြီ။ အခု မိုက်ကရိုဖလင်ထဲမှာ ပါတဲ့ အကြောင်းအရာတွေ အားလုံးဟာ ပန်းရန့်စစ်ဆင်ရေး နဲ့ ပတ်သက်တဲ့ ကိစ္စတွေချည်းပဲ။ ပန်းရန့်စစ်ဆင်ရေးကို စတာ သီသီစန်း အိမ်ပေါ်ကဆင်းပြီးမှ စခဲ့တာပါ။ သူ မဖြစ်နိုင်ဘူးလို့ ကျွန်တော် ကန့်ကွက်တယ် ဦးနှင်းဆီ"

"ဒါဆိုရင် သန္တာစိုး အယောင်ဆောင် နန္ဒာပဲ"

"ဒါကိုတော့ ကျွန်တော် မငြင်းဘူး။ နန္ဒာဟာ သန္တာစိုး အသွင်နဲ့ ကျွန်တော့်ကို လက်ထပ်နိုင်ဖို့ ကြိုးစားတာလည်း အမှန်ပဲ။ မြင်ကွင်းက အဲဒီအချက်ကို ပြထားပြီး ကျွန်တော့် အိမ်ပေါ်ရောက်လာဖို့ အန်တီခိုင်ဝင်းကို ချဉ်းကပ်တယ်။ ကျွန်တော်ကိုယ်တိုင်လည်း သံသယရှိတယ်။ ဒါကြောင့် သန္တာစိုး အယောင်ဆောင် နန္ဒာကိုလွှင့်သွားအောင် ဘယ်လို လုပ်ရမလဲဆိုတာ ဒီအဖွဲ့မှာပဲ တင်ပြတောင်းခံခဲ့တယ်"

"မှန်ပါတယ်လေ၊ ကျုပ်တို့အနေနဲ့ကလည်း နေရဲကို သံသယမဖြစ်ဘူးဆိုတာ ပြောထားပြီးသားပဲ။ အခုကိစ္စမှာ နေရဲက လုပ်ငန်းတွေကို အိမ်ယူသွားပြီး လုပ်လေ့ရှိတယ်။ နန္ဒာက ဒီအခွင့်အရေးကို အရယူသွားတယ်။ နေရဲမှာအပြစ် တော့ရှိတယ်၊ ဒါပေမဲ့ သစ္စာဖောက်တာမျိုး မဟုတ်ဘူး။ တာဝန်ပေါ့လျော့တာ။ အဲဒါတော့ နေရဲ ဝန်ခံရလိမ့်မယ်"

"ဝန်မခံနိုင်ဘူး ဦးနှင်းဆီ"



နေရဲက ပြတ်သားစွာပင် ငြင်းဆိုလိုက်ပါ၏။

"နန္ဒာဟာ မသင်္ကာစရာကောင်းတာ မှန်ပေမဲ့ အင်းယား မြိုင်လမ်းက ကျွန်တော့်စာကြည့်ခန်းထဲကို ဝင်ခွင့်ရနိုင်ဖို့တော့ လွယ်ကိုမလွယ်ဘူး။ ကျွန်တော် အိမ်မှာမရှိတုန်း ဖြစ်စေ ရှိသည်ဖြစ်စေ အန်တီခိုင်ဝင်းက ဘယ်လိုမှ ဝင်ခွင့်မပေးမှာ သေချာတယ်"

"ဒါဆိုရင် ဒီမိုက်ကရိုဖလင်ထဲက သတင်းတွေ ဘယ်လို ပေါက်ကြားသလဲ"

"ဒီမှာ ဦးနှင်းဆီ၊ ကျွန်တော်တို့အဖွဲ့က ထိပ်တန်းလျှို့ဝှက်ချက်တွေပါတဲ့မှတ်တမ်း၊ ဖိုင်တွဲ၊ ခတ်ပုံတွေကို ဦးနှင်းဆီ အနေနဲ့ အိမ်ကိုယူမသွားဖူးဘူးလား။ ဦးဂန္ဓမာ၊ ဦးစံပယ်တို့ ကော ထိုနည်းလည်းကောင်းပါပဲ။ အမှုတွဲတစ်ခုကိုအေးအေး ဆေးဆေး လေ့လာချင်တဲ့အခါ ယူသွားတတ်ကြတာပါပဲ"

"ဟော ... ဒါဆိုရင် တို့တစ်တွေတောင် တရားခံဖြစ်နေပြီ လား နေရဲ"

"အဲဒီလို မစွပ်စွဲသေးပါဘူး။ ဝေဖန်တင်ပြတာပါ။ ဦးနှင်းဆီ တို့ သုံးဦးကို ပုဂ္ဂိုလ်ရေးအရ ယုံလည်းယုံကြည်ပါတယ်။ လေးလည်း လေးစားပါတယ်။ ဦးနှင်းဆီတို့ သုံးယောက်ရဲ့ အိမ်မှာ မိသားစုတွေ ရှိ[illegible]တယ်။ အိမ်ကိုဝင်ထွက်သွား လာနေတဲ့ အပေါင်းအသ[illegible] ရင်းနှီးသူတွေ ရှိမယ်။ အဲဒီ အထဲက တစ်ယောက်ယောက်ကော မဖြစ်နိုင်ဘူးလား"

အားလုံး ငြိမ်သွားကြသည်။ နေရဲ တင်ပြချက်ကို ဘယ်သူမှ မငြင်းနိုင်ခဲ့ကြ။

www.burmeseclassic.com



"ကဲပါလေ၊ နေရဲ တင်ပြတာ မှန်ပါတယ်။ နောက်ကို ဆင်ခြင်ကြရမယ်။ အခုလက်ရှိ အခြေအနေက မရေဝတီရဲ့ကျေးဇူးကြောင့် ကျုပ်တို့လျှို့ဝှက်ချက်တွေပါတဲ့ ဖလင်လိပ်ဟာ ကျုပ်တို့လက်ထဲ ပြန်ရောက်နေပြီပဲ။ ကံကောင်းတယ်လို့ ဆိုရမှာပဲ။ သူတို့ဟာ တစ်ဦးနဲ့တစ်ဦး လုံးဝမသိတဲ့ ဆက်သားတွေကို စကားဝှက်နဲ့ ဆက်သွယ်ပြီး ပြည်ပဒုစရိုက်ဂိုဏ်းတွေဆီကို အရောက်ပို့တယ်လို့ ခန့်မှန်းနိုင်တယ်။ ဒီကြားထဲမှာ ရေဝတီ ရမ်းသမ်း ဖွင့်တင်လိုက်တဲ့ ကျောက်စိမ်းဆိုတဲ့ စကားကြောင့် ဒီဖလင်လိပ် ကျုပ်တို့ဆီ ပြန်ရောက်လာတာပဲ မဟုတ်လား ဦးနှင်းဆီ"

"ဟုတ်တယ်၊ ဦးဂန္ဓမာ... ကျုပ်လည်း အဲဒါကိုပဲ စဉ်းစားနေတာပါ။ ဒါပေမဲ့ မိုက်ကရိုဖလင်ကို ထပ်ပြီးကူးယူထားမလားဆိုတာကိုပဲ"

"ကျောက်စိမ်းလော့ကက်သီးကို ပြန်ရဖို့ နည်းအမျိုးမျိုးနဲ့ ကြိုးစားနေတာကိုထောက်ရင် ဖလင်အပိုကူးမထားဘူးဆိုတာ ထင်ရှားနေပါတယ်"

ဦးဂန္ဓမာ၏ တင်ပြချက်ကို အားလုံး လက်ခံကြသည်။

ဦးနှင်းဆီက ခေါင်းကို ညင်သာစွာ ညိတ်ပြ၏။

"မိုက်ကရိုဖလင် ပြန်ရတာတော့ ဟုတ်ပြီ။ တစ်ဘက်ဂိုဏ်းက ဆက်သွယ်ပို့ဆောင်မှုတွေကို နောက်ဆုံးအဆင့်အထိ ခြေရာခံမိအောင် ကျုပ်တို့ ဒီလိုလုပ်ကြရင် မကောင်းဘူးလား"



"ဘယ်လိုလဲဗျာ"

"ဒီကျောက်စိမ်းဆွဲကြိုးကို ဟန်မပျက် မရေဝတီကို ပြန်ပေးပြီး ဆွဲထားပါစေ။ သူတို့ဟာ မရေဝတီ ဆွဲထားတဲ့ ဆွဲကြိုးထဲမှာပဲ မိုက်ကရိုဖလင် ရှိနေဦးမှာဆိုပြီး တနည်းနည်းနဲ့ ဆက်သွယ်ဦးမှာပဲ။ အဲဒါကို ကျုပ်တို့ ခြေရာခံမယ်။ နောက်ဆုံး ကျုပ်တို့အထဲက သစ္စာဖောက်သူအထိ ခြေရာခံလာနိုင်မှာပဲ"

"ကျွန်တော် ကန့်ကွက်ပါတယ်"

"ဘာကြောင့်လဲ နေရဲ"

"ရေဝတီကို ကျောက်စိမ်းဆွဲကြိုး ပြန်ဆွဲခိုင်းထားလိုက်တာဟာ သားသတ်ရုံပို့တဲ့ တံဆိပ်တုံး ရိုက်နှိပ်ပေးလိုက်တာနဲ့ အတူတူပဲ။ အသက်အန္တရာယ်ကို စိုးရိမ်ရတဲ့ အခြေအနေ ဖြစ်လာနိုင်ပါတယ်။ ရေဝတီကို ခေါ်လာတာ နန္ဒာဟာ ကျွန်တော့်အိမ်ကို ထိုးဖောက်ဝင်မလာနိုင်အောင် ဟန့်တားရုံဆိုတဲ့ တာဝန်နဲ့ ခေါ်လာတာပါ။ သူ့ အသက်အန္တရာယ် ဖြစ်နိုင်တဲ့အထိ သုံးဖို့မဟုတ်ပါဘူး"

"နေရဲ စဉ်းစားပါ။ အခု ကန့်ကွက်မှုဟာ မရေဝတီအပေါ်ကို ပုဂ္ဂိုလ်ရေးအရ စိုးရိမ်စိတ်လွန်ကဲပြီး ကာကွယ်ကန့်ကွက်တာပဲ။ ကျုပ်တို့ရဲ့ ပန်းရန့်စစ်ဆင်ရေးအနေနဲ့ ပြန်စဉ်းစားပါဦး"

နေရဲ ငြိမ်နေခဲ့သည်။ ဦးနှင်းဆီ၏ စကားက လုပ်ငန်းပိုင်းနှင့် ပုဂ္ဂိုလ်ရေး ရောထွေးနေသည်ဟု ဆိုလိုခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



"လုပ်ငန်းသဘောအရ ဒီနေရာမှာ ရေဝတီက အသင့်တော်ဆုံး ဖြစ်နေတယ်"

"ရေဝတီဟာ သူ့ကိုယ်သူ ကာကွယ်နိုင်လောက်တဲ့ ကိုယ်လုံပညာတွေ မရှိဘူး။ မှုခင်းတပ်ဖွဲ့ဝင်တွေလို သင်တန်းတွေ တက်ထားရတာမျိုး မရှိပါဘူး။ အဲဒီအချက်တွေကို ထည့်သွင်းစဉ်းစားသင့်ပါတယ် ဦးနှင်းဆီ"

"မလိုဘူး ထင်ပါတယ်။ မရေဝတီရဲ့ အသက်အန္တရာယ်ကို ကျုပ်တို့ လုံခြုံရေးအဖွဲ့ဝင်တွေက မသိမသာ စောင့်ရှောက်ပေးထားမှာပဲ။ ဒီအချိန်မှာ သင်တန်းပေးဖို့အချိန်လည်း မရှိတော့ပါဘူး။ ဒါဆိုရင် နေရဲ ကန့်ကွက်စရာမရှိဘူးလို့ ထင်ပါတယ်"

"နေရဲက တွေးပူနေတာပါ။ ဒီလို အတိအလင်း မဖြစ်ခင်မှာကတည်းက မရေဝတီဟာ ကျောက်စိမ်းဆွဲကြိုးကို ဆွဲထားတာပဲ မဟုတ်လား"

ဦးဂန္ဓမာက ဦးနှင်းဆီ၏ စကားကို ထောက်ခံစကားဆို၏။

"အခုလောလောဆယ်မှာ ဦးနှင်းဆီ တင်ပြတဲ့ အကြံဉာဏ်ထက် ပိုကောင်းတဲ့ အစီအစဉ် မရှိသေးပါဘူး"

ဦးစံပယ်ကလည်း ဦးနှင်းဆီ အကြံပေးမှုကို ထောက်ခံပြန်ပါ၏။

နေရဲ မငြင်းပါလေတော့။

"ဟုတ်ပါပြီလေ။ ကျွန်တော့် ကန့်ကွက်ချက်ကို ပြန်ရုပ်သိမ်းပါတယ်။ ဒါပေမဲ့ ဒီကိစ္စကို တိတိလင်းလင်းပဲ



ရေဝတီ့ကို ဖွင့်ပြောသင့်ပါတယ်။ ဦးနှင်းဆီ စကားအတိုင်း တာဝန်တစ်ခု ရေဝတီ့ကို ထပ်ပေးတာပဲ မဟုတ်လား။ ရေဝတီကိုယ်တိုင် လက်ခံမှ တာဝန်ဆက်ပေးသင့်ပါတယ်"

ဦးနှင်းဆီက ကျေနပ်နှစ်သိမ့်စွာ ရယ်မောလိုက်သည်။

"ဘယ့်နှယ်လဲ ဦးဂန္ဓမာနဲ့ ဦးစံပယ်၊ မရေဝတီကို ကျုပ်တို့ကိုယ်စား နေရဲကိုလွှဲပြီး တာဝန်ပေးလိုက်ရင် အကောင်းဆုံးပဲ။ တကယ်လို့များ မရေဝတီဟာ ငြင်းဆန်နေတယ်ဆိုဦးတော့ နေရဲကသာ ပြောရင်တော့ တစ်ခွန်းတည်းနဲ့ ဟုတ်ကဲ့ပါရှင် ဖြစ်လာမယ် မဟုတ်လား"

ဦးနှင်းဆီ၏ နောက်ဆုံးစကားဖြစ်သည့် နေရဲကသာ ပြောရင်တော့ ဟုတ်ကဲ့ပါရှင် ဟူသော စကားလုံးက နေရဲ၏နားထဲတွင် ပျားရည်လို ချိုမြသွားခဲ့စေပါ၏။

ဦးနှင်းဆီ အကြံပြုချက်ကို ရယ်ရယ်မောမောသဘောတူလိုက်ကြ၏။

ဦးနှင်းဆီက ချက်ချင်းပင် လုံခြုံရေးအဖွဲ့သို့ ဆက်သွယ်ခဲ့သည်။ အင်းယားမြိုင်လမ်း အိမ်လိပ်စာ အပြည့်အစုံကို ပြော၏။ ရေဝတီ၏ အသွင်ပုံသဏ္ဌာန်ကို ပြောပြသည်။ ရေဝတီ၏ဓာတ်ပုံကိုလည်း အမြန်ဆုံးပေးပို့မည်ဖြစ်ကြောင်း ပြောပြသည်။

"အခုအချိန်ကစပြီး မရေဝတီကို လုံခြုံရေးအတွက် အရပ်ဝတ်နဲ့ အမြဲတမ်း စောင့်ရှောက်ပေးထားပါ။ နှစ်ဆယ့်လေးနာရီလုံးလုံးပဲ။ ဘယ်လောက်ထိကြာအောင် စောင့်ရှောက်ရမယ်ဆိုတာ ကန့်သတ်ချက်မရှိဘူး။ ထပ်ပြီးညွှန်ကြားချက် မရမချင်း စောင့်ရှောက်ရမဲ့ တာဝန်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကို ပြန်ချထားလိုက်ပြီးနောက် ဦးနှင်းဆီ စားပွဲပေါ်မှ ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ ခဏအကြာတွင် အမျိုးသားတစ်ဦး ရောက်လာခဲ့သည်။ ဦးနှင်းဆီက စားပွဲပေါ် ဟက်တက်ကွဲ ကျောက်စိမ်းနှစ်ခြမ်းနှင့် ဆွဲကြိုးကို ဝင်ရောက်လာ သည့် အမျိုးသားကို ပေးလိုက်သည်။

"ဆွဲကြိုးနဲ့ လော့ကက်ကို သူ့နဂိုအတိုင်း ပြန်ဖြစ်အောင် လုပ်ပေးပါ။ နာရီဝက်အတွင်း လိုချင်ပါတယ်"

ထိုအမျိုးသား ပြန်လည်ထွက်သွားသည်။ မိုက်ကရို ဖုန်း ဖလင်လိပ်ကလေးကို ဦးနှင်းဆီက နေရဲအား သိမ်းထား ဦးဂန္ဓမာ၊ ဦးစံပယ်ရှေ့မှာပင် အပ်လိုက်ပါ၏။

"ပွဲကတော့ တကယ့်ပွဲကြီးပွဲကောင်းပဲ"

ဦးစံပယ်က လေးနက်စွာတွေး၍ ပြော၏။

"မရေဝတီနောက်ကို လိုက်တဲ့သူတွေက အများကြီးပဲ ကျုပ်တို့ဆီက လုံခြုံရေးနှစ်ယောက်၊ ကိုပိန်ရှည်၊ ဖက်တီး ကြီး။ ကိုယ့်လူ သူ့လူ ခွဲဖို့တောင် ခက်နေပြီလေ၊ ဘာ လဲဆိုတော့ ကိုပိန်ရှည်နောက် ကျုပ်တို့လူက ထပ်ပြန်လိုက် နေတာကိုး"

"ဟုတ်လား၊ ကိုပိန်ရှည်က ရေဝတီနောက်ကို လိုက်တုန်း ပဲလား ဦးစံပယ်"

"ဟာ ... လိုက်တာမှ သိပ်လိုက်ပေါ့။ နေရဲနဲ့ မရေဝ တို့ ဟိုတယ်တစ်ခုမှာ ရှိနေတုန်းကလည်း ကိုပိန်ရှည် နေရဲတို့နဲ့ မနီးမဝေးမှာ ရှိနေတယ်လေ။ ဗိုလ်ချုပ်ဈေး ရွှေဆိုင်မှာလည်း သူ ရှိနေတာပဲ။ မရေဝတီကို နေရဲ



အင်းယားမြိုင်လမ်းထိပ်မှာ ချပေးခဲ့ပြီး အစည်းအဝေးကို ထွက်လာချိန်မှာ ကိုပိန်ရှည်ဟာ အင်းယားမြိုင်လမ်းထဲမှာ ရှိနေခဲ့တယ်။ ကိုပိန်ရှည်နောက်ကို လိုက်နေတဲ့ ကျုပ်တို့ လူက အားလုံး သတင်းပြန်ပြီး ပို့တယ်လေ"

"ဪ ... ကျွန်တော်ဖြင့် ကိုပိန်ရှည်နောက်က လိုက်မှန်း သတိမထားလိုက်မိဘူးဗျာ"

"သေချာတာပေါ့။ နေရဲ သတိထားမိတာက မရေဝတီကို ပဲလို့ သတင်းပို့တဲ့လူက ပြောသွားသေးတယ် ကိုရဲ"

ဦးစံပယ်၏ စကားအဆုံးမှာ အားလုံး ရယ်မိလိုက် ပြပါ၏။

မှုခင်းတပ်ဖွဲ့ လှုပ်ရှားမှုများမှာ တစ်ဦးနောက်ကို ဦး ထပ်ဆင့်လိုက်ကြသည်။ ထိုတစ်ဦးနောက်သို့ ထပ်မံကာ ဦး လိုက်ပြန်သည်။ သူ့လူ ကိုယ့်လူမှန်း မသိနိုင်ကြတော့။ သော လှုပ်ရှားမှုတိုင်းကို သတိထားလာကြ၏။ မည်သူ့ကိုမျှ ယုံကြည်တော့။

ဦးနှင်းဆီက စကားဆက်သည်။

"ကျုပ်တို့ကို သတင်းပို့သူကမဆိုးဘူး။ ဘာတဲ့ ... ကိုနေရဲ ဟာ ကိုပိန်ရှည် လိုက်နေမှန်း ရိပ်မိပုံမရဘူးတဲ့။ ဘာဖြစ် လို့လဲဆိုတော့ ကိုနေရဲရဲ့မျက်လုံးတွေဟာ သူ့ချစ်သူ မရေ ဝတီဆီမှာချည်း ရောက်နေပါသတဲ့။ ဒါလည်း အပြစ်မ ဆိုသာပါဘူးတဲ့လေ။ မရေဝတီကို ချစ်သူအဖြစ် ပိုင်ခွင့်ရှိ သူ အားလုံးဟာ ကိုနေရဲထက် ကဲချင်တောင် ကဲကြဦးမှာ ပါတဲ့။ မရေဝတီက သိပ်လှလို့ပါပဲတဲ့လေ"

www.burmeseclassic.com

www.burmeseclassic.com



“တော်ပါပြီ”

နေရဲ့ ရှက်ရယ်လေး ရယ်ဖြစ်လိုက်ပါ၏။ ကိုဝိန်ရှည် အင်းယားမြိုင်လမ်းအထိ ပါလာသည်ကို မသိရှိလိုက်အောင်ပဲ သူ သတိလစ်သွားခဲ့သည် မဟုတ်ပါလား။

✤ ━ ✤



## အခန်း(၁၃)

ခက်လိုက်သည် ဖြစ်ခြင်း။ ခက်သည်မှ ခက်လွန်းနေပါ၏။ တူတော်မောင်က လက်ထပ်လက်စွပ် ဝယ်ပေးခဲ့သည်။ ဘန်ဆောင်ချစ်သူရယ်လို့ ကဇျော်ကချွတ် လက်စွပ်မျိုးမဟုတ်။ ရှုသုံးမူးသားလောက်မှာ အလယ်တွင် ကျောက်စိမ်းမြှုပ်ထားသည့် လက်စွပ်မျိုး။ တစ်ခါ အဒေါ်ဖြစ်သူ အန်တီခိုင်ဝင်းက ဗိုလ်ချုပ်ဈေးကိုသွားပြီး ရေဝတီ့အတွက် အဝတ်အစားဝယ်ရန် ဆိုနေပြန်ပါပြီ။

ငြင်းသည် မရပါ။ တူတော်မောင် နေရဲ၏အမိန့်မို့ မငြင်းရဟု အန်တီခိုင်ဝင်းက ပြောလာခဲ့သည်။ ယူမ ရင်မှာ ကြည်နူးစိတ်၊ ကျေနပ်စိတ်တွေ ဖြစ်လာခဲ့ရသည်။ သည်လို အခါရော တူပါ ဂရုစိုက်ကြတော့ ရေဝတီ ပုံပြင်လေးတစ်ခုကို အမှတ်ရမိသည်။

ဆင်ဒရဲလားပုံပြင်ကလေးပါ။ ဆင်းရဲသော ဆင်ဒရဲလားက မီးခင်ဆုံးပါးတော့ မိထွေးနှင့် နေရသည်။ မိထွေးမှာ သမီးနှစ်ယောက် ပါလာခဲ့၏။ လင်ပါသမီး ဆင်ဒရဲလားကို အိမ်အလုပ်တွေ ရက်ရက်စက်စက် ခိုင်း၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ဘုရင်ကြီးက သားတော်နှင့် ဖူးစာဖက်နိုင်ရန် တစ်နိုင်ငံလုံးရှိ အပျိုတွေအားလုံး ပွဲတော်ကျင်းပရန်သို့ လာနိုင်သည်ဟု ကြော်ငြာခဲ့၏။ မိထွေးက သူ့သမီးနှစ်ယောက်ကိုပဲ သွားခိုင်းကာ ဆင်ဒရဲလားကိုမူ မပြီးဆုံးနိုင်သည့် အိမ်အလုပ်တွေပဲ လုပ်ခိုင်း၏။ ဆင်ဒရဲလားသည်လည်း ကြင်ယာရွေးပွဲသို့ သွားချင်၏။

ဆင်ဒရဲလား ငိုမိတော့၏။ ဆင်ဒရဲလားက ကြင်ယာရွေးချင်သည်မဟုတ်။ ကြီးကျယ်ခမ်းနားသော ပွဲတော်သို့ သွားချင်ခြင်းသာ။ ထိုသို့ ဆင်ဒရဲလား ငိုကြွေးနေချိန်တွင် သေဆုံးသွားသောမိခင်မှာ တမလွန်ဘုံတွင် နတ်သမီးဖြစ်နေခဲ့သည်။ ဘဝဟောင်းက သမီးလေး ငိုနေသည်ကို မိခင်ဟောင်း နတ်သမီးက ကူညီခဲ့သည်။ ကြွက်ကလေးတွေကို မြင်းအဖြစ် ဖန်ဆင်းသည်။ ရွှေဖရုံသီးကြီးကို လှပခမ်းနားသည့် မြင်းရထားကြီး ဖြစ်စေ၏။ ဆင်ဒရဲလား ကိုယ်ပေါ်တွင် အလွန်အဖိုးတန်သော အဝတ်ရတနာပစ္စည်းများ ဆင်ပေးလိုက်သည်။

တစ်ခုတော့ မိခင်ဟောင်းနတ်သမီးက မှာကြားလိုက်၏။

"ချစ်သမီး ... ကျွန်ုပ်၏တန်ခိုးဖြင့် ဖန်ဆင်းထားသော ဤအရာတို့သည် သန်းခေါင်အထိသာ တည်နေလိမ့်မည်။ ညဉ့်သန်းခေါင်ကျော်သွားသည်နှင့် အားလုံးသည် နဂိုအတိုင်း ပြန်ဖြစ်လိမ့်မည်။ မြင်းသည် ကြွက်၊ မြင်းရထားကြီးသည် ဖရုံသီး ပြန်လည်ဖြစ်သွားလိမ့်မည်"



မိထွေး စေခိုင်းထားသည့် အလုပ်များကို မိခင်နတ်သမီးက တန်ခိုးဖြင့် ပြီးစေခဲ့၏။ ဆင်ဒရဲလားလေး မြင်းက,သောရထားကိုစီး၍ ပွဲတော်သို့ သွားခဲ့တော့၏။

ဖြစ်ချင်တော့ ဘုရင့်သားတော်က ပွဲတော်လာအပျိုတွေအထဲမှ ဆင်ဒရဲလားကိုသာ စွဲလမ်းသွားတော့၏။ ဆင်ဒရဲလားနှင့်သာ တွဲက၏။ သူတို့နှစ်ဦး ပျော်နေကြသည်။ ပျော်၍မဝခင်မှာပဲ သန်းခေါင်ယံနာရီက ဆယ့်နှစ်ချက်တီးလေပြီ။ -

သည်တော့ ဆင်းဒရဲလားလေးသည် ပွဲတော်မှမြင်းများသည် ကြွက်မဖြစ်ခင် ဖရုံသီးသည် မြင်းရထားအဖြစ်မှ မပြောင်းခင် ထွက်ပြေးခဲ့ရပါလေ၏။

မိမိ ရေဝတီ၏အဖြစ်သည်လည်း ဆင်ဒရဲလားနှင့် ဘာများထူးပါသေးသည်လဲ။ ပန်းရန့်စစ်ဆင်ရေး ပြီးဆုံးလျှင် ယခုအဆောင်အယောင်တွေစွန့်ကာ မန္တလေးပြန်ရမည်သာ။ ဝမ်းနည်းရမှာလား၊ ဝမ်းသာရမှာလား၊ ရေဝတီ မသိနိုင်ပါလေတော့။

ရေဝတီသည် အန်တီခိုင်ဝင်းနှင့်အတူ အိမ်တံခါးများပိတ်သည်။ ဦးဝဏ္ဏ တစ်ယောက်သာ သူ၏ဂိုဒေါင်နှင့်တွဲနေသောအခန်းတွင် ကျန်ရစ်သည်။ အိမ်တံခါးသည် ပိတ်လျှင် အလိုလိုသော့ခတ်ပြီးဖြစ်သည့် တံခါးမျိုး၊ အပြင်မှဖွင့်လျှင် သော့တံထိုး၍ ဖွင့်နိုင်၏။ အိပ်ခန်းတံခါးမှာလည်း ထိုသော့မျိုးများပင်ဖြစ်သည်။

အိမ်ဝင်ပေါက်တံခါးသော့ကို အန်တီခိုင်ဝင်း တစ်ချောင်း၊ နေရဲတစ်ချောင်း ရှိကြသည်။ အိပ်ခန်းသော့ကို ကိုယ့်အိပ်ခန်းသော့ ကိုယ်ကိုင်ကြရသည်။ ရေဝတီ ရောက်လာသောအခါ ရေဝတီ အိပ်ခန်းသော့ကို သူမအား ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ဈေးသို့ အငှားကားဖြင့်သာ သွားခဲ့ကြသည်။ နေရဲက အိမ်ရှိကားကို အချိန်ပြည့် သူပဲသုံး၏။ အန်တီခိုင်ဝင်းက အသွားအလာနည်းသူဖြစ်၍ အိမ်တွင် ဒရိုင်ဘာခန့်ထားခြင်း မရှိ။ နေရဲကလည်း ဒရိုင်ဘာ မလိုချင်။ ဒရိုင်ဘာထားလျှင် နေရဲက သူသွားချင်ရာသွားခြင်းကို ဒရိုင်ဘာ သိမည်ကို စိုးရိမ်ခဲ့သည်။ မှုခင်းတစ်ဖွဲ့ဝင်ဆိုတာ အရာရာ ဆင်ခြင်နိုင်ရမည်။

ဗိုလ်ချုပ်ဈေးတွင် အန်တီခိုင်ဝင်းက ရေဝတီနှင့် လိုက်ဖက်မည့်ပိတ်စ၊ အရောင်အသွေးကို သူကိုယ်တိုင် ရွေးချယ်ကာ ပယ်ခဲ့သည်။

ထိုစဉ်မှာပင် မိမိတို့နောက်မှ ပါလာသော ကိုပိန်ရှည်ကို ရေဝတီ သတိထားမိသည်။ ရေဝတီက ကိုပိန်ရှည်ပါလာခြင်းအတွက် ထူး၍မဆန်းသလိုပဲ ဖြစ်ရ၏။ အတွေးတစ်ခုတော့ သူမဝင်မိ၏။ မိမိလည်တိုင်တွင် ရွှေဆောက်စိမ်းဆွဲကြိုး ပါရှိလာခြင်း မရှိပါဘဲလျက် ကိုပိန်ရှည်သည် အဘယ်ကြောင့် နောက်ကလိုက်ပါလာနေဆဲ ဖြစ်ပါသနည်း။

အန်တီခိုင်ဝင်းက အပ်ချုပ်ဆိုင် ခေါ်သွားကာ ရေဝတီ စိတ်ကြိုက် ပုံဆန်းလှလှလေးတွေ အပ်စေခဲ့၏။ ထို့နောက် အငှားကားနှင့်ပင် ရေဝတီနှင့် အန်တီခိုင်ဝင်းတို့ အင်းယားမြိုင်အိမ်သို့ ပြန်လာခဲ့ကြသည်။ ခြံတံခါးကို ဖွင့်ပေးရင်း ဦးဝဏ္ဏက ရေဝတီကို လှမ်းပြောခဲ့သည်။

"ရေဝတီရဲ့ဧည့်သည်တစ်ယောက် ရောက်နေတယ်။ နောက်တစ်ခေါက် ပြန်လာဖို့ မအားဘူးဆိုပြီး ခြံထဲက ငါ့အခန်းမှာပဲ ထိုင်စောင့်နေတယ်။ လူက ခွစာဘဲနဲ့ တူတယ်"



"ဘယ်သူတဲ့လဲ ဦးဝဏ္ဏ"

"ကျော်မိုးနောင် ... တဲ့"

"ဦးဝဏ္ဏရယ်၊ ဘာဖြစ်လို့ ဒီလူ့ကို လက်ခံလိုက်ရတာလဲ"

"အေး ... ပြောရရင်တော့ ခက်သားဟ၊ ဒီအိမ်က မိသားစုတစ်ယောက်ယောက်ရဲ့ ဧည့်သည်ပါဆိုပြီး ရောက်လာတဲ့သူကို ဦးဝဏ္ဏလိုလူက ဟော့ ... မလာနဲ့ကွလို့ ဘယ်မှာ ပြောပိုင်ခွင့် ရှိမှာလဲ ဝတီ။ ဦးဝဏ္ဏက မာလီဒရဝမ်ပဲ၊ အေး ... တစ်ခုတော့ရှိတယ်ပေါ့၊ တိတိကျကျသာ ဒီလူလာရင် ခြံထဲတောင် အဝင်မခံနဲ့လို့ ဦးဝဏ္ဏကို မှာထား။ ခြံအရိပ်တောင် မနင်းစေရဘူး၊ အခုလည်း ဝတီ လက်မခံဘူးဆိုရင် ဒီသတ္တဝါကို ဦးဝဏ္ဏ ခြံပြင်ရောက်အောင် လွှင့်ပစ်လိုက်မယ်လေ၊ ဘယ့်နှယ်လဲ"

"အာ ... ဟား ... ကြမ်းလှချည်လား ဦးဝဏ္ဏ။ ဦးဝဏ္ဏက ကျွဲပေါက်တစ်ကောင်လောက် ဗလကောင်းနေတာ၊ ကျွန်တော့်လိုလူကို အရုပ်တစ်ရုပ် ကိုင်ပစ်လိုက်သလို ဖြစ်သွားမှာပေါ့၊ ဟား ဟား ...၊ ဝတီရေ ကြည့်လည်းလုပ်ပါဦး"

ကျော်မိုးနောင်က မထီတရီ ပြုံးရယ်ကာ ဦးဝဏ္ဏနောက်သို့ ရောက်လာခဲ့သည်။ ရေဝတီကို ဦးဝဏ္ဏနှင့် ဒေါ်ခိုင်ဝင်းရှေ့တွင် ရင်းနှီးလွန်းသည့် အသွင်ကို ထင်ရှားစေခဲ့သည်။

အန်တီခိုင်ဝင်းက အကဲခတ်မျက်လုံးနှင့် ကျော်မိုးနောင်ကိုကြည့်၏။ ကျော်မိုးနောင်သည် သန့်ပြန့်သော လူရည်သန့်ဖြစ်၍ ရုပ်ရည်ချောမောပြေပြစ်တာ အန်တီခိုင်ဝင်း မငြင်းနိုင်။

"ကိုကျော်မိုးနောင် ဘာကိစ္စနဲ့ လာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စရှိတော့မှပဲ လာရတော့မှာလား ဝတီ"

"ဟုတ်ကဲ့ … ကိုကျော်မိုးနောင် လာတာ အားလုံးအတွက် အနှောင့်အယှက် ဖြစ်နေပါတယ်"

"ဒီအနှောင့်အယှက်ဖြစ်တဲ့ စာရင်းထဲမှာ ဝတီ မပါဘူး မဟုတ်လား"

"သိပ်ပါတာပေါ့။ ထိပ်ဆုံးကပါတယ် ကိုကျော်မိုးနောင်။ နောက်ပြီး ကိုကျော်မိုးနောင် သိထားဖို့က ရေဝတီဟာ မကြာခင် လက်ထပ်တော့မဲ့သူပါ"

"လက်ထပ်တော့မဲ့သူပါ ဆိုတော့ လက်မထပ်ရသေးပါဘူး ဆိုတဲ့ အဓိပ္ပာယ်ပဲ မဟုတ်လား ဝတီ၊ လက်မထပ်သေးတဲ့ လူပျို အပျိုတွေမှာ လွတ်လပ်ခွင့် ရှိနေပါတယ် ဝတီ"

ကျော်မိုးနောင်၏ အပြောအဆို ရဲတင်းမှုကြောင့် ရေဝတီသည် အန်တီခိုင်ဝင်းအား ဝေ့ခနဲ ကြည့်မိသည်။

သို့သော် အန်တီခိုင်ဝင်း၏ အမူအရာက အကဲခတ်၍ မရပေ။

"ဝတီရေ … ဝတို့ဧည့်သည်ဆိုလည်း ဧည့်ခန်းမှာ စကားပြောကြပါလားကွယ်။ နောက်ပြီး ဝတီလည်း ခဏတဖြုတ်နားလိုက်ဦး။ ညနေကျရင် ရဲရဲနဲ့ အပြင်တစ်ခါထွက်ရဦးမှာ မဟုတ်လား။ တစ်နေ့လုံးလိုလို အပြင်ထွက်ရတာ ပင်ပန်းနေပြီ"

အန်တီခိုင်ဝင်းက အိမ်ရှိရာသို့ လျှောက်လိုက်သည်။ ရေဝတီက နောက်မှလိုက်ပါသွား၏။ ကျော်မိုးနောင်သည် ဝတီ ဖိတ်ခေါ်ခြင်း မပြုသော်လည်း ရေဝတီနောက်မှ လိုက်သွားခဲ့သည်။



တံခါးသော့ဖွင့်၍ အထဲသို့ ဝင်မိသည်နှင့် အန်တီခိုင်ဝင်းသည် သူမအခန်းဆီသို့ တန်းတန်းမတ်မတ် ဝင်သွားခဲ့၏။

"ထိုင်ပါ ကိုကျော်မိုးနောင်၊ ပြောစရာရှိရင်လည်း ပြောပါ။ ပြောပြီးရင်လည်း ပြန်ပါ၊ ရေဝတီ အနားယူချင်လို့"

"ဒီလောက်ကြီး မစိမ်းပါနဲ့ ဝတီ။ ကိုကိုနောင် လာတာ ကိုယ့်အမှားကို တောင်းပန်ချင်လို့ပါ။ ရန်သူတောင် လက်နက်ချရင် ကျေအေးကြရပါသေးတယ် ဝတီ"

"ပြောစရာရှိသေးရင် ဆက်ပြောပါ ကိုကျော်မိုးနောင်"

"တကယ်တမ်းကျတော့ ကိုကိုနောင် အနေနဲ့ ဝတီ့ကို စွန့်မလွှတ်နိုင်မှန်း သိလာရတယ်။ ဝတီလည်း ကိုကိုနောင့်ကို နာကြည်းစိတ်နဲ့ စွန့်လွှတ်နိုင်မယ် ထင်သလား။ ဝတီ့စိတ်ရင်းအမှန်က ကိုကိုနောင့်ကို ချစ်နေတုန်းပဲလို့ ကိုကိုနောင် ယုံကြည်ထားတယ်"

ရေဝတီက သူမ ဝတ်ဆင်ထားသော ကျောက်စိမ်းလက်စွပ်ကို ကျော်မိုးနောင် မြင်အောင် ပြလိုက်သည်။

"ဒါ ဘာလဲ သိလား"

"ကျောက်စိမ်းလက်စွပ်ပေါ့ ဝတီ။ နေပါဦး … ဝတီ့မှာ ကျောက်စိမ်းတွေ တစ်ခုပြီးတစ်ခု ဝင်နေပါလား။ လေယာဉ်ပေါ်တုန်းက ဝတီ ကျောက်စိမ်းဆွဲကြိုး ဆွဲထားတာ တွေ့ပါတယ်။ အခု ဆွဲကြိုးမဆွဲထားပါလား၊ ဘယ်ရောက်သွားပြီလဲဟင်"

ရေဝတီက သူ့အပြောကြောင့် မျက်မှောင်ကုတ်ကာ ကြည့်မိပါ၏။ ကျော်မိုးနောင်သည်လည်း ကျောက်စိမ်းဆွဲကြိုး

www.burmeseclassic.com

www.burmeseclassic.com



အပေါ် စိတ်ဝင်စားနေသူတစ်ယောက်လားဟု အကဲခတ်လိုက်ခြင်း ဖြစ်သည်။

"ရေဝတီ ပြတာက ကျောက်စိမ်းကို မဟုတ်ဘူး ကိုကျော်မိုးနောင်။ ကိုကိုရဲ့ ကိုယ်တိုင်ဝယ်ပေးထားတဲ့ လက်ထပ်လက်စွပ်ကို ပြချင်တာပါ။ မလွဲမသွေ လက်ထပ်တော့မယ် ဆိုတဲ့ သင်္ကေတလက်စွပ်၊ ရေဝတီမှာ ပိုင်ဆိုင်သူရှိနေပြီ ဆိုတဲ့ ဖော်ပြထားတဲ့ သင်္ကေတ"

"ဘာဆိုင်လဲ၊ ဒီလက်စွပ်မျိုး ဆယ်ကွင်းဝတ်ထားတော့ ကော လက်မထပ်ရသေးသမျှ ပိုင်ဆိုင်မှုဆိုတာ ရှိသေးတာမှ မဟုတ်ဘဲ။ ရေဝတီလိုသာ လက်စွပ်ပြပြီး လိမ့်စတမ်းဆိုရင် ကိုကိုနောင့်မှာလည်း ဒီလိုဝတ်ထားတဲ့ လက်စွပ်တော့ ရှိတာပေါ့"

ကျော်မိုးနောင် ထောင်ပြလိုက်သော လက်စွပ်ကို သူမ ကြည့်လိုက်မိ၏။ ကျော်မိုးနောင်၏ လက်စွပ်မှာ ကြီးမားသော လက်စွပ်တစ်ကွင်း ဖြစ်နေသည်ကို တွေ့ရ၏။ သူမ တစ်ခု တွေးမိလိုက်သည်။

မန္တလေးမှာတုန်းက သူမအား နောက်မှ ပါးစပ်ပိတ်ကာ ဆွဲကြိုးလုယူရန် ကြိုးစားသူထံမှာ လက်စွပ်အကြီးကြီး ဝတ်ဆင်ထားကြောင်း မှတ်မိလိုက်ပါ၏။ မန္တလေးတွင် သူမထံမှ ဆွဲကြိုးလုယက်ရန် ကြိုးစားသူသည် ကျော်မိုးနောင် ဖြစ်လေမလား ဟု ဆက်စပ်တွေးမိသည်။ ကျော်မိုးနောင်သည် ရေဝတီ ဆွဲထားသော ကျောက်စိမ်းဆွဲကြိုးကိုမတွေ့၍ မေးနေခဲ့သေးသည် မဟုတ်ပါလား။



ပြီးတော့ သူမအား စွန့်ပစ်သွားသူ ကျော်မိုးနောင်သည် ပြန်လည်၍ အဆက်အသွယ်ပြုရန် ကြိုးစားနေခဲ့ပြန်ပါပြီ။ ပြန်လည်သွေးဆောင် ကြိုးပမ်းနေခြင်းသည် ကျောက်စိမ်းဆွဲကြိုး ကြောင့်လားဟု ဆက်စပ်တွေးနိုင်ရန် ရှိလာခဲ့ပြီ။

"ဦးဝဏ္ဏ ... ဦးဝဏ္ဏ"

ရေဝတီက ပြတင်းပေါက်ဆီသို့သွားကာ ဦးဝဏ္ဏအား ခေါ်ယူလိုက်သည်။ ဦးဝဏ္ဏ ချက်ချင်း ရောက်လာခဲ့ပါ၏။

"ကိုကျော်မိုးနောင်ကို ခြံဝအထိ လိုက်ပို့ပေးလိုက်ပါ"

"နှင်တာလား ဝတီ"

"ဟုတ်ကဲ့၊ ရေဝတီ အနားယူချင်နေပါပြီ"

"မပြန်ဘူး ဆိုရင်ကော"

ရေဝတီက ပြုံးလိုက်ပြီး ဦးဝဏ္ဏကို မေးခွန်းတစ်ခု သမ်းမေးလိုက်သည်။

"အခုနက ဦးဝဏ္ဏ ပြောလိုက်ပါတယ်နော်၊ ဝတီ လက်မခံချင်တဲ့ဧည့်သည်ကို ဦးဝဏ္ဏ ဘယ်လိုလုပ်မှာလဲဆိုတာလေ"

"ဪ ... ဒါလား။ ဒါဆိုရင် ဦးဝဏ္ဏက အဲဒီဧည့်သည် ကို အပြင်ရောင်အောက် လွှင့်ပစ်မယ်လို့ ပြောထားတယ် လေ"

ဦးဝဏ္ဏက အဖြေပေး ... ကျော်မိုးနောင်အား လှည့်ကြည့်လိုက်ပြီး ...

"လာ ... သွားစို့ မောင်ရင်"

ကျော်မိုးနောင် ဘာမှမပြောပါလေတော့။ မျက်ထောင့်နီနှင့် ဦးဝဏ္ဏအား ကြည့်လိုက်သည်။ ဦးဝဏ္ဏ၏ ဗလကြီးက ကျွဲ

www.burmeseclassic.com

www.burmeseclassic.com



ပေါက်နီးပါးမျှ ရှိသည်ကို တွေ့လိုက်ရသည်။ ချာခနဲလှည့်ကာ ခြေသံပြင်းပြင်းနင်း၍ ထွက်သွားတော့၏။

ဦးဝဏ္ဏက တဟဲဟဲရယ်ရင်း ခြံထဲသို့ ပြန်၍ဆင်းသွားခဲ့ပါ၏။ ထိုအခါကျမှပင် ရေဝတီက သူမအတွက် ပေးထားသော အခန်းရှိရာသို့ လျှောက်ခဲ့သည်။ သော့တံဖြင့် ဖွင့်လိုက်သည်ဆိုလျှင်ပင် ...

"ဘုရား ... ဘုရား"

တစ်ခန်းလုံး ဖြောင်းဆန်နေသည်။ ခုတင်ပေါ်မှာ မွေ့ရာနှင့် ခေါင်းအုံးသည် ကြမ်းပြင်ပေါ်သို့ ရောက်နေခဲ့သည်။ အဝတ်ဗီရိုများ ပွင့်ဟနေသည်။ စားပွဲအံဆွဲများ အပြင်သို့ထွက်နေ၏။ တစ်စုံတစ်ဦးသည် ရေဝတီ၏အခန်းကို မွှေနှောက်ပြစ်လေပြီကော။

"အန်တီ ... အန်တီခိုင်ဝင်း၊ ဝတီဆီကို မြန်မြန်လာပါဦး"

အန်တီခိုင်ဝင်း ပြေးဝင်လာသည်။ တစ်ခန်းလုံးဖရဲ ဖြစ်နေသည်ကို ကြည့်ရင်း သူမ ကြက်သေ သေ၍ ကြည့်နေမိသည်။

"သူ ... သူခိုးတစ်ယောက်ယောက် ဝင်မွှေသွားတာ ဖြစ်ရမယ် အန်တီ။ ဒီအခန်းက သီသီစန်း အခန်းဆိုတော့ ဘာပစ္စည်းတွေ ပါသွားသလဲဆိုတာ စစ်ဆေးကြည့်ပါဦး"

ထိုအခါကျမှ အန်တီခိုင်ဝင်း စစ်ဆေးကြည့်ရှုပါသောတော့၏။

"ဘာတစ်ခုမှ ပါမသွားဘူး ဝတီ။ ဝတီ့ပစ္စည်းတွေရော စစ်ဆေးကြည့်ပြီးပြီလား"



ရေဝတီသည်လည်း အန်တီခိုင်ဝင်း ပြောမှပင် စစ်ဆေးကြည့်မိပါလေ၏။ ဘာတစ်ခုမှ ပါမသွားခဲ့ပေ။

"ဟင့်အင်း ... ဝတီ့ပစ္စည်းတွေလည်း ဘာတစ်ခုမှ သူခိုးက ယူမသွားဘူး အန်တီခိုင်ဝင်း"

"အံ့ပါရဲ့ကွယ်၊ ဘယ်လိုသူခိုးများပါလိမ့်။ ဘာပဲဖြစ်ဖြစ်လေ အန်တီ ခဲ့စခန်းကို ဖုန်းဆက်ပြီး တိုင်ထားမှ ထင်တယ် ဝတီ"

ရေဝတီ ဖျတ်ခနဲ ကျောက်စိမ်းဆွဲကြိုးကို သတိရလိုက်မိပါ၏။

သူခိုးသည် ကျောက်စိမ်းဆွဲကြိုးကို လာရောက်ရှာဖွေခြင်းကလွဲ၍ အခြားမဖြစ်နိုင်။

တော်ပါသေး၏။ ကျောက်စိမ်းဆွဲကြိုးကို ကိုနေရဲ ယူထားပြီး ပြန်မပေးသည်ကပင် တော်နေပါသေး၏။

"ကိုကိုရဲ ပြန်လာတဲ့အထိ စောင့်ကြစို့ အန်တီခိုင်ဝင်း၊ ကိုကိုရဲက လိုအပ်တယ်ပြောမှ ရဲကိုတိုင်ကြတာပေါ့"

♣ ❧ ♣

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

ကိုနေရဲ ပြန်ရောက်လာချိန်တွင် ရေဝတီ အိပ်ခန်းတွင်း၌ ရှိနေပါ၏။ ပြန်ရောက်လာလာခြင်း ရေဝတီ ထွက်တွေ့ရန် စိတ်ကူးပါသေးသည်။

သို့သော် ...။ သူတို့ တူဝရီးခြင်း လွတ်လပ်စွာပြောပါစေဟူသော စိတ်ကြောင့် ထွက်မတွေ့ဘဲ နေလိုက်ပါ၏။ အန်တီခိုင်ဝင်းသည် မိမိ၏အခန်းကို သူခိုးဝင်ရောက်မွှေနှောက်သွားကြောင်း ပြောပေလိမ့်မည်။ ဘာမှမယူဘဲ ဝင်ရောက်မွှေနှောက်သွားသည့် သူခိုးအကြောင်းကိုလည်း အံ့သြစိတ်ဖြင့် ပြောလိမ့်မည်ထင်သည်။

ပြီးတော့ ကျော်မိုးနောင် အိမ်သို့ လာရောက်သွားခြင်းကိုလည်း မလွဲမသွေ ပြောပြပါလိမ့်မည်။

"ခေါက် ... ခေါက်"

တံခါးခေါက်သံကြောင့် ရေဝတီ ထလိုက်သည်။

"ဝတီရေ ... ကိုကိုရဲပါ၊ ဝတီနဲ့ စကားပြောချင်လို့"

"ဟုတ် ... ခဏလေး ကိုကိုရဲ"



ရေဝတီ တံခါးဖွင့်လိုက်သည်။ တံခါးဝတွင် နေရဲအမားကြီး ရပ်နေခဲ့သည်။

"ကိုယ် ဝတီနဲ့ စကားပြောချင်တယ်။ ဒီအခန်းထဲမှာပဲ ပြောကြစို့လား။ ဧည့်ခန်းမှာဆိုရင် အန်တီခိုင်ဝင်း ဝင်လာရင် ကိုယ်တို့ပြောချင်တဲ့စကား ပြောလို့ဖြစ်မှာမဟုတ်ဘူး"

တစ်ခဏတော့ ရေဝတီ တွေဝေလိုက်မိ၏။ ဘာပဲဖြစ်ဖြစ် ဟန်ဆောင်ချစ်သူဘဝမှာ ငြင်း၍တော့မဖြစ်။ အန်တီခိုင်ဝင်း အမြင်မှာ ချစ်သူတွေဆိုတော့ ထူး၍ဆန်းမည်မဟုတ်ပါ။ လက်ခံရမည်သာ ဖြစ်ပါ၏။

"ရပါတယ် ကိုနေရဲ၊ အဲ ... တံခါးတော့ ဖွင့်ထားပေါ့နော်"

နေရဲ အခန်းထဲသို့ ဝင်လိုက်သည်။ နေရဲက စာရေးခုံ ကုလားထိုင်တွင် ထိုင်သည်။ ရေဝတီက ကြိမ်ကုလားထိုင်လေးကိုရွှေ့ကာ ထိုင်၏။

"ဝတီ့ အခန်းကို သူခိုးဝင်တယ်ဆို"

"ကိုနေရဲကို အန်တီခိုင်ဝင်း ပြောပြလို့ သိပြီးရောပေါ့။ သူခိုးဝင်တယ်၊ ဘာပစ္စည်းမှ ယူမသွားဘူး။ အန်တီခိုင်ဝင်းက ရဲတိုင်ချင်တယ်။ ရေဝတီက ကိုနေရဲလာအောင် စောင့်ပါဦးလို့ တားထားတာပါ"

"သူခိုးဟာ ဘာလိုချင်တာလဲဆိုတာ ကိုယ်နဲ့ ဝတီပဲ သိကြတာပေါ့။ ဒါပေမဲ့ စဉ်းစားဖို့က ဝတီရဲ့အခန်းတံခါးကို ဖွင့်နိုင်ဖို့ ဘယ်လိုသော့တစ်ချောင်းရပြီး ဖွင့်နိုင်သလဲ။ ဖောက်ထွင်းဖျက်ဆီးပစ်တာမှ မဟုတ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဦးဝဏ္ဏကရော သူခိုးတစ်ယောက်လုံး ခြံထဲဝင်တာရော အိမ်ထဲဝင်တာရော မသိဘူးတဲ့လား ကိုနေရဲ"

"ဒီအိမ်မှာ နေ့ဘက်မပြောနဲ့ ညဘက်မှာတောင် သူခိုးမကပ်ခဲ့ဖူးဘူး ဝတီ။ ဦးဝဏ္ဏဟာ ညဘက်ကို တစ်ခြံလုံး မအိပ်ဘဲ စောင့်လေ့ရှိတယ်။ ဒီတော့ ညဘက် မအိပ်ရတော့ တစ်နေ့လုံး အိပ်လေ့ရှိတယ်။ သူ အိပ်နေတုန်း သူခိုးဝင်တာပဲ ဖြစ်ရမယ်။ ဘာမှယူမသွားပုံထောက်ရင် ဒုစရိုက်ဂိုဏ်းကပဲ ဖြစ်လိမ့်မယ်။ ကျောက်စိမ်းဆွဲကြိုး လာရှာတာ ဖြစ်မှာပေါ့ ဝတီ"

"ဝတီလည်း ဒီလိုပဲ ယူဆပါတယ်"

"ကျော်မိုးနောင် ရောက်လာသေးတယ်နော်။ အုံ့ညြိုဖို့ကောင်းတာက သူခိုး ခိုးတဲ့နေ့မှ သူ ရောက်လာတာပဲ။ နောက်ပြီး ဝတီ့အခန်းကို ဖောက်ထွင်းဖျက်ဆီးပစ်တာ မဟုတ်ဘဲ ဝင်နိုင်ခဲ့တယ်။ အဲဒါအုံ့ညြိုဖို့ကောင်းလွန်းနေတယ် ဝတီ"

ရေဝတီ တွေခနဲဖြစ်ကာ နေရဲကို ကြည့်လိုက်သည်။ မှန်တင်ခုံပေါ်တွင်ရှိသော သူမ၏ပိုက်ဆံအိတ်ကိုဖွင့်ကာ အိပ်ခန်းတံခါးသော့ချောင်းကို ထုတ်ယူလိုက်သည်။ ပြီး ... ရေဝတီသည် ခုတင်ရှိရာသို့ လျှောက်ခဲ့ပြီး ခေါင်းအုံးအောက်မှ စက္ကူအိတ်ကို ထုတ်ယူလိုက်၏။

"ဟောဒီသော့ချောင်းက အန်တီနိုင်ဝင်း ပေးထားတဲ့ ဒီ အိပ်ခန်းသော့ချောင်းပဲ ကိုနေရဲ။ နောက်ပြီး ဟောဒီစက္ကူ ထုပ်ထဲမှာ ငွေနှစ်ထောင့်လေးရာရှိတယ်။ အန်ကယ်အောင်



ပေးလိုက်တဲ့ငွေပါ။ သော့ရော ငွေပါ ရေဝတီ ပြန်အပ်ပါ တယ်။ ရော့ ... ယူပါ ကိုနေရဲ"

"အဲဒါ ဘာလုပ်တာလဲ ဝတီ"

"အလုပ်ထွက်တာလေ။ ဒီအလုပ်တာဝန်က ရေဝတီ အပြီး အပိုင်ထွက်လိုက်တာပဲ။ ရေဝတီ မန္တလေး ပြန်ပါရစေ"

"ဟာ ... မဟုတ်တာ။ ဝတီ မန္တလေး မပြန်ရဘူး။ အလုပ် လည်း မထွက်ရဘူး"

"ဘာထူးမှာလဲ ကိုနေရဲ။ အန်ကယ်လ်အောင်က သစ္စာရှိ တယ်ဆိုပြီး ကိုနေရဲ သုံးချင်တဲ့လုပ်ငန်းမှာသုံးဖို့ ထည့်ပေး လိုက်တာလေ။ ရေဝတီက နာမည်အနာခံပြီး တာဝန်ကို လက်ခံခဲ့တယ်"

"အဲဒါ ဟုတ်တယ်လေ"

"အခု ကိုနေရဲ စကားကို ဆက်စပ်ကြည့်တော့ သူခိုးဟာ ကျောက်စိမ်းဆွဲကြိုးကို လိုချင်လို့ လာခိုးတယ်။ သူခိုးဟာ ရေဝတီ့အခန်းကို သော့ဖွင့်ဝင်နိုင်တယ်။ ဒီနေ့မှာပ ချစ်သူ ဟောင်း ကျော်မိုးနောင် လာလည်တယ်။ ရေဝတီကပဲ ကျော်မိုးနောင်ကို ဒီအခန်းဖွင့်ကြည့်ဖို့ သော့တူပေးလေ သလားဆိုတဲ့ သံသယမျိုး ကိုနေရဲ တွေးနေမိမှာပါ။ အဲဒီ တော့ ဒီလိုသံသယမျိုး အဝင်ခံရတဲ့ ရေဝတီက ဒီလုပ်ငန်း ကို ဆက်တာဝန်ထမ်းဆောင်နေတော့ရော ဘာထူးမှာလဲ။ ဒီတော့ ရေဝတီ မန္တလေးကိုပြန်မယ် ကိုနေရဲ"

"ဝတီ မပြန်ရဘူး၊ ပြန်ကို မပြန်ရဘူး"

www.burmeseclassic.com

www.burmeseclassic.com



နေရဲ နေရာမှထကာ ရေဝတီ၏ပခုံးနှစ်ဖက်ကို အားမလို အားမရ ဆုပ်ကိုင်လိုက်သည်။

"ကိုယ် သံသယဖြစ်တာ ဝတီ့ကို မဟုတ်ဘူး။ ဟိုကောင် ကျော်မိုးနောင်ကို သံသယဖြစ်တာ။ သူဟာ ပန်းရန့်စင် ဆင်ရေးရဲ့ ဆန့်ကျင်ဘက် ဒုစရိုက်ဂိုဏ်းသားမို့ ကျောက်စိမ်းဆွဲကြိုးကို ပြန်လိုချင်လို့ ရဝေတီ့ကို ကျဉ်းကပ်ပြီး ချစ်သူဟောင်းကို သွေးဆောင်တာပဲလို့ ထင်နေမိတာ။ အဲဒီလို ပြန်ကပ်တာကို ရေဝတီ စိတ်ပြန်လည်သွားမှာကို သိပ်စိုးရိမ်နေမိတယ်"

ကိုနေရဲ ဆုပ်ကိုင်ထားသော လက်များကို ရေဝတီ ကြည့်မိသည်။ ဖယ်ရှားရန် စိတ်ကူးစဉ်မှာပဲ အန်တီနိုင်ဝင်းက အခန်းရှေ့မှ ဖြတ်လျှောက်သွားသည်ကို မြင်လိုက်ရ၏။ ထို့ကြောင့် မဖယ်ရှားဖြစ်တော့ဘဲ ကိုနေရဲ၏ မျက်နှာကို မျက်ဝန်းနက်ကြီးများဖြင့် ရေဝတီ ကြည့်မိပါလေ၏။

"စေးမှဝေးပါ ကိုနေရဲ။ တစ်သက်မပြောနဲ့ နောင်ဆယ်သက်အထိ ကျော်မိုးနောင်ကို စိတ်လည်ဖို့ဆိုတာ မစဉ်းစားတော့ပါဘူး။ ဘာလဲ ... ရေဝတီက စိတ်လည်ပြီး ရေဝတီ့အိပ်ခန်းသော့ကို ပေးခဲ့တယ်လို့ ကိုနေရဲ သံသယဖြစ်နေတယ် မဟုတ်လား"

"လုံးဝမဖြစ်ဘူး ဝတီ။ ကျောက်စိမ်းဆွဲကြိုးက ကိုယ့်လက်ထဲမှာပဲ။ ကိုယ် သံယသအဖြစ်ဆုံးနဲ့ စိုးရိမ်တာက ကျော်မိုးနောင်အပေါ် ဝတီ စိတ်ပြန်လည်သွားမှာကိုပဲ စိုးတာ။ အခု ဝတီ့စကား ကြားရတော့ သံသယရှင်းသွားပါပြီ"



ရေဝတီက နေရဲ၏လက်များကို ဖယ်ရှားလိုက်သည်။ သို့သော် နေရဲက မလွှတ်ဘဲ ကိုင်မြဲကိုင်ထားခဲ့ပါ၏။

"မလွှတ်ဘူး ဝတီ၊ အခုနေ ဖွင့်ပြောရင် အချိန်ကာလ တိုနေတော့ ဝတီ့မေတ္တာကို အပေါစားထင်လို့ ပြောတာပဲလို့ ထင်မှာစိုးလို့ ကိုနေရဲ မျိုသိပ်ထားရတာ။ အမှန်တော့ လေဆိပ်မှာ ဝတီ့ကို တွေ့ရကတည်းက ကိုယ့်စိတ်တွေ လှုပ်ရှားခဲ့ရတာ။ တစ်သက်လုံး မခုန်ဘူးတဲ့ ရင်ခုန်သံတွေကို ကိုယ့်ဘာသာကိုယ် သတိထားမိ ကြားမိလိုက်ရတယ် ဝတီ"

ရေဝတီ ပွင့်နေသော တံခါးရှိရာသို့ လှမ်းကြည့်မိသည်။ အန်တီနိုင်ဝင်း ရှိလေသည်လည်း မဟုတ်ခဲ့။

"အခု ကိုနေရဲ ပြောနေတာက တစ်နေရာရာကနေ အန်တီနိုင်ဝင်း ချောင်းကြည့်နေမှာစိုးလို့ ပြောနေတာ မဟုတ်လား ဟင်"

"မဟုတ်ဘူး၊ အလုပ်တာဝန်အရ ပြောနေတာ မဟုတ်ဘူး။ ကိုယ့်နှလုံးသားထဲကလာတဲ့ စကားပါ။ ဝပ်ံနဲ့ ကိုယ် ဟန်ဆောင်နေကြတာ မဟုတ်တော့ဘဲ ဝတီလို့ခေါ်တဲ့ဘဝ၊ ကိုကိုရဲလို့ခေါ်တဲ့ဘဝကို တကယ်ရယူပါရစေလား ဝတီ"

"ဒါဆိုရင် ကိုနေရဲက ဝတီ့ကို တကယ်ပဲ လူပျိုစကားပြောနေတာပေါ့၊ ဟုတ်လား"

"တကယ်ပဲ နှလုံးသားက ဖြစ်ပေါ်လာတဲ့ အချစ်ကြောင့် ဝတီ့ကို ပြောတာပါ ဝတီ"

"ဒါဆိုရင်တော့ ကန်တော့ဆွမ်းပါပဲ ကိုနေရဲ"

www.burmeseclassic.com

www.burmeseclassic.com



နေရဲ လက်နှစ်ဖက်ကို လွှတ်ချလိုက်မိပါ၏။ သူ ချစ်စကားပြောလျှင် ရေဝတီ ဘယ်လိုမှ ငြင်းမည်မဟုတ်ဟု ယူဆခဲ့မိသည်။ အခုတော့ သူ့ကို ရေဝတီက ငြင်းပယ်လိုက်ပါပြီကော ...

"ဘာလို့ ... ငြင်း ... ငြင်းလိုက်တာလဲ ဝတီ .

"မယုံလို့။ ဝတီက ခံမှန်ထားခဲ့ဖူးတဲ့ စာသူငယ်လေ"

"ဒါတော့ ကိုယ့်ရင်ထဲက အချစ်ကို ဝတီ အထင်သေးလိုက်တာပဲ"

"အထင်သေးတာ မဟုတ်ပါဘူး၊ ဖြစ်နိုင်ခဲ့လို့ပါ။ ကျော်မိုးနောင် အခုလိုပဲ ဝတီ့ဆီကအချစ်ကို တောင်းခဲ့တုန်းက အချိန်အကြာကြီးယူပြီးမှ လက်ခံခဲ့တာ။ ဒါပေမဲ့ ပျက်ပြီဆိုတော့ အချိန်တိုတိုလေးအတွင်းမှာ ပျက်ပြယ်သွားခဲ့ရတာပဲလေ"

"ဝတီ ဆိုချင်တာက အချိန်တိုလေးအတွင်းမှာ ချစ်ခွင့်တောင်းခဲ့တဲ့ ကိုယ့်အချစ်ကို အထင်သေးပြီး ဖြစ်လွယ်ပျက်လွယ်လိမ့်မယ်လို့ ထင်တာ မဟုတ်လား"

"ဟုတ်တယ် ကိုနေရဲ"

"ဒါဆိုရင် ကိုယ် ထပ်ပြီးမေးမယ်။ ကိုယ်က လွယ်လွယ်ချစ်ခွင့်တောင်းလို့ လက်ခံလိုက်ရင် လွယ်လွယ်နဲ့ပဲ ပျက်သွားမယ် ထင်နေတယ် မဟုတ်လား ဝတီ"

ရေဝတီ မဖြေခဲ့။ ဖြေလည်း မဖြေတတ်နိုင်ပါတော့။

"ဝတီ စဉ်းစားပါ။ အချိန်ယူပြီး စဉ်းစားပါ။ ကိုယ် ဝတီ့ကို တကယ်ချစ်နေမိတာပါ။ ဟန်ဆောင်ချစ်သူဘဝ ပြီးဆုံးသွား



ပြီး ဝတီ ပြန်သွားမှာကို စိုးရိမ်ရတဲ့အထဲ ကျော်မိုးနောင်က ဝတီ့ကို ပြန်ကပ်ဖို့ ကြိုးစားနေရတာ သိပ်ထင်ရှားလွန်းနေတော့ ကျော်မိုးနောင် အချစ်ကို ဝတီ ပြန်လက်ခံမိမှာ စိုးပြီး အခုလို မြန်မြန်ဆန်ဆန် ဖွင့်ပြောမိတာပါ။ ကိုယ်ပြောတာ ယုံပါ"

နေရဲ မလိမ်မှန်း မိန်းမတို့၏သဘာဝပေး အသိကြောင့် သိလိုက်မိသည်။ နေရဲလို လူတစ်ယောက်ကို ရာသက်ပန်ခင်ပွန်းအဖြစ် ရွေးချယ်သင့်သည်တော့ အမှန်ပဲဖြစ်သည်။ ရေဝတီ ကျိတ်၍ ဘာသာစဉ်းစားရန် တွေးလိုက်သည်။ နေရဲအပေါ် သူ ချစ်မချစ်ကို မိမိနှလုံးသားကို မေးကြည့်ရဦးမည်။ ချစ်ပြီးမှပျက်သွားလျှင် နှလုံးသားမှာ ဒဏ်ရာတစ်ခု ထပ်ရဦးတော့မည်။ နှလုံးသားမှာ ရေဝတီ ဒဏ်ရာအနာတရ မဖြစ်စေချင်ပါလေတော့။

"ငိုင်လှချည်လား ဝတီ၊ ကိုယ်ပြောလိုက်တဲ့ စကားတွေက ဝတီ့အတွက် အနှောင့်အယှက် ဖြစ်သွားပြီလား"

"မဖြစ်ပါဘူး"

"ဒါဆို ... ကိုယ်ပြောတာတွေကို မယုံလို့လား ဝတီ"

"မယုံဘူးလို့လည်း မဟုတ်ဘူး၊ ယုံတယ်လို့လည်း မဟုတ်ပါဘူး ကိုနေရဲ။ ယုံဖို့ မယုံဖို့ဆိုတာက လက်တွေ့က သက်သေခံလိမ့်မယ်လို့ ဝတီ ယူဆမိပါတယ်။ ဝတီ အခု စဉ်းစားနေတာက ကျော်မိုးနောင် ကိစ္စပါ"

"ဘာ ... ကျော်မိုးနောင်ကိစ္စ၊ ဟုတ်လား"

"အံမယ်လေး ... ကျော်မိုးနောင်ကိစ္စ ဆိုတာနဲ့ပဲ မျက်နှာထားကြီးကလည်း တင်းသွားလိုက်တာ။ ဝတီ ဆိုလိုတဲ့

www.burmeseclassic.com



ကျော်မိုးနောင်ကိစ္စ ဆိုတာကို တလွဲအတွေးမချော်လိုက်နဲ့ ဦး ကိုနေရဲရေ။ ကျော်မိုးနောင်ကို ဝတီ သတိထားကြည့်မိတော့ သူ့လက်ဝဲလက်သူကြွယ်မှာ လက်စွပ်တစ်ကွင်းဝတ်ထားတယ်။ လက်စွပ်က တော်တော်ကြီးမားတဲ့ လက်စွပ်ကြီး"

"အဲဒါ ဘာဖြစ်သလဲ ဝတီ။ သူ့မှာလည်း တခြားမိန်းကလေးတစ်ဦးဦးနဲ့ လက်ထပ်ဖို့အတွက် လက်ထပ်လက်စွပ်ချင်း လဲဝတ်ထားတာ ဖြစ်မှာပေါ့"

ရေဝတီ ပြုံးမိလိုက်ပါ၏။ ဩော် ... ယောကျ်ားသားတို့သည် ချစ်ချင်တော့လည်း ချက်ချင်း၊ မုန်းချင်တော့လည်းချက်ချင်းပါတည်း။ ယခုလည်း ကိုနေရဲသည် ရေဝတီနှင့် ကျော်မိုးနောင်ပြန်လည်နီးစပ်သွားမည်စိုး၍လားမသိ။ ကျော်မိုးနောင်၏လက်စွပ်အကြောင်း ပြောလိုက်သည်နှင့် တခြားမိန်းကလေးတစ်ဦးနှင့်စေ့စပ်ထားသော လက်စွပ်ဖြစ်မှာပေါ့ဟူ၍ ပထုတ်သောစကားကိုဆိုလိုက်ပါလေ၏။ သည်စကား ကြားရတော့ ရေဝတီ ကြည်ကြည်နူးနူးလေး ပြုံးမိပါလေတော့၏။

"ရေဝတီ ... အဲ ... ဝတီ ပြောချင်တာက အဲဒါမဟုတ်ဘူး ကိုနေရဲ။ သူ့ဘာသာသူ မိန်းကလေးဆယ်ယောက်နဲ့ပဲ စေ့စပ်လက်စွပ် လဲဦးတော့ ဝတီ စိတ်မဝင်စားဘူး။ စိတ်ဝင်စားတာက သူ့လက်စွပ်က အကြီးကြီးဖြစ်နေတာပဲ။ မန္တလေးမှာ ရေဝတီ မြင်းလှည်းဆိပ်အသွားမှာ နောက်ကဝင်ပြီး ဝတီ့ပါးစပ်ကိုပိတ်လို့ ကျောက်စိမ်းဆွဲကြိုးလုခဲ့တဲ့သူရဲ့ လက်မှာလည်း လက်စွပ်အကြီးကြီးတစ်ကွင်း ဝတ်



ထားတယ်။ အဲဒါ ကိုနေရဲ ဘယ်လိုယူဆသလဲဆိုတာ သိနိုင်အောင် ဝတီ ပြောပြနေတာ"

နေရဲ ငြိမ်သွားသည်။ နှလုံးသားကိစ္စကို ဘေးချိတ်လိုက်ပြီး လုပ်ငန်းတာဝန်သို့ ကူးပြောင်းစဉ်းစားရပါ၏။

"ဟုတ်တယ်။ ကျော်မိုးနောင်ဟာ ဒုစရိုက်ဂိုဏ်းတစ်ခုခုကဖြစ်နိုင်ဖို့ ဆက်စပ်ကြည့်ရင် အဖြေထွက်လာနိုင်ဖို့ ဖြစ်နေပြီ။ အဲဒီတုန်းက ဝင်လုလို့ မအောင်မြင်ခဲ့တာကြောင့် အခု ဝတီ့ကို ပြန်ချဉ်းကပ်ပြီး ကျောက်စိမ်းဆွဲကြိုးကို အရယူနိုင်ဖို့ ကြိုးစားတာလို့ စဉ်းစားရင်မဖြစ်နိုင်ဘူးလား ဝတီ"

"ဝတီလည်း အဲဒီအချက်ကို စဉ်းစားကြည့်ပါတယ်။ ဒါပေမဲ့ ကျောက်စိမ်းဆွဲကြိုး လိုချင်တာသက်သက်နဲ့ ဆိုရင်တော့ ကျော်မိုးနောင်ဟာ ဝတီ့ဆီကို နောက်တစ်ခေါက် လာစရာမရှိတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဆွဲကြိုးက ကိုနေရဲဆီမှာပဲ"

နေရဲ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။ ဝတီရှိရာသို့ တိုးလာခဲ့ပြီး သူ့အင်္ကျီအိတ်ထဲသို့ လက်နှိုက်လိုက်၏။ နေရဲလက်ထဲတွင် ကျောက်စိမ်းဆွဲကြိုးက တွဲလောင်းကလေးပါလာခဲ့ပါ၏။

"ကျောက်စိမ်းဆွဲကြိုးကလေးကို ရေဝတီပဲ ပြန်ဆွဲထားပေးဖို့ ကိုယ်တို့ ပန်းရနံ့စစ်ဆင်ရေးအဖွဲ့က ဆုံးဖြတ်လိုက်ပါတယ်"

နေရဲက ရေဝတီ သိသင့်သော ကျောက်စိမ်းဆွဲကြိုးလေးနှင့် မိုက်ကရိုဖလင်လိပ်အကြောင်းကို ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"တော်သေးတာပေါ့နော်။ မိုက်ကရိုဖလင်လိပ်ကလေး ချောချောမောမော ကိုယ့်လက်ထဲ ပြန်ရောက်လာတာ တော်သေးတယ်"

"ဒါပေမဲ့ ဒုစရိုက်ဂိုဏ်းက ဒုစရိုက်သမားတွေက မိုက်ကရိုဖလင်လေး ဝတီ့ဆီမှာပဲ ရှိနေတယ်လို့ ထင်နေကြသေးတယ်။ ကိုယ်တို့ကလည်း အဲဒီလို ထင်တာကိုပဲ လိုလားကြတယ်"

"ဒါဆိုရင် ဝတီ့ကို တယ်ကြက် ပြန်လုပ်စေချင်တာပေါ့။ ဒီဆွဲကြိုးလေး ဝတီ့ဆီမှာ ရှိမယ်ထင်ပြီး ဒုစရိုက်ဂိုဏ်းသားတွေက နည်းမျိုးစုံသုံးပြီး ချဉ်းကပ်ကြမယ်။ အဲဒါမှ ကိုနေရဲတို့က ချဉ်းကပ်လာတဲ့ရန်သူကို ခြေရာကောက်ပြီး ဂိုဏ်းကို ဖြိုနိုင်မယ် ဟုတ်ရဲ့လား"

"အဲဒီအတိုင်း မှန်ပါတယ်။ ဒါပေမဲ့ ဒီကိစ္စနဲ့ ဝတီလက်ခံရမယ်လို့ ဖွတ်အမိန့်မပေးရဘူးလို့ ကိုယ် ပြောခဲ့တယ်။ သိပ်အန္တရာယ်များလိမ့်မယ် ဝတီ။ ဝတီ့ဆန္ဒမပါရင် လက်မခံနိုင်ဘဲ နေနိုင်တယ်။ ဝတီ့ကို အန်ကယ်အောင် ဆက်သွယ်ပေးစဉ်ကလည်း ဒီကိစ္စပါတာ မဟုတ်ဘူး။ သန္တာခိုးအယောင်ဆောင် နန္ဒာလွင့် ပုံစံ ဝတီက ဟန်ဆောင်ချစ်သူအဖြစ်သာ လက်ခံခဲ့တာ။ ကျောက်စိမ်းဆွဲကြိုး မတော်တဆ ဝတီ့လက်ထဲရောက်လာပြီး ဒီလိုအခြေအနေတွေ ဖြစ်လာတာပဲလေ"

"ဝတီ့ဆန္ဒလည်း ပါပါတယ်။ ဒီကျောက်စိမ်းဆွဲကြိုးကို ဆက်ဆွဲဖို့ တာဝန်ယူပါတယ် ကိုနေရဲ။ ဘာမှမသိခင်က



ဆွဲထားဝံ့ပြီး ဒီလိုသိကာမှ ဆက်မဆွဲဝံ့တော့ဘူးဆိုရင် ဝတီ သတ္တိနည်းရာ ရောက်မှာပေါ့။ တာဝန်မကျေရာလည်း ရောက်မှာပေါ့"

"ချီးကျူးပါတယ် ဝတီ။ ကိုယ်ချစ်နေတဲ့ ချစ်သူမှာ ဒီလို တာဝန်သိတဲ့ စိတ်ဓာတ်မျိုး သိလိုက်ရလို့ ပိုပြီး မြတ်နိုးလေးစားမိပါတယ်။ ကိုယ်ဟာ တာဝန်ကို သိပ်လေးစားတဲ့ လူပါ။ တာဝန်ပိုင်းသက်သက်နဲ့သာဆိုရင် ဝတီ ဒီဆွဲကြိုးကို ဆွဲမထားချင်တောင် ဆွဲထားပေးပါလို့ ဖွတ်တိုက်တွန်းမိမှာပါ။ အခုတော့ ဝတီနဲ့ ပတ်သက်လာရင် ကိုယ့်မှာ နှလုံးသားကိစ္စကိုပါ ထည့်စဉ်းစားနေတတ်တယ်။ ဝတီ အန္တရာယ်တစ်ခုခု ဖြစ်သွားရင် ကိုယ် ရင်တော့ကျိုးပြီ။ ကိုယ့်အသည်းတော့ ကွဲပြီပဲ။ ဒါကြောင့် ဝတီ လက်ခံချင်မှ လက်ခံပါလို့ ပြောတာပါ"

"အံမာမင်း ... ဆရာကြီးရယ်။ ရိုးတယ် ... ရိုးတယ်နဲ့ လည်လိုက်တာ မှတ်လို့ပါလား။ အခွင့်သင့်တိုင်း လူပျို စကားတွေပါ ထည့်ညှပ်ပြီး ပြောနေတော့တာပါပဲလား ကိုနေရဲ"

"ဒါ စိတ်ထဲရှိတဲ့အတိုင်း ပြောနေတာပဲ"

ရေဝတီ အသံထွက်အောင် ရယ်လိုက်မိပါ၏။ သူ့အား ရိုးသလိုလိုနှင့် လည်သည့်သာ စကားကို သူ မခံချင်ဖြစ်သွားပုံရ၏။

ချက်ချင်း မျက်နှာက သုန်မှုန်သွား၏။ ဒါကိုပင် ရေဝတီ သဘောကျစွာ ရယ်မိခြင်း ဖြစ်ပါလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ … မျက်နှာကြီး တင်းမနေစမ်းပါနဲ့နော်။ ဝတီကြောက်ပါတယ်။ ဝတီက သူများအိမ်မှာ ဟန်ဆောင်ဘဝနဲ့ကပ်နေရတာဆိုတော့ အိမ်ရှင်မျက်နှာညိုရင် ကြောက်တယ်တော့။ ပေး … ပေး ဆွဲကြိုး၊ ဝတီ ပြန်ဆွဲထားလိုက်တော့မယ်"

သူ့ကို အိမ်ရှင်မို့ မျက်နှာထား မတင်းပါနဲ့ဆိုသော စကားကြောင့်ရော၊ ရေဝတီက အရွှန်းဖောက်စကားရော ပြောသည်ကြောင့် နေရဲသည် ပြုံးမလိုမိုးနှယ် မျက်နှာညိုရာမှ ပြုံးလာခဲ့ပါလေတော့၏။

"ကိုယ် ကိုယ်တိုင် ဆွဲပေးမယ်နော် ဝတီ။ ဖြုတ်တုန်းကလည်း မိုလ်ချုပ်ဈေးလယ်ကောင်မှာ ကိုယ်ပဲ ဖြုတ်ပေးခဲ့ရတာ မဟုတ်လား။ အခုလည်း ကိုယ်ပဲ ဆွဲပေးချင်တယ်"

"ဆွဲလေ … ဆွဲပေးပေါ့"

ရေဝတီ ထိုင်ရာမှ ထလိုက်သည်။ မှန်ရှေ့တွင်ရပ်ပြီး နေရဲကို ကျောပေးလိုက်သည်။ နေရဲက နောက်မှကာရပ်ပြီး ရေဝတီ့အား ဆွဲကြိုးဆွဲပေးလိုက်ပါ၏။ ဆွဲကြိုးဆွဲပေးပြီးနောက် ရေဝတီ အဝတ်အစားလဲမည် ဆိုသည်နှင့် နေရဲက ရေဝတီ၏ အခန်းထဲမှ ထွက်ခဲ့သည်။

နေရဲ အဝတ်အစား လဲလိုက်သည်။ အချစ်ဆိုသည်မှာ ရင်ထဲမှ ဖွင့်ချပြလိုက်လျှင် ရင်ထဲမှာ ပေါ့ပါးသွားတတ်ဖြစ်သည်။ နေရဲ ရင်ထဲရှိသမျှ ရေဝတီ့ရှေ့တွင်မှာပဲ ဖွင့်ဟပြောခဲ့ပြီးပြီ။ တစ်နေ့နေ့တွင် ရေဝတီ့ထံမှ တုံ့ပြန်လိမ့်မည်ဟု မျှော်လင့်မိပါ၏။



ငါးရှဉ့်သွေးရောင် စပို့ရှပ်ကို ချပ်ယပ်စွာ ဝတ်ထားပြီး ချောကလက်ရောင် ဘောင်းဘီရှည်ကို ဝတ်သည်။ သူ့အရွယ်နှင့်သူ လိုက်ဖက်သော ဝတ်စားဆင်ယင်မှုသည် ဝတ်ဆင်သူအား တင့်တယ်စေသည်မှာ မမှတာ။

အခန်းထဲမှ နေရဲ ထွက်လိုက်သည်။ ဧည့်ခန်းတွင် ဆုဝတီနှင့်အတူ အန်တီခိုင်ဝင်းပါ ရှိနေခဲ့သည်။ တူတော်မောင်ဆို လှမ်းကြည့်ပြီး အန်တီခိုင်ဝင်းသည် လက်ခုပ်လက်ဝါးပင်တီးလိုက်ပါ၏။

"ဟေဟေ့ … ကြည့်စမ်း၊ ဒီတစ်ခါတော့ ငါ့တူ နေရဲကတကယ့်ကို ကြည့်ကောင်းလိုက်တာ"

"အန်တီခိုင်ဝင်းရာ၊ တစ်ခါတလေတော့ လှလှပပဝတ်ချင်တာပေါ့၊ လူပဲလေ"

နေရဲ ရှက်ပြော ပြောလိုက်မိပါ၏။

"အေးပါ၊ နေရဲလည်း လူပဲလေ၊ လှလှပပ ဝတ်ချင်တာမှန်တာပေါ့။ ဒါနဲ့ ဝတီနဲ့ ရှေ့သွားနောက်လိုက်ညီတယ်လို့ အန်တီခိုင်ဝင်းက ချီးမွမ်းမလို့ပါကွယ်၊ ဒါသချည်းပဲ"

ရေဝတီ အကင်းပါးစွာ ရိပ်မိသည်။ ကိုနေရဲကြီး ရှက်ကိုးရှက်ကန်း ဖြစ်နေပြီဟူ၍။

"သွားစို့ ကိုကိုရဲ"

နှစ်ဦးသား ထွက်လာခဲ့ကြသည်။ ကားကို နေရဲက မောင်းပြီး ရေဝတီက ဘေးမှာထိုင်လိုက်လာခဲ့၏။

"ဘယ်သွားမလဲ၊ ပြော … ဝတီ"

www.burmeseclassic.com

www.burmeseclassic.com



"ဝတီက မန္တလေးသူပဲလေ၊ ရန်ကုန်ကို ကျွမ်းကျင်တာမှ မဟုတ်ဘဲ။ ကိုနေရဲ သွားရင် ဝတီ ဘယ်သွားသွားလိုက်ရမှာပဲ။ ကိုနေရဲကသာ ပန်းလိပ်ပြာစားသောက်ဆိုင်က ကောင်းတယ်၊ ရွှေအင်းလေးက ကောင်းတယ်ဆိုရင် လိုက်ပြီး လေးရမှာပဲပေါ့"

ရေဝတီက အသော့အထေ့ အရွှန်းအပြက်ပြောပြီး ပြုံးရယ်လိုက်သည်။ နေရဲ စိတ်ထဲမှာ မချင့်မရဲ ဖြစ်သွားမိ၏။ ဟန်ဆောင်ချစ်သူဘဝ မဟုတ်ဘဲ သူ့ကို ချစ်ပါတယ်ဟု အဖြေပေးထားသူဆိုလျှင် နှာတံချွန်ချွန်လေးကို ဆွဲလိမ်မိမည်။ ရင်ခွင်ထဲ ဆွဲသွင်းဖျစ်ညှစ်မိမည် ဖြစ်ပါ၏။

"ဟော ... နောက်က လိုက်လာကြပြန်ပြီ ကိုနေရဲ။ ဒီတစ်ခါ ဂျစ်ကားနဲ့ လူနှစ်ယောက်။ မျက်နှာစိမ်းထဲကပဲ"

ရေဝတီ့ထံမှ ထိတ်ထိတ်လန့်လန့် နောက်သို့ နေရဲ လှမ်းကြည့်သည်။ ကားကို ထိန်း၍မောင်းရင်း နေရဲ ပြန်ပြော၏။

"သူတို့နှစ်ယောက်က ကိုယ်တို့ဆီက လုံခြုံရေးအဖွဲ့ဝင်နှစ်ယောက်ပါ။ ဝတီ့ကို စောင့်ရှောက်ဖို့ တာဝန်ပေးထားလိုက်တာ"

ရေဝတီ ဘာမျှမပြောပါလေတော့။ တစ်ခုပဲ ခက်နေပါ၏။ ရေဝတီ့နောက်သို့ လိုက်နေသူတွေ များပြားလာသောအခါ သူ့လူ ကိုယ့်လူပင် သူမ မခွဲခြားတတ်ပါလေတော့။

ရွှေအင်းလေးစားသောက်ဆိုင်သို့ ရောက်ရှိခဲ့ကြသည်။ ရွှေအင်းလေး စားသောက်ဆိုင်မှာ ခုံညားကာ ကျယ်ပြောသော ခြံဝင်းကျယ်ကြီးထဲရှိ ဆိုင်တစ်ဆိုင်ဖြစ်သည်။ စားသောက်ဖွယ်ရာ



များ မှာယူစားချိန်တွင် ရေဝတီက အမျိုးသမီးရေအိမ်ရှိရာသို့ ထွက်လာခဲ့သည်။

ရေအိမ်မှ ပြန်ထွက်အလာတွင် အမျိုးသမီးတို့သဘာဝအရ မှန်ထဲတွင် အလှအပလေးများ ချွတ်ယွင်းချက်ကို ရှာကြည့်မိသည်။ ဤတွင် နောက်မှနေ၍ သူမကို အကဲခတ်နေဟန်ရှိသော အမျိုးသမီးကို မှန်ထဲမှ ရေဝတီ တွေ့လိုက်ရ၏။ ယင်းအမျိုးသမီးကို ကိုယ့်လူလား သူ့လူလား ရေဝတီ မခွဲခြားနိုင်ပါလေဘော့။ ရေအိမ်ထဲတွင် အခြားအမျိုးသမီးများ ရှိနေ တော်ပါသေး၏။ သို့မဟုတ်ပါက ထိုအမျိုးသမီးသာ ကျောက်စိမ်းဆွဲကြိုး လုယူသူဆိုပါက ရေဝတီ မတွေးရဲတော့။

စားသောက်ရာစားပွဲသို့ ပြန်ရောက်သည်နှင့် ရေဝတီက နေရဲအား ရေအိမ်ထဲတွင် တွေ့ခဲ့ရသော အမျိုးသမီးအကြောင်းကို ပြောပြလိုက်သည်။

ဦးနှင်းဆီတို့တစ်တွေသည် ရေဝတီ့ လုံခြုံရေးအတွက် အမျိုးသမီးလုံခြုံရေးအဖွဲ့ဝင်တွေကိုများ တာဝန်ပေးထားသေးလား။ သို့မဟုတ် ယင်းအမျိုးသမီးသည် ရန်သူဒုစရိုက်ဂိုဏ်းဝင်များလား။

"ဟေး ... နေရဲပါလား။ ကြည့်စမ်း ... ဒီတစ်ခါတော့ ရန်ကုန်သားတွေ ရန်ကုန်က ရွှေအင်းလေးမှာ ကောင်းစားနေကြပြန်သကိုး"

ဤအပြောမျိုး ကြားမှ၍ ရေဝတီ လှည့်ကြည့်မိပါ၏။ ဦးမိုးမြင့်ကြီးပင် ဖြစ်ပါ၏။

မန္တလေးလေဆိပ်မှာ တွေ့ခဲ့ကြသော အသုံးမနှန်းအတိုင်းပင် ဦးမိုးမြင့်က နေရဲကို နှုတ်ဆက်လိုက်ခြင်းပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဦးမိုးမြင့်ပါလား။ ဒေါ်သက်ထားလည်း ပါလာတာကိုး။ ကောင်းတယ် ဒေါ်သက်ထား၊ ဦးမိုးမြင့်ကို တစ်ယောက်တည်း သိပ်လွှတ်မပေးထားနဲ့နော်။ အသက်ကလေး ရလာပေမဲ့ ဦးမိုးမြင့်က အပြောကောင်း ရုပ်ချောတုန်းရှိသေးတာ"

"အစစ်ပဲ နေရဲရေ။ ဒါကြောင့် သူ့နောက်က အကျီးစွဲပြီး ဒေါ်သက်ထား လိုက်နေရတာပေါ့"

ဒေါ်သက်ထားက နေရဲကို ပြန်ပြောရင်း ရေဝတီကို စေ့ကြည့်လိုက်သည်။ ရေဝတီ ကြည့်မိုက်နှင့် ကြွသွားရပါ၏။

ဒေါ်သက်ထားက မစိုပြည်၊ ပိန်၍အရပ်ရှည်၏။ အသားဖြူသည်။ သူ့တွင် ကျန်းမာရေးနှင့် ပတ်သက်၍ ရောဂါတစ်ခုခု ဖိစီးထားဟန်ရှိ၏။ ဦးမိုးမြင့်နှင့် ဒေါ်သက်ထားက လိုက်ဖက်မညီသော စုံတွဲပင်ဖြစ်သည်။

"သြော် ... သက်ထားကို မိတ်ဆက်ပေးရဦးမယ်။ ဒီမိန်းကလေး လှလှချောချောလေးက နေရဲနဲ့ မကြာခင် လက်ထပ်တော့မယ့် ဇနီးလောင်းလေ။ မရေဝတီရေ ဒါကတော့ အန်ကယ့်နှလုံးသည်းပွတ်ကြင်ရာ ဒေါ်သက်ထား ဒါမှမဟုတ် ဒေါ်လူမမာပေါ့ကွယ်"

ဦးမိုးမြင့်၏ အရွှန်းဖောက်စကားကြောင့် နေရဲရယ်မိသည်။ ဒေါ်သက်ထား လိုက်၍ရယ်မောနေခဲ့သော်လည်း သူ့မျက်လုံးများက မကျေမနပ်ရှိကြောင်း တွေ့ရှိနေရသည်။



"တွေ့ရတာ သိရတာ ရေဝတီ ဝမ်းသာဂုဏ်ယူပါတယ် ဒေါ်ဒေါ်သက်ထား။ အန်ကယ်လ်မိုးမြင့်နဲ့က နှစ်ခါဆုံဖူးတော့ ခင်မင်ပြီးသားပါ"

"အေးပါကွယ်၊ ကိုမိုးမြင့်ပြောလွန်းလို့ ခုမှမြင်ဖူးပေမဲ့ ရေဝတီနာမည်ကို ရင်းနှီးနေပါပြီ။ ကိုမိုးမြင့်က မန္တလေးမှာ ရေဝတီနဲ့ဆုံပုံကို ပြောပြခဲ့ပါတယ်။ နောက်ပြီး ရေဝတီဆိုတဲ့ မိန်းကလေး သိပ်လှတယ်လို့ ခဏခဏပြောသေးတယ်လေ"

တွေ့ကရာရှစ်သောင်း ပြောဆိုခဲ့ကြပြီး ရယ်မောခဲ့ကြသည်။ ထို့နောက် သူတို့စားပွဲဆီသို့ နှုတ်ဆက်ပြန်သွားကြသည်။

"ဦးမိုးမြင့်ကို တွေ့မှပဲ ဝတီ ပြောဖူးတဲ့ ဝတီ့သူငယ်ချင်း ကြည်ကြည်ရဲ့ရည်းစား ကိုမင်းဦး ဆိုတဲ့လူအကြောင်း ဝတီကို ပြန်ပြောဖို့ သတိရတော့တယ်"

"ဟုတ်လား ... ကိုမင်းဦးကို ကိုနေရဲ တွေ့လို့လား"

"မတွေ့ပါဘူး ဝတီ၊ အရင်တုန်းက ဝတီ ပြောတုန်းက ကိုမင်းဦး ဆိုတဲ့ နာမည် ကိုယ်ကြားဖူးတယ်လို့ ပြောမိသေးတယ်နော်။ ဟုတ်တာပေါ့ ဝတီ၊ ကိုမင်းဦးက မှုခင်းတပ်ဖွဲ့ ရုံးချုပ်မှာ အရပ်သားငွေစာရင်းဌာနဝန်ထမ်းအဖြစ် ထမ်းဆောင်နေတာကိုး။ ဒီလူက အလုပ်အပြောင်းအရွှေ့တော့ အတော်များတယ်။ သူ မှုခင်းတပ်ဖွဲ့ ငွေစာရင်းဌာနက ထွက်ပြီး ဦးမိုးမြင့် ပွဲရုံကို အလုပ်ပြောင်းသွားပြီ။ မလွှတ်လပ်လို့တဲ့။ ပုဂ္ဂလိကလုပ်ငန်းကတော့ လွတ်လပ်တယ်၊ လခကျတော့လည်း ဦးမိုးမြင့်က ကောင်းကောင်းပေးတတ်တယ်။ သူက လူချမ်းသာတစ်ယောက် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဝတီ စဉ်းစားမိတယ် ကိုနေရဲ"

"ဘာတွေ စဉ်းစားမိလို့လဲ ဝတီ"

"ဪ ... ကိုနေရဲတို့လို လုပ်ငန်းနဲ့ ဦးမိုးမြင့်တို့လို လုပ်ငန်းက ပြဒါးတစ်လမ်း သံတစ်လမ်းပဲ၊ ဒါနဲ့တောင် ဦးမိုးမြင့်နဲ့ ကိုနေရဲတို့ ဘာလို့ ဒီလောက်ရင်းနှီးကြတာလဲ"

"ကိုယ်နဲ့ ဦးမိုးမြင့်က ဒီလောက် ရင်းနှီးကြတာ မဟုတ်ပါဘူး။ တကယ်ရင်းနှီးတာက ကိုယ်တို့အဖွဲ့က ဦးဂန္ဓမာနဲ့ပါ"

"ဦးဂန္ဓမာ ... နာမည်က ဆန်းလိုက်တာ"

"ဦးဂန္ဓမာ ဆိုတာ အဲဒီပုဂ္ဂိုလ်ရဲ့ နာမည်အမှန် မဟုတ်ဘူး။ ကိုယ်တို့ ပန်းရန့် စစ်ဆင်ရေးမှာ ဦးဆောင်နေတဲ့ ပုဂ္ဂိုလ်သုံးဦးကို ဦးနှင်းဆီ၊ ဦးဂန္ဓမာ၊ ဦးစံပယ် ဆိုပြီး ပန်းရန့်စစ်ဆင်ရေးနဲ့ လိုက်ဖက်တဲ့နာမည် ပေးထားတာ။ ဦးဂန္ဓမာက သူတို့အထဲက တစ်ယောက်ပဲ"

နေရဲက ဆက်၍ရှင်းပြလိုက်သည်။

"တစ်ခါတလေ လူဆိုးထိန်းရဲဟာ စိတ်ချတယ်လို့ ထင်ရတဲ့ လူဆိုးတစ်ယောက်ယောက်ကို ပြန်ပြီးလက်သပ်မွေးထားရတာ။ ဒါမှ တခြားလူဆိုးတွေရဲ့သတင်းကို ကိုယ်မွေးထားတဲ့လူဆိုးဆီက သတင်းရယူရတယ်။ ဦးမိုးမြင့်ကိုလည်း ဒီလိုပဲ ကိုယ်တို့က ရင်းနှီးအောင် ပေါင်းထားခဲ့တာ။ ကိုယ်တို့ ပန်းရန့်စစ်ဆင်ရေးက ဒုစရိုက်ဂိုဏ်းသားတွေကို ခြေရာခံတဲ့အထဲမှာ ပုဂ္ဂလိက ဝိသမလောဘသား စီးပွားရေးသမားတွေရဲ့ လှုပ်ရှားမှုကိုလည်း စုံစမ်းရတယ်လေ။



အချို့လောဘသား စီးပွားရေးသမားတွေဟာ ဒုစရိုက်ဂိုဏ်းနဲ့ ဆက်သွယ်မှု ရှိတတ်ကြတယ်"

ရေဝတီ သဘောပေါက်စွာ ခေါင်းညိတ်ပြလိုက်မိပါလေ၏။ မှုခင်းတပ်ဖွဲ့ဝင်များ၏ အမြင်သည် သိမ်းငှက်အကောင်တစ်ရာထက် အကြည့်အမြင် စူးရှလွန်းလှပါ၏။

✤ ➺ ✤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

ညက ရေဝတီ တော်တော်နှင့် အိပ်မပျော်ပါလေခဲ့။

စဉ်းစားစရာတွေ တသီတတန်းကြီးမို့ ရေဝတီ စဉ်းစားခန်း ဝင်ဖြစ်ပါ၏။ ကိုနေရဲက မိမိကို မေတ္တာရှိနေပါပြီတဲ့။ တွေးလိုက်တိုင်း ရေဝတီ မျက်ဝန်းထဲမှာ ကိုနေရဲပုံရိပ်တွေက အမြဲလို ရှိနေတတ်သည်။ ဘာကြောင့်လဲ။ သူမ စဉ်းစားရပါလေ၏။

ချစ်ခြင်းမေတ္တာကို သူမအား ကျော်မိုးနောင် ရက်စက်သွားပြီးကတည်းက ဘေးချိတ်ထားခဲ့သည်။ ထိုစဉ်ကစ၍ ချစ်သူမထားလိုခဲ့တော့။ ချစ်သူအရွေးမှားပြီးကတည်းက အချစ်ကို သူမ မယုံရဲလေတော့။

ကျော်မိုးနောင်ကို ချစ်မိစဉ်က အတူသွား အတူလာ အတူစားရသည်ကို ရင်သိမ့်ခါအောင် ပျော်မိသည်။

ယခုကော ဘာထူးသေးပါသနည်း။

နေရဲ အလုပ်ခွင်မှ ပြန်ရောက်မည့်အချိန်ကို ရေဝတီ လူမသိ သူမသိ မျှော်မိသည်။ နေရဲနှင့်အတူတွဲပြီး စားဟယ်၊



သွားဟယ်၊ လာဟယ်ဆိုလျှင် ရေဝတီ အလိုလိုနေရင်း ပျော်နေမိသည်။ ရင်ခုန်သံတွေ မြန်လာခဲ့၏။

ဒါဆိုလျှင် နေရဲကိုလည်း ရေဝတီက ပြန်လည်၍ ချစ်နေမိပြီလား။

ဘာပဲပြောပြော ရေဝတီသည် ကိုနေရဲအပေါ်မှာရော အန့်တီခိုင်ဝင်း အပေါ်မှာရော သံယောဇဉ် ဖြစ်မိသည်ကတော့ ငြင်းနိုင်။ မေတ္တာငတ်ခဲ့ရသော ရေဝေတီ၏ဘဝတွင် အန့်တီခိုင်ဝင်းနှင့် ကိုနေရဲတို့၏ အပြောအဆို အပြုအမူတွေက မေတ္တာစေတနာတွေ ပေးကမ်းသည်နှင့် တူလှသည်။

ထို့ကြောင့် ရေဝတီသည် စေတနာမေတ္တာ ရောင်ပြန်ဟပ်မိပါလေတော့သည်။

ပြီး … အန့်တီခိုင်ဝင်းကို ရေဝတီ သနားမိသည်။ အန့်တီခိုင်ဝင်း ခမျာ သမီးဖြစ်သူ သီသီစန်း၏ ပစ်ပယ်ခြင်းခံရသည့်အတွက် ကျိတ်ခံစားနေရမှန်း သိ၏။

ဒီလိုနှင့်ပင် ရေဝတီသည် အစဉ်းစားလွန်ကာ အတော်ကြီး ညဉ့်နက်မှ အိပ်ပျော်သွားခဲ့မိသည်။ ထို့ကြောင့် အပ်ရာထ နောက်ကျသွားခဲ့၏။ ကိုယ်လက်သန့်စင်ပြီး ထမင်းစားခန်းသို့ ရေဝတီ ကော်ဖီသောက်ရန် ရောက်လာသည်အထိ အန့်တီခိုင်ဝင်းက ရေဝတီအား စောင့်နေခဲ့သည်ကို တွေ့ရသည်။

"အန့်တီခိုင်ဝင်း ဈေးမသွားခင် ဝတီ့ကို ပြောစရာရှိလို့ စောင့်နေတာ"

"ဩော် … ဒုက္ခပါပဲ၊ ရေဝတီကြောင့် အန့်တီ ဈေးသွားနောက်ကျရပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဈေးက ဘယ်အချိန်သွားသွား ရပါတယ်။ ဝတီကြောင့် ဈေးသွားနောက်ကျတယ် မဟုတ်ပါဘူး။ ရေဝတီ မနီးခင်က ကိုမင်းဦးဆိုတဲ့ အမျိုးသားတစ်ဦး ဖုန်းဆက်တယ်။ ဝတီ နိုးနိုးခြင်း သူ့ဆီကို ဖုန်းပြန်ဆက်ပါတဲ့။ ရော့ … သူ့ဖုန်းနံပါတ်ကို အန်တီခိုင်ဝင်း မှတ်ထားတယ်"

"ကိုမင်းဦး ဟုတ်လား။ ကိုမင်းဦးနဲ့ ရေဝတီမှာ အထူးအထွေရယ်လို့ ပြောစရာ စကားရယ်လို့လည်း မရှိပါလား အန်တီခိုင်ဝင်း"

"သူ့ တယ်လီဖုန်းထဲကပြောတဲ့ အသံကတော့ အထွေအထူး ပြောစရာရှိနေပုံပဲ။ ကိုမင်းဦးဆိုတဲ့လူက ရဝေတို့အသိ အကျွမ်းထဲက ဖြစ်နေတာတော့ မှန်တယ် မဟုတ်လား"

"အဲဒီ ကိုမင်းဦးကို ကိုကိုရဲ့လည်း သိတယ် အန်တီခိုင်ဝင်း။ ကိုမင်းဦး ဖုန်းဆက်တဲ့အကြောင်း ဝတီက ကိုကိုရဲ့ကို အရင်ပြောပြမှာပါ"

အန်တီခိုင်ဝင်းသည် အစိုးရိမ်လွန်နေပုံရသည်။ ရေဝတီ့ထံသို့ အမျိုးသားတစ်ဦးတစ်ယောက်က ဆက်သွယ်သည်ကို မနှစ်မြို့ဟန် ပေါ်နေပါ၏။ တူတော်မောင်၏ လက်ထပ်တော့မည့် ချစ်သူအား ယင်ဖိုတောင် မသမ်းစေချင်ဟန်ပါ။ ကျော်မိုးနောင် ဤအိမ်သို့ ရောက်ရှိလာစဉ်ကလည်း ဤနည်းနှင်နှင် အမူအရာ ရှိခဲ့ဖူးသည်။

ရေဝတီ ကော်ဖီပင် မသောက်ဖြစ်တော့ဘဲ ဖုန်းရှိရာသို့ လျှောက်ခဲ့သည်။ ကိုနေရဲထံသို့ ရေဝတီ ဖုန်းခေါ်လိုက်သည်။

"ဝတီပါ ကိုကိုရဲ၊ ပြောစရာရှိလို့"



"ပြောလေ ဝတီ"

"ကိုမင်းဦးက ဝတီနဲ့ စကားပြောချင်လို့ ဆိုပြီး ဖုန်းဆက်တယ်။ ရေဝတီ … အဲ ဝတီ အိပ်နေတုန်းမို့ အန်တီခိုင်ဝင်း နားထောင်တယ်။ ကိုမင်းဦးက သူ့ဖုန်းနံပါတ် ပေးထားခဲ့တယ်။ ဝတီ နိုးရင် သူ့ဆီကို ဖုန်းဆက်ဖို့ မှာခဲ့ပါတယ်။ ဝတီနဲ့ ကိုမင်းဦးက ပြောစရာရှိလို့ ဖုန်းဆက်တာတဲ့။ အဲဒါ ကိုမင်းဦးဆီ ဝတီ ဖုန်းပြန်ဆက်ရမလားဟင်"

အန်တီခိုင်ဝင်းက နေရဲထံမှ ပြန်ကြားသံ ထွက်မလာသေးခင် လှမ်း၍ပြောသည်။ သူမသည် ရေဝတီအပေါ် သံသယ ရှင်းသွားဟန်တူပါ၏။

"အန်တီခိုင်ဝင်း ဈေးသွားတော့မယ် ဝတီ။ ငါးခူအကောင်ကြီးကြီးလေးတွေ ဝယ်ခဲ့မယ်။ မုန်ညှာလည်း ဝယ်ခဲ့မယ်။ ဝတီ ကြိုက်တဲ့ ငါးခူကြွပ်ကြွပ်ကြော်ပြီး မုန်လာချဉ်ရည်ဟင်း ချက်မလားလို့"

အန်တီခိုင်ဝင်း ဈေးခြင်းဆွဲ၍ ထွက်သွားသည်ကို ရေဝတီ ကြည့်ပြီး ပြုံးနေစဉ်မှာပင် နေရဲထံမှစကားသံ ပြန်လာသည်။

"ကိုမင်းဦးနဲ့ ဆက်သွယ်ပါ ဝတီ။ ဖုန်းပြန်ဆက်ပါ။ ကိုမင်းဦး ဘာတွေပြောသလဲဆိုတာ ကိုယ်တို့လည်း သိချင်ပါတယ်။ အဲဒီ ကိုမင်းဦးကို ကိုယ်တို့ရဲ့ လုံခြုံရေးအဖွဲ့ထဲက လူတစ်ယောက် စောင့်ကြည့်ဖို့ တာဝန်ပေးထားပါတယ် ဝတီ"

"ဝတီ့နောက်ကို လုံခြုံရေးနှစ်ယောက် ရှဒိုးလိုက်ခိုင်းတဲ့ သဘောမျိုးလား ကိုနေရဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဝတီကို စကားဖြတ်ပြောတာတော့ မဟုတ်ဘူးနော်။ အခုနကလိုပဲ ကိုကိုရဲလို့ မခေါ်တော့ဘူးလား၊ အပြောင်းအလဲကလည်း မြန်လိုက်တာ"

"ဟင့်အင်း ... မခေါ်တော့ဘူး ကိုနေရဲ။ အန်တီနိုင်ဝင်း ဈေးသွားပြီ"

"နာလိုက်တာကွာ၊ အန်တီနိုင်ဝင်း အပြင်ထွက်သွားတာ။ ကဲပါလေ ... စကားဆက်မယ်။ ဝတီနောက်ကို ရှဲဒိုးနှစ်ယောက် ချထားတာက ဝတီရဲ့ လုံခြုံမှုအတွက်ပါ။ ကိုမင်းဦးကို လိုက်ခိုင်းတာကတော့ ဒီပြင့်တစ်မျိုးပါ"

ရေဝတီ ဖုန်းပြန်ချထားလိုက်သည်။ ထို့နောက် အော်တိုပြန်အလာကို စောစောင့်သည်။ ၎င်းနောက် ကိုမင်းဦးပေးထားသော ဖုန်းနံပါတ်အတိုင်း ဖုန်းခေါ်လိုက်သည်။ ချက်ချင်းပင် ကိုမင်းဦးနှင့် ဆက်သွယ်မိသည်။ ကိုမင်းဦးသည် ရေဝတီ ဖုန်းပြန်ပြီးဆက်မည်ကို အသင့်စောင့်နေဟန်တူပါ၏။

"ရေဝတီပါ၊ စောစောက ရေဝတီဆီကို ကိုမင်းဦး၊ ဖုန်းဆက်တယ်ဆို။ ဒါကြောင့် အခု ပြန်ဆက်တာပါ။ ဘာများပြောစရာရှိလဲ ကိုမင်းဦး။ မိကြည် အကြောင်း ပြောစရာ တစ်ပုံတစ်ခေါင်း ရှိနေပြီလား"

"ကြည့်ကြည်အကြောင်းလည်း ပါပါတယ်။ ဒီပြင်အကြောင်း တစ်ခုလည်း ရေဝတီနဲ့ ပြောစရာရှိနေလို့ပါ"

"ပြောလေ"

"ဖုန်းနဲ့တော့ ပြောလို့မကောင်းဘူး ထင်တယ်။ ဒီလိုလုပ်ပါလား၊ လသာလမ်းထဲမှာ ယူနီယံဟိုတယ်ရှိတယ်။ အဲဒီကို လာခဲ့ပါလား။ ကျွန်တော်နဲ့ ရေဝတီ မနက်စာစားရင်း ပြောကြတာပေါ့။ အခု ဆယ်နာရီခွဲမှာ စောင့်နေမယ်"



ငြင်းပယ်ရန် ရေဝတီ စဉ်းစားမိသေးသည်။ ငါးခုကြော်နှင့် မုန့်လာချဉ်ရည်ဟင်းက ရေဝတီအကြိုက်ဟင်း။ အန်တီနိုင်ဝင်းက သူမအကြိုက် ချက်ထားပါလျက်နှင့် မစားလျှင် စိတ်မကောင်းတော့ ဖြစ်မည်ပင်။ သို့သော် မတတ်နိုင်။ ကိုနေရဲက ကိုမင်းဦးကို မလွှတ်တမ်း ဆက်သွယ်ဖို့ မှာထားခဲ့သည်။ မတတ်နိုင်၊ အန်တီနိုင်ဝင်းကို တောင်းပန်၍ ရေဝတီ သွားရမည်ဖြစ်ပါ၏။

"လာခဲ့မယ်လေ ကိုမင်းဦး။ ဆယ်နာရီခွဲတိတိနော်"

ရေဝတီ ဖုန်းပြန်ချထားလိုက်၏။ သက်ပြင်းချမိသည်။ ပန်းရနံ့စစ်ဆင်ရေး မည်မျှနက်နဲသည်ကို သူမ မခန့်မှန်းတတ်။ ဒါပေမဲ့ ဘယ်လိုမှ မထင်မှတ်ထားသော သူများက သံသယစာရင်းဝင် ဖြစ်လာသည်ကိုတော့ အံ့ဩမိသည်။ ကျော်မိုးနောင်၊ ပြီးတော့ ကိုမင်းဦးတို့သည် သံသယစာရင်းဝင် ဖြစ်လာခဲ့သည်။

ယူနီယံဟိုတယ်သို့ ရေဝတီ ရောက်သည့်အချိန်တွင် ကိုမင်းဦး ရောက်နှင့်နေသည်ကို တွေ့ရသည်။ ကိုမင်းဦးသည် တက္ကစီကားပေါ်မှ ရေဝတီ ဆင်းလာသည်ကို မြင်ပါလျက်နှင့် မှတ်မိဟန်မရှိပေ။

ကိုမင်းဦးက တစ်ချက်သာ ငေးကြည့်ပြီး သူမှာထားသော အအေးကိုသာ ဆက်သောက်နေခဲ့၏။

"ဘယ်လိုလဲ ကိုမင်းဦး၊ ချိန်းလည်းချိန်းသေး၊ မသိချင်ယောင်လည်း ဆောင်သေးဆိုတော့ လွန်တာပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟ ... ဒါ ရေဝတီလား။ တကယ်ကိုပဲ မမှတ်မိနိုင်ဘူးဗျာ။ မန္တလေးမှာတုန်းကရုပ်နဲ့ သိပ်ကွာခြားနေတယ်လေ၊ ထိုင်ပါ ရေဝတီ"

"ရေဝတီရုပ် တကယ်ပဲ ပြောင်းနေလို့လား ကိုမင်းဦး"

ကုလားထိုင်တွင် ဝင်ထိုင်ရင်း ပြောလိုက်သည်။ အရက်ပါတွဲရောင်းသော်လည်း နံနက်(၁၀)နာရီခွဲဆိုတာက အရက်သမားတို့လာချိန် မဟုတ်၍ လူရှင်းနေခဲ့သည်။

ကိုမင်းဦးက ရေဝတီကို အသေအချာကြည့်၍ ပြောသည်။

"ရုတ်တရက်တော့ ပြောင်းလဲတယ် ထင်ရတာပေါ့လေ။ ဒါပေမဲ့ နဂိုရှိရင်းစွဲအလှကို ဖြီးလိမ်းခြယ်သ ပြင်ဆင်ထားတော့ ပိုလှသွားတယ်လို့ ထင်ရတာပါ။ ကျောက်စိမ်းအရိုင်းတုံးလိုပေါ့၊ ကျောက်စိမ်းဆိုတာ နဂိုကကို သူ့မှာအရည်အသွေးကောင်း ရှိပြီးသားပဲ။ သွေးလိုက်တော့ သူ့ရဲ့အရည်အသွေး အလှအပတွေ ပိုပြီးထွက်လာ တွေ့လာရသလိုပေါ့"

လာပြန်ပြီ ကျောက်စိမ်းဟုသာ ရေဝတီ ဆိုလိုက်ချင်သည်။ ကျောက်စိမ်းစကား ပြောလာခြင်းကြောင့် ကိုနေရဲတို့အဖွဲ့က သံသယဝင်လာခြင်းလေလား။

သို့သော် ရေဝတီ ရင်ညွန့်ပေါ်ရှိ ကျောက်စိမ်းဆွဲကြိုးကို သူ စိတ်ဝင်စားဟန် မတွေ့ရပြန်ပေ။

"ကဲ ... မရေဝတီ ဘာစားမှာလဲ"

"ရေဝတီ လိမ္မော်ရည်ပဲ သောက်မယ် ကိုမင်းဦး။ ဘာမှ မစားတော့ပါဘူး။ အိမ်မှာ အန့်တီခိုင်ဝင်းက ရေဝတီ



အကြိုက်ဟင်းတွေ ချက်ထားတယ်လေ။ အိမ်မှာပဲ ထမင်းပြန်စားမယ်။ အန့်တီခိုင်ဝင်း စိတ်မကောင်းဖြစ်နေမှာစိုးလို့ပါ။ ပြောစရာရှိတာသာ ပြောပါ"

"အန့်တီခိုင် ... အဲဒီ အန့်တီခိုင်ဝင်း ဆိုတာက ..."

"ကိုနေရဲရဲ့ အဒေါ်လေ"

"သြော် ... ဟုတ်ပြီ ... ဟုတ်ပြီ။ ကိုနေရဲ ဆိုတာ ရေဝတီနဲ့ လက်ထပ်မဲ့လူလို့ ဦးမိုးမြင့် ကျွန်တော့်ကို ပြောသားပဲ။ အဲ ... ကိုနေရဲနဲ့ ပတ်သက်လို့ ပြောစရာရှိပါတယ် ရေဝတီ။ ဒါကြောင့် ခေါ်လိုက်တာပါ"

"ပြောပါ"

"ကိုနေရဲဟာ မှုခင်းတပ်ဖွဲ့မှာ တော်တော်အရေးပါတဲ့ ပုဂ္ဂိုလ်တစ်ယောက် မဟုတ်လား ရေဝတီ"

"အဲဒါတော့ ရေဝတီ မသိဘူး။ ကိုနေရဲ မှုခင်းတပ်ဖွဲ့က ဆိုတာပဲ သိတယ်။ သူနဲ့ ရေဝတီ ခင်မင်ရာကနေ လက်ထပ်ဖို့အထိ ဖြစ်လာတာပဲ။ ကိုကျော်မိုးနောင် စွန့်ခွာသွားချိန်မှာ ကိုနေရဲလိုလူကို ရေဝတီ လက်ထပ်နိုင်ပါတယ်ဆိုတဲ့ မခံချင်တာလည်း ပါတာပေါ့လေ"

"ဟာ ... ဘာဆိုင်လို့လဲ၊ ကိုနေရဲက တကယ့်ကို လူတော်လူကောင်းပါ။ ကိုနေရဲနဲ့ ရေဝတီ လက်ထပ်ဖို့အထိ ဖြစ်သွားတာကို ဂုဏ်ယူ ကျူးလေးရှင်းပါ ရေဝတီ"

"ကျေးဇူးတင်ပါတယ် ကိုမင်းဦး"

စကားဖြတ်ကာ ကိုမင်းဦးက လိမ္မော်ရည်နှင့် သူ့အတွက် ကြက်သားလုံးကြော်တစ်ပွဲ မှာသည်။ သူသည်လည်း

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားလိုစိတ်တော့ ရှိဟန်မတူပါ။ လိမ္မော်ရည်ပုလင်းနှင့် ကြက်သားလုံးကြော်ပန်းကန် ရောက်ရှိလာခဲ့သည်။ လိမ္မော်ရည်ပုလင်းကို ပိုက်တပ်၍ ကိုမင်းဦးက သူမရှေ့သို့ တိုးရွှေ့ပေး၏။

"ဦးမိုးမြင့်က ပြောတယ်၊ ကျွန်တော့်နောက်ကို ရှဲဒိုးလိုက်နေတယ်တဲ့။ လိုက်နေတဲ့ သူတွေက မှုခင်းတပ်ဖွဲ့ဝင်တွေလို့ ထင်ရသတဲ့။ လက်တွေ့ ကျွန်တော် သတိထားကြည့်တော့လည်း ဟုတ်နေတာ တွေ့ရတယ် ရေဝတီ။ အခု ယူနီယံဟိုတယ်ရှေ့မှာ ရောင်းနေတဲ့ မုန့်ဆိုင်ကလေးအောမှာ ရပ်နေတဲ့သူတွေကို ရေဝတီ မသိမသာ ကြည့်စမ်းပါ"

ရေဝတီ ကြည့်လိုက်သည်။ လူနှစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။ သူ့နောက်ကို လိုက်နေခြင်းလား(သို့မဟုတ်) မိမိအတွက် လုံခြုံရေး စီစဉ်ထားသည့် လူနှစ်ဦးပဲလား ရေဝတီ မခွဲခြားနိုင်။

"ကိုမင်းဦးနောက်ကို မှုခင်းတပ်ဖွဲ့က ရှဲဒိုးလိုက်နေတယ် ထားပါဦး။ ရေဝတီနဲ့ ဘာဆိုင်လို့လဲ ကိုမင်းဦး"

"မဆိုင်ပါဘူး။ ဒါပေမဲ့ ကျွန်တော် သိချင်နေတာပါ"

ကိုမင်းဦးက လက်ညှိုး၊ လက်ခလယ်နှစ်ချောင်း ထောင်ပြသည်။

"သိချင်တာက အချက်နှစ်ချက်ပါ။ ပထမအချက်က ကိုနေရဲကို ရေဝတီက ကျွန်တော့်အကြောင်းများ ပြောဖူးသေးသလား ဆိုတာကိုပါ"

"ပြောဖူးတယ်။ မန္တလေးဂျာနယ်တိုက်မှာ ရေဝတီအလုပ်ရတာနဲ့ ပတ်သက်ပြီး ကိုမင်းဦး သွင်းပေးလို့ရတဲ့အကြောင်း



ပြောတာပါ။ မိကြည်နဲ့ ကိုမင်းဦး ချာပြီပြီး ကိုမင်းဦး ရန်ကုန်ပြောင်းသွားတာလည်း ပြောမိတယ်"

"ဒါလောက်နဲ့တော့ မှုခင်းတပ်ဖွဲ့က ကျွန်တော့်ကို ရှဲဒိုးလိုက်စရာ မရှိဘူး ရေဝတီ"

"ဒါဖြင့် ဒီပြင်အကြောင်းတစ်ခုခုကြောင့် ဖြစ်မှာပေါ့"

"အဲဒီ ဒီပြင်အကြောင်းတစ်ခုခုကိုပဲ ကျွန်တော် သိချင်နေတဲ့ အချက်ပဲပေါ့ ရေဝတီ။ ကျွန်တော့်အနေနဲ့ကတော့ မှုခင်းတပ်ဖွဲ့က ရှဲဒိုးလိုက်လောက်စရာ ဘာတစ်ခုမှ မလုပ်မိဘူးလို့ ယုံကြည်ထားတာပဲ။ ဒီတော့ ရေဝတီက ကိုနေရဲကို မေးကြည့်ပေးစမ်းပါ။ ဘာဖြစ်လို့ ရှဲဒိုးလိုက်နေရသလဲ ဆိုတဲ့ အကြောင်းပေါ့"

ရေဝတီသည် မဖြစ်နိုင်တာဟု ငြင်းပယ်ရန် စိတ်အားသေး၏။ သို့သော် မိမိသဘောနှင့် မဖြစ်သေးဘဲ ကိုနေရဲသဘော သိရန်လိုသေးသည်။

ထို့ကြောင့်ပင် ရှေ့တိုးနောက်ဆုတ် ရန် လွယ်သော စကားမျိုးကို သုံးလိုက်ပါ၏။

"ရေဝတီ ကြိုးစားကြည့်မယ်လေ။ ကိုနေရဲက သူ့အလုပ်နဲ့ ပတ်သက်ပြီး မေးမြန်းတာမျိုးတော့ မနှစ်သက်တတ်ဘူး ကိုမင်းဦး"

"ကိုနေရဲ အကြောင်း ကျွန်တော် သိပါတယ်။ လုပ်ငန်းနဲ့ ပတ်သက်ပြီး လည်မျိုကို ဓားထောက်ပြီးမေးရင်တောင် ပြောမဲ့လူစားမျိုး မဟုတ်ဘူး။ ဒါပေမဲ့ ယောကျာ်းဆိုတာက ကိုယ်ချစ်သူအပေါ်တော့ အလိုလိုက်တတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



သဘောမျိုး ရှိတယ်လေ။ ရေဝတီ တစ်ယောက်ကလွဲပြီး အဖြေမှန်ရဖို့ဆိုတာ မလွယ်လှဘူး။ ဒါကြောင့် ရေဝတီကို ဖိတ်ခေါ်လိုက်မိတာပါ"

"ရေဝတီ ကြိုးစားပါ့မယ်လို့ ပြောပြီးပြီလေ။ ကဲပါ – မိကြည်အကြောင်းလည်း ပြောပါဦး"

"ကြည်ကြည်က ကျွန်တော့်ကို အသုံးအဖြုန်းကြီးတယ်လို့ ပြောတယ်။ ပြီးတော့ မဟုတ်တာတွေ လျှောက်လုပ်နေတယ်လို့ စွပ်စွဲပြီး ကန့်ထုတ်လိုက်တာပဲ ရေဝတီ"

"မိကြည်မှာ စွပ်စွဲနိုင်လောက်တဲ့ အချက်အလက်တွေရှိလို့ နေမှာပေါ့"

ကိုမင်းဦးက ခေါင်းညိတ်ခဲ့သည်။

"အသုံးအဖြုန်း ကြီးတယ်ဆိုတာက လူပျိုလူလွတ်ပဲ ရသမျှ သုံးပစ်မိတာပေါ့"

"ထားပါတော့၊ မဟုတ်တာ လုပ်တယ် ဆိုတာကရော"

"ကျွန်တော် မန္တလေးကနေပြီး လားရှိုးတို့ တာချီလိတ်တို့ ဘက်တို့ တစ်ခါတစ်ရံ ရောက်သွားတတ်တယ်။ ကန့်သတ်ပစ္စည်း ... အဲ တစ်နည်းအားဖြင့်တော့ မှောင်ခိုပေါ့လေ။ မှောင်ခိုပစ္စည်းတွေ ချလာပြီး ပြန်လာရင် မန္တလေးမှာရောင်းတယ်။ ရသမျှအမြတ် သုံးပစ်လိုက်တာပဲ။ အပျော်သဘောနဲ့ လုပ်ပေမဲ့ အမြတ်ကျန်တော့ လုပ်မိတာပေါ့။ အဲဒါကို စွပ်စွဲတာပါ။ ကြည်ကြည် မကြိုက်ရင် နောင် မလုပ်တော့ဘူးလို့ ဆုံးဖြတ်ထားပါတယ်။ သူ့ကို ရေဝတီ ပြောပေးစမ်းပါဦး"



ပြောပေးပါမည်ဟု ထိုကိစ္စကိုတော့ ရေဝတီ ရဲရဲ တာဝန်ယူခဲ့သည်။ ကိုမင်းဦးကို နှုတ်ဆက်ကာ ပြန်လာခဲ့၏။ လမ်းတွင် ကိုမင်းဦးအကြောင်း သူမ စဉ်းစားမိသည်။

ကိုမင်းဦးသည် ကိုနေရဲတို့ စောင့်ကြည့်ရလောက်အောင်တော့ ဆိုးဝါးပုံမရဟု ထင်သည်။

သို့သော် မဟုတ်ပါဟူ၍လည်း မပြောနိုင်ပေ။ သူကိုယ်တိုင်က မှောင်ခိုပစ္စည်းချကြောင်း ဝန်ခံသွားသည်။ ထိုမှောင်ခိုပစ္စည်းဆိုတာက ဘာပဲဖြစ်ဖြစ် ကန့်သတ်ထားသည့်ပစ္စည်းများဖြစ်သည်။

ထိုမှောင်ခိုလုပ်ငန်းတွင် ပန်းရန့်စစ်ဆင်ရေး၏ ဆန့်ကျင်ဘက်ဂိုဏ်းတစ်ခုခုမှ လုပ်ငန်းများ ပါနေသည်လားမပြောတတ်နိုင်။

ဒုစရိုက်ဂိုဏ်းများသည် လက်ဆင့်ကမ်း လျှို့ဝှက်ပစ္စည်းများ ပေးပို့ရာတွင် ဆက်သားစနစ်သုံးကြောင်း ထင်ရှားသည်။ ဆက်သားအချင်းချင်းလည်း သိကြသည်မဟုတ်။ ယင်းကြောင့်ပင် အကျောက်စိမ်းခွဲကြီးက ရေဝတီထံ ဘုမသိ ဘမသိဖြင့် ရောက်ရှိလာခဲ့ခြင်း မဟုတ်ပါလား။

ကိုမင်းဦးသည်လည်း ထိုနည်းနှင်နှင် သူ ဘာမှမသိပါဘဲလျက် ဒုစရိုက်ဂိုဏ်းက သူ့အား မှောင်ခိုပစ္စည်းများနှင့်ရောထွေးက အသုံးပြုခြင်းမျိုး ဖြစ်နိုင်ပါ၏။

✤ ⊸ ✤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

ညနေစာကို အင်းယားမြိုင်လမ်း အိမ်မှာပဲ စားကြသည်။ အန်တီခိုင်ဝင်းက စားပွဲထိပ်တွင် ထိုင်သည်။ နေရဲက အန်တီခိုင်ဝင်း၏ လက်ယာဘက်၊ ရေဝတီက လက်ဝဲဘက် မျက်နှာချင်းဆိုင် ထိုင်ခဲ့ကြသည်။ ရေဝတီက ထမင်းဝိုင်း မဝင်မီကပင် နေရဲအား ကိုမင်းဦးနှင့် သွားရောက်တွေ့ဆုံခဲ့သည့် အကြောင်း အားလုံးကို ပြောပြလိုက်သည်။ နေရဲက မည်သို့သော မှတ်ချက်မျိုးမှ မပေးခဲ့။

သာကေတရှိ သီသီစန်းအိမ်သို့ သွားခဲ့ခြင်းကိုတော့ အန်တီခိုင်ဝင်းကိုရော နေရဲကိုပါ ရေဝတီ မပြောခဲ့။ အသာပင် မသိလိုက် မသိဘာသာပဲ နေလိုက်သည်။ သို့သော် နေရဲက သိနေပါလေ၏။

"ဝတီ သာကေတကို သွားသေးတယ် မဟုတ်လား"

"ကိုကိုရဲကို ဘယ်သူက ပြောလဲ"

"ဝတီ့နောက်ကို လုံခြုံရေးအတွက် ချပေးထားတဲ့သူတွေက ချက်ချင်းကို ပို့ပေးတာပဲပေါ့ ဝတီ။ ယူနီယံဟိုတယ်



မှာ ကိုမင်းဦးနဲ့ စကားပြောတာ သုံးဆယ့်ငါးမိနစ်ကြာတယ်။ အဲဒီကနေ ထွက်လာပြီး သာကေတကို အငှားကားနဲ့ပဲ ဆက်သွားတယ်။ လမ်းကလေးထဲဝင်သွားပြီး ပြန်ထွက်လာတာ ဆယ်မိနစ်ပဲ ရှိတယ်တဲ့၊ ဟုတ်ရဲ့လား ဝတီ"

"ဟုတ်တော့ ဟုတ်ပါတယ်။ နာရီတော့ ဝတီ မှတ်မထားမိဘူး။ သီသီစန်း မရှိဘူး။ အိမ်တံခါးပိတ်ထားတယ်။ ဝတီ ချက်ချင်းပြန်လာခဲ့တာပဲ"

သီသီစန်းဆီသို့ သွားခြင်းနှင့် ပတ်သက်၍ အကြောင်းအဆိုး ကိုနေရဲက ရေဝတီကို ဘာတစ်ခုမှ မဝေဖန်ခဲ့ပေ။ ထမင်းဝိုင်းတွင် စားကြရင်း ကိုနေရဲက အန်တီခိုင်ဝင်းကို မေးမြန်းမှုပြုလာခဲ့ပြန်သည်။

"ဒီနေ့ သန္တာစိုး လာသွားတယ်ဆို အန်တီခိုင်ဝင်း"

"အေး ... လာသွားတယ်။ သူလာတဲ့အကြောင်း အန်တီက ရဲရဲကိုရော ဝတီ့ကိုပါ မပြောဘဲနေမလို့ ဆုံးဖြတ်ထားတယ်။ သန္တာစိုးက ဝတီ့ကို [illegible]လိုလားတဲ့စကားတွေချည်း ပြောသွားတော့ ဒီစကားတွေကို မင်းတို့ချစ်သူနှစ်ယောက်ကို ပြန်မပြောချင်ဘူး။ ဒါကြောင့် သန္တာစိုး လာတဲ့အကြောင်း မပြောခဲ့တာပဲ"

"သန္တာစိုး လာတာကို ဦးဇဏ္ဍက တွေ့လို့ ကျွန်တော့်ကို ပြန်ပြောတာ အန်တီခိုင်ဝင်း။ သန္တာစိုး သူ့ဘာသာသူ လာသွားတာကို ဘာမှပြောစရာမရှိပါဘူး။ ဒါပေမဲ့ ဦးဇေ[illegible] က ပြောတယ်။ သန္တာစိုး ရောက်လာတာကို သူ အံ့ဩရတာ နှစ်ခါရှိပြီတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကို အံ့သြတာလဲ ရဲရဲ"

"ခြံတံခါးမှာ ခတ်ထားတဲ့ သော့ကိစ္စတဲ့။ ကျွန်တော်တို့ ခြံတံခါးက သံတံခါးကြီးတွေနော်။ နှစ်ခုထပ်တော့ပြီး တံခါး နှစ်ရွက်က ခွင်းနှစ်ခုထဲကို တရုတ်နီသော့ခလောက်ကြီး သွင်းခတ်ရုံပဲ။ သံကြိုးတွေ ဘာတွေ ပတ်စရာမလိုဘူး"

"အေးလေ ... ဒါ ဘာဖြစ်လို့လဲ"

"အဲဒီ ခြံတံခါးသော့ကို ဦးဝဏ္ဏပဲ ကိုင်တာ၊ ဦးဝဏ္ဏပဲ ဖွင့်တာ။ ဦးဝဏ္ဏ အကြောင်းလည်း အန်တီခိုင်ဝင်း သိသားနဲ့။ ခြံတံခါးသော့ကို အမြဲပိတ်ထားလေ့ရှိတယ်။ ဒီအိမ်သားတွေနဲ့ သူ မျက်မှန်းတန်းမိတဲ့ ဧည့်သည်တွေကိုသာ သူကခြံထဲဝင်ဖို့ သော့ဖွင့်ပေးတာ"

"အင်း ... အဲဒါ ဟုတ်သားပဲ"

"ဒါပေမဲ့ သန္တာစိုးကို ဦးဝဏ္ဏက သော့မဖွင့်ပေးရဘဲ အိမ်ထဲရောက်နေတာ နှစ်ခါတောင် သူ ကြုံရဘူးပြီတဲ့ အန်တီခိုင်ဝင်း။ ပထမတစ်ခါက ကျွန်တော်နဲ့ ဝတီ မန္တလေးက ရောက်လာတဲ့နေ့က သန္တာစိုးဟာ အိမ်ထဲကို ရောက်နှင့်နေတယ်တဲ့။ အဲဒါ ဦးဝဏ္ဏ ခြံတံခါးဖွင့်ပေးတာ မဟုတ်ဘူးတဲ့။ အခုလည်း သန္တာစိုး အိမ်ထဲရောက်နေပေမဲ့ ဦးဝဏ္ဏ သော့ဖွင့်ပေးတာ မဟုတ်ပြန်ဘူးတဲ့။ သန္တာစိုး အထဲသာ ရောက်နေတာ ခြံတံခါးသော့ကတော့ ပိတ်ရက်ကြီးပဲတဲ့"

"ဟဲ့ ... ဒါဆိုရင် သန္တာစိုးက ခြံထဲကို ဘယ်လိုလုပ်ဝင်နိုင်သတဲ့လဲ"



"အဲဒါကိုပဲ ဦးဝဏ္ဏက သိချင်နေတာ။ သူကိုယ်တိုင်ကတော့ နေ့စဉ်ဂရုတစိုက် စောင့်ကြပ်ပြုပြင်ထားတဲ့ခြံဟာ ခြံကြွက်လောက် အကောင်တောင် ခြံကို တိုးပြီးမဝင်နိုင်ဘူးတဲ့။ ကျွန်တော်တော့ သန္တာစိုးဆီမှာ ဒီခြံက သော့တစ်ချောင်း ရှိတယ်ထင်တယ်"

"မဟုတ်နိုင်တာပဲကွယ်။ သော့ခလောက်တစ်လုံးမှာ သော့ချောင်း နှစ်ချောင်းပဲပါတယ်။ သော့တစ်ချောင်းကို ကိုဝဏ္ဏ ပေးထားတယ်"

"ကျန်တဲ့တစ်ချောင်းကရော အန်တီခိုင်ဝင်း"

"အန်တီခိုင်ဝင်း သိမ်းထားတာပေါ့ဟဲ့၊ နေဦး ... နေဦး"

သွင်းလက်စ ထမင်းလုတ်ကိုပင် မသွင်းဖြစ်ဘဲ အန်းကန်ထဲ ပြန်ထည့်ရင်း တစ်စုံတစ်ခုကို အန်တီခိုင်းဝင် စဉ်းစားခြိတန်တုသည်။

"နေဦး ... ကျန်တဲ့ သော့တစ်ချောင်းကို အစကတော့ အန်တီခိုင်ဝင်း သိမ်းထားတယ်။ နောက် သီသီစန်းက သူ ဟာသူ ပြန်ချင်တဲ့အချိန် ပြန်လာပြီး ဝင်ရအောင်လို့ ခြံသော့ကို အန်တီခိုင်ဝင်းဆီက တောင်းတယ်။ ညတိုင်း မိုးချုပ်မှ ပြန်လာရင် ကိုဝဏ္ဏက သော့ဖွင့်ပေးရင် သူ့ကိုကြိမ်းမောင်းလို့တဲ့"

"ဟုတ်ပြီ အန်တီခိုင်ဝင်း၊ သန္တာစိုးက သီသီစန်းနဲ့အဆက်အသွယ်ရှိတဲ့အကြောင်း ပြောသွားဖူးတယ်။ သီသီစန်းဆီက ဒီအိမ်သော့တွေ သန္တာစိုး တောင်းယူထားတာများ မဖြစ်နိုင်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ချင် ဟုတ်မှာပေါ့၊ ဒါပေမဲ့ကွယ် သန္တာစိုးက ခြံတံခါးသော့ ဖွင့်ဝင်တာကို ကိုဝဏ္ဏ မတွေ့နိုင်ဘူးတဲ့လား"

"အဲဒါတော့ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သွားတာ ထင်တယ်လို့ ဦးဝဏ္ဏက ပြောတယ်။ ခြံတံခါးသော့ခတ်ပြီး တပို့တပါး သွားနေတာနဲ့ သန္တာစိုး ရောက်လာချိန် ကြုံကြိုက်သွားတာမျိုး ဖြစ်မယ်တဲ့"

အန်တီခိုင်ဝင်း ခပ်ငေးငေး စဉ်းစားလိုက်ပြန်သည်။ ထမင်းကို ဆက်မစားဘဲ ဦးခေါင်းကို ဖြည်းညင်းစွာညိတ်ပြသည်။

"အေးဟုတ် ... အခုမှထပ်ပြီး အန်တီ စဉ်းစားမိလာပြန်တော့တယ်။ မနက်က အန်တီခိုင်ဝင်း မီးဖိုထဲဝင်နေတုန်းက အိမ်ရှေ့တံခါးကို ပိတ်ထားခဲ့တယ်။ ဒီအိမ်တံခါးတွေက ဆွဲပိတ်လိုက်ရင် သော့အိမ်က ခတ်ပြီးသားပဲ။ အပြင်က သော့ချောင်းထိုးပြီး မဖွင့်ရင် ရတာမှ မဟုတ်တာ။ အဲဒါ အန်တီခိုင်ဝင်း ငါးကြော်နေတုန်း သန္တာစိုး မီးဖိုထဲရောက်လာတယ်။ ဒါဆိုရင် ခြံတံခါးသာ မဟုတ်ဘူး၊ အိမ်တံခါးသော့လည်း သူ့ဆီမှာ ရှိနေလို့ပဲ"

နေရဲသည် အန်တီခိုင်ဝင်း၏ အဖြေများကို မှထောင်ပြီး ကျေနပ်စွာ ပြုံးလိုက်သည်။ ထမင်းကို လက်စသတ်ပြီး အန်တီခိုင်ဝင်းအား ထပ်မံကာ မေးမြန်းလိုက်သည်။

"အိမ်ရှေ့တံခါးသော့လည်း ရှိနေတယ်ဆိုတော့ ဝတီရဲ့ အခန်းတံခါးသော့လည်း သန္တာစိုးဆီမှာ ရှိနေမှာပေါ့ အန်တီခိုင်ဝင်း။ ဘာလို့လဲဆိုတော့ ဝတီ အခုနေတဲ့ အခန်းက သီသီစန်းရဲ့ အခန်းပဲလေ"



"ဝတီ့ကို သီသီစန်း အခန်းသော့ အန်တီခိုင်ဝင်း ပေးထားသားပဲ ရဲရဲ"

"မှန်တယ်လေ၊ ဒါပေမဲ့ သော့တစ်လုံးမှာ သော့ချောင်းနှစ်ချောင်း ပါတတ်တယ် မဟုတ်လား။ သီသီစန်းကို တစ်ချောင်းပေးပြီး ဝတီ့ကို ပေးထားတာက အပိုတစ်ချောင်း ဖြစ်မှာပေါ့၊ ဟုတ်လား"

"အင်း ... ဟုတ်တော့ ဟုတ်နိုင်တယ်။ ဒါပေမဲ့ အန်တီခိုင်ဝင်းရဲ့ သော့ပုံတွဲကြီးထဲက သော့ချောင်းတွေနဲ့ အခန်းစေ့လိုက်ပြီးစစ်ဆေးကြည့်မှ သေချာ ပြောနိုင်မှာပဲ ရဲရဲ"

နေရဲက လှမ်းအကြည့် ရေဝတီ အကြည့်နှင့်ဆုံပါလေ၏။ သူတို့နှစ်ဦးလုံး၏ အကြည့်တွင် ဝတီ လက်ရှိနေသော အခန်းကို သော့တူနှင့်ဖွင့်ပြီး မွှေနှောက်သွားခဲ့ခြင်းသည် သန္တာစိုး၏ လက်ချက်ဖြစ်နေသလားဟူသော အကြည့်ပင် ဖြစ်ပါလေတော့၏။

ညစာထမင်းစားပြီးနောက် ဧည့်ခန်းမှာ စကားဝိုင်းဖွဲ့ခဲ့ကြသည်။ အန်တီခိုင်ဝင်းက နေရဲအပေါ် အပြစ်တင်စကားလေးများ ပြောလာခဲ့၏။

"သီသီစန်း အိမ်ပေါ်က ဆင်းသွားကတည်းက လူငယ်တွေရဲ့ကိစ္စကို အန်တီခိုင်ဝင်း ဘယ်သူ့ကိုပဲဖြစ်ဖြစ် မစွက်ဖက်တော့ဘူးလို့ ဆုံးဖြတ်ထားတယ်။ ဒါပေမဲ့ ရဲရဲလုပ်ပုံကိုင်ပုံ ကြည့်ပြီး အန်တီဘဝင်မကျတာတွေ ရှိနေတယ်"

"ကျွန်တော် ဘာတွေလုပ်နေလို့လဲ အန်တီခိုင်ဝင်း"

"မင်းအပြုအမူတွေက လုပ်ငန်းတာဝန်ထဲမှာ အလေးပေးနေက်ထားသလောက် ဝတီ့ကို ဥပေက္ခာပြုထားရာ ရောက်နေ

www.burmeseclassic.com

www.burmeseclassic.com



တယ်ကွယ့်။ မိုးမလင်းသေးဘူး အိမ်ကထွက်သွားတယ်။ ပြန်လာတော့ အချိန်တိုင်းလိုလိုမှာ ဝတီ အိပ်ရာဝင်နေပြီ။ ဘယ်မှာဆုံချိန်ရှိလို့လဲ"

"အလုပ်သိပ်များတဲ့နေ့မို့ပါ အန်တီရာ။ ဒါပေမဲ့ အလုပ်များတဲ့ကြားတည်းကပဲ အိမ်ကို ပြန်ပြေးလာပြီး ဝတီနဲ့အတူတူ အပြင်ထွက်ကြသားပဲ အန်တီခိုင်ဝင်း"

"အခု မင်းတို့က သမီးရည်းစားဘဝမျိုးပဲ ရှိနေသေးတာပဲ။ ဒီအချိန်က တစ်ယောက်ကိုတစ်ယောက် ကြားလေသွေးရင် ဝေးတယ်လို့ ထင်ကြရမဲ့အချိန်ပဲ ရဲရဲရယ်"

နေရဲက ရေဝတီကို လှမ်းကြည့်သည်။ ရေဝတီ ခေါင်းငုံ့ထားမိပါ၏။ တကယ်မဟုတ်သော အတုအယောင်ဘဝ ဖြစ်နေ၍ အန်တီခိုင်ဝင်း စကားတို့မှာ ရေဝတီ နားရှက်ဖွယ်ဖြစ် နေခဲ့ပါလေသည်။

"အဲဒီအတိုင်း ကျွန်တော့်ရင်ထဲမှာ ဖြစ်နေပါတယ် အန်တီ ခိုင်ဝင်း။ ကျွန်တော့်တစ်သက်မှာ ဝတီ့တစ်ယောက်ကိုသာ ချစ် ... အဲ ... ဟိုလေ ... အဲ ... မေတ္တာရှိမိနေတာ အမှန် ပါ"

ရေဝတီက အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေခဲ့သည့် နေရဲ၏ အပြောကြောင့် ပြုံးလိုက်မိရပါ၏။

"ဒါဆိုရင်လည်း ရဲရဲနဲ့ ဝတီတို့ တရားရုံးမှာ လက်ထပ် ထားသင့်ပြီလို့ အန်တီခိုင်ဝင်း ထင်တယ်။ မင်္ဂလာဆောင် ပွဲဆိုတာကတော့ လက်ထပ်ပြီးတဲ့နောက် ကြိုက်တဲ့အချိန် မှာ လုပ်လို့ရပါတယ်ကွယ်"



"ပြောမနေနဲ့ အန်တီ၊ ရဲရဲက ဝတီ သဘောတူမယ်ဆိုရင် မနက်ဖြန်မိုးလင်းတာနဲ့ တရားသူကြီးရုံးဖွင့်တာကို အပြင် က ထိုင်စောင့်ပြီး ဖွင့်ပဟော့ဆိုတာနဲ့ လက်ထပ်ပစ်လိုက် ချင်တာ။ အန်တီ့တူမ ဝတီက စောလွန်းပါသေးတယ်ဆို ပြီး အချိန်ဆွဲထားလို့နော်"

"အယ်"

ခက်ပြီ။ ကိုနေရဲက အတည်ဆိုနေခဲ့ပြီ။ သူပြောတာ တာ ရေဝတီသာ လက်ခံလျှင် ချက်ချင်းလက်ထပ်မည်ဆိုသည့် သဘော ဖြစ်ပါ၏။ တရားရုံးဆိုတာက ဘွားခနဲ ပြန်ပြင်၍ ရသည်မဟုတ်။ မိမိအပေါ် ကိုနေရဲ ချစ်နေသည်မှာ သေချာလွန်း နေပါပြီ။

"ဘယ်လိုသဘောရသလဲ ဝတီ"

အန်တီခိုင်ဝင်းက မေးလာခဲ့သည်။ ရေဝတီ အဖြေ ရခက်နေမိခဲ့ပါ၏။

နေရဲကို သူမ လှမ်းကြည့်မိသည်။ နေရဲ၏ မျက်နှာက ပြုံးပြုံးကြီး ဖြစ်နေပါလေသည်။ အန်တီခိုင်ဝင်းသာ အနားမရှိလျှင် ရေဝတီ စိတ်ရှိလက်ရှိ ထုရိုက်မိမည်လား မပြောတတ်နိုင်။

"ရေဝတီ အဆုံးဖြတ်ရခက်နေသေးလို့ပါ အန်တီခိုင်ဝင်း"

"ဘာအဆုံးအဖြတ် ခက်နေရမှာလဲ။ ဝတီ လက်ထပ်ဖို့ လိုက်လာတာ အားလုံးက သိကြပြီးပြီ။ ဝတီနဲ့ ရဲရဲ ကိုယ့် စည်းကိုယ့်ကမ်းနဲ့ စည်းစောင့်နိုင် ထိန်းနိုင်ကြတာကိုလည်း အန်တီ အသိပါ။ ပတ်ဝန်းကျင်ကတော့ ဘယ်သိလိမ့်မလဲ။ ညားနေကြပြီလို့ သမုတ်ကျမှာပဲ။ မိန်းကလေးဆိုတာ ဆူး

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကိုယ်ကကျကျ၊ ကိုယ့်အပေါ် ဆူးကျကျ။ ကိုယ်ကအနာကြီးပါကွယ်။ ဝတီကို သမီးရင်းလေး တစ်ယောက်လိုမှတ်ပြီး ပြောနေတာ။ နာမည်ပျက်စရာရှိရင် မိန်းကလေးပဲနစ်နာတာ"

"ဝတီ သဘောပေါက်ပါတယ်။ ဝတီ့မှာ မိခင်ရော ဖခင်ရော မရှိခဲ့တော့ပါဘူး။ အန်တီ့ကို မိခင်အရင်းလိုပဲမှတ်ပါတယ်။ အန်တီခိုင်ဝင်းရဲ့စေတနာကိုလည်း သိပါတယ်။ ဒါပေမဲ့ ကိုကိုရဲ့ အလုပ်များနေပါသေးတယ်။ ကိုကိုရဲ့အလုပ်တွေ ပြီးဆုံးမှပဲ လက်ထပ်ဖို့ စီစဉ်ပါမယ် အန်တီ"

"ဘာ ... ဘာပြောတယ် ဝတီ၊ ကိုကိုရဲ့ အလုပ်တွေပြီးမှဆိုတော့ ဟို ... ဟို ..."

လုပ်ငန်းပြီးမှ နေရဲ စကားကို ရေဝတီ အတည်ပြုမည်ဟူသော စကားကြောင့် နေရဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။ သူမစကားကို အန်တီခိုင်ဝင်း မသိနိုင်လေသော်လည်း နေရဲသဘောပေါက်မိသည် မဟုတ်ပါလား။ မြွေမြွေချင်းမို့ ခြေတော့မြင်၏။

သို့သော် နေရဲ စကားမဆုံးလိုက်ပါချေ။ တယ်လီဖုန်းမှ ဗီခနဲ မြည်သံကြောင့် နေရဲ တယ်လီဖုန်းစင်ရှိရာသို့ လျှောက်လိုက်ရပါ၏။

"အင်း ... ဝတီ ပြောလည်း ပြောချင်စရာပဲ။ ဒီသတ္တဝါလေးက လောကကြီးမှာရှိသမျှ အလုပ်တာဝန်တွေကို သူပဲလုပ်ပါမယ်လို့ အဓိဋ္ဌာန်ပြုထားသလား မသိဘူး၊ ကြည့်လေ အနားယူတဲ့ အချိန်မှာတောင် တယ်လီဖုန်းက တဗွီဗွီ တဂွမ်ဂွမ်နဲ့"



အန်တီခိုင်ဝင်း မကျေမနပ်လေသံကြီးနှင့် ညည်းညူကာပြောရင်း ဧည့်ခန်းမှ ထသွားခဲ့သည်။ သူမ အိပ်ခန်းထဲသို့ဝင်ကာ အခန်းတံခါး ပိတ်သွားခဲ့ပါ၏။ သူမ စိတ်ပျက်လက်ပျက်ဖြစ်သွားခြင်းတော့ မဟုတ်တန်ရာ။ ကျန်ရှိသောအချိန်ကလေးမှာ ချစ်သူနှစ်ဦး လွတ်လပ်စွာ နေပါစေဆိုသောစိတ်ဖြင့် ရှောင်ပေးသွားခြင်းပဲ ဖြစ်ရပေမည်။ ရေဝတီ နေရာမှ ထလိုက်သည်။ ဖုန်းပြောခွက်ကို နေရဲ လက်ဝါးပြင့် ကမန်းကတန်းပိတ်၍ လှမ်းပြော၏။

"နေပါဦး ဝတီ၊ အခုပြောနေတာ ဦးမိုးမြင့်နဲ့ ဒေါ်သက်ထားဆီကပါ၊ နက်ဖြန်ညပိုင်းမှာ ကိုယ်နဲ့ဝတီ့ကို ဒင်နာကျွေးဖို့ဖိတ်နေတယ်။ ခဏနေပါဦး ဝတီ၊ ကိုယ်တို့ စကားဆက်ကြရအောင်"

ရေဝတီ ဆိုဖာတွင် ပြန်ထိုင်လိုက်ရသည်။ ရေဝတီ၏ မျက်ဝန်းက အခန်းထောင့်ရှိ စန္ဒရားဆီသို့ ရောက်သွားခဲ့သည်။ စန္ဒရားအဖုံးက ပွင့်နေခဲ့၏။ နေ့ခင်းက အန်တီခိုင်ဝင်းတီးပြီး အဖုံးကို ပြန်မပိတ်မိသည်ပဲ ဖြစ်မည်။

စန္ဒရားရှိရာသို့ ရေဝတီ လျှောက်လာခဲ့သည်။ စန္ဒရားအဖုံးကိုပိတ်ရန် ပြင်ရင်းမှ ရေဝတီ အတွေးတစ်ခု ဝင်လာခဲ့သည်။

စန္ဒရားအဖုံး အတွင်းပိုင်းတွင် အံကပ်လေးတစ်ခုရှိနေခဲ့သည်။ ဂီတသင်္ကေတထည့်ရန် အံကပ်တပ်ထားခြင်းဖြစ်သည်။ နက်ဖြန်တွင် သာကေတရှိ သီသီစန်း အိမ်သို့သွားရန် ရေဝတီရည်ရွယ်ထား၏။ သီသီစန်း၏အိမ်သို့ သွားလျှင် ကျောက်စိမ်းဆွဲကြိုးကို ဝတ်မသွားချင်။ အိပ်ခန်းထဲမှာ ထားခဲ့ရန်လည်း လုံခြုံမှုမရှိတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စန္ဒာရားအဖုံး အံကပ်လေးထဲသို့ ကျောက်စိမ်းဆွဲကြိုး ထည့်ထားလျှင် လုံခြုံသည်ဟု ရေဝတီ ယူဆလိုက်သည်။

"အဲဒါ ဝတီ ဘာလုပ်ချင်လို့လဲဟင်"

နေရဲ ဖုန်းချထားလိုက်ပြီး ရေဝတီ့အနီးသို့ လျှောက်လာခဲ့သည်။

ရေဝတီက ဆွဲကြိုးဖြုတ်ရန် ပြင်လိုက်သည်။

"ဆွဲဖို့မဂ‌ိုတဲ့အခါ ဖွက်ထားမလို့၊ အိပ်ခန်းထဲမှာ မလုံခြုံတော့ဘူး မဟုတ်လား"

"ကောင်းတယ်၊ ပေး ... ကိုယ်ဖြုတ်ပေးမယ်၊ ဆွဲကြိုးက တပ်ရခက် ဖြုတ်ရခက်နဲ့"

ရေဝတီက ထုံးစံအတိုင်း နေရဲကို ကျောပေး၍ ရပ်လိုက်သည်။ နေရဲက ရေဝတီ လည်ကုပ်ပေါ်မှ ဆွဲကြိုးကိုဖြုတ်တော့၏။ ဒီတစ်ခါတော့ နေရဲ ဘသွားချောက ဉာဏ်များလေတော့သည်။

ဆွဲကြိုးကို အသာအယာ ဖြုတ်ယူနေခဲ့တော့သည်။ တစ်မိနစ် နှစ်မိနစ်ပင် မကချင်တော့။ စိတ်မရှည်ချင်တော့သော ရေဝတီက ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ မျက်ဝန်းနက်ကြီးများဖြင့် သူမ ပင့်ကြည့်မိပါလေ၏။

နေရဲသည် ဘာစကားတစ်ခွန်းမှ မဆိုတော့၊ ရေဝတီ၏ ကိုယ်လုံးကျစ်ကျစ် ထွေးထွေးလေးကို သူ၏ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်သည်။

ရေဝတီ၏ ကျောပြင်နှင့် ခါးကျဉ်လေးကို သူ့လက်ကြီးနှစ်ဖက်ဖြင့် ရစ်သိုင်းဖက်တွယ်ထားသည်။ သူ၏ပါးပြင်နှင့်



ရေဝတီ၏ပါးပြင်ကို ထိကပ်ထားလိုက်၏။ ပြီးတော့ ရင်တွင်းခံစားချက်များကို ဖွင့်အန်ပါလေတော့၏။

"ချစ်တယ် ရေဝတီ၊ ကိုယ် တကယ်ချစ်တာပါ"

ရေဝတီ ဘာမျှပြန်မပြော။ ပြောနိုင်အားလည်း မရှိပါလေတော့။ ကျောက်စိမ်းဆွဲကြိုးလေးက လည်တိုင်မှ မြုတ်ကျကာ နေရဲရင်ဘတ်နှင့် ရေဝတီ၏ ရင်မွှာထပ်ထပ်အပ်အပ်ကြားတွင် တင်နေခဲ့သည်။ ကျောက်စိမ်းဆွဲကြိုးလေးက ကြမ်းပြင်ပေါ်သို့ ကျသွားခွင့်မရှိပါလေ။

ရေဝတီရော နေရဲပါ ဆွဲကြိုးလေး ကျလာသည်ကို မြင်တွေ့လိုက်ကြသည်။ နေရဲက ရစ်သိုင်းထားသော လက်တစ်ဖက်ကို ပြန်ကွေးကာ ရင်နှစ်ခုကြားမှ ဆွဲကြိုးလေးကို ယူရန်ပြင်လိုက်သည်။

"ဖတ်"

ဝဲလာသော နေရဲ၏လက်ကို ရေဝတီက သူမ၏လက်ဖဝါးဖြင့် ရိုက်လိုက်၏။

"သွား ... ဉာဏ်မများနဲ့၊ ဝတီ့ဘာသာ ယူမယ်"

ဆွဲကြိုးကို ရေဝတီက သူမဘာသာ ယူလိုက်သည်။ နေရဲက မယူဖြစ်တော့သောလက်ကို ရေဝတီ၏ ခါးကျဉ်လေးကို ပြန်လည်ရစ်သိုင်းထားလိုက်ပါ၏။

ရေဝတီ ငြင်းဆန်ရန် မေ့လျော့သလို ဖြစ်နေခဲ့မိသည်။

"ပြောစမ်းပါ ဝတီ၊ ကိုယ့်ကို ချစ်ပါပြီ၊ လက်ထပ်ဖို့သာ စီစဉ်ပါတော့လို့"

www.burmeseclassic.com

www.burmeseclassic.com



နေရဲက တစ်ဆင့်တက်လာတော့သည်။ ပါးချင်းကပ်ရာမှခွာကာ နဲမှုးပြင်ကိုမွှေးသည်။ ပါးကိုနမ်းသည်။

ထိုရောအခါမှ ရေဝတီသည် နေရဲ၏ရင်ဘတ်ကြီးကို တွန်းကာရုန်းထွက်လိုက်သည်။ ကမန်းကတန်း ဆွဲကြိုးကို စန္ဒရားအဖုံး အံကပ်ထဲသို့ ထည့်လိုက်၏။ စန္ဒရားဖုံးကို ပြန်ပိတ်လိုက်ပြီး သူမ အခန်းထဲသို့ ပြေးဝင်ခဲ့ပါလေတော့သည်။

နေရဲ ငူငူကြီးရပ်ကာ စန္ဒရားနံဘေးတွင် ကျန်ရစ်ခဲ့သည်။ အခန်းတံခါး မပိတ်သေးဘဲ ရေဝတီ နေရဲကိုကြည့်ကာ လှမ်း၍ပြောလိုက်ပါ၏။

"ဇွတ်နိုက် ကိုကိုရဲ၊ ဝတီ အိပ်တော့မယ်။ ကိုကိုရဲတစ်ယောက် အိပ်မက်လှလှလေးတွေ မက်ပါစေလို့ ဝတီ ဆုတောင်းပေးပါတယ်"

ရေဝတီ အပြုံးကလေးနှင့် အခန်းတံခါးကို ပိတ်လိုက်သည်။ ရေဝတီ ဟန်ဆောင်ခြင်းတော့ မဟုတ်တန်လေရာဟု နေရဲ တွေးလိုက်မိသည်။ အန်ဝိုင်မင်း ယုံအောင် ရေဝတီသရုပ်ဆောင်ကာ ပြောလိုက်လေခြင်းလားဟု တစ်ဖန်ပြန်၍တွေးကာ ရင်ဝယ် တွေးမိပြန်ပါသေတော့သည်။



## အခန်း(၁၇)

သီသီစန်း၏ ပျဉ်ထောင်အိမ်လေးက တံခါးပိတ်ထားသော်လည်း အပြင်က သော့ခတ်ထားခြင်းမဟုတ်ပေ။ ရေဝတီ အတွင်းမှ ပိတ်ထားသော တံခါးရွက်ကို ခေါက်လိုက်သည်။

"ဘယ်သူလဲ"

အထဲမှ မေးလိုက်သော အမျိုးသမီးတစ်ဦး အသံကို ကြားလိုက်ရသည်။ သီသီစန်း၏ အသံပင် ဖြစ်လိမ့်မည်။

"တံခါး ခဏလောက် ဖွင့်ပေးပါလား။ မသီသီစန်းကို တွေ့ချင်လို့ပါ"

"ရှုပ်လိုက်တာ၊ ဘယ်ကဧည့်သည်မှန်းလဲ မသိဘူး။ လောကကြီးမှာ မိန်းမချင်းချင်း ဧည့်ခံစကားပြောရတာလောက် ငြီးငွေ့စရာကောင်းတာ ဘာမှမရှိဘူး"

သီသီစန်းက ညည်းညူပြောရင်း တံခါးရှိရာသို့ လျှောက်လာသော ခြေသံကို ကြားနေရသည်။ ပြီးတော့ တံခါး ပွင့်လာခဲ့၏။

"ဆို ... ဘာကိစ္စ"

www.burmeseclassic.com

www.burmeseclassic.com



"ရေဝတီပါ။ မသီသီစန်းရဲ့မေမေ အန်တီခိုင်ဝင်းရဲ့အင်းယားမြိုင်လမ်းက အိမ်မှာနေပါတယ် ရှင်"

"ဩော် ... မရေဝတီ ဆိုတာ ရှင်ကိုး။ မရေဝတီကို ဘယ်သူက လွှတ်လိုက်တာလဲ။ ကိုရဲလား၊ မာမီလား"

"ဘယ်သူကမှ မလွှတ်ပါဘူး မသီသီစန်း။ ရေဝတီ့ သဘောနဲ့ ရေဝတီ လာတာပါ"

"ဒါဆို ပြီးပြီ၊ မရေဝတီ သဘောနဲ့ မရေဝတီ လာတာ။ သီသီစန်းကလည်း သီသီစန်း သဘောပဲ။ မရေဝတီကို မတွေ့ချင်ဘူး။ ဒါပဲ ပြန်တော့"

သီသီစန်းက တံခါးပြန်ပိတ်သည်။ ရေဝတီက သူမ တံခါးမပိတ်မီ အထဲသို့ တိုးဝင်လိုက်သည်။ ရေဝတီ ဇွတ်တိုးဝင်လိုက်တော့လည်း သီသီစန်းက အလျှော့ပေး ဝင်ခွင့်ပြုလိုက်ပါ၏။

"သီစန်း အပြင်သွားစရာ ရှိနေတယ်။ မရေဝတီ ပြောစရာရှိရင် တိုတိုနဲ့လိုရင်း ပြောပေတော့"

ရေဝတီသည် အိမ်ကလေး၏ ဖွဲ့စည်းပုံကို ကြည့်လိုက်သည်။ စားပွဲကုလားထိုင်များ အဝတ်ပဲ့ဟောင်းများနှင့် အခြားပစ္စည်းများက ကြွက်သိုက်တစ်ခုလို ဗရုဗ ဖြစ်နေခဲ့သည်။ ဟိုဘက်သည်ဘက် ဘေးချင်းကပ်အိမ်တွေမှ ကလေးငိုသံ ဆူသံ ဆဲသံများ အတိုင်းသား ကြားရ၏။

အိပ်ခန်းက တစ်ခန်းသာရှိသည်။ ညစ်ထေးထေး အစိမ်းရောင်ခန်းဆီးစ ကာထား၏။ အိပ်ခန်းတံခါးမရှိ။

"သီစန်းရဲ့အိမ်ကို အကဲခတ်ပြီးပြီ ဆိုရင်လည်း မရေဝတီ လာတဲ့ကိစ္စ ပြောတော့လေ"



သီသီစန်း စကားပြောပုံ ကြမ်းသည်။ ပင်ကိုစရိုက်ဟော့ ဟုတ်ပုံမပေါ်။ လောကကြီးကို ရွံ့စောင်းနေထိုင်ရာမှ ပြောင်းလဲခြင်းမျိုးသာဟု ရေဝတီ ခန့်မှန်းလိုက်မိ၏။

"ဘယ်လိုလဲ မရေဝတီ၊ သီစန်း တစ်ယောက်တည်း အိမ်တစ်လုံးနဲ့နေတာ သဘောကျစရာ မကောင်းဘူးလား"

"ဒီလိုနေရတာ မသီသီစန်း ရင်ထဲ သဘောကျရဲ့လား မသီသီစန်း။ အင်းယားမြိုင်လမ်းကအိမ်ရဲ့ မီးဖိုခန်းလောက်တောင် ကျယ်ဝန်းမှု သပ်ရပ်မှု ရှိလို့လား"

သူမထံမှ လှောင့်ရယ် ရယ်သံ ထွက်လာခဲ့သည်။

"ဟင်း ဟင်း ... အင်းယားမြိုင်လမ်း တိုက်အိမ်ပေါ်မှာ စည်းစိမ်အပြည့်အဝနဲ့ နေရပေမဲ့ ဟိုလမ်းကို မသွားရဘူး၊ ဟိုအဝတ်တော့ မဝတ်နဲ့၊ ဟိုယောကျ်ားနဲ့ မတွဲနဲ့၊ စကားမပြောနဲ့ဆိုတဲ့ စည်းကမ်း ကန့်လန့်နားတွေ အဆိုအမိန့်တွေ အများကြီး ပေးခံရတဲ့ဘဝနဲ့စာရင် ဒီမှာက အနေစုတ်ပေမဲ့ လွတ်လပ်တယ်လေ။ ရွှေဘုံပေါ်မှာ စံရပြီး လှောင်အိမ်ထဲက ငှက်တစ်ကောင်လိုတော့ မနေနိုင်ဘူး"

"လူကြီးမိဘဆိုတာ မကောင်းမြစ်တာ ကောင်းရာညွှန်ကြားဆိုတာလောက်တော့ ရှိစမြဲပါ မသီသီစန်း"

"ထားလိုက်စမ်းပါ၊ ဝေးသွားပါပြီ။ မာမီ့အနေနဲ့ သီစန်းအိမ်ပေါ်က ဆင်းလာတာ ပြောရဆိုရတာ သက်သာတယ်၊ မျက်စိနှောက် သက်သာတယ်လို့တောင် မှတ်နေမှာပါ"

"အန်တီခိုင်ဝင်းဟာ မသီသီစန်း အပေါ် ချစ်တာမှ သိပ်ကိုချစ်ရှာတာပါ။ ချစ်လွန်းတော့ အစိုးရိမ်ကြီးတယ်။ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ချစ်တဲ့ သမီးလေးကို အကောင်းတွေကြီးပဲ ဖြစ်စေချင်တယ်။ ဒီလို ကောင်းစေချင်တော့ မသီသီစန်းကို စည်းကမ်းတွေ သတ်မှတ်ချက်တွေနဲ့ ထိန်းသိမ်းခဲ့တာပေါ့။ ဒါကို မသီသီစန်းဘက်က ချုပ်ချယ်တယ်လို့ အန်တီခိုင်ဝင်းကို မြင်သွားတာမျိုးပါ"

"တော်ပါပြီ မရေဝတီ၊ အင်းယားမြိုင်လမ်းက အိမ်ပေါ်ကြို တက်တာနဲ့ သီစန်းဘဝက လှောင်ချိုင့်စံတစ်ကောင်ရဲ့ဘဝမျိုး ဖြစ်သွားမှာပါ"

"မှားနေပြီ မသီသီစန်း၊ အန်တီဟာ မသီသီစန်း ပြန်လာတာကို အလိုရှိတာကလွဲပြီး တခြား ဘာမှချုပ်ချယ်တားမြစ်ချက်တွေ ရှိတော့မှာ မဟုတ်ဘူးလို့ ရေဝတီ ပြောရဲပါတယ်"

"မယုံဘူး မရေဝတီ၊ သီစန်း အိပ်မက် မမက်ချင်တော့ဘူး"

သီသီစန်း၏ အော်သံက အတော်ပင် ကျယ်လောင်ပါလေ၏။ သို့သော် ညစ်ထေးထေးခန်းဆီးစိမ်း ကာထားသော အိပ်ခန်းထဲမှ အသံတစ်ခုကို မဖုံးလွှမ်းနိုင်ခဲ့ချေ။ အသံကအမြင့်မှ ပစ္စည်းတစ်ခု လွင့်ကျသံ။ ရေဝတီ အသံထွက်လာရာသို့ ကြည့်လိုက်သည်။ ညစ်ထေးထေး ခန်းဆီးစိမ်းသည် လေမတိုက်ပါဘဲလျက် လှုပ်ခါသွားသည်ကို တွေ့ရသည်။

သီသီစန်း၏ အိပ်ခန်းထဲတွင် လူတစ်ယောက်ရှိနေသည်မှာ သေချာနေပြီ။ ထိုသူသည် ရေဝတီနှင့် သီသီစန်းစကား ပြောသည်ကို ချောင်းနားထောင်ရင်း ကြွက်လျှောက်တန်းပေါ်တွင်



တင်ထားသော ပစ္စည်းတစ်ခုခုကို ထိမိခဲ့ပြီး ယင်းပစ္စည်းလိမ့်ကျသံ ဖြစ်မည်ဟု ရေဝတီ သဘောပေါက်လိုက်မိသည်။

အတွင်းခန်းတွင် ရေဝတီ မသိရသော လူပိုတစ်ယောက်ရှိမှန်း သိသည်နှင့် ဤနေရာမှ ရေဝတီ ပြန်သင့်ပြီဟု ဆုံးဖြတ်လိုက်သည်။

"ရေဝတီ သွားတော့မယ် မသီသီစန်း။ ငရဲပန်းကို စိန်ပန်းခိုင် ထင်နေပေမဲ့ ငရဲပန်း တကယ်ပွင့်လာပြီမှန်း မသီသီစန်း သိလာတဲ့ တစ်နေ့မှာ အန်တီခိုင်ဝင်းရဲ့ ရင်ခွင်ထဲ အပြေးသာ ဝင်ပေတော့ မသီသီစန်း။ အန်တီခိုင်ဝင်းဟာ သမီးလေး ပြန်လာဖို့အတွက် ရင်ခွင်ကို အမြဲဖွင့်ထားရှာပါတယ်"

"သီစန်း ပြန်လာရင် မရေဝတီ ဘုံမြောက်သွားမှာကိုကော စဉ်းစားမိရဲ့လား။ အခု မရေဝတီနေတာ သီစန်းအခန်းပဲဟာ"

ရေဝတီက သူ့အခန်းကိစ္စ ပြောလာသည်နှင့် အင်းယားမြိုင်လမ်းက အခန်းသော့ကိစ္စကို သတိရလိုက်မိသည်။

"မသီသီစန်းက ရေဝတီကို မသိပေမဲ့ ရေဝတီ အကြောင်းတွေကို သိနေတယ်နော်။ အင်းယားလမ်းက မသီသီစန်း အခန်းမှာ ရေဝတီနေမှန်းလည်း သိတယ်နော်။ မေးစမ်းပါရစေ မသီသီစန်း၊ ဒီအတိုင်းသာဆိုရင် ဟိုတလောက ဘယ်သူမှ မရှိတုန်း အခု ရေဝတီနေတဲ့အခန်းကို သော့နဲ့ ဖွင့်ပြီး ဝင်မွှေသွားတာ မသီသီစန်းပဲ မဟုတ်လား။ အဲဒီ အခန်းသော့နဲ့ ခြံသော့ဟာ မသီသီစန်းဆီမှာ ရှိနေတယ် မဟုတ်လား"

www.burmeseclassic.com



"မဟုတ်ကဟုတ်ကျ ဘာတွေ လာပြောနေတာလဲ။ သီစင်းက အင်းယားမြိုင်လမ်းအိမ်ကို ဘယ်တော့မှ ခြေဦးမလှည့်ဘူး သိလား။ ပြောင်းလဲမလာဘူး၊ တိတ်တိတ်လေးလည်း မလာဘူး မှတ်ပါ"

"ဒါဆိုရင်တော့ ..."

ရေဝတီက စကားကို ဆုံးအောင်မပြော။ အိပ်ခန်းရှိရာသို့ အဓိပ္ပာယ်ပါပါ တစ်ချက်လှမ်းကြည့်လိုက်သည်။ ပြီး အပြင်ဘက်သို့ ထွက်လိုက်ရင်း အထဲတွင် ရှိနေသူပါကြားအောင် အသံကိုမြှင့်၍ ပြောလိုက်သည်။

"ဒါဆိုရင်တော့ အင်းယားမြိုင်လမ်းအိမ်က ခြံတံခါးသော့နဲ့ အခန်းသော့ကို မသီသီစန်းက တခြားတစ်ယောက်ယောက်ကို ပေးလိုက်တာပဲ ဖြစ်ရမှာပေါ့"

ရေဝတီ့ စကားအဆုံးမှာ သီသီစန်းက တံခါးကို ဂျိမ်းခနဲနေအောင် အတွင်းမှ ဆောင့်ပိတ်သွားခဲ့သည်။

ရေဝတီ ဖြည်းလေးစွာပင် သီသီစန်း အိမ်မှထွက်ခွာလိုက်သည်။ လာရင်းကိစ္စဖြစ်သော မိခင်ဖြစ်သူနှင့် သီသီစန်းတို့အား ရင်ကြားစေ့ပေးရန်ဟူသော ကိစ္စက မအောင်မြင်ခဲ့သော်လည်း သို့သော် ... သီသီစန်း၏ အိပ်ခန်းထဲတွင် ပုန်းလျှိုးကွယ်လျှိုးနေသူ တစ်ယောက်ရှိမှန်း သိခဲ့ရသည်။ နောက်တစ်ခုက သီသီစန်းသည် အိမ်ခြံသော့များအား တစ်စုံတစ်ယောက်ထံ ပေးထားခဲ့ခြင်းကို သိခဲ့ရသည်။ အင်းယားမြိုင်လမ်းကိုမူ သီသီစန်း လုံးဝလာရောက်ခြင်းမရှိသည်ကို သိရှိလိုက်ရခြင်းပင် ဖြစ်သည်။ အကယ်၍ သီသီစန်း၏ သာကေတအိပ်ခန်းထဲ၌ ရှိသူမှာ သန္တာစိုးသာဖြစ်ခဲ့ပါလျှင် အင်းယားမြိုင်လမ်းမှ ရေဝတီအိပ်ခန်းကို သော့တူဖြင့် ဝင်ရောက်မွှေနှောက်ခဲ့ခြင်းမှာ သန္တာစိုးပင် ဖြစ်ရမည်ဟု ကောက်ချက်ချလျှင် ရနိုင်ပါ၏။



သီသီစန်းမှာ သော့တူအား သန္တာစိုးကို ပေးထားခဲ့သည်လား။ ပြီးတော့ သီသီစန်း၏ ပင်ကိုစရိုက်နှင့် စိတ်မှာ ဤမျှအထိ မခက်ထန်နိုင်ပေ။ သို့တစေ အိပ်ခန်းတွင်းရှိ ပုန်းအောင်းနေသူ၏ အကြိုက်ကို လိုက်လံပြောဆိုခြင်းဟူ၍ ယူဆနိုင်ပါ၏။

✤ ➻ ✤

ရေဝတီ တစ်ယောက် သီသီစန်း၏ သာကေတအိမ်သို့ ရောက်ရှိနေချိန်မှာပင် ကိုမင်းဦး တစ်ယောက်လည်း အကျပ်အတည်းနှင့် ရင်ဆိုင်နေခဲ့ရသည်။

အလုပ်သွားကာနီး အဝတ်အစားလဲ၍ အပြီးမှာပင် ကိုမင်းဦး၏ အိမ်ရှေ့သို့ မာဇဒါဂျစ်ကား အပြာရောင်တစ်စီးထိုးဆိုက်လာခဲ့၏။

ဂျစ်ကားပေါ်မှ အသက်သုံးဆယ်ဝန်းကျင်ခန့် ရှိသောသူနှစ်ဦး ဆင်းလာခဲ့သည်။ နှစ်ဦးလုံး မြန်မာဆန်ဆန် အင်္ကျီဝတ်စုံ ချည်လုံချည် ကိုယ်စီဝတ်ဆင်ထားခဲ့သည်။

"ကိုမင်းဦးဆီ လာတာပဲဗျာ၊ ခဏကလေး ကျွန်တော်တို့နဲ့ လိုက်ခဲ့ဖို့ လာခေါ်တာပါ။ နာရီဝက်လောက် ကိုမင်းဦးနဲ့ စကားပြောချင်တယ်ဗျာ။ အလွန်ဆုံးကြာလှရင် တစ်နာရီလောက်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူတို့က နှုတ်မှ မည်သူမည်ဝါတွေပါဟု ဖွင့်မပြော ခဲ့။ ချက်ချင်းပင် သူတို့အိတ်ထဲမှ ကတ်ပြားနှစ်ခုကိုထုတ်၍ ပြ သလိုက်ကြသည်။ မှုခင်းဌာနမှ တပ်ဖွဲ့ဝင်များဖြစ်ကြောင်း သိလိုက် ရသည်။

ကိုမင်းဦး မငြင်းခဲ့။ ကားပေါ်တက်ပြီး ထိုပုဂ္ဂိုလ် နှစ်ဦး ခေါ်ဆောင်ရာသို့ လိုက်ပါခဲ့သည်။ ကိုမင်းဦးကို ကားပေါ်ခေါ်သူများက ဘာမျှမမေး။ ကားစီးရင်း ကိုမင်းဦး ချွေးပြန်နေခဲ့ သည်။ မိမိသည် မည်သို့သော အပြစ်များ ကျူးလွန်ထားမိပါသလဲ။ လေးမှုနေ၍ တစ်ဘက်နိုင်ငံ နယ်စပ်များသို့သွားကာ တစ်နိုင် ငံပိုင် ကုန်သတ်ပစ္စည်းများကို ခိုးသွင်းကာ ပြန်လည်ရောင်းချ မိခြင်းမျိုးပဲ ပြုလုပ်မှုသည်။

သူတို့က ဘာမျှမမေး။ မမေးလေ ကိုမင်းဦး ရင် ခုန်လေပဲ ဖြစ်ရပါ၏။ (၇)မိုင်သို့ ရောက်လာသည်။ လက်ယာ ဘက် မြေနီလမ်းအတွင်းသို့ ချိုးကွေ့ဝင်သည်။ ခြံဝင်းကြီးတစ်ခု အတွင်းရှိ တိုက်ကြီးတစ်တိုက်ရှေ့သို့ ရောက်လာခဲ့သည်။

"ဆင်းပေတော့ ကိုမင်းဦး"

တိုက်က သော့ပိတ်ထားသည် မဟုတ်။ တွန်းဖွင့်လိုက် နှင့် ပွင့်သွား၏။ အထဲတွင် ကျကျနန ခင်းကျင်းထားသော ဧည့် ခန်းရှိသည်။

"ထိုင်ဗျာ ကိုမင်းဦး။ နည်းနည်းပါးပါးလောက် မေးမြန်း ကြည့်မလို့ပါ။ ငါကို စစ်ပြီဟဲ့၊ ဆေးပြီဟဲ့ ဆိုတဲ့ ကြောက် စိတ်မျိုး မထားပါနဲ့။ သူငယ်ချင်းတွေ စကားပြောကြတယ် ပဲ သဘောထားပါ"



"ကျွန်တော်တို့ နာမည်တွေကို သိဖို့မလိုပါဘူး။ သူ့ကို ကိုဖြူလို့ မှတ်ပါ။ ကျွန်တော့်ကိုတော့ ကိုညိုလို့ပဲမှတ်ပါ"

သူတို့အမည်မှန်ကိုမဖော်လိုသောကြောင့်ဟု ကိုမင်းဦး သဘောပေါက်လိုက်ပါ၏။

ကိုညိုကပင် စကားဆက်သည်။

"ကိုမင်းဦး မန္တလေးမှာ နေခဲ့တယ်။ မှုခင်းမျက်မှန်ဂျာနယ် ရုံးခွဲမှာ အလုပ်ဝင်လုပ်တယ်။ ဂျာနယ်တိုက်ရဲ့ငွေစာရင်း ဌာနမှာ။ ကြည်ကြည် ဆိုတဲ့ အမျိုးသမီးနဲ့ မေတ္တာမျှခဲ့ တယ်။ ကိုမင်းဦးဟာ လစာအပြင် အခြားဝင်ငွေရှိတဲ့အလုပ် ကို လုပ်တယ်။ ရသမျှပိုက်ဆံ သုံးပစ်ခဲ့တာပဲ။ ကြည်ကြည်နဲ့ ပတ်သက်ပြီး ဂျာနယ်တိုက်မှာ ရေဝတီကို အလုပ်သွင်းပေး ခဲ့တယ်။ မကြာဘူး ကြည်ကြည်က ခင်ဗျားလုပ်ပုံကိုင်ပုံ မကျေနပ်လို့ ခွာထုတ်ခဲ့တယ်။ ကိုမင်းဦး ဂျာနယ်တိုက် ငွေစာရင်းဌာနက ထွက်တယ်။ ရန်ကုန်ပြောင်းပြီး မှုခင်း တပ်ဖွဲ့ရုံးချုပ် ငွေစာရင်းဌာနမှာ အလုပ်ဝင်ခဲ့ပြန်တယ်။ ဒါပေမဲ့ ကိုမင်းဦးဟာ ဦးမိုးမြင့်ဆိုတဲ့ ပွဲရုံပိုင်ရှင်တစ်ယောက် ဆီကို ဝင်ငွေပိုရလို့ မှုခင်းတပ်ဖွဲ့ ငွေစာရင်းဌာနကထွက် ပြီး ကူးပြောင်းခဲ့တယ်"

"ဒါ ကိုမင်းဦးရဲ့ ကိုယ်ရေးအကျဉ်းချုပ်ပဲ။ ကျွန်တော်ပြော တာ မဟုတ်ရင် ငြင်းနိုင်တယ်။ ဟုတ်ရဲ့လား ကိုမင်းဦး"

ကိုမင်းဦး စိတ်ထဲမှ ရေဝတီကို ဒေါသဖြစ်မိသည်။ မိမိ အလုပ်သွင်းပေးခဲ့တာတောင်မထောက်။ မိမိနောက်သို့ ချုံခို လိုက်နေပါသည်။ ကိုနေရဲထံမှ ဘာကြောင့် လိုက်ရပါသနည်းဟု

www.burmeseclassic.com

www.burmeseclassic.com



သော အဖြေကို သိရအောင် ရေဝတီ့ထံမှ အကူအညီ တောင်းခဲ့သည်။ ဒါ ရေဝတီ့ လက်ချက်ပဲ ဖြစ်ရမည်။ ရှေ့နေစောင်မှ ထောင်ကျရကိန်း ဆိုက်ပြီ။

"ဟုတ်ပါတယ်။ ကျွန်တော့် ကိုယ်ရေးကိုယ်တာကိစ္စတွေကို မရေဝတီ ပြောပြတာ မဟုတ်လား ကိုညို"

"မရေဝတီက ပြောသလားလို့ မေးတဲ့မေးခွန်းကို မဖြေနိုင်ပါဘူး။ ကျွန်တော်တို့ကို သက်ဆိုင်ရာ အထက်ပိုင်းက ဒီပုဂ္ဂိုလ်နောက်ကို လိုက်ပါလို့ ညွှန်ကြားချက်ရှိရင် အဲဒီပုဂ္ဂိုလ်ရဲ့ ကိုယ်ရေးရာဇဝင်နဲ့ တခြားအချက်အလက်တွေပါတဲ့ ကေ့စ်ဖိုင်(Case File)အမှုတွဲကိုပါ ပေးပါတယ်။ ဒီတော့ ကိုမင်းဦးရဲ့ ကိုယ်ရေးရာဇဝင်ကို အထက်ပိုင်းက ဘယ်ပုံဘယ်နည်း ရထားတယ်ဆိုတာ မသိနိုင်ပါဘူး။ ကျွန်တော့်တို့က အမှုတွဲကို လေ့လာပြီး အလုပ်လုပ်တာပါ"

"ဟုတ်ပါပြီ၊ ကျွန်တော့်ရဲ့မန္တလေးက အကြောင်းတွေကို အသေးစိတ် သိနေတာ၊ မရေဝတီဆီကလွဲလို့ တခြားဘယ်သူ့ဆီကမှ မဖြစ်နိုင်ပါဘူး"

"ဒီကိစ္စကို ကျွန်တော်တို့ မဆွေးနွေးပါဦး ကိုမင်းဦး"

"ဒါဆိုရင် အခု ကျွန်တော့်ကို ခေါ်လာပြီး ဘာတွေမေးမြန်းချင်လို့လဲဗျာ"

"ကိုမင်းဦးဟာ ရတဲ့လစာနှုန်းထက် အများကြီးပိုပြီး ငွေကို အသုံးအဖြုန်းတွေ ရှိနေပါတယ်။ ဒီလောက် သုံးနိုင်လောက်အောင် အခြားဝင်ငွေတွေ ဘယ်လိုရနေသလဲဆိုတာ သိချင်ပါတယ်"



"ကျွန်တော် အမှန်အတိုင်း ဖြေပါ့မယ်။ နယ်စပ်တွေကို သွားပြီး ကန့်သတ်ပစ္စည်း အချို့ကို မှောင်ခိုသွင်းပါတယ်။ မန္တလေးမှာ ပြန်ရောင်းတယ်။ အမြတ်တွေ ရလာတယ်။ အဲဒီလို မှောင်ခိုလုပ်မိလို့ ကျွန်တော့်မှာ အပြစ်ရှိတယ်ဆိုလည်း ခံယံ့ပါပဲ ကိုညို"

"ဒါဖြင့် ကျွန်တော်မေးမယ်။ ပြည်ပကဝင်လာတဲ့ ရွှေချောင်းမျိုးကို ကိုမင်းဦး ချဖူးလား"

"ရွှေချောင်းဆိုတာ မြင်တောင် မမြင်ဖူးပါဘူး။ ကျွန်တော့်ငွေ အရင်းအနှီးလောက်နဲ့ ကျွန်တော့်အဆက်အသွယ်မျိုးလောက်နဲ့ ရွှေချောင်းနားကို မကပ်နိုင်ပါဘူး"

"ဒါဆိုရင် ဘိန်းဖြူတို့ ကျောက်တို့ရော"

"ဂျုံမှုန့်နဲ့ ဘိန်းဖြူကို ဘယ်လိုခွဲရမှန်းတောင် မသိတဲ့ ကျွန်တော်လိုလူက ဘယ်ချရဲမလဲ။ ကျောက်ဆိုလည်း ဒီအတိုင်းပါပဲ။ ဓာတုဗေဒကျောက်နဲ့ သဘာဝကျောက်အစစ်ကို ယနေ့အချိန်အထိ မခွဲခြားနိုင်ပါဘူး၊ ပိုတောင်ဆေးပါသေးတယ်"

"ဒါဖြင့် ကိုမင်းဦး ချတဲ့ပစ္စည်းတွေက ..."

"နာရီ၊ အလှကုန်ပစ္စည်း အဆန်းတွေ၊ ကားပစ္စည်းတွေလောက်ပါ။ အဲဒီအတွက် ကိုညိုတို့ ကိုဖြူတို့ အရေးယူမလို့လားခင်ဗျာ"

"အစိုးရက တားမြစ်ကန့်သတ်ထားတဲ့ပစ္စည်း ဆိုတဲ့နေရာမှာ သာမန်လူသုံးပစ္စည်း မှောင်ခိုတာကို ကျွန်တော်တို့ အရေးယူလို့ မရပါဘူး။ သက်ဆိုင်ရာ အကောက်ခွန်ဌာန

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပူးပေါင်းအဖွဲ့ဝင်တွေရဲ့ တာဝန်ပါ။ ကျွန်တော်တို့စွက်ဖက်ခွင့် မရှိပါဘူး”

“ဒါဆိုရင် ကျွန်တော့်မှာ တခြားအပြစ် မရှိပါဘူး”

ကိုညိုနှင့် ကိုဖြူက ကိုမင်းဦးအား “တိုက်ရိုက်မေးအကဲစမ်း” စနစ်ကို အသုံးပြုနေခြင်းသာဖြစ်သည်။ မေးစရာရှိသည်ကို မေးပြီး ကိုမင်းဦး မျက်နှာကို အကဲခတ်သည်။ ကိုမင်းဦး အဖြေထဲမှာ သူတို့လိုချင်သော အချက်အလက်ကို ရှာဖွေကြသည်။

“ခင်ဗျား နန္ဒာကို သိသလား၊ နန္ဒာ ဆိုတဲ့ အမျိုးသမီးလှလှလေးနဲ့ ခင်ဗျား ရင်းနှီးပါတယ်”

“ဗျာ ... သူက မင်းသမီးလား၊ အဆိုတော်လား၊ ရင်းနှီးဖို့နေနေသာသာ ဒီနာမည် မကြားဖူးပါဘူး”

“နန္ဒာဟာ လားရှိုးကပဲ။ ခင်ဗျားကလည်း လားရှိုးဘက် ခဏ ခဏ ရောက်နေတယ်ဆိုတော့ နန္ဒာနဲ့ဆက်သွယ်နိုင်တယ်။ ဒါကြောင့် ကြည်ကြည်က ခွာထုတ်တာ မဟုတ်လား”

“ကျွန်တော် နန္ဒာကို လုံးဝမသိဘူး”

“ဟုတ်ပြီ၊ ဒါဆိုရင်တော့ သန္တာစိုးကိုတော့ ခင်ဗျားသိမှာပါ”

“သန္တာစိုးကိုလည်း လုံးဝမသိပါဘူး”

ကိုဖြူက သတင်းစာစက္ကူဖြင့် လိပ်ထားသော အနွေးထည်တစ်ထည်ကို ထုတ်ယူလိုက်သည်။ သန္တာစိုး၏ ယုန်မွေးရှည် အနွေးထည်ပဲ ဖြစ်သည်။

“ဟောဒီ အနွေးထည်မျိုး မြင်ဖူးသလား”



“မြင်ဖူးပါတယ်။ နယ်စပ်ဒေသမြို့တွေမှာ ရောင်းချတဲ့ အနွေးထည် အမျိုးအစားပါ”

“အဲဒီ အနွေးထည်မျိုးတစ်ထည် သန္တာစိုးကို ကိုမင်းဦး ပေးဖူးတယ် မဟုတ်လား”

“ကြံကြံဖန်ဖန်ဗျာ။ ကျွန်တော် အသုံးအဖြုန်း ကြီးပေမဲ့ မိန်းကလေးတစ်ယောက်ကို ဒီလောက် အဖိုးတန်တဲ့ အနွေးထည်မျိုး ဝယ်ပေးဖို့ ဘယ်တုန်းကမှ စိတ်ကူးမရှိခဲ့ဖူးပါဘူး။ ပေးချင်တယ် ဆိုရင်တောင် ကြည်ကြည့်ကိုပဲ ပေးမှာပါ။ သန္တာစိုး ဆိုတာ မြင်ဖူး သိဖူးတာမှ မဟုတ်ဘဲ”

ကိုဖြူက အနွေးထည်ကို သတင်းစာစက္ကူဖြင့် ပြန်ထုပ်ထားလိုက်သည်။ ကိုညိုက ဝင်မေးပြန်၏။

“မန္တလေးမှာတုန်းက ခင်ဗျားရဲ့ ဘေးလုပ်ငန်းကြောင့် သုံးနိုင်တယ် ထားပါဦး။ အခု ရန်ကုန် ရောက်တော့လည်း ခင်ဗျား သုံးနိုင် ဖြုန်းနိုင် နေတုန်းပါပဲလား ကိုမင်းဦး”

“ဦးမိုးမြင့်က စီးပွားရေးသမားပဲဗျာ။ သူ့အကျိုးအတွက် ဆောင်ရွက်ပေးတဲ့ ကျွန်တော့်ကို သုံးဖြုန်းနိုင်လောက်တဲ့ ငွေကြေး ထောက်ပံ့ချက် ရှိပါတယ်။ အဲဒါကို ဦးမိုးမြင့်ကို ခေါ်မေးနိုင်ပါတယ်”

“ဦးမိုးမြင့်က သူ့လခစား အလုပ်သမားတွေကို ဒီလိုပဲ ရက်ရက်ရောရော ပေးကမ်းတတ်သလား ကိုမင်းဦး”

“လူတိုင်းတော့ ဘယ်ဟုတ်မှာလဲဗျာ။ ကျွန်တော်က မန္တလေးသားမို့ ရှမ်းပြည်နယ် တောင်၊မြောက်နယ်မြေ ကျွမ်းကျင်တယ်။ ဦးမိုးမြင့်က ပွဲရုံလုပ်ငန်းဆိုတော့ လက်ဖက်ခြောက်

www.burmeseclassic.com

www.burmeseclassic.com



သနပ်ဖက်က အဓိကပါ။ ရှမ်းပြည်နယ်က တာဝန်လုပ်ငန်း မှန်သမျှ ကျွန်တော့်ကို တာဝန်ပေးတယ်။ သူခိုင်းသမျှ လုပ်ငန်းအောင်မြင်တဲ့အတွက် ထောက်ပံ့ချက်ရှိတာပါ ...

"ဖြေပြီးပါပြီ။ ရှမ်းပြည်နယ်ထွက်ကုန်ပစ္စည်း ရန်ကုန်မှာ ရောင်းတယ်၊ ပြည်မထွက်ပစ္စည်းကို ရှမ်းပြည်နယ်တောင်မြောက်မှာ ပြန်ရောင်းရတာပါ"

"ဆက်ပြောပါ ကိုမင်းဦး"

"ဒီတော့ ဦးမိုးမြင့်က ကျွန်တော့်ကိုခိုင်းတဲ့ လုပ်ငန်းတာဝန်တစ်ခု ဆောင်ရွက်ပြီးတိုင်း လစာအပြင် ဘောက်ဆူးပေးခဲ့ပါတယ်။ သတ်မှတ်ချက်တော့ ဘယ်ရွေ့ဘယ်မျှ မရှိပါဘူး"

"ကဲ ... ကျေးဇူးတင်ပါတယ် ကိုမင်းဦး၊ ကျွန်တော်တို့ ပြန်ကြပါစို့၊ ကိုမင်းဦး သွားချင်တဲ့နေရာကို ကျွန်တော်တို့ လိုက်ပို့ပေးပါ့မယ်"

ကိုညိုနှင့် ကိုဖြူတို့ မေးစရာစကား မရှိတော့၍လား၊ သို့တည်းမဟုတ် မည်သို့သော အဓိပ္ပာယ်ဟူ၍တော့ ကိုမင်းဦး မသိ။ သို့သော် သူ အကျဉ်းအကျပ် ဖြစ်နေရခြင်းမှတော့ လွတ်မြောက်သွားခဲ့ရပါလေ၏။

ခုနစ်မိုင်တိုက်ကြီးထဲမှ သုံးဦးသား တိတ်ဆိတ်ငြိမ်သက်စွာပင် ထွက်ခဲ့ကြတော့သည်။

✤ ⟶ ✤



# အခန်း(၁၈)

"ဝတီ အဆင်သင့်ဖြစ်ပါပြီ ကိုကိုရဲ၊ ဦးမိုးမြင့်ရဲ့ညစာဖိတ် သွားတာကို သွားဖို့လေ"

"ကိုကိုရဲလည်း အဆင်သင့်ပါပဲ ဝတီ"

ထိုစဉ်မှာပင် အနီးသို့ရောက်လာသော အနန္တစိုင်ဝင်း ... လှချင်တိုင်းလှနေသော ရေဝတီအားကြည့်ကာ လှိုက်လှဲစွာ ...ကျူးလိုက်ပါလေသည်။

"အားပါးပါး ... ငါ့...မကတော့ ပြင်လေလှလေပါလား ဟေ့"

အဒေါ်ဖြစ်သူ၏ ချီးကျူးသံကြောင့် တူတော်မောင် ...မှာလည်း ချစ်ရသူ ရေဝတီအား ကြည့်ကာ အနီးသို့ဖြိုးဖြိုး ...တိုးလာခဲ့သည်။ ရေဝတီ၏ လက်ကလေးတစ်ဖက်ကို ယုယ ...ဆွဲကိုင်လိုက်သည်။

"နေဦး ဝတီ၊ ဝတီ့လည်တိုင်မှာ တစ်ခုခု လိုနေသေးတယ်"

"ဘာလိုနေသေးလို့လဲ ကိုကိုရဲ"

"ကျောက်စိမ်းဆွဲကြိုးလေး ဆွဲထားဖို့လေ"

www.burmeseclassic.com

www.burmeseclassic.com



"ရဲရဲပြောမှ အန်တီခိုင်ဝင်း သတိရတော့တယ်၊ ကျောက်စိမ်းဆွဲကြိုး ဆွဲထားတာ မတွေ့ပါလား"

အန်တီခိုင်ဝင်းက နှစ်ဦးလုံးကို စေ့ကြည့်၍ မေးလိုက်ပါ၏။ နေရဲက အန်တီခိုင်ဝင်းကိုကြည့်၍ ခပ်တိုးတိုး ဖြေပါလေ၏။

"စန္ဒရားအဖုံး အံကပ်ထဲမှာ ကျောက်စိမ်းဆွဲကြိုးကို ဖွက်ထားတယ် အန်တီခိုင်ဝင်း။ ဟိုတလောက ဝတီအခန်းမှာ သော့တူနဲ့ဝင်ပြီးမွှေတာ ဒီဆွဲကြိုးကြောင့်ပဲလို့ ကျွန်တော်ရော ဝတီပါ ယူဆတယ်။ ဒါကြောင့် ဖွက်ထားတာ"

နေရဲက စန္ဒရားအနီးသို့ လျှောက်လိုက်သည်။ ရေဝတီ စိတ်ပြောင်းသွားဟန်တူ၏။ သူမခေါင်းကို ခါယမ်းပါလေ၏။

"မဆွဲတော့ဘူး ကိုကိုရဲ"

"မဆွဲဘဲနေတာ ကောင်းပါတယ်ဝတီ၊ ဦးမိုးမြင့်ရဲ့ပါတီပွဲမှာ ဒီဆွဲကြိုး ဝတ်မသွားတာပဲ ကောင်းပါတယ်။ ဦးမိုးမြင့်ရဲ့ဇနီး ဒေါ်သက်ထားက သိပ်စပ်စုတတ်တဲ့ အမျိုးသမီးပဲ"

"သွားကြစို့ ဝတီ"

တိုက်ရှေ့တွင် ရပ်ထားသော ကားပေါ်သို့ နေရဲနှင့် ရေဝတီတို့ တက်လိုက်ကြသည်။ နေရဲက ကားကိုခြံဝင်းအတွင်းမှမောင်း၍ ထွက်ခွာခဲ့သည်။ ကားကို ဂရုတစိုက်မောင်းနေ၍လားတော့မသိ။ နေရဲထံမှ စကားသံတို့ တိတ်နေပါလေ၏။

ဦးမိုးမြင့် ဒေါ်သက်ထားတို့အိမ်မှာ ကမ္ဘာအေးစေတီလမ်းတွင် ဖြစ်သည်။ ခြံကြီးဝယ်ကျယ်နှင့် နှစ်ထပ်တိုက်ကြီးဖြစ်၏။



"ထားသိဒ္ဓရိပ်မြုံ"

ခြံဝတွင် ထွင်းစာလုံးဖြင့် ရေးထားသည့် ကြေးဝါပြားကြီးက ခန့်ခန့်ထည်ထည် ရှိနေခဲ့သည်။

"ဟောတော့ ... ရွှေဂုန်သားနဲ့ ရွှေမန်းသူစုံတွဲ လာပြီဟေ့ သက်ထားရေ၊ ဒီမှာ လာပြီးနှုတ်ဆက်ပါဦးကွာ"

ဦးမိုးမြင့်က ဝမ်းသာအယ်လဲ ကြိုဆီးနှုတ်ဆက်ပါလေတော့သည်။ သူ့ဇနီး ဒေါ်သက်ထားအားလည်း အသံသြ၊ အသံဝါကြီးနှင့် အော်ခေါ်တော့သည်။ ဒေါ်သက်ထား ရောက်လာခဲ့သည်။ သူမအကြည့်က စူးရှလွန်းလှပါ၏။ ပြီးတော့ ချိုးကျူးသံသာ ထွက်လာခဲ့၏။

"မရေဝတီတို့ကတော့ ဘယ်လိုဝတ်ဝတ် အမြဲလိုလှနေတာပါလား။ ဘယ်ဘဝက ဘာဆုတွေများ တောင်းခဲ့လို့လဲ မသိပါဘူး"

ဒေါ်သက်ထား ကြည့်လိုက်ချိန်တွင် ဦးမိုးမြင့်ကသည်း ရေဝတီအား အငမ်းမရ ကြည့်နေခိုက်နှင့် ကြုံကြိုက်ပါလေ၏။ သူမမျက်နှာ ကွက်ခနဲ ပျက်သွားရသည်။ တစ်ချိန်တုန်းကတော့ ဒေါ်သက်ထားသည် ဦးမိုးမြင့် မျက်စိကျလောက်အောင် လှချောမောကောင်း ချောခဲ့ပေလိမ့်မည်။ ယခုတော့ ရောဂါဝေဒနာအစ်ခုခု ဖိစီးဟန်တူသည်ကြောင့် ဒေါ်သက်ထား ရုပ်တော်တော်ကျနေပေပြီ။

ဦးမိုးမြင့်က အရွယ်ကောင်း၊ ကျန်းမာသန်စွမ်းဆဲလို့ နီးစချောလေးများကို တမက်တမော ရှိနေလေဦးမည်သာ။ ပြီးတော့ ငွေကြေးက ချမ်းသာသည့်အပြင် ငုံစရာ သားသမီးကလည်း

www.burmeseclassic.com



မထွန်းကားခဲ့။ သည်တော့ ဒေါ်သက်ထားခမျာ လက်တော်မောင်အား စိတ်မချပါလေတော့။ ဦးမိုးမြင့်ကလည်း မိန်းမကိစ္စတွင် ဝါသနာထုံချင်ဟန်တူသည်။

"ကဲ ... ကိုမိုးမြင့်က တခြားဧည့်သည်တွေ သွားနှုတ်ဆက်ဦး။ ကိုနေရဲနဲ့ မရေဝတီကို သက်ထားပဲ နေရာစီစဉ်ပေးပါ့မယ်၊ လာ ... ကိုနေရဲ"

ဒေါ်သက်ထား၏ ဦးဆောင်မှုဖြင့် တိုက်အပေါ်ထပ်သို့ တက်ခဲ့ကြ၏။ အပေါ်ထပ် တစ်ထပ်လုံးတွင် အစိမ်းနုရောင်မွေးပွကော်ဇောကြီးတွေ အပြည့်ခင်းထားသည်။ လိုက်ဖက်ညီစွာ တိုက်နံရံမှာလည်း ဆေးအစိမ်းနုရောင် သုတ်ထားသည်မို့ မျက်စိအေးသွားရသည်။

ဦးမိုးမြင့် ချမ်းသာကြွယ်ဝသည်က လက်ဖျားခါလောက်ပါ၏။

နေရဲနှင့် ရေဝတီကို စားပွဲတစ်ခုမှာ ဒေါ်သက်ထားက နေရာချပေးသည်။ အသုံးအဆောင်ပစ္စည်းများက အဖိုးတန်ချည်းပါ။

"ခါတိုင်းဆိုရင်တော့ ပြတင်းပေါက်ရော တံခါးမကြီးတွေပါ ပိတ်ထားပြီး အဲယားကွန်း ဖွင့်ထားပါတယ်။ ဒီနေ့ပါတီပွဲမှာတော့ ကိုမိုးမြင့်က သဘာဝလေအေးလေးပဲ ဝင်စေချင်တယ်ဆိုပြီး တံခါးပေါက်တွေ အားလုံးဖွင့်ထားခဲ့တာ။ တကယ်လို့ မရေဝတီ ပါတီပွဲကို ငြီးငွေ့လာရင် အပြင်ဘက်ဝရန်တာတွေမှာ ပက်လက်ကုလားထိုင်တွေ ချထားလေ အနားယူလို့ရတယ်နော်"



ရေဝတီက ဝေ့ဝဲကြည့်လိုက်သည်။ ပါတီပွဲလာသူတွေ ယောက်ျားရော မိန်းမများပါ စုံသည်။ အားလုံးလိုလိုက မျက်နှာစိမ်းတွေ။

ကိုမင်းဦး။

ကိုမင်းဦးသည်လည်း ပါတီပွဲသို့ ရောက်ရှိနေသည်ကို လှမ်းတွေ့လိုက်ရ၏။ ကိုမင်းဦးက မျက်နှာလွှဲထားခဲ့သည်။ မျက်နှာက သုန်သုန်မှုန်မှုန်။ တစ်စုံတစ်ခုကို မကျေနပ်မှန်း သိသာလွန်းနေ၏။

"ဟိုခုံးယောက်ကျော်မှာ ထိုင်နေတာ ကိုမင်းဦးပဲ ကိုကိုရဲ။ သူ မျက်နှာလွှဲပြီး မတွေ့ချင်ယောင်ဆောင်နေတယ်။ ကိုကိုရဲ ပါလာလို့လား မသိဘူး"

"ဘယ်ဟုတ်မလဲ၊ ဝတီ့ကို ဒေါကန်နေတာ ဖြစ်မယ်"

"ဘာလို့ဒေါကန်ရမှာလဲ ကိုကိုရဲ။ သူနဲ့တွေ့ကြတုန်းက ရယ်ရယ်မောမောပဲဟာ"

နေရဲက ရေဝတီ၏ ပခုံးစွန်းပေါ် သူ၏မေးဖျားကလေးကို မတတ်ကပ်ပြီး တိုးတိုးလေး ပြောသည်။

"ဒီနေ့မနက်ပိုင်းတုန်းက ကိုကိုရဲတို့လူနှစ်ယောက် သူ့ကို ခေါ်စစ်ဆေးခဲ့တယ် ဝတီ။ အဲဒါ ဝတီ့လက်ချက်လို့ သူ ထင်ပြီး ဒေါကန်နေတာပဲဖြစ်မယ်"

"ဟွန်း ... ဒုက္ခပါပဲ။ ဝတီကဖြင့် ဘာတစ်ခွန်းမှ ကိုမင်းဦးအကြောင်းကိုလည်း မပြောရဘဲနဲ့။ ကိုကိုရဲတို့လုပ်ပုံက အထင်လွဲစရာ ဖြစ်သွားပြီ။ ဝတီ့အပေါ် သူ့ကျေးဇူးရှိတယ် ကိုကိုရဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တတ်နိုင်မလဲ ဝတီ။ ဝတီက တည်ကြက်ဖြစ်နေတယ် လေ။ ကိုကိုရဲတို့ ပိုက်အုပ်လိုက်တဲ့ အဝန်းအဝိုင်းထဲမှာ တစ်ဦးအပါအဝင် ဖြစ်နေတယ် ဝတီ။ နောက် အစစ်အမှန် တွေပေါ်လာပြီး ကိုမင်းဦး မပါခဲ့ရင် သူ့ကို တောင်းပန် လိုက်ပေါ့။ ကိုယ့်လည်း ဝိုင်းပြီး တောင်းပန်ပေးမှာပေါ့ ကွာ"

"မလွယ်ပါလား"

ဘာသာ ဝတီ ကျိတ်ရှိုက်ငိုသည်းတွားမိပါ၏။ သူ၏ မျက်မှောင်ကလေး ကုတ်သွားရသည်ကုပင် နေရဲ ချစ်စရာကောင်း လွန်းသည်ဟု ထင်သည်။ သွားစွယ်တန်းလေးပေါ်အောင် နေရဲ ပြုံးလိုက်မိ၏။

"ဗျို့ ... ကိုနေရဲ။ မရေဝတီဟာ တကယ်လှပါတယ်။ ကိုနေရဲ ကြည့်မဝတာလည်း သိပါတယ်။ ဒါပေမဲ့ ကိုယ် ပိုင်ပစ္စည်းကို ကိုယ့်တစ်ယောက်တည်းချည်း ကြည့်မနေနဲ့ လေ။ သူများတွေ ကြည့်ဖို့လည်း ချန်ထားပါဦး"

စားပွဲထိပ်မှရပ်ကာ ဦးမိုးမြင့် အရွှန်းဖောက်စကား ကြောင့် ပါတီပွဲမှာရှိနေသူတို့ ဝေါခနဲ ပွဲကျသွားကြသည်။

ပွဲကျသည်ဆိုခြင်းမှာလည်း တိုက်ဆိုင်မှု ကျသည်မျိုး ပါ။ ရေဝတီ မျက်နှာမှာ ရှက်ရိပ်ကြောင့် နီရဲသွားခဲ့သည်။ ရေ ဝတီ ခေါင်းကို ငုံ့ထားမိပြီး နေရဲ၏ပေါင်တံကို လက်နှင့်ဆွဲဆိတ် လိုက်မိ၏။

"အခုအချိန်ကစပြီး ပါတီပွဲကို ရောက်ရှိလာသူတွေအားလုံး နှစ်သက်ရာ အစားအစာကို စားနိုင်ကြပါပြီ။ နှစ်သက်ရာ



သောက်စရာကို သောက်ကြပြီး ကြိုက်သလို လွတ်လပ်စွာ နေကြပါ"

အမျိုးသားများကတော့ အသောက်လုပ်ငန်းကို စတင် ကြသည်။ နေရဲက ရေဝတီအလိုက်ကိုသိ၍လား မဆိုနိုင်။ အအေး သာ သောက်ခဲ့သည်။ ရှိုင်းသည်ပဲပြောပြော ယဉ်ကျေးမှု အက်ဒီ ကတ် မရှိဘူးပဲဆိုဆို ရေဝတီက အရက်နံ့အနည်းငယ်ရှိသည့် အင်္ဂလိပ်ဘီယာလို အချိုရည်ကိုပင် အနံ့မခံနိုင်ပါ။ စားသောက်ဖွယ် ရာများကို အိမ်ဖော်များက လိုက်လံချပေးနေခဲ့ကြသည်။

"ဟိုမှာ ... မသိမသာကြည့်စမ်း ကိုကိုရဲ၊ ကြက်သားလုံး ကြော် လိုက်ချပေးနေတဲ့ အမျိုးသမီးကို ပြောတာ"

ရေဝတီက ခပ်တိုးတိုး နှစ်ကိုယ်ကြား ပြောသည်။ နေရဲက ထိုအမျိုးသမီးကို မသိမသာ လှမ်းကြည့်လိုက်ပါ၏။

"တွေ့တယ် ဝတီ၊ ဘာဖြစ်လို့လဲ"

"ရွှေအင်းလေးစားသောက်ဆိုင်မှာ ရေဝတီ ရေအိမ်ဝင်တုန်း က တအားစိုက်ကြည့်ခဲ့တဲ့ အမျိုးသမီးဟာ အဲဒီအမျိုးသမီး ပဲ၊ အခုတော့ သူက ဒေါ်သက်ထားတို့အိမ်ဖော် ဖြစ်နေပြန် ပြီ"

"ဆက်စပ်တွေးကြည့်လို့ တစ်ခုတော့ ရတာရှိတယ်။ ရွှေ အင်းလေးမှာတုန်းက ဒေါ်သက်ထားတို့စုံတွဲနဲ့ ဆုံခဲ့တယ် လေ။ ဝတီ မှတ်မိမှာပါ။ ဒေါ်သက်ထားက သူသွားလေရာ ရာကို စပါယ်ရှယ်နှာစ် သဘောမျိုးနဲ့ ခေါ်တာဖြစ်လိမ့်မယ် သူတာ ရောဂါသည်ပဲ။ တချို့ ပိုက်ဆံသိပ်ချမ်းသာတဲ့ အမျိုးသမီးတွေဟာ အဲဒီလို ခပ်ကြောင်ကြောင်တွေ ဖြစ်မှ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဂုဏ်ယူနေတာတွေ ရှိတယ်။ ဒီအမျိုးသမီးကို ကြည့်ရတာ အိမ်ဖော်တော့ ဟုတ်ဟန်မတူဘူး"

"ဘာပဲဖြစ်ဖြစ် ကိုကိုရဲက ဝတီနဲ့ ပတ်သက်တာ သိချင်တယ်ဆိုလို့ ကြုံကြိုက်တုန်း ပြတာပါ"

ပါတီပွဲလာ ဧည့်ပရိသတ်များက သောက်သူသောက် စားသူစားနေခဲ့ကြသည်။

ဦးမိုးမြင့်က ထရပ်လိုက်ပြီး စေ့ကြည့်ကာ ပြောသည်။

"ကျုပ် နည်းနည်းလောက် ပြောချင်တယ်ဗျာ။ အခုပုံစံက ဟိုတယ်မှာနေရာယူပြီး စားကြသောက်ကြတဲ့ပုံစံ ဖြစ်နေတယ်ဗျာ၊ မလွတ်လပ်ဘူး ထင်တယ်။ ဒီတော့ တစ်အိမ်လုံး ကြိုက်တဲ့နေရာမှာ ကိုယ့်စုံတွဲနဲ့ကိုယ် ကြိုက်သလို သွားကြ လာကြ စားကြ စကားလက်ဆုံကျကြပေါ့။ စားစရာနဲ့ သောက်စရာတော့ ကြိုက်သလောက် ယူပြီးပေါ့နော်"

"အဲဒီလိုမကောင်းပါဘူး ကိုမိုးမြင့်။ ပါတီပွဲဆိုတာ မျက်နှာစုံညီပဲ ကောင်းပါတယ်"

ဦးမိုးမြင့် အပြောကို ဒေါ်သက်ထားက ကန့်ကွက်လိုသည့်သဘောမျိုး ပြောလိုက်သည်။ တန်တော့ ဒေါ်သက်ထားသည် ဦးမျိုးမြင့်ကို စိတ်မချဖြစ်နေပုံရသည်။ ပါတီပွဲလာ အမျိုးသမီး တော် ဦးဦးနှင့် ဦးမိုးမြင့် မပတ်သက်ပါဘူးဟု မည်သူမျှ မပြောနိုင်ချေ။

ကိုမင်းဦးက နေရာမှထကာ ပြောလာခဲ့ပြန်ပါ၏။

"ဟုတ်တယ်ဗျာ၊ ကျွန်တော်ဆိုရင် ဝရန်တာဘက်ထွက်ပြီး စားရင်း သောက်ရင်း လွတ်လွတ်လပ်လပ် နေချင်တယ်၊ အဲဒီအစီအစဉ်က သိပ်ကောင်းပါတယ်"



"ဟုတ်တယ်၊ ကောင်းတယ်။ သိပ်ကို သင့်တင့်တဲ့ အစီအစဉ်ပါ"

ရွှေပွဲလာ ဧည့်ပရိသတ်ကလည်း ကိုမင်းဦး အပြောကို လက်ခံကြသည်။

"ကဲ ... ဘယ်လိုလဲ သက်ထား။ ကိုယ့်အဆိုကို အားလုံး သဘောကျနေကြပြီ"

"သက်ထားတို့က အိပ်ရှင်ပဲလေ၊ ဧည့်သည်သဘောကျ ဖြစ်စေရမှာပေါ့"

ကိုမင်းဦးက အရင်ပင် စားဖွယ်သောက်ဖွယ်ရာများ ယူပြီး ထသွားတော့သည်။ တချို့ ဆက်ထိုင်သူတွေလည်း ရှိသလို ထသွားသူတွေလည်း ရှိကြသည်။

"ဝတီ ဝရန်တာဘက် ထွက်ချင်တယ် ကိုကိုရဲ"

"ကိုကိုရဲလည်း လိုက်ခဲ့မယ်လေ"

"ဟင့်အင်း မလိုက်ခဲ့နဲ့။ ကိုမင်းဦး ကြည့်ရတာ တစ်ခုခု ပြောချင်ပုံရတယ်။ ဝတီကလည်း သူ့ကို ရှင်းပြချင်နေတယ်လေ။ နောက်ပြီး ဝတီ လေကောင်းလေသန့်လည်း သွားရှူချင်လို့ပါ"

ရေဝတီ စားပွဲဝိုင်းမှ ထလိုက်သည်။ ကိုမင်းဦးက ခွက်တင်းပေါက်တွင်ရပ်ကာ အပြင်သို့ ကြည့်နေခဲ့သည်။ တိုက်ရိုက် သွားတဲ့ ဝရန်တာသို့ ထွက်ခဲ့သည်။ သူမနောက်သို့ ကိုမင်းဦး လိုက်လာမည်ဟုတော့ ဝတီ ထင်နေခဲ့၏။ အိမ်ကြီးက ကျယ်ပြောလှ၍ ဟိုတစ်စု သည်တစ်စုနှင့် လူကွဲကာ ပျောက်သွားခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေဝတီ လေညင်းခံရင်း ပန်းရုံတွေရှိရာသို့ အကြည့်ရောက်သွားခဲ့သည်။

"အယ် ... ကိုပိန်ရှည်လား မသိဘူး"

စံပယ်ရုံက ကွယ်နေသည်။ စံပယ်ရုံအောက်ရှိ သစ်သားခုံတန်းတွင် လူတစ်ယောက် ထိုင်နေခဲ့သည်။ သဲကွဲစွာတော့ မမြင်ရ။ ခြေတံလက်တံ ခါးအရှည်ကိုမှန်းကာ ကိုပိန်ရှည်ဟု ရေဝတီ ခန့်မှန်းမိ၏။

ခုံတန်းလျားပေါ်မှလူကို သဲကွဲစွာ မြင်နိုင်ရန် ရေဝတီ ဝရန်တာ ဟိုဘက်စွန်းသို့ လျှောက်ခဲ့သည်။

ထိုစဉ်မှာပင် ဖျတ်ခနဲ အိမ်ကြီးတစ်အိမ်လုံး၏ လျှပ်စစ်မီးတွေသည် ဖျတ်ခနဲပိတ်သွားရသည်။ မှောင်အတိ ကျသွားသည်။

"ဟာ ... မီးပြတ်သွားပြီဟ"

နေရာအနှံ့ ရောက်နေသော ဧည့်သည်များထံမှ တစ်ခွန်း သည်တစ်ခွန်း မီးပြတ်သွားကြောင်း အာမေဍိတ်သံများ ထွက်လာသည်။ ရေဝတီ ရောက်သည့်နေရာမှာပင် ရပ်နေလိုက်သည်။ ဤအိမ် ဤနေရာက သူ မကျွမ်းကျင်သည်မို့ ဝရန်တာ လက်ရန်းအနီးတွင် မနေဘဲ တစ်ဘက်ကော်ရစ်ဒါ၏ နံရံသို့မှီသွားပြီး ကျောကပ်ထားလိုက်သည်။

ရေဝတီ မီးအမိုက်မှာ အန္တရာယ်နှင့် ကြုံတွေ့ခဲ့ရတော့သည်။ လက်ဝါးကြီးတစ်ကုက ရေဝတီ၏ပါးစပ်ကို လုံလုံလဲလဲ ပိတ်သည်ကို ရေဝတီ ခံစားလိုက်ရ၏။ ကျန်လက်တစ်ဖက်ဖြင့် ချုပ်ကိုင်ကာ ရေဝတီအား ဝရန်တာအစွန်းသို့ အတင်းဆွဲယူနေခဲ့လေပြီ။



ရေဝတီ ရှိသမျှခွန်အားကိုသုံး၍ ရုန်းသည်။ ကျွန်းအာသန်စွမ်းသော မိန်းကလေးမို့ အန္တရာယ်ပြုလာသူမှာ ရေဝတီကို ထိန်းချုပ်ရန် လွယ်လွယ်နှင့် မရခဲ့ပေ။

ရုန်းသူက ဖွတ်ခွဲ့မခေါ်တော့ဘဲ ရေဝတီ၏ ကိုယ်ခံလေးကို ဆွဲ့ခနဲ ပွေ့လိုက်သည်။ ရုန်းသူ့အကြံကို ရေဝတီ ရိပ်စားမိလိုက်၏။ ရုန်းသူသည် ရေဝတီအား ပွေ့ချီကာ ဝရန်တာလက်ရန်းကိုကျော်ပြီး ဦးမိုးမြင့်၏ နှစ်ထပ်တိုက်ပေါ်မှ ပစ်ချရန် ကြိုးစားခဲ့သည်။

ရေဝတီက လွတ်နေသော ခြေထောက်ဖြင့် ကန်ကျောက်သည်။ လွတ်နေသော လက်နှစ်ဖက်ဖြင့်လည်း ရိုက်နှက်ခဲ့သည်။

"ကိုမိုးမြင့် ... ကိုမိုးမြင့် ... ရှင် ဘယ်ရောက်နေလဲဟင်။ မီးပြတ်သွားတဲ့ကိစ္စကို လုပ်ဦးလေ"

ဒေါ်သက်ထား အသံထွက်လာသည်။ သူမက သူ့အိမ်သူ့ရာမို့ မှောင်ထဲတွင် ဖြစ်ပလေ့စေ ကျွမ်းကျွမ်းကျင်ကျင်သွားလာနိုင်စွမ်းရှိသည်။ ရေဝတီရှိရာ ဝရန်တာဘက်သို့ လျှောက်လာပုံရ၏။

"ဒေါ်သက်ထားရေ ... ဝတီ့ဆီ လာပါဦး"

ရေဝတီ လွှတ်ခနဲ အသံပြုလိုက်သည်နှင့် ရုန်းသူသည် ဝရန်တာကော်ရစ်ဒါမှာပင် ပစ်ချကာ ထွက်ပြေးသွားပါလေတော့သည်။

"ဘုရား ... ဘုရား ... လက်မတင်လေးပါလား"

"မရေဝတီလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်။ ဒေါ်သက်ထား ရောက်လာတာ အထော
ပဲ ဖြစ်သွားတာ။ မဟုတ်လို့ကတော့ ရေဝတီ ဒုက္ခတွေ့ပြ

"ကိုမိုးမြင့် တစ်ယောက်ကောဟင်၊ မရေဝတီနဲ့ အတူရ
ကိုမိုးမြင့် ရှိမနေဘူးလား"

ရေဝတီက သူ့အား တစ်ဦးတစ်ယောက်က ဝရန်တာ
မှ ပစ်ချရန် ကြံစည်ကြောင်း ပြောမိမလို ဖြစ်သွားသေးသည်။

သို့သော် ရေဝတီ မပြောရန် ဆုံးဖြတ်ချက် ချလိုက
ပါသည်။ တကယ်က ရေဝတီနှင့် ဦးမိုးမြင့် အတူရှိနေလိမ့်မည်
ကင်ပြီး ဒေါ်သက်ထားက လာချောင်းစဉ် မီးပိတ်သွားခြင်းဖြ
ကြောင်း ရေဝတီ ရိပ်စားလိုက်မိသည်။ ဤမျှ လင်ဆိပ်ထက်နေ
သော ဒေါ်သက်ထားအား ရေဝတီ ဘာမျှမပြောလိုပါလေတော့။

✤ ●● ✤

ရန်သူသည် တည်ကြက်ဖြစ်နေသော မိမိ၏ဘဝ
စခန်းသိမ်း လာရောက်တိုက်ခိုက်ခြင်းမျိုး ဖြစ်နေခဲ့သည်။ ထို့
အတွက် ကိုကိုရဲမှအပ မည်သူ့ကိုမှ ဖွင့်မပြောရန် ဆုံးဖြတ်လိုက
တော့၏။

"ရေဝတီနဲ့အတူတူ ဘယ်သူမှ မရှိပါဘူး ဒေါ်သက်ထား
ကိုကိုရဲလည်း အိမ်ထဲမှာပဲ ကျန်ခဲ့တာ။ ရေဝတီ့ကို တွဲခေ
ပါဦး၊ ရေဝတီ လမ်းမလျှောက်တတ်တော့ဘူး"

"လာ ... လာ ... ဒေါ်ဒေါ်သက်ထား လက်ကိုတွဲ"



မှမြင့်မကန်းကြားမှပင် အိမ်၏ပါတီပွဲကျင်းပရာသို့
ဒေါ်သက်ထားက လက်တွဲကာ ခေါ်သွားခဲ့သည်။

"အဲ ... မရေဝတီ လက်ဖဝါးတွေ အေးစက်နေပါလား"

"ဝရန်တာမှာ လေအေးခံနေလို့ ဖြစ်မှာပါ ဒေါ်ဒေါ်"

ညှော်ခန်းမကြီးအနီး အရောက်မှာပင် တစ်အိမ်လုံး
တစ်ခြံလုံး မီးများပြန်၍ လင်းလာခဲ့သည်။

"ကြည့် ... တစ်ခါတလေ ဘာမဟုတ်တဲ့ ကိစ္စလေးက
စိတ်ရှုပ်စရာ စိတ်ညစ်စရာ အကောင်းသား။ မီးသုံးတာများ
သွားလို့ ထင်တယ်။ ဖြူး(စ်)ပြတ်သွားတာ။ တစ်ခါတည်း
တစ်အိမ်လုံး တစ်ခြံလုံး မှောင်သွားတာပဲ"

ဦးမိုးမြင့်က ဘာသာသဘောကျစွာ ရယ်မော၍ပြော
သည်။

နေရဲက နဂိုထိုင်နေသည့် နေရာမှာပင် ရှိနေခဲ့သည်။
ရေဝတီက ဒေါ်သက်ထားကို လက်တွဲဖြုတ်ကာ နေရဲဆီသို့ အပြေး
တလေး သွားလိုက်သည်။ နေရဲ၏ လက်မောင်းအိုးကြီးကို လှမ်းခါ
သိမ်းခဲ့ပြီး ...

"ပြန်ကြရအောင် ကိုကိုရဲရယ်၊ ဝတီတို့ ပြန်ကြပါစို့"

ချစ်လှစွာသော ရေဝတီသည် တစ်စုံတစ်ခုသော
အန္တရာယ်နှင့် ရင်ဆိုင်တိုးခဲ့ပြီဖြစ်မှန်း နေရဲက ရေဝတီမျက်နှာကို
မြင်ရုံဖြင့် သဘောပေါက်လိုက်ပါ၏။

ရေဝတီ လက်မောင်းလေးကို ကြင်နာစွာ နေရဲဆုပ်
ကိုင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ပြန်ပါဦးမယ် ဦးမိုးမြင့်။ ပါတီပွဲကို တက်ရောက်ခွင့်ရတဲ့အတွက် ဦးမိုးမြင့်နဲ့ ဒေါ်သက်ထားကို ဝတီနဲ့ နေရဲက ကျေးဇူးတင်ပါတယ်"

ဦးမိုးမြင့်က သဘောကျစွာ ရယ်ရင်း လှမ်း၍နှောက်ပြောင်မှုတော့ ပြုသည်။ သို့သော် နေရဲက ရေဝတီအား ဂရုစိုက်နေရသည်မို့ လုံးစေ့ပတ်စေ့ မကြားရပါလေတော့။

✤ ✤ ✤



## အခန်း(၁၉)

ကမ္ဘာအေးစေတီလမ်းမကြီးမှ ကားကို မောင်းထွက်လိုက်သည်နှင့် ကြင်နာယုယစွာ နေရဲက ကားကို လက်တစ်ဖက်ဖြင့် ထိန်းမောင်းရင်း ရေဝတီကို ပခုံးလေးဖက်ကာ အကြင်နာစကား ဆိုမိလိုက်၏။

"ဝတီ တစ်ကိုယ်လုံး အေးစက်နေပါလား။ ဝတီ တစ်ခုခုဖြစ်ခဲ့ပြီ ထင်တယ်။ ဝတီ ဘာဖြစ်ခဲ့လို့လဲဟင်"

ရေဝတီ ငိုချလိုက်ပါတော့၏။ နေရဲ ပခုံးစွန်းတွင် ဦးခေါင်းတင်ကာ ရေဝတီ သိမ့်သိမ့်လေး ငိုမိသည်။ ကားကို နေရဲ လမ်းဘေးသို့ ထိုးချပြီး ရပ်လိုက်ပါ၏။ ရေဝတီ ကိုယ်လုံးလေးကို နေရဲက သူ၏ရင်ခွင်ကျယ်ကြီးထဲသို့ ဆွဲသွင်းလိုက်သည်။

"ဝတီ့ကို ပါတီပွဲမှာ တစ်စုံတစ်ယောက်က စော်ကားတယ်ဆိုရင် အဲဒီလူကို အခုပဲ ကိုကိုရဲ သွားပြီးသတ်ပစ်မယ်"

"မ ... မဟုတ်ဘူး ကိုကိုရဲ၊ ဝတီ့ကို စော်ကားတာမဟုတ်ဘူး၊ အသေသတ်ဖို့ ကြိုးစားတာ သိလား"

www.burmeseclassic.com



ရေဝတီက ဖြစ်ပျက်သမျှ အလုံးစုံ ပြောပြခဲ့သည်။

"ဝတီ့ကို ဝရန်တာကနေ ပစ်ချဖို့ ကြိုးစားတာ ယောကျ်ားသားထဲကဆိုတာတော့ သေချာပါတယ်နော် ဝတီ"

"သေချာတာပေါ့ ကိုကိုရဲ့ရယ်၊ မိန်းမသားအချင်းချင်း ဝတီ့အရပ်အမောင်းနဲ့ ကိုယ်အလေးချိန်ကို ဇွဲ့ခနဲမြောက်အောင် ဘယ်သူချီနိုင်မှာလဲ"

"ဝတီ့ကို ပွေ့ချီတဲ့လူကို ဝတီ နည်းနည်းပါးပါးမှ မရိပ်မိဘူးလား။ ကိုမင်းဦးလား၊ ဦးမိုးမြင့်လား၊ ကိုပိန်ရှည်လား ဆိုတာလောက်ပေါ့ ဝတီ"

"အိုး ... ဒီလောက် မှောင်မည်းနေတာ ဝတီ ဘယ်လိုလုပ်မြင်နိုင်မှာလဲ။ နောက်ပြီး ကျောဘက်က ဝင်လာတာလေ။ ကိုယ့်အသက်အတွက် ရုန်းကန်နေရတော့ ဝတီ ဘယ်လိုမှ အကဲမခတ်နိုင်ခဲ့ဘူး"

"ကိုကိုရဲ့ သဘောပေါက်ပါတယ်။ ဒါပေမဲ့ စဉ်းစားနေတာက ဝတီက သိပ်လှနေတယ်လေ"

"ကြည့် ... ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ဝတီ။ ပါတီပွဲမှာက တခြားအမျိုးသားတွေ အများကြီးပဲ။ သိပ်လှတဲ့ ဝတီ့ကို အလစ်ချောင်းပြီး မတရားကြံစည်တာမျိုးရော မဖြစ်နိုင်ဘူးလား"

"မဟုတ်ဘူး၊ မဖြစ်နိုင်ပါဘူး။ ကိုကိုရဲ့ ထင်တာမျိုးဆိုရင် ဝတီ့ကို တွန်းလှဲတာမျိုးပဲ ရှိမှာပေါ့။ ဝရန်တာကနေ ပစ်ချပစ်ဖို့ ဘယ်ကြိုးစားတော့မလဲ။ ကြံဖန်ပြီး ဒေါသက်ထားသို ကျေးဇူးတင်ရမှာပဲ။ သူက ဦးမိုးမြင့်နဲ့ မသင်္ကာလို့ လာ



ချောင်းတာ ဖြစ်နိုင်တယ်။ သူရှိနေလို့ ရေဝတီ အသက်ချမ်းသာရာ ရခဲ့တာပေါ့"

"တောက် ... ဒီလိုအဖြစ်မျိုး ကြုံရတာ ကိုကိုရဲ့ အပြစ်ပါ"

ရေဝတီက နေရဲ၏ကိုယ်ခန္ဓာကြီးကို ပြန်ဖက်ထားနေ၏။ နှစ်ဦးသား တင်းတင်းကျပ်ကျပ်ပင် ဖက်ထားမိခဲ့ကြသည်။

"သွားကြစို့ ကိုကိုရဲ့။ အန်တီခိုင်ဝင်းက မအိပ်ဘဲ စောင့်နေရှာမှာ"

နေရဲက မလွှတ်နိုင်သေးဘဲ ...

"ကိုကိုရဲ့ စိတ်ချသွားရအောင် ပြောစမ်း ဝတီ။ အခု ဝတီ လုပ်ငန်းအရ ဟန်ဆောင်ချစ်တာ မဟုတ်ပါဘူးနော်။ ကိုကိုရဲ့ကို ချစ်ပြီပေါ့၊ ဟုတ်လား"

"ဟွန်း ... ကျားကိုက်ပါတယ်ဆို အပေါက်ကလေးနဲ့လားလို့ မေးနေပြန်ပါပြီ။ ဟန်ဆောင်ရအောင် ခုအေးမှာ ဘယ်သူတွေ ရှိနေလို့လဲ"

"ဒါဖြင့် ချစ်ပြီပေါ့နော်"

"အင်း"

"တကယ်နော်"

"အဟုတ်ပါဆိုမှ"

"ဒါဆိုရင် ကိုကိုရဲ့ စမ်းကြည့်မယ်၊ ရှန်းရင်တော့ မချစ်လို့ပဲ"

ရေဝတီ အကဲပိုလာမည့် ယောကျ်ားသားတွေ၏ သဘောကို မိန်းကလေးသဘာဝ သိသည်။ သည်တော့ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟိုးရပ် ... ဆရာကြီး။ လက်မထပ်သေးခင် ဆိတ်ကွယ်ရာအရပ်မှာ အကြာကြီး မနေသင့်ပါဘူးနော်။ လက်ထပ်တဲ့နေ့မှာသာ အပျို လှပျိုဘဝကို စွန့်လွှတ်သင့်ပါတယ်"

နေရဲ ကျေကျေနပ်နပ်ပင် လွှတ်ပေးလိုက်ပါလေတော့၏။

" စိတ်ချ ဝတီ၊ ကိုကိုရဲ့ စမ်းကြည့်တာပါ။ ကိုကိုရဲ့ကလည်း ကိုယ်ချူးဆွတ်မဲ့ ပန်းလေး မချူးရသေးခင် အပင်မှာ နွမ်းသွားတာမျိုး မလိုလားပါဘူး အချစ်ရယ်။ ကဲ ... သွားကြစို့"

ကားကိုစက်ပြန်နှိုးကာ အင်းယားမြိုင်လမ်းသို့ နေရဲ မောင်းထွက်ခဲ့သည်။ ရေဝတီ ထင်သည့်အတိုင်းပင် အန်တီခိုင်ဝင်းသည် မအိပ်ဘဲ စောင့်နေခဲ့ပါ၏။

အန်တီခိုင်ဝင်းကို နှုတ်ဆက်ပြီး ရေဝတီ အိပ်ခန်းရှိရာသို့ လျှောက်ခဲ့သည်။ အိပ်ခန်းထဲသို့ ရေဝတီ ဝင်လိုက်သည်။ ရေဝတီ အဆီပြန်စ မျက်နှာကို သုတ်ချင်သည်မို့ မှန်တင်ခုံပေါ်တွင် မတင်ဖြစ်သေးသော Purse အိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်ယူလိုက်သည်။

"အယ် ..."

လက်ကိုင်ပဝါအထုပ်တွင် စာရွက်ဖြူဖြူ အခေါက်လေးက ကျလာခဲ့သည်။ ရေဝတီမှာ ဘယ်သောအခါမှ Purse အိတ်ထဲတွင် စာရွက်ထည့်ထားရိုး ထုံးစံမရှိ၍ အံ့အားသင့်မိသည်။

စာရွက်ခေါက်လေးကို ရေဝတီ ကောက်လိုက်သည်။ ဖွင့်ဖတ်ကြည့်လိုက်၏။



"သီသီစန်းကို မေးကြည့်၊ ကျော်မိုးနောင်နဲ့ ရင်းနှီးမှုအခြေအနေ ဘယ်အထိရောက်နေပြီလဲလို့"

ရေဝတီ အသိအကျွမ်းထဲမှာ ဤလိုလက်ရေးမျိုးမရှိခဲ့ဘူး မမြင်ဘူးခဲ့။ စာက အကြောင်းအရာပဲ ပါရှိသည်။ ရေးသူသည့်သူမှန်း မပါရှိချေ။

စာရွက်ခေါက်ကလေးကိုင်ကာ ရေဝတီ အခန်းထဲမှ ထွက်ခဲ့သည်။

အခန်းထဲမှ ညဝတ်အင်္ကျီလဲ၍ ထွက်လာခဲ့သော နေရဲနှင့် အဆင်သင့်ပင် တွေ့ရသည်။

"ရော့ ... ဒီစာ ဖတ်ကြည့် ကိုကိုရဲ့"

နေရဲယူ၍ ဖတ်သည်။ သူ စာဖတ်နေစဉ်မှာပဲ ရေဝတီက သူထင်မြင်ယူဆချက်ကို ပြော၏။

"ဝတီ Purse အိတ်ထဲကို ပါတီပွဲတုန်းက တစ်ယောက်ယောက် အလစ်ထည့်ပေးလိုက်တာပဲ ကိုကိုရဲ့"

"ကိုမင်းဦးများလား"

နေရဲက မေးလိုက်၏။

"မဖြစ်နိုင်ဘူး။ သူနဲ့ဝတီက လူချင်းအနီးကပ် မဆုံခဲ့ကြရဘူး။ ဝတီက ဝရန်တာက ပစ်ချဖို့ ကြိုးစားတဲ့လူများဖြစ်နေမလားပဲ"

"အဲဒါက သာမဖြစ်နိုင်တာဘဲ ဝတီ။ တစ်ခုရှိတာပေါ့၊ ဒေါ်သက်ထားက အနီးကပ် ရှိနေတယ်ဆိုတော့ သူ မဖြစ်နိုင်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မပြောတတ်ပါဘူး ကိုကိုရဲရယ်။ ဘာပဲဖြစ်ဖြစ် စာထည့်သွားသူဟာ သီသီစန်း အိမ်ကို ဝတီသွားတာကို သိတဲ့လူပဲ ဖြစ်နိုင်တယ်"

ဖျော့ကိခနဲ နေရဲ လက်ဖျစ်တီးလိုက်သည်။

"ဒါဆိုရင်တော့ ပါတီပွဲမှာ ကြက်သားလုံးကြော် လိုက်ချပေးတဲ့ အမျိုးသမီးပဲ ဖြစ်ရမယ်။ ဝတီနဲ့ ကိုကိုရဲကို ကြက်သားလုံးကြော် လာချပေးရင် ဝတီ့ Purse အိတ်ထဲ ထည့်သွားတာနေမှာ"

"ဘာဆိုင်လဲ၊ ဒီအမျိုးသမီးနဲ့"

"ဆိုင်တာပေါ့ ဝတီ။ အဲဒီအမျိုးသမီးက ဝတီ့ လုံခြုံရေးအတွက် တာဝန်ပေးထားတဲ့ ကိုကိုရဲတို့လူပဲ။ တခြားသူတွေလည်း ချပေးထားတာ ရှိဦးမယ်။ စာစ်ခါတလေ အထက်က လူကြီးတွေက ကိုကိုရဲတို့ကို အသိမပေးတာမျိုးလည်း ရှိပါတယ်"

"ဒါနဲ့များတောင် ဝတီ့ကို ဝရန်တာက ပစ်ချနိုင်ဖို့ ကြိုးစားနိုင်တဲ့ အခွင့်အရေးမျိုး ရသေးသလား၊ ကိုကိုရဲ"

"ခက်တယ် ဝတီ။ စုံစမ်းမှုတစ်ခုလုပ်တိုင်း ဒုစရိုက်မှုတွေကို ဖော်ထုတ်တိုင်း ပုံဖော်လို့မရအောင် ရှုပ်ထွေးနေတာမျိုး၊ သူ့လူ ကိုယ့်လူ ခွဲခြားမရနိုင်တာမျိုး ရှိတတ်ပါတယ်။ အခုကိစ္စမှာ သီသီစန်း ရှိရာကို ဝတီ့သဘောနဲ့ သွားခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်၊ ဝတီ မနက်က သွားခဲ့သေးတယ်"



"အဲဒါပဲ ကြည့်ပေါ့။ ကိုကိုရဲ မသိလိုက်ပေမဲ့ လူကြီးတွေက သိထားပုံရတယ်။ ပါတီပွဲမှာ ကြက်သားလုံးကြော် လိုက်ချပေးနေတဲ့ အမျိုးသမီးက ဝတီ သွားခဲ့လာခဲ့တာတွေကို လူကြီးတွေဆီ အစီရင်ခံပြီး ဖြစ်နေလိမ့်မယ်။ ဒါကြောင့် သီသီစန်းဟာ ကျော်မိုးနောင်နဲ့ တရင်းတနှီး ရှိနေကြောင်း သိစေချင်လို့ ထည့်ပေးလိုက်တာပဲ"

"ဟုတ်တယ် ကိုကိုရဲ"

ရေဝတီက သီသီစန်းအိမ် ရောက်ခဲ့စဉ်က အကြောင်းအရာများကို လုံးစေ့ပတ်စေ့ သိအောင် ပြောပြလိုက်သည်။

"ဟုတ်ပြီ။ သီသီစန်း အိပ်ခန်းထဲမှာ ရောက်နေတာ ကျော်မိုးနောင်ပဲ ဖြစ်ရမယ်။ ဒါကြောင့် ဒီစာနဲ့ ဝတီ သိအောင် အသိပေးလိုက်တာပဲ ဖြစ်မယ်။ အင်း … သီသီစန်းနဲ့ ကျော်မိုးနောင် ဘယ်လိုဆက်သွယ်ရင်းနှီးသွားခဲ့ကြသလဲ မသိဘူး"

"ကိုကိုရဲ စိတ်မဆိုးရင် ဝတီ့အထင်ကို ပြောရမလား"

"ပြော ဝတီ"

"သီသီစန်းက ကိုကိုရဲနဲ့ မောင်နှမတစ်ဝမ်းကွဲ မဟုတ်လား။ ဝတီ ပြောချင်တာက သီသီစန်းဟာ ကျော်မိုးနောင်ကို အလွယ်တကူ ကျသွားတာပဲ ဖြစ်မယ်။ သူက မိန်းကလေးတွေကို ချဉ်းကပ်တဲ့နေရာမှာ သိပ်ကျွမ်းကျင်တယ်လေ။ ကိုကျော်မိုးနောင်ဟာ ဒုစရိုက်ဂိုဏ်းတစ်ဂိုဏ်းကို အကျိုးပြုပေးနေတဲ့သူဖြစ်ရင် သီသီစန်းကို အကြောင်းအရာတစ်ခုအပေါ် မူတည်ပြီး ချဉ်းကပ်ခဲ့တာပဲ ဖြစ်နိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဖြစ်နိုင်တာပေါ့။ နန္ဒာဟာ သီသီစန်းကို ဒီပုံစံမျိုးနဲ့ပဲ ချဉ်းကပ်ခဲ့တာပဲ"

"နန္ဒာ ဟုတ်လား၊ ဘယ်က နန္ဒာလဲ"

"ဝတီ နားရှုပ်သွားပြီထင်တယ်။ သန္တာစိုး အယောင်ဆောင်ပြီး အိမ်ကိုဝင်ထွက်ခွင့်ရအောင် အန်တီခိုင်ဝင်းကို ချဉ်းကပ်တဲ့ နန္ဒာပေါ့"

"ဟုတ်ပါပြီ၊ သူတို့က သူတို့အကြောင်းနဲ့သူတို့ ချဉ်းကပ်တာကို သီသီစန်းက ဘာလို့ လက်ခံတာလဲ။ စဉ်းစားစရာပဲ ကိုကိုရဲ"

နေရဲက စဉ်းစဉ်းစားစား ဖြေခဲ့သည်။

"နန္ဒာကို သန္တာစိုး အယောင်ဆောင်ထားတာလို့ သီသီစန်းသိပုံမရဘူး။ ဒီတော့ ဆွေမျိုးစိတ်နဲ့ လက်ခံခဲ့တာဖြစ်နိုင်တယ်။ ကျော်မိုးနောင် ကျတော့ သီသီစန်းဟာ ယောက်ျားချောချောလှလှဆိုရင် လက်ခံတတ်တဲ့ ဝတီအတိုင်း လက်ခံတာ ဖြစ်နိုင်တယ်။ ဒါပေမဲ့ ဒါက သွေးရိုးသားရိုးပြောတာ။ ဒီလိုမှ မဟုတ်ရင်တော့ သီသီစန်းဟာလည်း ဒုစရိုက်ဂိုဏ်းတစ်ခုခုရဲ့ အနိုင်းခံ ဖြစ်နေဆဲ ဖြစ်မယ်"

"အို ... မဖြစ်နိုင်ပါဘူး။ သီသီစန်းက ကိုကိုရဲရဲ့ညီမပဲ။ ကိုကိုရဲကို ထိခိုက်လောက်အောင်တော့ လုပ်လိမ့်မယ်မထင်ပါဘူး"

နေရဲက ရေဝတီ၏ ပခုံးကို တယုတယ ကိုင်ပြီး ညှော်ခန်းဆီသို့ လျှောက်ခဲ့သည်။



စန္ဒရားဖုံးအံကပ်ထဲမှ ကျောက်စိမ်းဆွဲကြိုးကို ထုတ်ယူလိုက်သည်။

"ဒီကျောက်စိမ်းဆွဲကြိုးကို လူကြီးတွေလက်ထဲ ပြန်အပ်လိုက်တော့မယ် ဝတီ။ ဒီကျောက်စိမ်းဆွဲကြိုးကြောင့် ဝတီအသက်အန္တရာယ်ကြုံခဲ့ရပြီးပြီ။ ဒီလောက်အထိ ဖြစ်လာတာတော့ ကိုကိုရဲ မလိုလားတော့ဘူး။ ဝတီလေး အိပ်တော့နော်"

အခန်းဝအထိ နေရဲ လိုက်ပို့ပေးသည်။ နှုတ်ဆက်အနမ်းတစ်ခုက ရေဝတီ ပါးပြင်ပေါ်သို့ ကျရောက်သွားခဲ့၏။

သြော် ... အချစ်ဆိုတာ ရင်မှာအမြစ်တွယ်လျှင် ဆယ်ရှားရခက်သည် မဟုတ်ပါလား။

✤ ⬩ ✤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၀)

တံခါးကြီးထိပ်တွင် ရုပ်လုံးကြွနေသော ပင့်ကူရုပ် ကပ်ထားပါ၏။ ပင့်ကူရုပ်ကို မော့ကြည့်ပြီး အခန်းတံခါးကိုဖွင့် ဝင်ခဲ့သည်။

ဦးနှင်းဆီ။

ဦးဂန္ဓမာ။

ဦးစံပယ်။

သုံးဦးစလုံး၏ အကြည့်က နေရဲထံသို့ စုပြုံရောက်ရှိ နေခဲ့၏။

နေရဲက ထိုင်နေကျ နေရာတွင် ဝင်ထိုင်ပြီးနောက် အိတ်ထဲမှ ကျောက်စိမ်းလော့ကက်ကြိုးကိုထုတ်၍ စားပွဲပေါ်သို့ တင်လိုက်ပါ၏။

"အခုအချိန်ကစပြီး ဒီကျောက်စိမ်းဆွဲကြိုးကို ကျွန်တော် အပြီးအပ်ပါတယ်။ ဒီဆွဲကြိုးကြောင့် ဝတီ ... အဲလေ မရေဝတီရဲ့ အသက်အန္တရာယ်ကို နောက်ထပ် အန္တရာယ် ဖြစ်တာမျိုး မကြုံစေချင်တော့ပါဘူး"



နေရဲက ရဲတင်းပြတ်သားစွာ ပြောလိုက်သည်။ လူကြီးသုံးဦးစလုံးက နေရဲ မကျေမနပ် ဖြစ်နေသည်ကို ငေးကြည့် နေခဲ့သည်။ ပြီးမှ ...

"ဘယ်လိုဖြစ်တာလဲ နေရဲ။ မရေဝတီရဲ့ လုံခြုံမှုအတွက် တို့များက အမြဲတမ်း လုံခြုံအောင် လုပ်ပေးနေခဲ့သားပဲ"

"ဒါပေမဲ့ မလုံခြုံပါဘူး ဦးနှင်းဆီ။ မနေ့ညကဆိုရင် လူသတ်သမားဟာ အင်မတန်ရဲတင်းစွာ ပြုမူလာခဲ့ပါတယ်။ ဦးမိုးမြင့်ရဲ့အိမ်မှာကျင်းပတဲ့ ပါတီပွဲမှာ လူသတ်သမားက ဝတီ ... အဲ ..."

"ကြိုက်သလိုခေါ်ပါ နေရဲ။ ကိုယ်ခေါ်နေကျအတိုင်း ခေါ်ပါ"

"ဟုတ်ကဲ့။ ဝတီ့ကို လူသတ်သမားက ဦးမိုးမြင့်ရဲ့ နှစ်ထပ်တိုက် အပေါ်ထပ်က ပစ်ချဖို့ ကြိုးစားခဲ့ပါတယ်"

မနေ့ညက ကြုံတွေ့သည်များကို နေရဲ အစမှအဆုံး ဆိုင် ပြောဆိုအစီရင်ခံလိုက်သည်။ သုံးဦးလုံး ကြားပေါက်မမေး အလေးအနက်ပင် နားထောင်လိုက်ကြသည်။ နေရဲ စကားဆုံးအောင် စောင့်ခဲ့ကြသည်။ ဦးနှင်းဆီနှင့် ဦးစံပယ်က ဦးဂန္ဓမာကို ကြည့် သည်။ ဦးနှင်းဆီက ဦးဂန္ဓမာအား ပြုံး၍ပြောလိုက်၏။

"ဦးမိုးမြင့်ရဲ့ပါတီပွဲ ကျင်းပမယ်ဆိုတာ ဦးဂန္ဓမာက တင် ကြိုပြောထားတာတော့ ဟုတ်ပါရဲ့။ ဒါပေမဲ့ ဦးမိုးမြင့်ရဲ့ ပိုင်နက်ထဲမှာ ဖြစ်ရတယ်ဆိုတာတော့ သိပ်မကောင်းလှဘူး။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဦးမိုးမြင့်မှာ တာဝန်ရှိတယ်လို့ ကျုပ် ပြောချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဦးနှင်းဆီ၊ ကျုပ်ကိုယ်တိုင်လည်း ဦးမိုးမြင့်ကို တာဝန်ရှိနေတယ်လို့ ကျုပ်က ပြောချင်တယ်"

ဦးဂန္ဓမာက ဦးနှင်းဆီ၏ စကားကို လက်ခံသည်။ ဦးဂန္ဓမာကပင် ဆက်ပြောသည်။

"ဦးမိုးမြင့်ဟာ ပုဂ္ဂိုလ်ရေးအရ ကျုပ်နဲ့ ခင်မင်တဲ့သူပဲ။ ဒါကြောင့်လည်း ဦးမိုးမြင့်ကို ကျုပ်တို့က လူယုံအဖြစ် အသုံးချဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒါပေမဲ့ သူ ကျင်းပခဲ့တဲ့ ပါတီပွဲမှာ အခုလို မရေဝတီအတွက် အသက်အန္တရာယ် ကြုံရတယ်ဆိုတာကျတော့ စဉ်းစားစရာတွေ အများကြီးဖြစ်လာပြီ။ ဦးမိုးမြင့် ညနေကို ကျုပ်ဆီလာဦးမှာပဲ။ ဒီကိစ္စကို တီးခေါက်ကြည့်ရမယ်"

ဦးနှင်းဆီ ဖုန်းကောက်ကိုင်လိုက်သည်။ သူ့လက်ချောင်းများက ညီသွယ်သော ဂဏန်းနံပါတ်များရှိရာသို့ ရောက်၏။

"ပန်းတစ်ပွင့်လားဟော့၊ ကျုပ် နှင်းဆီပါ"

"ဟုတ်ပါတယ်ဆရာ။ အမိန့်ရှိပါ"

"ညက ဦးမိုးမြင့် ပါတီပွဲမှာ ပန်းတစ်ပွင့် တာဝန်ကျခဲ့တယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ပန်းတစ်ပွင့်မှာ အစီရင်ခံရမဲ့ တာဝန်ရှိတယ်လေ"

"အခုပဲ ဖုန်းဆက်တော့မလို့ပါ ဆရာ"

ပန်းတစ်ပွင့်ဆိုသည်က ပါတီပွဲတွင် ကြက်သားလုံးကြော် ချပေးရသည့် အမျိုးသမီးဖြစ်ပါ၏။ အစီရင်ခံရာတွင် ပါတီပွဲတွင် ရေဝတီ Purse အိတ်ထဲသို့ စာတစ်စောင် အလစ်ထည့်ပေးခဲ့သည်ကိုသာ ထူးထူးခြားခြား ပြောနိုင်သည်အတွက် ရေဝတီအား ဝရန်တာမှ ပစ်ချရန် ကြိုးစားသည့်ကိစ္စကို လုံးဝသိလိုက်ဟန် မတူပေ။



"ဒါဆိုရင် ညက ပါတီပွဲမှာ မီးမှိတ်သွားတယ်ဆိုတာ မှန်တာပေါ့၊ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

"အဲဒီ မီးမှိတ်သွားတဲ့ အချိန်မှာ မရေဝတီကို ဝရန်တာက အောက်ကိုပစ်ချဖို့ တစ်ယောက်ယောက်က ကြိုးစားခဲ့တယ်။ အဲဒါ ပန်းတစ်ပွင့် ဘာပြောမလဲ"

"အဲ ... အဲဒါ အမှန်ပဲလား ဆရာ"

"အမှန်ပဲပေါ့"

"ပန်းတစ်ပွင့် မသိလိုက်ဘူး ဆရာ"

"ဒါဖြင့် ပန်းတစ်ပွင့်ကိုတာဝန်ပေးထားတာ အလကားပေါ့"

"ဒါတော့ ဦးမိုးမြင့် ပါတီပွဲမှာ ပန်းတစ်ပွင့်ကို တာဝန်ပေးတာကိုက အိမ်ဖော်စားပွဲထိုးပဲ။ အိမ်ဖော်စားပွဲထိုး ဆိုတာက မီးဖိုချောင်နဲ့ ထမင်းစားပွဲကလွဲပြီး တခြားနေရာသွားလို့ ဘယ်ရမလဲ။ ပန်းတစ်ပွင့်က ပါတီပွဲလာသူ ဆိုရင်တော့ တစ်မျိုးပေါ့"

"ဒါက မဖြစ်နိုင်တာပဲ။ ပါတီပွဲဖိတ်တဲ့ ဧည့်သည်တွေက ဦးမိုးမြင့်နဲ့ ဒေါ်သက်ထားရဲ့ ခင်မင်သူတွေပဲ။ သူတို့စိတ်ကြိုက် ဖိတ်တာ။ စားပွဲထိုး လိုအပ်တယ်ဆိုလို့ ဦးဂန္ဓာမာက အကူအညီပေးတဲ့ ပုံသဏ္ဌာန်နဲ့ ပန်းတစ်ပွင့်ကိုပို့ပြီး တာဝန်ထမ်းဆောင်ခိုင်းတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်။ ဒီတော့ ပန်းတစ်ပွင့် ဘယ်လိုလုပ်တင် နိုင်မှာလဲ ဆရာ။ ပန်းတစ်ပွင့်မှာ တာဝန်ပျက်ကွက်တဲ့ အပြစ်မျိုး မရှိဘူးထင်ပါတယ်"

ဦးနှင်းဆီက ဖုန်းကို ပြန်ချထားလိုက်သည်။ လှ ငန်းသဘောအရ ပန်းတစ်ပွင့်ကို အပြစ်တင်၍ မရနိုင်ဟု ယူ ခဲ့သည်။

"ပန်းတစ်ပွင့်က မရေဝတီကို စာတစ်စောင် ထည့်ပေးလိုက် တယ်လို့ ပြောတယ်"

နေရဲက စာကို ဦးနှင်းဆီလက်ထဲသို့ ထည့်ပေးလိုက် သည်။ ဦးနှင်းဆီ ဖတ်ကြည့်သည်။ ကျန်နှစ်ဦးကိုလည်း ဖတ်စေ ခဲ့သည်။ ပြီး တစ်ဦးကိုတစ်ဦးကြည့်၍ ခေါင်းညိတ်ပြခဲ့ကြ၏။ ဦးနှင်းဆီကပင် ဆက်၍ရှင်းပြခဲ့သည်။

"ကျော်မိုးနောင်ဟာ သီသီစန်းနဲ့ အဆက်အသွယ်ရှိနေတယ် ဆိုတာ သေချာသွားပြန်တာပေါ့။ ကျော်မိုးနောင်ဟာ ဂရု စိုက်စရာလူ ဖြစ်နေပြီ။ နန္ဒာနဲ့လည်း အဆက်အသွယ်ရှိ တယ်ဆိုတာ သူ့နောက်လိုက်နေတဲ့ ရှဲဒိုးဆီက မနေ့ကပဲ ရီပို့ဝင်ထားတယ်"

"ကျော်မိုးနောင်ဟာ နန္ဒာနဲ့လည်း အဆက်အသွယ်ရှိတယ် ဟုတ်လား"

နေရဲက စိတ်ဝင်စားစွာ မေးသည်။

"မနေ့ညနေက မြို့လယ်စားသောက်ဆိုင်ဖြစ်တဲ့ ငှက်ပြာမှာ ကျော်မိုးနောင် ထိုင်နေတယ်။ နန္ဒာရောက်လာပြီး စားသောက် ဆိုင်အဝင်မှာ လက်ကိုင်ပဝါကို သူ့ခါးကြားကအကျႋမှာ



ကျော်မိုးနောင်က ပြေးကောက်ပေးတယ်။ အဲဒီမှာ တစ် ယောက်နဲ့တစ်ယောက် မိတ်ဆွေဖြစ်သွားကြတဲ့ သဘောနဲ့ စားပွဲတစ်ခုမှာ စားကြသောက်ကြတယ်။ ဒါပေမဲ့ ရှဲဒိုးယူခဲ့ ချက်က သူတို့ပြောပုံဆိုပုံက ဟိုးအရင်ကတည်း ရင်းနှီး ပြီးသားမှန်း သိနိုင်ပါတယ်တဲ့"

"အင်း ... ကျော်မိုးနောင်ရော နန္ဒာပါ ခြေသွက်ကြပါတယ်။ ကိုပိန်ရှည်ကိုလည်း ထည့်တွက်ရမှာပါ။ သူနဲ့ပတ်သက်လို့ ဘယ်လိုသတင်းပို့ထားတာတွေ ရှိသလဲ"

ဦးနှင်းဆီက ပြောသည်။

"ကိုပိန်ရှည် နောက်ကို လိုက်နေတုန်းပဲ။ အံ့သြဖို့ကောင်း တာက ခုအချိန်ထိ ကိုပိန်ရှည်ဟာ ဘယ်သူဘယ်ဝါရယ် လို့ မသိရသေးတဲ့ အချက်ပဲ။ ဒါပေမဲ့ တစ်နေ့ကျရင်တော့ ကိုပိန်ရှည် ဘာကောင်ဆိုတာ သိလာရမှာပါ"

နေရဲက ထိုင်ရာမှ ထလိုက်သည်။ ပြီးတော့ အလေး အနက် တင်ပြလာခဲ့ပါ၏။

"ပန်းရနံ့စစ်ဆင်ရေးရဲ့ အရေးအကြီးဆုံး အပိုင်းကိုရောက် လာပြီလို့ ကျွန်တော် ထင်ပါတယ်။ နိုင်ငံရပ်ခြားက ဘိန်း ဖြူ၊ ရွှေချောင်း စတာတွေကို ပြည်တွင်းကို သွင်းပြီး ပြည် တွင်းက ဝိသမလောဘသမား စီးပွားရေးသမားကြီးတွေနဲ့ ဆက်သွယ်၊ ပြည်တွင်းက သတင်းတွေကိုပါ ဒုစရိုက်ဂိုဏ်း တစ်ဂိုဏ်းက သတင်းရယူတာ တွေ့ခဲ့ကြရတယ်။ အဲဒီ အတွက် ကျူးလွန်သူတွေကို ဖော်ထုတ်ဖို့ မှုခင်းဖော်ထုတ် ရေးအဖွဲ့တစ်ဖွဲ့ကို ယာယီအစီအစဉ်နဲ့ ဖွဲ့စည်းထားကြပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပြောပါ"

"ပန်းရန့်စစ်ဆင်ရေးအဖွဲ့က ဒုစရိုက်ဂိုဏ်းတွေရဲ့ လှုပ်ရှားမှုအခြေအနေတွေ၊ ဒုစရိုက်ဂိုဏ်းရဲ့ စီမံချက်တွေ၊ သူတို့ ခြေကုပ်ယူထားတဲ့ ဒေသတွေကို မှတ်တမ်းတင်ခာတ်ပုံ အစီရင်ခံစာ အမျိုးမျိုးကို ရရှိခဲ့ပါတယ်။ အဲဒါတွေကို ထိပ်တန်းလျှို့ဝှက်အဖြစ် ထားပါလျက်နဲ့ အပြင်ကိုပေါက်ကြားလာခဲ့တာ တွေ့ခဲ့ရပါတယ်။ အဲဒီသတင်း ဘယ်က ပေါက်ကြားတယ်ဆိုတာ ပန်းရန့် စစ်ဆင်ရေးအဖွဲ့ကပဲ ပြန်ပြီးစုံစမ်းရတဲ့အပိုင်း ရောက်လာခဲ့ပါတယ်"

"ဦးနှင်းဆီ၊ ဦးဂန္ဓမာ၊ ဦးစံပယ်နဲ့ ကျွန်တော်တို့လေးဦးဟာ သစ္စာမဖောက်ကြတာ အပြန်အလှန် ယုံကြည်ထားကြပါတယ်။ သတင်းတွေကလည်း ကျွန်တော်တို့လေဦးသာ သိကြတာပါ။ ဒီတော့ ဘယ်လိုထွက်ပေါက်ရှိသလဲ စိစစ်ကြတယ်။ သန္တာစိုးဟာ မသင်္ကာစရာ ကောင်းလာတယ်။ သန္တာစိုးဟာ ကျွန်တော့်အိမ်ကို ဝင်ရောက်ဖို့အတွက် အန်တီနိုင်ဝင်းရဲ့တူမအသွင် ယူခဲ့ပါတယ်။ အဲဒါမှ ကျွန်တော်တို့ လုပ်ငန်းကို သူ စောင့်ကြည့်ရယူနိုင်မှာပါ။ အဲဒီအတွက် လေးဦးလုံးတိုင်ပင်ပြီး မန္တလေးက မှုခင်းအယ်ဒီတာချုပ် ဖြစ်တဲ့ ဦးအောင်စည်ကို အကူအညီတောင်းပြီး မရေဝတီကို ဟန်ဆောင်ချစ်သူအဖြစ် ခေါ်လာခဲ့ပါတယ်။ တာဝန်ပေးခဲ့တယ်။ ဒါက သန္တာစိုး လှုပ်သွားအောင်လို့ပါပဲ"

ဦးနှင်းဆီတို့သုံးဦး ပြုံးမိလိုက်ကြ၏။ ဟန်ဆောင်ချစ်သူမှ တကယ့်ချစ်သူအဖြစ် ပြောင်းလဲသွားခြင်းကို သူတို့သိ



ပြီးကြ၍ပဲ ဖြစ်ပါလေ၏။ နေရဲက မသိကျိုးကျွန်ဖြင့် ဆက်ပြောပါ၏။

"မရေဝတီနဲ့ တာဝန်ပိုင်းညှိနှိုင်းနေတုန်းမှာပဲ မရေဝတီရဲ့ အမှတ်မထင် ပြောလိုက်တဲ့ ကျောက်စိမ်းနှစ်သက်မှုစကားတစ်ခွန်းကို သူ့သူငယ်ချင်း မွန်မွန်နဲ့ ပြောလိုက်မိတာဟာ အမှတ်မထင် မဲတော်တဆ တစ်ဘက်ရန်သူရဲ့ ဆက်သားချင်း ဆက်သွယ်ပစ္စည်းပေးတဲ့ လျှို့ဝှက်စကား ဖြစ်သွားတယ်။ ဒီမှာတင် မရေဝတီ ကျွန်တော်တို့အဖွဲ့ထဲ ရောက်လာတာဟာ သိပ်ပြီး လေးနက်မှုတွေ ဖြစ်လာတော့တယ်"

ဦးနှင်းဆီက ခေါင်းညိတ်ပြလိုက်သည်။

"နေရဲ ပြောတာ အားလုံးပြည့်စုံပါတယ်။ ပန်းရန့်စစ်ဆင်ရေးရဲ့ ဦးတည်ချက် ဆောင်ရွက်ချက်တွေ အားလုံးပေါ့လေ၊ ကဲ ... နိဂုံးချုပ်ပြပါ နေရဲ"

"နိဂုံးချုပ်ပြရရင်တော့ ဝတီရဲ့ကျောက်စိမ်းလော့ကက်ထဲမှာ ပါလာတဲ့ မိုက်ကရိုဖလင်လေးဟာ ရန်သူက သိပ်တန်ဖိုးထားပြီး လက်ဆင့်ကမ်းပေးပို့ရင်းက ဝတီ့လက်ထဲကို လျှို့ဝှက်စကားလေးတစ်ခွန်းကြောင့် ရောက်လာတယ်။ အဲဒီနောက် ရန်သူက မိုက်ကရိုဖလင်လေး ပြန်ရလိုမှုအတွက် ဝတီ့နောက်ကို သဲကြီးမဲကြီး လိုက်ကြရင်းက ရန်သူလို့ တွက်ဆရတဲ့ လူစာရင်းတွေ ပေါ်လာတယ်။ ဒါတွေကို တန်းစီပြီး ကျွန်တော်တို့ စစ်ဆေးသင့်ပြီ"

"နေရဲပဲ တန်းစီကြည့်စမ်းပါဦးကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... တစ်အနေနဲ့ သန္တာစိုး အယောင်ဆောင်နန္ဒာ"

"အေး ... လက်ခံတယ်"

"နှစ်အနေနဲ့ ကိုပိန်ရှည်နဲ့ ဖက်တီးမ အမျိုးသမီးကြီး"

"အေး"

"သုံးအနေနဲ့ ကျော်မိုးနောင်"

"အေး"

"လေးအနေနဲ့ ကိုသီဟ"

"ဟုတ်ပြီ။ ဆက်ပြော"

"ငါးအနေနဲ့ သီသီစန်း။ ဒါပေမဲ့ သီသီစန်း အနေနဲ့ ရန်သူ့ဂိုဏ်းက တိုက်ရိုက်အကျိုးပြုပေးနေတာလို့ ကျွန်တော် မထင်ဘူး။ ရန်သူဂိုဏ်းကလည်း သီသီစန်းကို တိုက်ရိုက် အသုံးပြုတာလည်း မဖြစ်နိုင်ဘူး။ ကျော်မိုးနောင်နဲ့ သန္တာစိုး အယောင်ဆောင် နန္ဒာတို့ ဖန်တီးဖြားယောင်းထားချက်ကြောင့် သီသီစန်း ဒီအရှုပ်ထဲ ပါနေတာလို့ ကျွန်တော် ထင်တယ်"

နေရဲက သီသီစန်းနှင့် ပတ်သက်၍ ကိုယ်ညီမဝမ်းကွဲအပေါ်တွင် အကာအကွယ် ပေးသွားသည့်သဘော သက်ရောက်နေပါ၏။ သို့သော် နေရဲက သူ့ရင်ထဲရှိသည့်အတိုင်း ပြောပြလိုက်ခြင်း ဖြစ်ပါ၏။

"ခြောက်အနေနဲ့ ကျုပ် ဖြည့်စွက်ချင်တယ် နေရဲ"

"ဟုတ်ကဲ့၊ ဖြည့်စွက်ပါ"

"ခြောက်အနေနဲ့ နေရဲရဲ့အပေါ် အန်တီခိုင်ဝင်း"



"ဒါတော့ မဖြစ်နိုင်တာပဲ"

နေရဲက ခါးခါးသီး ငြင်းပယ်လိုက်၏။

"ကျွန်တော်ကတော့ ခြောက်အနေနဲ့ ကျွန်တော်ရဲ့အပေါ် ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးလို့ ငြင်းတယ်။ အန်တီခိုင်ဝင်း ဖြစ်လောက်ပါတယ်ဆိုတဲ့ အထောက်အထားလည်း မရှိဘူး။ အဲဒီနေရာမှာ ကျွန်တော့် တန်းစီဇယားထဲ ထည့်ချင်သူရှိနေတယ်"

"ဘယ်သူများလဲ နေရဲ"

ဦးနှင်းဆီက မေးသည်။

"ဦးမိုးမြင့်နဲ့ ဒေါ်သက်ထား လင်မယား"

ဦးဂန္ဓမာက ညင်သာစွာ ခေါင်းကိုခါယမ်းပြလိုက်လေ၏။

"ဦးမိုးမြင့် လင်မယား ဖြစ်လောက်ပါတယ်ဆိုတဲ့ အထောက်အထားမျိုးကော ရှိနေလား နေရဲ"

"မနေ့ညက ဦးမိုးမြင့် ပါတီပွဲမှာ ဖြစ်ခဲ့တာကို အထောက်အထားအနေနဲ့ယူရင် ရနိုင်တာပဲ ဦးဂန္ဓမာ။ ဦးမိုးမြင့်ဟာ ပါတီပွဲကို ဘာလို့ကျင်းပသလဲ။ ကျွန်တော်နဲ့ ဝတီကို ဘာလို့ဖိတ်သလဲ။ မီးဘာလို့မှိတ်သွားရလဲ။ လူသတ်သမားဟာ ဦးမိုးမြင့် ပါတီပွဲကို ဘယ်လိုရောက်လာသလဲ"

ဦးစံပယ်က ကြားဝင်လိုက်သည်။

"ဒါဆိုရင် ဦးမိုးမြင့် ပါတီပွဲမှာ ကိုမင်းဦးလည်း ရှိတယ်၊ ကိုပိန်ရှည်လည်း ရှိနေတာပဲ၊ သူတို့ကိုရော ထည့်တွက်လို့

www.burmeseclassic.com



မရနိုင်ဘူးလား။ ကိုမင်းဦး ဆိုရင် မရေဝတီအပေါ် မကျေမနပ် ဖြစ်နေကြောင်း ထင်ရှားနေတာပဲ မဟုတ်လား"

ဦးနှင်းဆီက အဆုံးအဖြတ်စကား ဆိုလာခဲ့ပါ၏။

"ကျုပ်တို့မှာ ပန်းရန့်စစ်ဆင်ရေးနဲ့ ပတ်သက်ပြီး ယုံကြည်ရတာ လေးဦးပဲ ရှိတယ်။ ကျုပ်တို့သုံးဦးနဲ့ နေရဲပဲ။ ဒီလေးဦးကလွဲပြီး ကျန်သူအားလုံးကို ဘယ်သူမှ မယုံကြည်နိုင်ဘူး။ ဒီတော့ ခြောက်အနေနဲ့ ဒေါ်ခိုင်ဝင်းကို ထားလိုက်။ ခုနစ်အနေနဲ့ ဦးမိုးမြင့်နဲ့ ဒေါ်သက်ထား လင်မယားကိုထားလိုက်ပါ။ ကျုပ်တို့ဆက်လုပ်ရမှာက တစ်ကနေပြီး ခုနစ်အထိ ဖိဖိစီးစီး လိုက်ကြည့်မယ်။ အဲဒါကို သဘောတူကြရဲ့လား"

အားလုံး သဘောတူလိုက်ကြသည်။ ထို့မှနှင့်ပင် အစည်းအဝေးကို နိဂုံးချုပ်လိုက်ပါ၏။

✤ ✤ ✤



## အခန်း(၂၁)

အန်တီခိုင်ဝင်း မျက်နှာမကောင်းတာ ရေဝတီ ရိပ်မိသည်။ နေရဲလည်း သတိထားမိပုံပေါ်၏။

"အန်တီခိုင်ဝင်း နေမကောင်းဘူးလား"

"ကောင်းပါတယ် ဝတီ"

ရေဝတီက ဒေါ်ခိုင်ဝင်း ဘေးတွင် ဝင်ထိုင်လိုက်သည်။ နေရဲလည်း ညှော်ခန်းသို့ပင် ရောက်လာခဲ့သည်။ ရေဝတီနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်[illegible]ပါ၏။

"အန်တီခိုင်ဝင်း ဘာဖြစ်နေတာလဲဟင်။ အန်တီခိုင်ဝင်း မျက်နှာသုန်မှုန်နေရင် ဝတီ့အတွက် အနေခက်မှာပေါ့များ ကျွန်တော် အိမ်ပြန်လာကတည်းက အကဲခတ်နေတာ"

"အို ... ကိုကိုရဲကလည်း ဝတီ အနေမခက်ပါဘူး။ တစ်ခုတော့ ရှိတာပေါ့လေ၊ အန်တီခိုင်ဝင်း မျက်နှာမကောင်းတာ ဝတီ့အပေါ် မကျေနပ်စရာ တစ်ခုခု ရှိနေလို့လားဆိုတဲ့ စိုးရိမ်မှုတော့ ဖြစ်ရတာပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ဝတီ။ လောကကြီးမှာ အကျေနပ်စရာ အကောင်းဆုံး မိန်းကလေးတစ်ယောက်ကို လက်ညှိုးထိုးပြပါဆိုရင် အန်တီက ဝတီ့ကိုပဲ ထိုးပြရမှာပါ။ အေးလေ ... ဖွင့်ပြောရတော့မှာပဲ။ နေ့ခင်းက ရဲရဲလည်းမရှိ၊ ဝတီလည်း မရှိတုန်း သန္တာစိုး ရောက်လာတယ်"

"သန္တာစိုး ရောက်လာတယ်၊ ဟုတ်လား"

နေရဲက ပြန်မေးရင်း ရယ်မောလိုက်သည်။

"ဝတီ့အကြောင်းတွေ မကောင်းပြောသွားတာပဲ မဟုတ်လား။ အန်တီခိုင်ဝင်းနဲ့ ဝတီတို့ စိတ်ဝမ်းကွဲအောင် သူကတော့ ပြောနေမှာပဲလေ"

"ဒါကို အန်တီခိုင်ဝင်း သဘောပေါက်ထားပါတယ် နေရဲ။ သူ ဘာပြောပြော မယုံပါဘူး။ ဒါပေမဲ့ ဒီနေ့တော့ စိတ်ထဲမှာ မရှင်းမလင်း တစ်ခုဖြစ်နေရတယ်"

"ဘာမရှင်းလင်းတာလဲ အန်တီခိုင်ဝင်း"

"သန္တာစိုးက စကားကို ဟိုလှည့်ပြော သည်လှည့်ပြောရာက ဝတီရဲ့ကျောက်စိမ်းဆွဲကြိုးကိစ္စကို ပြောလာတယ်။ ကျောက်စိမ်းဆွဲကြိုးဟာ ပိုင်ရှင်အစစ်အမှန် ရှိတယ်ဆိုတဲ့ အကြောင်းပဲ။ ဝတီက အဲဒီပိုင်ရှင်ဆီက တနည်းနည်းနဲ့ ရအောင်ယူထားတာတဲ့။ ဝတီဆိုတဲ့ မိန်းကလေးဟာ ဒီလို မဖြစ်နိုင်ဘူး။ ဆွဲကြိုးချင်း တူတာပဲ ဖြစ်ရမယ်။ ဝတီက သူများဆွဲကြိုးကို ပိုင်ရှင်မသိအောင်ယူမယ့် မိန်းကလေးမဟုတ်ဘူးပေါ့"



"အဲဒါနဲ့ သန္တာစိုးက ဒါဆိုရင် သူ ကြည့်ရင်တော့ ဟုတ်မဟုတ် သိနိုင်တယ်ဆိုတာနဲ့ အန်တီခိုင်ဝင်းလည်း မခံချင်ဖြစ်ပြီး စန္ဒရားအဖုံးအံကပ်ထဲ နှိုက်ရှာတယ်။ ဆွဲကြိုးမတွေ့တော့ဘူး။ ဝတီလည်း ဆွဲမထားဘဲနဲ့ ဘယ်ရောက်သွားသလဲဆိုတာ မရှင်းမလင်း ဖြစ်နေရတယ်ကွယ်"

"ဆွဲကြိုးကို ကျွန်တော်ယူပြီး သိမ်းထားလိုက်ပြီ အန်တီ။ ဆွဲကြိုးမရှိတော့ဘူးဆိုတော့ သန္တာစိုးမျက်နှာ ဘယ်လိုဖြစ်သွားသလဲဟင်"

"သိသိသာသာကြီး မျက်နှာပျက်သွားတယ် ရဲရဲ။ နောက်ပြီး ခဏလေးတောင် မနေတော့ဘဲ ပြန်သွားတော့တာပါပဲ။ ပြီးတော့ ဆွဲကြိုးနဲ့ပတ်သက်ပြီး ရဲရဲရော ဝတီပါ ငါ့ကို ဘာမှမပြောကြပါလား။ ငါ့ကိုတောင် မယုံကြည်ကြပါလားဆိုပြီး စိတ်မကောင်း ဖြစ်မိရတယ်ကွယ်"

"ဘာမှ စိတ်မကောင်းမဖြစ်နဲ့ အန်တီခိုင်ဝင်း၊ ကျွန်တော် အားလုံးဖွင့်ပြောမယ်။ သန္တာစိုးဟာ အယောင်ဆောင်ပြီး ရောက်လာတဲ့ နန္ဒာ ဆိုတဲ့ အမျိုးသမီးပဲ"

"မဖြစ်နိုင်တာပဲကွယ်၊ ဒီမိန်းကလေးဟာ သန္တာစိုး မဟုတ်ဘဲ တခြားမိန်းကလေးတစ်ယောက်ဆိုရင် အန်တီခိုင်ဝင်းတို့ရဲ့ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်ကို ဘယ်လိုသိနေနိုင်မှာလဲ"

"သိသိစန်းဆီက သိတာပဲ အန်တီခိုင်ဝင်း၊ သိသိစန်းဆီက ကျွန်တော်တို့ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် ကိစ္စတွေ သိ

www.burmeseclassic.com

www.burmeseclassic.com



ရှိမကဘူး၊ ဒီအိမ်ကသော့တောင် နန္ဒာက ရထားတာပဲ။ သန္တာခိုး အစစ်က ကွတ်ခိုင်မှာနေတယ်။ နန္ဒာနဲ့ သန္တာခိုးဟာ မိတ်ဆွေတွေ ဖြစ်ချင်ဖြစ်နိုင်တယ်။ နန္ဒာက ရှမ်းပြည်နယ်မြောက်ပိုင်းမှာ နေခဲ့ဖူးတယ်လေ”

နေရဲက သန္တာခိုး ဤအိမ်သို့ ရောက်လာ၍ မန္တလေးသွားကာ ရေဝတီအား ဟန်ဆောင်ချစ်သူအဖြစ် တာဝန်ထမ်းဆောင်နေရပုံနှင့် ကျောက်ဆွဲကြိုးအကြောင်းတို့ကို အတိုချုံး ပြောပြလိုက်ပါ၏။

“ဟဲ့ ဟဲ့ ... ဒါဆိုရင် မင်းတို့က ဟန်ဆောင်နေကြတာပေါ့၊ ဟုတ်လား”

“မပူနဲ့ အန်တီခိုင်ဝင်း။ အစကတော့ ဟန်ဆောင်တာပါ။ အခုတော့ တကယ့် ဟိုဘက်မိုင်(၁၀၀၀)ကျော်နေပါပြီ။ တာဝန်တွေ မပြီးဆုံးသေးလို့ ကျွန်တော် လက်မထပ်ဖြစ်သေးတာ။ ကျွန်တော်နဲ့ ဝတီက ရေမရောတဲ့ ချစ်သူတွေဖြစ်နေကြပါပြီ”

“အို ... ကိုကိုရဲကလည်း ဘာမှန်းလဲ မသိဘူး၊ ဝတီ ရှက်တယ်”

အန်တီခိုင်ဝင်း အသံထွက်အောင် ရယ်ပါလေ၏။

“ဘာလဲ အန်တီခိုင်ဝင်းကို ရှက်နေတာလား၊ ရှက်စရာ မဟုတ်တာပဲ”

ထို့နောက် အဓိပ္ပာယ်ပါပါပြုံး၍ ကြည့်ကာ အန်တီခိုင်ဝင်း အိပ်ခန်းထဲသို့ ဝင်သွားပါလေတော့၏။



“ဟွန်း ... လူတွေ့တိုင်း မဏ္ဍပ်တိုင် တက်ပြနေတော့တာပဲ”

ရေဝတီ အပြောကို နေရဲ စိတ်မဆိုးပါလေတော့။ သူကလည်း လူတွေ့လျှင် အလုပ်ရှင်မှန်းသိအောင် မဏ္ဍပ်တိုင် တက်ပြချင်နေသည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၂)

ဦးဝဏ္ဏကြီးပင် အံ့ဩရပါလေ၏။

အင်းယားမြိုင်လမ်း အိမ်သို့ ဆိုင်းမဆင့် ဗုံမဆင့် ပါဘဲလျက် သီသီစန်း ပြန်လာခဲ့ပေပြီ။

"ဟဲ့ ... သီစန်း၊ နင် တကယ် ပြန်လာတာနော်"

"ဩော် ... ကိုယ့်အိမ်ကိုယ့်ရာပဲ၊ ကိုယ်ပြန်လာချင်တဲ့အချိန် ပြန်လာမှာပေါ့။ ကဲပါ တံခါးဖွင့်ပေးစမ်းပါ ဦးဝဏ္ဏ"

"ကျုပ် ပြောတာက နင် ပြန်လာတာကို နင့်မာမီ ဘယ်လောက်ဝမ်းသာရှာမလဲလို့ပါ၊ ကဲ ... ဝင် ... ဝင်"

ဦးဝဏ္ဏ တံခါးဖွင့်ပေးလိုက်သည်။ ဦးဝဏ္ဏကို ခေါင်းချင်းတိုက်ပြီး ခြံထဲသို့ သီသီစန်း ဝင်ခဲ့သည်။ တစ်ချက်ကလေးမျှပင် လှည့်မကြည့်လေတော့ဘဲ အိမ်ကြီးဆီသို့ သူမ ခြေလှမ်းကို သွက်သွက်လှမ်းပါလေ၏။

"မာမီ"

"ဟယ် ... သမီး သီသီစန်း"

အံ့ဩစိတ် ဝမ်းသာစိတ်များက ဒေါ်ခိုင်ဝင်း ရင်ထဲ ရောထွေးသွားသည်။ ပြီးတော့ သမီးဖြစ်သူကို ပြေးဖက်တော့၏။



"သမီး ပြန်လာတာ မာမီ လက်ခံတယ်နော်"

"ဘယ့်နှယ် ပြောပါလိမ့်။ လောကကြီးမှာ မာမီ အလိုချင်ဆုံးဟာ ဟောဒီ သမီး သီသီစန်းမှ သီသီစန်းပါ"

သီသီစန်းသည် ဒေါ်ခိုင်မင်း ရင်ခွင်မှ ခွာလိုက်သည်။ တစ်အိမ်လုံးကို ဝေ့ဝဲကာ ကြည့်သည်။

"ဘာမှအပြောင်းအလဲ မရှိဘူးနော်။ ခြံဝမှာ ဦးဝဏ္ဏကြီးကိုလည်း တွေ့ခဲ့တယ်။ စကားကြောရှည်နေလို့ သမီးဟောက်ပစ်ခဲ့ရသေးတယ်"

"ဟောက်ပစ်တယ်။ ဦးဝဏ္ဏဟာ သမီးဖေဖေအရွယ်လောက်ရှိတယ်"

စကားကို ထပ်မဆက်ပါလေတော့။ ဟိုတုန်းကလည်း ဒီလိုအနေအထိုင်ပင် ဒီလိုအပြောအဆိုပဲ ဖြစ်သည်။ သိမ္မာစေချင်၍ သွန်သင်မိကာမှ သီသီစန်း ပြေးဆင်းသွားခဲ့သည်ကို သတိရလိုက်မိခြင်းကြောင့် ဖြစ်ပါ၏။

သီသီစန်း အိမ်သို့ ရုတ်တရက် ပြန်ရောက်လာခြင်းအပေါ် အန်တီခိုင်ဝင်း ဇဝေဇဝါ ဖြစ်ရသည်။ နေရဲ ပြောပြမှုကြောင့် သမီးဖြစ်သူအကြောင်းတွေကို သိထားရသည် မဟုတ်ပါသလား။ လွမ်း၍ ပြန်လာခြင်းမှ ဟုတ်ပါလေစ။ အကြံတစ်ခုခုဖြင့် ပြန်လာခြင်းလား။

"ဘာငိုင်နေတာလဲ မာမီ၊ သီစန်း ရေချိုးချင်တယ်၊ သီစန်း အဝတ်လဲချင်တယ်။ သီစန်း အခန်းမှာ အခု ဘယ်သူနေလဲ"

"ဝတီ နေတယ် သမီး။ ဝတီ့ကို သမီး သိပြီးသွားပါပြီနော်၊ သမီးကို နှစ်ခါတောင် လာတွေ့တယ်နော်"

www.burmeseclassic.com



"အလကားမိန်းမပါ။ ရုပ်ကလေးချောတာကို ဗန်းပြပြီး ကိုကို့ကို အပိုင်ထုနေတာပါ။ မာမီ့ကို အထင်ကြီးအောင် လုပ်နေတာ။ သမီးကို ပြန်လာစေချင်တဲ့ဟန်နဲ့ ရွှေပြည်အေး တရား လာဟောပြတာ။ အခု ပြန်လာတာ သူ့ကြောင့် မဟုတ်ပါဘူး"

"သမီး ဘာကြောင့် ပြန်လာတယ်ဆိုတာ မာမီ သိချင်လိုက်တာ"

"အိုး ... မာမီ့ကိုလွမ်းလို့ ပြန်လာတာပေါ့"

သီသီစန်းက လှမ်း၍ဖက်သည်။ အန်တီခိုင်ဝင်းက လည်း ကျစ်ကျစ်ပါအောင် ပြန်ဖက်ထားမိပါ၏။ မိဘဆိုတာ သားသမီးက ချစ်ပါသည်ဆိုလျှင် နားဝင်ချိုမြရစမြဲလေ။

"ကဲပါ မာမီရယ်။ သမီးအခန်းကို သမီး ပြန်လိုချင်တယ်။ ဒီကောင်မ အခန်းထဲမှာရှိရင် ဆွဲထုတ်ပြီး မောင်းထုတ်ပစ် လိုက်မယ်"

"ဟဲ့ ... အို၊ အဲဒီလို မပြောရဘူး၊ ဝတီ အခန်းထဲက ကြား သွားပါမယ်ကွယ်"

"ဒီအိမ်မှာ အခန်းက သုံးခန်းပဲရှိတယ်။ မာမီတစ်ခန်း ကိုကိုတစ်ခန်း၊ သမီးတစ်ခန်းပဲ။ သမီးရောက်လာတာနဲ့ ဒီကောင်မ အိမ်ပေါ်ကဆင်းတော့၊ ဒါပဲ"

"အဆင်သင့်ပါ မသီသီစန်း၊ ရေဝတီက ကျေကျေနပ်နပ် ဆင်းပေးမှာပါ။ မသီသီစန်း အန်တီ့ဆီ ပြန်ရောက်တာပဲ ရေဝတီ ဝမ်းသာလှပါပြီ"



ရေဝတီ ဆွဲအိတ်တစ်လုံးကို ကိုင်ထားပြီး အခန်းထဲမှ ထွက်လာကာ ပြောခဲ့ပါလေ၏။ ရေဝတီ ဆင်းရန် ဝန်လေးစရာ မရှိလှပါ။

"ဟဲ့ ... ဟဲ ... မဟုတ်သေးဘူး ဝတီ၊ ဒီလိုဆင်းသွားလို့ ဘယ်ဖြစ်မလဲ။ ဆင်းလည်း မဆင်းရပါဘူးနော်။ ရဲရဲဖြန် လာလို့ ဝတီ့ကို မတွေ့ရင် မိုးမီးလောင်ကုန်လိမ့်မယ်။ ဝတီ ဘယ်ကိုမှ မသွားရဘူး။ နောက်ဆုံး မတတ်သာရင် ဟိုတယ်အခန်းတစ်ခန်းမှာ သွားနေလည်း ရတာပဲ။ မသွားနဲ့ ဝတီ။ ဘယ်မှမသွားနဲ့"

"မာမီ့ကို စိတ်ကုန်တာ အဲဒါတွေကြောင့်ပဲ။ သွားပစေပေါ့။ နေရာတကာမှာ ပါချင်တယ်။ သမီး ရောက်လာလို့ ဝတီ ဆင်းသွားတယ်ကွယ်လို့ ကိုကို ပြန်လာရင် ပြောလိုက်လည်း ရတာပဲ။ ကိုကိုက ဘာပြောမှာလဲ"

"ငါ့မှာ ပြောစရာတွေ အများကြီးရှိတယ် သီသီစန်း"

နေရဲ အသံ ထွက်လာမှ အားလုံး ကပျာကယာ နောက် လှည့်ကြည့်မိကြသည်။ နေရဲ တံခါးဝတွင် မားမားကြီးရပ်နေ ပါလေ၏။

"နင် ဒီအိမ်ကို ပြန်လာတာကို ငါ့ဆီ ဖုန်းနဲ့ချက်ချင်း အကြောင်းကြားတဲ့လူ ရှိတယ် သီသီစန်း။ ဒါကြောင့် ငါ ချက်ချင်း ပြန်လာတာ။ နင် ဘာတွေပြောပြီး ဘာအပေါက် ချိုးနေတယ်ဆိုတာ သိရအောင် တံခါးကွယ်ပြီး နားထောင် နေခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



"အို ... ကိုကိုကလည်း ဘာအပေါက်ချိုးရမှာလဲ။ ကိုယ့်အမေနဲ့ ကိုယ့်အစ်ကို့ကို သတိရလို့ လွမ်းလို့ ပြန်လာတာပေါ့"

"မပိုနဲ့ သီသီစန်း။ ကျော်မိုးနောင်က နင့်ကို အိမ်ပြန်သွားခိုင်းလို့ နင် ပြန်လာတာပဲ မဟုတ်လား"

"မဟုတ်ဘူး၊ ဟုတ်ကို မဟုတ်ဘူး"

ညီညီစန်းက အော်ဟစ်ပြောလိုက်သည်။

"မလိမ်နဲ့ သီစန်း။ နင်ဟာ ကျော်မိုးနောင်ရဲ့အလွမ်းမိုးခံနေရတယ်။ ကျော်မိုးနောင်က နင့်ကို တကယ်ချစ်တာမဟုတ်ဘူး။ နင်နဲ့တွဲနေချိန်မှာပဲ ကျော်မိုးနောင်ဟာ နန္ဒာနဲ့လည်း တွဲနေတာပဲ။ ဘယ်မိန်းမနဲ့တွဲတွဲ ကျော်မိုးနောင်က မေတ္တာစိတ်နဲ့ တွဲတာမဟုတ်ဘူး။ သူတွဲတဲ့ မိန်းကလေးတို့ အသုံးချဖို့ စဉ်းစားပြီး အသုံးချလို့ရတဲ့ နေရာမှာသာတွဲတာပဲ"

"ဒါတော့ ကိုကို မတရားပြောတာ။ ကိုကျော်မိုးနောင်နဲ့ ပတ်သက်ပြီး ဟောဒီ ရေဝတီ ပြောတာကို နားဝင်ပြီးဖြစ်နေတာ။ ရေဝတီ တွန်းတာကို တိုက်တာကို ယုံနေတာပဲ"

"တော်စမ်း သီစန်း"

"မတော်နိုင်ဘူး ကိုကို။ ကိုကျော်မိုးနောင်ဟာ တစ်ချိန်တုန်းက ရေဝတီနဲ့ ကြိုက်ခဲ့ကြဖူးတာပဲ။ အခု ကိုကိုနဲ့အကြောင်းတိုက်ဆိုင်တော့ သူ ကိုကျော်မိုးနောင်ကို မဟုတ်တာပြောပြီး ချောက်ချနေတာ။ သူ့ကို ကိုကျော်မိုးနောင် ကန်ထုတ်ပစ်တာကို မကျေနပ်လို့ပဲ။ သူ ဘယ်လောက်ပဲ မိန်းမ



လေးတွေနဲ့ တွဲခဲ့ တွဲခဲ့ လောကကြီးမှာ သီစန်း တစ်ယောက်ကိုပဲ ချစ်တာပါ ကိုကို"

နေရဲ သက်ပြင်းချလိုက်မိသည်။ သီသီစန်း တစ်ယောက် ကျော်မိုးနောင်အပေါ် အစွဲလမ်းကြီးမားနေခဲ့ပြီ။ သီသီစန်းအား ကျော်မိုးနောင်နှင့် ပတ်သက်ပြီး စကားနိုင်လုရန်ခက်ပြီတော့။ ချော့၍မေးမှ ဖြစ်မည်။

"နန္ဒာကို ငါ့ညီမ သိပါတယ်နော်"

"ဟင့်အင်း ... မသိဘူး"

"ဘာဖြစ်လို့ ကိုကို့ကို ညာချင်ရတာလဲ။ နန္ဒာဟာ သန္တာစိုးအသွင်နဲ့ အန်တီခိုင်ဝင်းဆီကို ဝင်နိုင် ထွက်နိုင်ဖို့ သီစန်းကပဲ ကိုကိုတို့ရဲ့ဆွေစဉ်မျိုးဆက် အကြောင်းတွေ ပြောပြခဲ့တယ်။ နောက်တော့ အင်းယားမြိုင်လမ်းက ခြံနဲ့ အခန်းသော့ကို ပေးခဲ့တာ မဟုတ်လား"

"အို ... ဒါကတော့ မာမီ့ကို သက်သက်အရွှေးလုပ်ပြီး လက်စားချေချင်လို့ လုပ်တာ။ ကိုကျော်မိုးနောင်က သီစန်းကို မာနီနဲ့ ကိုကိုက လှည့်မကြည့်ဘဲပစ်ထားတာသိလို့ အကြံပေးခဲ့တာ။ နန္ဒာဟာ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ နေတုန်းက ကွတ်ခိုင်ကို သွားတုန်း ဖေဖေ့တူမ သန္တာစိုးအစစ်နဲ့ မိတ်ဆွေ ဖြစ်လာခဲ့တယ်။ သန္တာစိုး အစစ်ရဲ့အကြောင်းတွေ သိလာခဲ့တယ်"

"နန္ဒာကို ကျော်မိုးနောင်ပဲ ခေါ်လာတာ မဟုတ်လား"

"ဟုတ်တယ်၊ သီစန်းက ကျော်မိုးနောင်နဲ့ နန္ဒာတွဲနေတာကို သဘောမကျဘူး။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်အောင်

www.burmeseclassic.com

www.burmeseclassic.com



နန္ဒာ့ကို သန္တာ့ခစိုးအဖြစ်နဲ့ ဒီအိမ်ကို ဝင်ထွက်ဖို့ သဘောတူခဲ့တာပဲ”

“သမီး အတွေးအခေါ်က ကလေးဆန်လွန်းလှတယ်ကွယ်”

အန်တီခိုင်ဝင်း ညည်းညူလိုက်ရှာပါ၏။

နေရဲ ယုံသည်။ သီသီစန်းသည် ကျော်မိုးနောင်နှင့် ပတ်သက်လာလျှင် ဘာမဆို လုပ်ရဲမည့်သတ္တိမျိုး သူ့မှာရှိနေပုံရ၏။

“ကိုကို့ကို မှန်မှန်ပြောစမ်း။ ကျော်မိုးနောင်က သီစန်းကို ဒီအိမ်ကို ပြန်လွှတ်တာ ကျောက်စိမ်းဆွဲကြိုးကို သီစန်းရအောင်ယူပြီး သူ့ကိုပေးဖို့ မဟုတ်လား”

“ဒီအိမ်ကို ပြန်သွားဖို့ ကိုကျော်မိုးနောင် တိုက်တွန်းတာတော့ မှန်တယ်။ ဒါပေမဲ့ ကျောက်စိမ်းဆွဲကြိုးကိုတော့ ယူပေးပါလို့ တစ်ခွန်းမှ မမှာလိုက်ဘူး။ သီစန်းကို လက်ထပ်တဲ့နေရာမှာ ကလေကချေပုံစံနဲ့ သူ လက်မထပ်ချင်ဘူးတဲ့။ အဲဒါကြောင့် အင်းယားမြိုင်လမ်းကအိမ်ကို ပြန်လွှတ်ပြီး မာမီ့သမီးအဖြစ်နဲ့ ထည်ထည်ဝါဝါနဲ့မှ လက်ထပ်မှာတဲ့”

“ကျောက်စိမ်းဆွဲကြိုးအကြောင်း ငါ့ညီမကို ကျော်မိုးနောင် မပြောဘူး ထားတော့။ ဒါပေမဲ့ ငါ့ညီမက ကျောက်စိမ်းဆွဲကြိုး အကြောင်းတော့ သိနေသလိုပါပဲလား”

“ကိုကျော်မိုးနောင်နဲ့ နန္ဒာတို့ ကျောက်စိမ်းဆွဲကြိုးအကြောင်း ခဏခဏ ပြောသံကြားဖူးလို့ သိနေတာပါ ကိုကို။ သီစန်း အခန်းပြန်လိုချင်တယ်။ ဒီအိမ်မှာ ကောင်းကောင်းစားမယ် နေမယ်၊ ပြီးရင် ကိုကျော်မိုးနောင်နဲ့ သီစန်း လက်ထပ်မယ်၊ ဒါပဲ”



“ကျော်မိုးနောင်က မှာလိုက်သေးတယ် မဟုတ်လား။ သီစန်း အိမ်ပေါ်ရောက်တာနဲ့ ဝတီ့ကို အိမ်ပေါ်က ဆင်းခိုင်းဖို့လေ”

“ဒါတော့ သီစန်း ပြန်ရောက်ရင် ရေဝတီ အခန်းဖယ်ပေါ့။ သူ့ အိမ်ပေါ်က ဆင်းပေါ့။ သူ မှာမှ မဟုတ်ပါဘူး”

“အေး ... နှင့်အခန်း နင်ပြန်ယူတာ ကိုကို ဘာမှမကန့်ကွက်ဘူး။ ဒါပေမဲ့ ဝတီလည်း ဘယ်မှသွားစရာမလိုဘူး။ ကိုကို့ရဲအခန်းမှာပဲနေ။ ကိုကိုရဲအဖို့ အိပ်ရုံလောက်က ဧည့်ခန်းက ဆိုဖာပေါ်မှာအိပ်လည်း ဖြစ်ပါတယ်”

“မာမီ ... သမီးကို ကိုကျော်မိုးနောင်က မှာလိုက်တယ်။ လက်ထပ်ပြီးရင် ဒီအိမ်မှာပဲ နေမှာတဲ့။ ဒီတော့ တစ်ခါတုန်းက သူနဲ့ မရှင်း မရှင်း ဖြစ်ခဲ့ဘူးတဲ့ ရေဝတီဟာ ဒီအိမ်မှာ အတူတူနေကြဖို့ သင့်ပါ့မလား မာမီ။ ဒီလိုနေကြရင်ကော မာမီ စိတ်ချမ်းသာပါ့မလား”

သီသီစန်းက မိခင်ကို ကန့်ကလျှသံဖြင့် ပြောသည်။

“တိတ် ... နင် စကားမရှည်နဲ့၊ ဘယ်တော့မှ ကျော်မိုးနောင်နဲ့ လက်မထပ်ရဘူး”

နေရဲက သံပြတ်နှင့် ပြောလိုက်ပါ၏။ ထိုရောအခါ သီသီစန်း ခေါင်းငုံ့မခံပါလေတော့။

“ဒါတော့ ကိုကို လွန်လာပြီ။ သီစန်းမှာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ရှိပါတယ်။ နောက်ပြီး သီစန်းက မာမီ့သမီးအရင်းခေါက်ခေါက်ပါ၊ ကိုကိုက မာမီရဲ့တူတော်တာပါ။ ဒီအိမ်မှာ နေခွင့် ပိုင်ဆိုင်ခွင့် သီစန်းမှာ အပြည့်ရှိပါတယ်”

“ဟ ... သမီး၊ ကိုယ့်အစ်ကိုကို ဒီလိုမပြောရဘူးလေ”

www.burmeseclassic.com

www.burmeseclassic.com



အန်တီခိုင်ဝင်းက ဝင်ဟန့်သည်။ နေရဲက လက်ဝါးကာပြပြီး သီသီစန်း အနီးသို့ တိုးသွားခဲ့သည်။

"အေး ... နင်က အန်တီခိုင်ဝင်းရဲ့ သမီးအရင်းမို့ ဒီအိမ်မှာ ပိုင်ဆိုင်ခွင့်ရှိတာကို ငါ မငြင်းဘူး။ ကျော်မိုးနောင်နဲ့ နင် ဘယ်တော့မှ လက်မထပ်ရဘူးလို့ ပြောတာ နင့်ကိုယ်ရေးကိုယ်တာ လွတ်လပ်ခွင့်ကို ပိတ်ပင်တာ မဟုတ်ဘူး။ မကြာခင်မှာပဲ ကျော်မိုးနောင်ကို ငါတို့ဖမ်းရတော့မယ်။ ဒီကောင်ဟာ တိုင်းပြည်ရဲ့ ဆူးညှောင့်ခလုတ်ပဲ။ ဒုစရိုက်ဂိုဏ်းသားပဲ။ လျှို့ဝှက်သတင်းတွေကို ရောင်းစားမှုနဲ့ ထောင်ထဲမှာ အကြာကြီး သွားနေရမဲ့ကောင်။ ဒီတော့ နင် ဒီကောင့်ကို ဘယ်လိုလက်ထပ်လို့ရမှာလဲ"

"ဘာရယ်။ ကိုကျော်မိုးနောင်ကို ဖမ်းတော့မယ် ဟုတ်လား။ ဒါဆိုရင်တော့ ..."

သီသီစန်း ချာခနဲ လှည့်ပြေးသည်။ ကျော်မိုးနောင်ကို သတိပေးရန်ပဲ ဖြစ်လိမ့်မည်။ သို့သော် မရပါလေတော့။

နေရဲက ကြိုတင်တွက်ဆပြီးသားမို့ သီသီစန်း လက်ကို ဖျတ်ခနဲဆွဲကာ အိပ်ခန်းရှိရာသို့ ဖွတ်ဆွဲခေါ်သွားခဲ့၏။

"နင် ဒီအခန်းထဲက မထွက်ရဘူး။ ဖုန်းလည်း မပြောရဘူး။ နင် ကျော်မိုးနောင်ကို ဆက်သွယ်တာနဲ့ ငါ ဖမ်းခိုင်းရလိမ့်မယ်။ နင်ပါ ထောင်ကျသွားမယ်၊ ဘုမသိ ဘမသိ နင် ဒုက္ခရောက်သွားလိမ့်မယ် သိလား"

သီသီစန်းကို သူမ အခန်းထဲသို့ဆွဲသွင်းကာ အခန်းတံခါး ဆွဲပိတ်လိုက်သည်။



"ဝတီ အခန်းသော့ ပေးစမ်းပါ"

"ကောင်းပါ့မလား ကိုကိုရဲ့၊ သူ့ ဝတီ့ကိုရော အန်တီခိုင်ဝင်းကိုပါ တစ်သက်လုံး ခွင့်မလွှတ်နိုင် ဖြစ်သွားတော့မယ်"

"ဒီလိုလုပ်တာဟာ သီစန်းအတွက် အကောင်းဆုံးပဲ ဝတီ။ ဒီလိုမလုပ်ဘဲ လွှတ်ပေးထားရင် ဒီကောင်မလေး အဖမ်းခံရတဲ့အထဲ ပါသွားမှာ သေချာတယ်။ ကိုကိုရဲကို သော့ပေးပါ"

ရေဝတီ မငြင်းသာတော့ သော့ပေးလိုက်ရ၏။ ထို့နောက် သော့ပိတ်ပြီး နေရဲက အန်တီခိုင်ဝင်းကို သော့ပေးလိုက်သည်။ အန်တီခိုင်ဝင်းက သော့ကို ငေးငိုင်စွာဖြင့် လှမ်းယူခဲ့သည်။

"ကျွန်တော် စိတ်မကောင်းပါဘူး အန်တီခိုင်ဝင်း။ ဒီလိုမှ မလုပ်ရင် မဖြစ်ဘူး။ ကျွန်တော်တို့အဖွဲ့က ပိုက်စိပ်တိုက်နေပြီ။ အန်တီခိုင်ဝင်းပဲ ကော်ဖီတို့ ထမင်းတို့ ပို့ပေးပါ။ သူ့ အပြင်မထွက်ပါစေနဲ့၊ ဖုန်းပြောခွင့် မပေးပါနဲ့ အန်တီ"

"အင်းလေ ... အကောင်းဆုံးတော့ တို့ လုပ်ကြတာပေါ့ ရဲရဲ။ ဒါပေမဲ့ နဂိုက မအေ့စိတ်နာတဲ့သမီး ပိုပြီးနာမှာပေါ့လေ။ မအေ့အိမ် မအေ့ရှေ့မှာပဲ အခန်းလှောင်ခံရတာကိုး"

"သဘောပေါက်စမ်းပါ အန်တီခိုင်ဝင်း သဘောပေါက်စမ်းပါ"

နေရဲက စိတ်မကောင်းစွာဖြင့် အန်တီခိုင်ဝင်းအား နှစ်သိမ့်စကား ဆိုလိုက်ပါ၏။ ရေဝတီဘက်သို့ လှည့်ပြန်၏။

"ဝတီလည်း သတိထားဖို့ လိုလာပြီ။ သီစန်းကို အိမ်ပြန်ပို့လိုက်တာနဲ့ ဝတီ အိမ်ပေါ်က ဆင်းရမယ်။ အပြင်ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာရင် ဝတီ့ကို လုပ်ကြဖို့ ပိုလွယ်တဲ့ အကြံအစည်မျိုးပဲ။ ဒါ ကျော်မိုးနောင် ဆင်ပေးလိုက်တဲ့ အကွက်တွေပဲ ဝတီ"

"ဝတီ့အတွက် စိတ်ချပါ။ ကိုကိုရဲ့ လုပ်စရာရှိတာသာ ဆက်လုပ်သွားပါ"

"ဟုတ်တယ်၊ ဒီပန်းရန့်စစ်ဆင်ရေးကိုလည်း ပြီးစေချင်ပြီ။ ဒါမှ ကိုကိုရဲ့တို့ လက်ထပ်ကြရမှာ မဟုတ်လား"

"ဖြည်းဖြည်းပြော၊ မောနေမယ် ကိုကိုရဲ"

ပြီး၍ ရေဝတီ အပြောတွင် သူမ၏လက်ကလေးကို နေရဲ ကြင်နာစွာ ဆုပ်ကိုင်လိုက်ပါ၏။

* * *



## အခန်း(၂၃)

အခန်းကို အန်တီခိုင်ဝင်း သော့ဖွင့်လိုက်သည်။ အားသောက်ဖွယ် လင်ပန်းကို သီသီစန်းရှေ့တွင် ချပေးလိုက်သည်။ သီသီစန်းက လင်ပန်းကို ခပ်ကြမ်းကြမ်း တွန်းပစ်လိုက်သည်။ ကြက်ရိုးစွပ်ပြုတ်ရည်များ နံဘေးသို့ ဖိတ်ကျသွားခဲ့သည်။

"မာမီကိုယ်တိုင်က သမီးကို ယောင်သားတစ်ယောက်လို ပိတ်လှောင်ထားတာ သဘောတူလို့ ကိုကို လုပ်ရဲတာပေါ့ မာမီ"

"သမီးကောင်းကျိုးအတွက် ရဲရဲ ဒီလိုလုပ်ထားတာလို့ မာမီ ယုံကြည်တယ် သမီး"

"အခု သမီး ထွက်ပြေးသွားမယ်ဆိုရင် မာမီ တားဆီးလို့ ရမတဲ့လား မာမီ"

"အပြင်မှာ ဝတီ ရှိတယ်။ ပြီးတော့ ဦးဝဏ္ဏလည်း ရှိနေတယ်။ သမီး ထွက်ပြေးလို့မရအောင် ပြင်းပြင်းထန်ထန် တားဆီးဖို့ ရဲရဲပြောထားပြီးသားပဲ"

"သူတို့နှစ်ယောက်လုံးကို သမီး ဂရုမစိုက်ဘူး မာမီ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သမီး တစ်ခုခုလုပ်ရင် မာမီကိုယ်တိုင် ဖုန်းဆက်ရလိမ့်မယ်။ သမီးအတွက် အန္တရာယ်ဖြစ်မှာနဲ့စာရင် လက်ရှိအနေအထားက အကောင်းဆုံးပါပဲ သမီး"

"သွားစမ်းပါ။ ကိုကို့မှာရော မာမီမှာပါ ဒီလိုလုပ်ဖို့အခွင့်အရေးမရှိပါဘူး"

သီသီစန်းက ဒုတိယမြောက် လင်ပန်းကို တွန်းဖယ်လိုက်ပြန်ပါ၏။ စိတ်မသက်မသာနှင့်ပဲ အန်တီခိုင်ဝင်း ထွက်ခဲ့ရပါလေ၏။ အခန်းကို သော့ပိတ်ပစ်လိုက်ရသည်။ ဧည့်ခန်းမှာ ငူငူလေး ထိုင်နေသော ရေဝတီကို တွေ့လိုက်ရပါ၏။

"ကိုယ့်လူနာ ရောဂါပျောက်ဖို့ ဆေးခါးတိုက်ရတယ်လို့ပဲ သဘောထားရမှာပဲ အန်တီခိုင်ဝင်း"

ထိုအခိုက်မှာပင် ဖုန်းသံမြည်လာပါလေ၏။ ဖုန်းရှိရာသို့ အန်တီခိုင်ဝင်း သွားကာ ကောက်ယူနားထောင်လိုက်သည်။

"ဟဲလို ... ပြောပါရှင်၊ ကျွန်မ ခိုင်ဝင်းပါ"

"ဪ ... အန်တီခိုင်ဝင်းလား၊ သန္တာစိုးပါ"

အန်တီခိုင်ဝင်းက စကားပြောခွက်ကို လက်ဖြင့်အုပ်ထားလိုက်ပြီး ရေဝတီကို လှမ်း၍ပြောလိုက်သည်။

"သန္တာစိုး ဆီကပဲ"

ရေဝတီ သိအောင် ပြောပြီးသည်နှင့် ဖုန်းကိုပိတ်ထားသောလက်ကို ပြန်ဖွင့်လိုက်သည်။

"ပြောလေ သန္တာစိုး၊ ပေါ်မလာတာတောင် အတော်ကြာပြီနော်"



"ဟုတ် ... ဒီလိုပါ၊ မရေဝတီ အပေါ် မနာလိုပြီး သန္တာစိုးပြောမိတာကို တောင်းပန်ချင်လို့ပါ။ ကိုနေရဲနဲ့ ပတ်သက်ပြီး မနာလို မုန်းတီးစိတ်နဲ့ ပြောမိတာပါ အန်တီ။ အခုသန္တာစိုး အမှားကို ဝန်ချတောင်းပန်ချင်လို့ မရေဝတီနေတဲ့လိပ်စာလေး ပြောပြပေးပါလားဟင်"

အန်တီခိုင်ဝင်းက နားထောင်ရင်း နားရှုပ်သွားမိ၍ ချက်မှောင်ကုတ်ထားလိုက်မိသည်။ သို့သော် ချက်ချင်းပင် သဘောပေါက်လိုက်ပါ၏။ သန္တာစိုးသည် ရေဝတီအား အိမ်တွင်မရှိတော့ဟု ထင်ကြည့်ထားပုံရ၏။ သီစန်း ပြန်ရောက်သည်နှင့် ရေဝတီ လစ်သွားရပြီဟု ယူဆထားပုံရ၏။

"ဟဲ့ ... ဘာတွေ ပြောနေတာလဲ။ ရေဝတီလိပ်စာကို ဘယ်လိုလုပ်ပြီး ပေးနိုင်မှာလဲ။ ဒီအိမ်မှာပဲ ရေဝတီရှိနေတယ်၊ စကားပြောချင်ရင် ခေါ်ပေးမယ်လေ"

"ရှင် ... ရေ ... ဝတီ ရှိနေတယ်"

"အေး ... ခဏကိုင်ထား၊ ရေဝတီ့ကို ခေါ်ပေးမယ်"

ရေဝတီ ထရန်ပြင်လိုက်သော်လည်း လက်ဝါးကာပြထိုက်သော အန်တီခိုင်ဝင်းကြောင့် ပြန်ထိုင်လိုက်ရ၏။ အန်တီခိုင်ဝင်းက ဖုန်းခွက်ကို ရေဝတီ ရှိရာနှင့် ဆန့်ကျင်ဘက်လှည့်ထားကာ ရေဝတီ ရှိရာသို့ လျှောက်လာခဲ့သည်။

"သေချာတယ် ရေဝတီ၊ ရဲရဲ ယူဆထားတဲ့အတိုင်းပဲ။ သီစန်းရောက်လာတာနဲ့ ရေဝတီ ဆင်းပြေးရပြီလို့ သန္တာစိုးတွက်ထားပုံရတယ်။ ကဲ ... သွားပြောကြည့်စမ်း ဝေဒ်"

ရေဝတီ ဖုန်းရှိရာသို့ လျှောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရေဝတီပါ မသန္တာစိုး"

"ဪ ... မရေဝတီလား။ သန္တာ တောင်းပန်ချင်လို့ပါ။ မှားမှန်း သန္တာသိပါပြီ။ ဒါကြောင့် မရေဝတီကို ကျေးဇူး ကျေကြောင်း တောင်းပန်ချင်ပါတယ်"

"ရပါတယ်၊ ကိစ္စမရှိပါဘူး မသန္တာစိုး"

"အခုလည်း သန္တာစိုးရဲ့အမှားကို ဖုန်းထဲကနေ တောင်းပန် ရတာမျိုး မကျေနပ်နိုင်ပါဘူး။ စားရင်းသောက်ရင်း တောင်း ပန်ချင်ပါတယ်။ ဒါမှ ကျေနပ်နိုင်မှာပါ"

"ရပါတယ်၊ ဘယ်မှာစားကြမလဲ မသန္တာစိုး"

"ဟို ... ဟို ... ပန်းဆိုးတန်းထဲက မန်းသီရိစားတော်ဆက် မှာ စားကြရရင် ကောင်းမယ်ထင်တယ်။ မန္တလေးသူဆို တော့ မန်းသီရိက မန္တလေးစားသောက်ဖွယ်ရာတွေ စုံတယ် လေ၊ လမုန့်၊ ထိုးမုန့်ကအစ ရှိတယ်"

"ဘယ်အချိန်လဲ မသန္တာစိုး"

"အခုပဲ လာခဲ့လေ၊ သန္တာစိုး မန်းသီရိစားတော်ဆက်ကစောင့်နေမယ်လေ။ လာခဲ့နော်"

"စိတ်ချပါ၊ လာခဲ့ပါမယ် မသန္တာစိုး"

ရေဝတီ ဖုန်းကိုချပစ်လိုက်ပြီး အန်တီခိုင်ဝင်းရှိရာသို့ လျှောက်ခဲ့သည်။ အကျိုးအကြောင်းကို ပြောပြလိုက်ပါ၏။

"မသွားနဲ့ ဝတီ၊ ဒါ ထောင်ချောက်ပဲ"

"ထောင်ချောက်ထဲကို တိုးဝင်ရတော့မှာပဲ အန်တီနိုင်ဝင်း၊ ဝတီ့တာဝန်ကိုက တယ်ကြက်ပဲလေ။ ဒါမှ ရန်သူကိုခြေရာ ကောက်လို့ ရမှာပါ"



"အန်တီခိုင်ဝင်း စိတ်မချဘူး ဝတီ။ ဝတီ့အတွက် အန္တရာယ် သိပ်ကြီးတယ်၊ ဝတီ သိပ်စွန့်စားရမှာ"

"စွန့်စားရမှာပေါ့ အန်တီရယ်။ ဒါမှလည်း သူတို့ကို ကြိုး ကိုင်ပြီး ခိုင်းနေတဲ့ ဒုစရိုက်ခေါင်းဆောင်ကို သိရမှာပါ"

ပြတင်းပေါက်ရှိရာသို့ ရေဝတီ လျှောက်ခဲ့သည်။ အပြင်ဘက်သို့ သူမ လှမ်းကြည့်၏။ လမ်းမကြီး၏ သစ်ပင်တစ်ပင် အောက်တွင် ဆိုက်ကားသုံးလေးစီး ရပ်ထား၏။

ဆိုက်ကားနင်းသူတို့က လူစောင့်ရင်း သစ်ပင်ရိပ်မှာ ထိုင်ကာ ကျားထိုးနေခဲ့ကြသည်၊ ထိုဆိုက်ကားဂိတ်နှင့် မလှမ်း ကမ်းတွင် ဂျစ်ကားတစ်စီး ရပ်ထားသည်။ လူတစ်ယောက်က ဘိုနိုက်သည့်နိုက် လုပ်နေခဲ့ပါ၏။

"လာ အန်တီခိုင်ဝင်း၊ ဆိုက်ကားဂိတ်က လူတွေထဲမှာရော ဂျစ်ကားပျက်ကို ပြင်နေတဲ့ လူတွေရော ဝတီ့အတွက် ကိုကိုရဲတို့အဖွဲ့က လုံခြုံရေးသမား နှစ်ယောက်လောက် ချပေးထားမှာပါ။ အဲဒီတော့ ဝတီ မသွားရဲစရာ မရှိပါဘူး"

"ဝတီ သွားပြီးလို့ ကိုကိုရဲ ဖုန်းဆက်ရင် ပန်းဆိုးတန်းက မန်းသီရိစားတော်ဆက်မှာ သန္တာစိုး ချိန်းလို့ ထွက်သွားပြီ လို့ ပြောပေးပါနော်"

အန်တီခိုင်မင်း ခေါင်းညိတ်ရပါလေ၏။ သူမ တား မြစ်ရန် မတတ်သာပါလေတော့။

✤ ⟶ ✤

www.burmeseclassic.com

www.burmeseclassic.com



ရေဝတီ အင်းယားမြိုင်လမ်းမှ တက္ကသိုလ်ရိပ်သာလမ်းမကြီးဘက်သို့ ထွက်လာခဲ့သည်။ ရေဝတီ အတော်ဝေးဝေးရောက်မှ ဂျစ်ကားပြင်သူက စက်ဖုံးကိုပိတ်သည်။ ကားပေါ်သို့တက်လိုက်သည်။ ထိုသူ ကားပေါ်သို့အရောက်တွင် ကျားဝိုင်းမှလူတစ်ယောက်က ဂျစ်ကားပေါ်သို့ တက်ခဲ့သည်။ ဂျစ်ကားကိုဖြည်းလေးစွာမောင်း၍ လိုမ့်ထွက်ခဲ့သည်။

"ဟော ... တက္ကစီတစ်စီးလာပြီ"

ဘာသာရေးရွတ်ကာ ရေဝတီက အငှားကားကိုစောင့်လိုက်သည်။ ဘယ်ချောင်က ထွက်လာမှန်းမသိသည့် ကားကို သူမ လက်တားလိုက်ပါ၏။ ယာဉ်မောင်းက အလိုက်သိသည်။ တံခါးကို အတွင်းမှ ဖွင့်ပေး၏။

ရေဝတီတက်ရောက်ရန် ကားရှေ့ကူရှင် ထိုင်ခုံကျောမှီကို ငိုက်ချပေးသည်။ မိန်းကလေးများက များသောအားဖြင့် *ရှေ့ခန်းတွင် တွဲထိုင်လေ့မရှိကြ။ နောက်ခုံတွင်သာ ထိုင်လေ့ရှိ*သည်။

ရေဝတီက နောက်ခုံတွင် ဝင်ရောက် ထိုင်လိုက်သည်။

ရေဝတီ အတွင်းသို့ရောက်သည်နှင့် ကားတံခါးကို ယာဉ်မောင်းက ဆွဲပိတ်သည်။

"ပန်းဆိုးတန်းကို သွားမယ်နော်"



ယာဉ်မောင်းထံမှ စကားသံ ထွက်မလာ။ ကားကိုသူ မောင်းထွက်ခဲ့သည်။ ကားက လှစ်လှစ်ပါအောင် ရိုပ်ခနဲ ပြေးသွားနေခဲ့ပြီ။ အမှန်က ယာဉ်မောင်းသည် ကျသင့်ငွေကို စီးသူနှင့် ညှိနှိုင်းပြောဆိုမည်။ အခုတော့ တစ်မျိုးကြီး ဖြစ်နေခဲ့သည်။ သူမ မသင်္ကာချင်တော့။

ယာဉ်မောင်းဖြစ်သူက ဦးထုပ်အဟောင်းတစ်လုံးကို ဆောင်းကာ နေကာမျက်မှန်အမည်းကြီး တပ်ထား၏။ သူမစိတ်ထဲ မနီးစနောင့် ဖြစ်လာခဲ့၏ပါ၏။

"ရှေ့နားမှာ ခဏလောက် ရပ်ပေးပါ"-

"ဒီကားဟာ ဘယ်သူ့ကားလဲဆိုတာ ဝတီ ကြည့်လိုက်ပါဦး။ ကားကို ဘယ်မှာမှ မရပ်တော့ဘူး။ ကိုကိုနောင်ရဲ့ လိုရာခရီးရောက်မှ ရပ်တော့မှာပါ"

ယာဉ်မောင်းသူက နေကာမျက်မှန်နှင့် ဦးထုပ်ကို ချွတ်ပြလိုက်သည်။

"ဟင် ... ရှင် ... ရှင် ... ကိုကျော်မိုးနောင်"

"သိပ်ဟုတ်တာပေါ့ ကျော်မိုးနောင်မှ ကျော်မိုးနောင် အစစ်*ပါ။ ဒီလိုမှ ရေဝတီကို အပိုင်မစီးရင် ပြန်ဖို့လမ်း မရှိတော့*ဘူးလေ၊ ဒါကြောင့် ဒီလိုစီစဉ်လိုက်ရတာပဲ"

"ရပ်ပေး ... အခု၊ ဝတီ ဆင်းမယ်၊ ရပ်"

"ဆောရီးပဲ ဝတီ"

ကားအရှိန်နှုန်းကိုတိုး၍မြှင့်ကာ ကျော်မိုးနောင် မောင်းပါလေတော့၏။ ရေဝတီ ခုန်ဆင်းရန် စဉ်းစားသော်လည်း မလွယ်ရေးချ မလွယ်ပါတော့။

www.burmeseclassic.com

www.burmeseclassic.com



ရေဝတီ လက်လျှော့ကာ နောက်ဘက်ရှိ ဂျစ်ကားပါလာမလာကို နောက်မှန်မှတစ်ဆင့် လှမ်းကာလှည့်ကြည့်လိုက်သည်။ ဂျစ်ကားက ထက်ကြပ်မကွာပါလာခဲ့၍ ရေဝတီ စိတ်တော့ အနည်းငယ် အေးသွားခဲ့မိသည်။

သို့သော် ရေဝတီ ရင်ထဲ ထင့်ခနဲ ဖြစ်ရပါလေ၏။ ဂျစ်ကားကို ဆိုင်ကယ်တစ်စီးက ကျော်တက်နေသည်ကို ရေဝတီ တွေ့ရပြန်လေသည်။ ဆိုင်ကယ်လိစီးနင်းလာသူက ကိုပိန်ရှည်ဖြစ်နေပြန်ပါ၏။

ကိုပိန်ရှည်က ဂျစ်ကားကို ကျော်တက်ရန် ကြိုးစားနေသလို ဂျစ်ကားကလည်း ရေဝတီ စီးနင်းနေသည့် အငှားကားကို အမီလိုက်လာရန် ကြိုးစားမောင်းနေခဲ့သည်။ ဖြုန်းခနဲ မီဖို့က မလွယ်။

ကျော်မိုးနောင်၏ကားက ရှေ့ကားများကို တစ်ကားပြီးတစ်ကား ကျော်တက်မောင်းနှင်နေခဲ့သည်။ ကုက္ကိုင်းလမ်းဆုံသို့ရောက်လေပြီ။ မီးပွိုင့်က နီနေခဲ့သည်။

ဤမှာပင် ကျော်မိုးနောင်က ဉပဒေမဲ့ အတင့်ရဲကာ မီးနီကိုဖြတ်တော့၏။

"ရှိ ... ရှိ"

ယာဉ်ထိန်းရဲက ခရာသံပေးကာ လှမ်းခေါ်ခဲ့သည်။ ကျော်မိုးနောင်လို ဒုစရိုက်သားက ဂရုမစိုက် မောင်းမြဲမောင်းကာ ကားတစ်စီးပြီးတစ်စီး ကျော်တက်နေခဲ့တော့သည်။

ရေဝတီမှာ နောက်ကလိုက်လာသော ဂျစ်ကားကို စိုးရိမ်တကြီးကြည့်သည်။ မီးပွိုင့်တွင် ကိုပိန်ရှည့်ဆိုင်ကယ်က



သိပ်ဆုံးမှ ရပ်နေသည်ကို တွေ့ရသည်။ ဂျစ်ကားကို မေတ္တာ ရပ်ထားသော ကားတန်းရှည်၍ နောက်တွင်ရပ်နေဟန်တူပါ၏။

ကျော်မိုးနောင်က ကမ္ဘာအေးစေတီလမ်းအတိုင်း မောင်းနှင်ရာမှ လမ်းကွေ့ကို ချိုးဝင်မောင်းလိုက်သည်။ ရန်ကင်းကိုကျော်ကာ ကျောက်ကုန်းဘက်သို့ ချိုးတက်ခဲ့ပြန်၏။ ထို့နောက် ခြံနီလမ်း၏ လမ်းထဲသို့ ချိုးဝင်ကာ ခြံဝင်းတစ်ခုထဲရှိ အိမ်တစ်ဆောင်ရှေ့သို့ ထိုးရပ်လိုက်သည်။

"ဆင်း ... ဝတီ"

"မဆင်းဘူး"

"ဒီလိုမလုပ်နဲ့လေ၊ ဆင်းစမ်း"

ကျော်မိုးနောင်က အိတ်ထဲသို့ လက်နှိုက်ပြီး ပြန်အထုတ်တွင် မောင်းပြန်ဓားတစ်လက် ပါလာခဲ့၏။ ဖြောက်ခနဲနေအောင် ခလုတ်နှိပ်ပြီး ဓားသွားကိုထုတ်ကာ ရေဝတီကို ထောင်ပြလိုက်၏။

"သိပ်မကြီးကျယ်နဲ့ ဝတီ၊ နင့်ကို ငါက အစမွှသိမ်းပိုက်ပြီး ယူလိမ့်မယ်လည်း မထင်နဲ့။ ငါ့အဖို့ မိန်းမဆိုတာ မဆန်းဘူး။ ငါ့အဖို့က ဆန်းသစ်နေတာ ငွေပဲ ... ငွေ ... ငွေပဲ။ နင့်အလှအပပေါ်မှာ ငါ အာရုံမရှိဘူး။ နင့်ဆီက လိုချင်တာက ကျောက်စိမ်းဆွဲကြိုးပဲ။ နင့်အကောင် နေရဲ ငါတို့အကြောင်း ဘယ်လောက်သိထားပြီးသလဲ ဆိုတာ ငါ သိချင်တယ်။ ကျောက်စိမ်းဆွဲကြိုးယူပြီး ငါ ထွက်သွားရုံပဲ။ အေးအေးသက်သာ မပေးရင်တော့ ငါ နင့်ကို ဓားနဲ့ ထိုးသတ်ပြီး နင့်ဆီက ကျောက်စိမ်းဆွဲကြိုး ယူမှာပဲ ဝတီ"

www.burmeseclassic.com

www.burmeseclassic.com



ယခုလောလောဆယ်တွင် ကျော်မိုးနောင်၏ အာရုံက ကျောက်စိမ်းဆွဲကြိုးပေါ်တွင် မူတည်နေမှန်းသိလိုက်၍ ရဲတင်းစွာပင် ကားပေါ်မှ ဆင်းလိုက်ပြီး ကျော်မိုးနောင်နှင့်အတူ ဖျော်ထောင်အိမ်လေးရှိရာသို့ လိုက်ပါခဲ့ပါ၏။

✦ ➜ ✦



## အခန်း(၂၄)

တွယ်တာခြင်းဆိုတာ ဝေဒနာပဲလား။ နေရဲ တစ်ယောက် ကျားရဲတစ်ကောင်လို ဒေါသကြီးနေခဲ့သည်။ အသက်ရှူသံက ပြင်းထန်လွန်းနေပါ၏။

"သွားပြီ ... သွားပြီ ... ဝတီ ပါသွားပြီ။ ဝတီ့ကို ခြေရာကောက်ဖို့ မလွယ်တော့ဘူး။ ပန်းဆိုးတန်းလမ်းထဲမှာ မန်းသီရိစားတော်ဆက်ဆိုတာ ပန်းဆိုးတန်းကမ်းနားအထိ ဆင်းဦး တစ်ဆိုင်မှ မရှိဘူး"

အိမ်သို့ပြန်ရောက်သည်နှင့် အန်တီခိုင်ဝင်းက ရေဝတီမှာခဲ့သည့်အတိုင်းပြောသည်။ ကားဖြင့် နေရဲ လိုက်သွားသည်။ ပန်းဆိုးတန်းမှာ မန်းသီရိစားတော်ဆက်မှာ လုံးဝမရှိ။ သည်တော့ ထောင်ချောက်တစ်ခုမှန်း နားလည်လိုက်မိသည်။

နေရဲ ပြန်လာခဲ့သည်။ ပြန်လာကာမှ ဝိုရှ်မိုင်စသက်မသာ ဖြစ်ရ၏။ ဦးနှင်းဆီတို့တစ်တွေ လုံခြုံရေးချထားခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးက လှမ်းအကြောင်းကြားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မရေဝတီသည် အငှားကားအဝါရောင်အမှတ်(......) ဖြင့် လိုက်ပါသွားခဲ့သည်။ ထိုကားနောက်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး လိုက်ပါခဲ့သော်လည်း ကုက္ကိုင်းလမ်းဆုံတွင် မီးနီနှင့်တိုးကာ မျက်ခြည်ပြတ်သွားခဲ့ရခြင်းပင် ဖြစ်ပါ၏။

စိတ်မကောင်းစွာပင် ဦးနှင်းဆီက ပြောသည်။

"စိုးရိမ်စရာ အခြေအနေမို့ စိတ်မပူပါနဲ့ နေရဲ ... လို့တော့ မပြောလိုပါဘူး။ ဒါပေမဲ့ တို့များအနေနဲ့ မရေဝတီကိုခေါ်သွားတဲ့ အငှားကားနံပါတ်ကို ယာဉ်ထိန်းဌာနမှာရှာပြီး ခြေရာခံဖို့ စီစဉ်ပြီးပါပြီ နေရဲ"

"ကားနံပါတ်ဆိုတာ အတုလုပ်လို့ ရတာပဲ၊ အင်မတန်အချိန်ယူပြီး လိုက်နိုင်မှ မိနိုင်မှာပါ ဦးနှင်းဆီ။ အဲဒီအချိန်မှာ ဝတီအတွက် အသက်ရှင်ခွင့် ဆိုတာ ရှိနေနိုင်ပါဦးမလား"

"အေး ... မှန်တယ်။ နန္ဒာကိုဖမ်းဖို့ ညွှန်ကြားပြီးပြီ။ သူဟာ မရေဝတီကို ခေါ်ထုတ်သွားတာမို့ သူ့ပဲ ဘယ်ကိုခေါ်သွားတယ်ဆိုတာ သိနိုင်မယ်လို့ ယူဆတယ် နေရဲ"

ဖျတ်ခနဲ အတွေးတစ်ခု နေရဲခေါင်းထဲသို့ တိုးဝင်လာခဲ့သည်။ ဤအကြံအစည်ကို အကောင်အထည်ဖော်သူသည် ကျော်မိုးနောင်ပဲ ဖြစ်လိမ့်မည်။ နန္ဒာကို အပြင်သို့ရောက်အောင် ရေဝတီအား ရှိ၊မရှိ ဦးစွာစုံစမ်းစေသည်။ ရေဝတီ အပြင်သို့ရောက်အောင် အင်းယားလမ်းအိမ်သို့ သီသီစန်းကို သူဝင်ပို့ပေးခဲ့သည်။ နန္ဒာအား ဖုန်းဆက်၍ ရေဝတီ အိမ်ပေါ်မှဆင်းသွားရခြင်း မရှိ



သည့်အတွက် အပြင်သို့ထွက်စေရန် နန္ဒာအား ရေဝတီကို ဖုန်းဆက်ခေါ်စေခြင်းပဲ ဖြစ်ရမည်။ ကျော်မိုးနောင် သွားတတ်လာတတ်ရှိသည့် နေရာကို သီသီစန်း သိနိုင်ပေလိမ့်မည်။

နေရဲက သူ့အကြံကိုပြောပြကာ ဦးနှင်းဆီတို့သုံးဦးအား ထားခဲ့ပြီး အောက်သို့ဆင်းပြေးခဲ့တော့၏။

"သီသီစန်းကို မေးရလိမ့်မယ် ဦးနှင်းဆီ"

အင်းယားမြိုင်လမ်းအိမ်သို့ ရောက်သည်နှင့် အန်တီခိုင်ဝင်းထံမှ သော့တောင်းသည်။ သော့ရပြီးနောက် သီသီစန်းအခန်းထဲသို့ နေရဲဝင်လိုက်ပါ၏။ အန်တီခိုင်ဝင်းလည်း လိုက်ပါလာခဲ့၏။

"သီစန်း ... ကိုယ့်ညီမက လိမ္မာပါတယ်၊ ကိုကို့ကို ကျော်မိုးနောင် သွားတတ်လာတတ် ရှိနိုင်တဲ့နေရာကို ပြောပြပါ။ အခု ရေဝတီကို သူ ခေါ်သွားပြီ။ သူဟာ ငါ့ညီမကိုတကယ်ချစ်တာ မဟုတ်ဘူး။ အခု ရေဝတီကိုခေါ်ပြီး နိုင်ငံခြားနဲ့ အဆက်အသွယ်ရှိတော့ ဝတီနဲ့ပေါင်းသင်းပြီး ပြေးဖို့ကြံမှာပဲ။ သီစန်းသာ ဖွင့်ပြောရင် သူ နိုင်ငံခြားကို ပြေးနိုင်မှာ မဟုတ်ဘူး။ ကိုကို့အတွက် ဝတီကိုလည်း မဆုံးရှုံးတော့ဘူးပေါ့။ ဝတီဟာ သူ့ရဲ့ချစ်သူဟောင်းဆိုတာ ငါ့ညီမ သိထားပြီးသားပဲ"

သီသီစန်း ငေးငိုင်သွားခဲ့ပါ၏။ ရေဝတီကိုမှ မျက်မှန်ကာယူချင်သော ကျော်မိုးနောင်ကို သူ နာကြည်းမိစပြု၏။ အခံချင်စိတ်ပေါ်လာခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"သူနေတဲ့နေရာက အများကြီးပဲ ကိုကို၊ ဒါပေမဲ့ သူနောက်ဆုံးနေတဲ့ နေရာက ဘောက်ထော် ကျောက်ကုန်းဘက်မှာရှိတဲ့ ခြံအမှတ်(--)ပါ"

ချာခနဲ လှည့်ထွက်ကာ နေရဲ ဖုန်းဆက်ခဲ့သည်။ ဦးနှင်းဆီတို့ကို အကြောင်းကြားလိုက်၏။ ထို့နောက် ကားကို အပြင်းမောင်းထွက်ခဲ့ပါလေတော့၏။

✤ ✤ ✤



## အခန်း(၂၅)

"ကဲ ... ပေးပေတော့"

"ဘာပေးရမှာလဲ ကိုကျော်မိုးနောင်"

"ကျောက်စိမ်းဆွဲကြိုးလေ"

"မရှိဘူး၊ ရေဝတီဆီမှာ လုံးဝမရှိတော့ဘူး"

"ဘယ်ရမလဲ ဝတီ၊ နင်နေတဲ့အခန်းမှာ သန္တာ်စိုး ရှာခဲ့ပြီးပြီ။ မတွေ့ရဘူး၊ အဲဒီတော့ နင့်ဆီမှာပဲ ရှိရမယ်"

"သန္တာစိုး မဟုတ်ပါဘူး၊ နန္ဒာပါ"

"ဪ ... ဪ ... နင်က အတော်သိပြီးနေပြီပဲ။ ဟိုကောင် နေရဲဆီက သိနေတာပဲပေါ့။ ဘာတွေများ ငါတို့အကြောင်း သိထားလဲဆိုတာ မေးရဦးမှာပေါ့။ ကဲ ... မမေးခင် ကျောက်စိမ်းဆွဲကြိုးကို အသာတကြည် ထုတ်ပေးပေတော့၊ ထုတ်မပေးရင်တော့ ငါ့ကို အဆိုးမဆိုနဲ့ ဝင်းမင်းရဲ့အကျိုးထဘီ၊ ဘယာစီရာတွေနဲ့ပြီး ငါရှာရလိမ့်မယ်"

ကျော်မိုးနောင် မားကိုင်ကာ ရေ့တိုးလာသည်။ တကယ်ကြမ်းမည့်ပုံ ရှိ၏။

www.burmeseclassic.com



"ရေဝတီဆီမှာ မရှိတော့ဘူး၊ ကိုကိုရဲ့ သိမ်းပြီး မှုခင်းတပ်ဖွဲ့ကို အပ်လိုက်တယ်။ ကျောက်စိမ်းကိုခွဲပြီး မိုက်ကရိုဖလင် လိပ်ကလေးကိုလည်း သိမ်းထားလိုက်ကြပြီ"

ခဲလေသမျှ သဲရေကျ ဖြစ်သွားပုံပေါ်သော ကျော်မိုးနောင်၏ မျက်နှာက ဖုံးမရ ဖိမရတော့ပေ။ သုန်မှုန်သော မျက်နှာထားနှင့် ရေဝတီကို စိုက်ကြည့်နေပါလေ၏။ ရေဝတီကမူ သူမအတွက် အချိန်ဆွဲထားရန် လိုအပ်သည်ကို သိထားပါ၏။ သို့မဟုတ်က သူမ အသက်ရှင်ခွင့် ရှိနိုင်မည် မထင်ပါလေတော့။

"ကိုကျော်မိုးနောင်ကို ဝတီ အံ့သြမိတယ်။ ကိုကျော်မိုးနောင်ဟာ ပညာတတ်ပါ၊ လက်ရှိရာထူးရာခံ ရှိထားသူပါ။ ဒါနဲ့များ ဘာဖြစ်လို့ ဒုစရိုက်မှုကို လုပ်ရသလဲလို့ပါ"

"ဘာ"

သူ ဒေါသထွက်သွားပုံရပါ၏။ ပြီးမှ ...

"လောကကြီးမှာ လူသားတစ်ဦးအတွက် ငွေပဲလိုအပ်တယ် ဝတီ၊ ငါဟာ ဘဝအတွက် လိုတာမှန်သမျှ ဖန်ဆင်းပေးနိုင်တဲ့ ငွေပဲလိုချင်တယ်။ ငါ့အတွက် ဘဝမှာ ငွေပဲလိုအပ်ပါတယ်။ တခြား ဘာမှမလိုအပ်ပါဘူး။ အဲဒီအတွက် ဘယ်သူ့ကိုဖြစ်ဖြစ် စတေးနိုင်တယ်။ တိုင်းပြည် ဆိုတာလည်း သစ္စာဖောက်ရဲတယ်၊ ဒါပဲ"

"အခုဆိုရင် ကိုကျော်မိုးနောင်ကို အဓိကကြိုးကိုင်ပြီး ခိုင်းစေနေတဲ့ ဂိုဏ်းခေါင်းဆောင်ကြီး ဘယ်သူဘယ်ဝါဆိုတာ မှုခင်းတပ်ဖွဲ့က သိနေခဲ့ပါပြီ"



"ဩော် ... တကယ် သိနေပြီလား။ ဒီမှာ ဝတီ၊ မင်းဟာ ငါ့ဘဝရဲ့ဆုံးရှုံးမှုတစ်ခုပဲ။ တို့ဆက်သားဟာ မှားယွင်းပြီး ကျောက်စိမ်းဆွဲကြိုးကို ရေဝတီဆိုတဲ့ နင့်ဆီကိုပို့ပေးခဲ့တယ်။ အဲဒီအတွက် သူလည်း သေသွားခဲ့ပြီ။ မန္တလေးကျုံးထဲမှာပဲ ငါ ရေနစ်သတ်ပစ်လိုက်ပြီ"

"ဘာ ... ဖက်တီမကြီး သေပြီ"

"ဟုတ်တယ်၊ ငါ့ကို ငါ့ရဲ့ဆရာကြီး အပြစ်မပေးနိုင်အောင် နင့်ကိုလည်း သတ်ပစ်ရမယ်။ ဒါမှ ငါတို့ဆရာကြီးရဲ့သေမိန့်ဒဏ် ခံသွားရတဲ့ ဖက်တီးမကြီးလို မဖြစ်မှာ။ နင့်ကို မသတ်ရင် ငါ့အဖို့လည်း သေဒဏ်ခံရမှာပဲ၊ အဲဒီအတွက်"

"ဩော် ... ရှင်တို့ ဆရာကြီးက လူအမြင်မှာ အင်မတန်သဘောကောင်းချင်ယောင် ဆောင်ထားခဲ့တဲ့ ဦးမိုးမြင့်ပဲ မဟုတ်လား။ သိပ်ယုတ်မာ ကြောက်စရာကောင်းတဲ့ လူကြီးပဲ"

"ဩော် ... ငါတို့ဆရာကြီးဟာ ဦးမိုးမြင့်ဆိုတာ နင် သိပြီးနေပြီပဲ၊ ဒီတော့ ..."

ရေဝတီ အသက်အန္တရာယ်အတွက် စိုးရိမ်နေသည့်ကြားမှ ဖျတ်ခနဲ တွေးဆချက် မှန်နေခဲ့ပြီကော။ ပျံနေသောငှက်၏ ရင်အုံတည့်တည့်ကို မြားချက်က ထိမှန်ခဲ့လေပြီ။

"မင်းအတွက် သေတွင်းနက်သွားပြီ ဝတီ။ မင်းကို ခေါင်းဆောင်ကြီး ဘယ်သူဆိုတာ သိလို့ သတ်ရပါတယ်ဆိုရင် ငါ့ရဲ့သေမိန့်က လွတ်ဖို့အခွင့်အရေးပဲ။ မင်းဆုရားတရားသာ တ,ပေတော့"

www.burmeseclassic.com

www.burmeseclassic.com



ကျော်မိုးနောင် ဓားကိုင်လက်ကို မြှောက်လိုက်သည်။ ရေဝတီ မျက်စိကို စုံမှိတ်ထားလိုက်မိပါတော့၏။ ထိုစဉ်မှာပင် ဝှီးခနဲ အသံတစ်ခု ကြားလိုက်ရသည်။ အားခနဲ အော်သံပါကြားလိုက်ရ၏။

ကျော်မိုးနောင်နှင့် တစ်စုံတစ်ယောက် လုံးထွေးသတ်ပုတ်သံ ကြားရတော့သည်။ ရေဝတီ မျက်လုံးဖွင့်ကြည့်လိုက်သည်။ ကိုပိန်ရှည်က ကျော်မိုးနောင် ဓားကိုင်လက်ကို အိမ်လေး၏ပြတင်းတံခါးမှနေပြီး ပစ်ပေါက်လိုက်ခြင်းပဲ ဖြစ်ပါ၏။ ထို့နောက် ကိုပိန်ရှည် ခုန်ဝင်လာပြီး လုံးထွေးကာ ကျော်မိုးနောင်နှင့် သတ်ပုတ်ရခြင်း ဖြစ်ပေမည်။

လက်မှဓားဒဏ်ရာ ရထားသော်လည်း ကျော်မိုးနောင် ကောင်းစွာ သတ်ပုတ်နေနိုင်သေးသည်။ နှစ်ဦးသား ကြမ်းပေါ်သို့ လဲကျသွားခဲ့သည်။ ကိုပိန်ရှည်၏အပေါ်သို့ ကျော်မိုးနောင် ခွတက်ပြီး အပေါ်စီးမှ သူ၏လက်တစ်ဖက်က ကိုပိန်ရှည်၏လည်ပင်းကို ဖမ်းညှစ်ထားခဲ့၏။ ကျန်လက်တစ်ဖက်က ကြမ်းပေါ်မှာကျနေခဲ့သောဓားကို လှမ်းယူနေခဲ့သည်။ ကျန်နေခဲ့သော ဓားတစ်ချောင်းက ကြမ်းပေါ်မှာ ရှိနေခဲ့သည်။

ယင်းအချိန်မှာပင် ရေဝတီ၏ချစ်လှစွာသော နေရဲက ကိုပိန်ရှည် ဝင်လာခဲ့သော ပြတင်းပေါက်မှပင် လွှားခနဲ ခုန်ပျံဝင်ရောက်လာခဲ့ပါ၏။

"ကိုကိုရဲ"

နေရဲက ရေဝတီ့ထံသို့ မသွားအားသေးဘဲ ကျော်မိုးနောင်ကို ညာခြေဖြင့် ကန်ချလိုက်သည်။ ကျော်မိုးနောင် သုံးလေး



ဘော်လိမ့်သွားခဲ့ရပါ၏။ နေရဲက သူ၏ပခုံးသိုင်းအိတ်ထဲမှ ဒဿမ သုံးရှစ်ပြောင်းတိုသေနတ်ကလေးဖြင့် ကျော်မိုးနောင်နှင့် ကိုပိန်ရှည်တို့နှစ်ဦးအား အလစ်မပေးဘဲ ချိန်ထားရင်း နောက်ဆုတ်ကာ ရေဝတီ့ဆီသို့ နောက်ပြန်လျှောက်ခဲ့သည်။

ရေဝတီကို လက်တစ်ဖက်ဖြင့် သိုင်းဖက်ထားလိုက်သည်။

"အို ... ကိုကိုရဲ ... ရယ်"

"ဝတီ ဘာဖြစ်သေးသလဲဟင်၊ လုံခြုံရေးသမားတွေ မျက်ခြည်ပြတ်သွားတာ သိရလို့ အမီလိုက်လာခဲ့တာ၊ နည်းနည်းနောက်ကျသွားတယ် ဝတီ"

"ဘာမှမဖြစ်ပါဘူး ကိုကိုရဲ၊ ကိုကျော်မိုးနောင် ဓားနဲ့လှမ်းအထိုးမှာ ကိုပိန်ရှည်က ဓားနဲ့လှမ်းပစ်ပြီး ပြတင်းပေါက်က ဝင်လာခဲ့လို့ ဝတီ မသေဖြစ်ခဲ့တာပါ"

"ဘာဗျ၊ ကိုပိန်ရှည်ဆိုတာ ကျွန်တော့်ကို ပြောတာလား"

ကိုပိန်ရှည်က လဲရာမှ ထလာ၍ ပြောလိုက်သည်။ သူ့အသံက ဤသို့ခေါ်ခြင်းအတွက် ကျေနပ်ပုံ မရပါလေ။

"ခင်ဗျား ရောက်တဲ့နေရာမှာ ငြိမ်ငြိမ်နေလိုက်ပါ ကိုပိန်ရှည်"

"လာပြန်ပြီလား၊ ထပ်တရီး ကိုပိန်ရှည်"

"ခင်ဗျားက ဘယ်သူလဲ"

"ကျုပ်လား ... ရော့"

ကိုပိန်ရှည်က သူ့အိတ်ထဲမှ ကတ်ပြားတစ်ခု ထုတ်ပေးလိုက်သည်။ နေရဲ ယူ၍ကြည့်လိုက်မိသည်။ သူလည်း မှုခင်းအဖွဲ့ဝင်တစ်ဦးပေပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ခင်ဗျားလည်း မှုခင်းတပ်ဖွဲ့ဝင်တစ်ဦးပဲနော်။ ပန်းရနံ့စစ်ဆင်ရေးအတွက် စပါယ်ရှယ်လားဟင်"

"ပန်းရနံ့စစ်ဆင်ရေးအတွက်တော့ မဟုတ်ဘူးဗျ။ ကျွန်တော် ဘကျော်က မရေဝတီအတွက်ပါ"

"ရေဝတီ အတွက် ဟုတ်လား"

"ဟုတ်ပါတယ်၊ မန္တလေးက အယ်ဒီတာချုပ်ကြီးအသွင် ယူထားတဲ့ မှူးကြီးအောင်စည်ရဲ့ ညွှန်ကြားချက်နဲ့ပါ"

"ရှင်းပါပြီ ကိုပိန် ... အဲ"

"ဘကျော်ဗျ ... ဘကျော်၊ ခင်ဗျား နားဝေးသေးတာပဲ"

နေရဲရော ဝတီပါ ရယ်လိုက်မိကြပါ၏။ ကိုဘကျော်က ကျော်မိုးနောင်၏ကုပ်အားဆွဲကာ ခေါ်ခဲ့တော့သည်။

"ကဲ ... ကိုနေရဲကို ဒီကောင် အားလုံး ဖော်လိမ့်မယ်။ ကုက္ကိုင်းမှာ မီးနီတိုးပြီး ဘကျော် ကျန်ခဲ့သေးတာ။ အယ်ရဗလဲဗျာ ဆိုင်ကယ်ဆိုတော့ ရှေ့ဆုံးတက်လာပြီး မရမက ဒီကောင့်နောက် လိုက်ခဲ့လို့ မရေဝတီကို ကယ်နိုင်ခဲ့တာပဲ။ ကျုပ်က ပန်းရနံ့စစ်ဆင်ဆင်ရေးက မဟုတ်တော့ ကျုပ်နဲ့ မဆိုင်ဘူး"

ထိုစဉ်မှာပင် မှုခင်းရဲတပ်ဖွဲ့မှ နေရဲ အကြောင်းကြားခဲ့ခြင်းကြောင့် မှုခင်းတစ်ဖွဲ့ဝင်များနှင့်ကား ရောက်လာခဲ့ပြီး ကျော်မိုးနောင်ကို ခေါ်ဆောင်ဖမ်းဆီးသွားခဲ့ပါလေတော့၏။

✤ ✤ ✤



## အခန်း(၂၆)

ကားကို နေရဲပဲ မောင်းလာခဲ့သည်။ အန်တီခိုင်ဝင်းကို ရှေ့မှာပဲ ထိုင်စေခဲ့သည်။ ကားနောက်ခန်းမှာ ရေဝတီနှင့် သီသီစန်းကို ထိုင်စေခဲ့ပါ၏။

ရေဝတီကို ယောက်မ၊ ယောက်မနှင့် နှုတ်များမှုမချပါလေတော့။ ရေဝတီ့ လက်ကလေးကို သီသီစန်းက ဆုပ်ကိုင်ထားပါလေ၏။

မှားသမျှ ဝန်ချတောင်းပန်လည်း ပြီးသွားပါလေပြီ။

ကားက ကမ်းနားလမ်း ဦးနှင်းဆီတို့ အဆောက်အအုံကြီးရှေ့မှာ ရပ်လိုက်သည်။ အန်တီခိုင်ဝင်းနှင့် သီသီစန်းကို ကားပေါ်မှပဲ ထားခဲ့သည်။ အဆောက်အအုံကြီးပေါ်သို့ နေရဲနှင့် ရေဝတီတို့ ဓာတ်လှေကားမှ မတက်ဘဲ ရေဝတီနှင့် လက်ချင်းချိတ်ကာ လှေကားထစ်များကိုနင်း၍ တက်ခဲ့သည်။

တွဲတက်သယောင်နှင့် လှေကားအချိုးအကွေ့တိုင်းမှာ ရေဝတီ ပါးပြင်ကို နေရဲ နမ်းပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



*အခန်းတံခါးထိပ်မှာ ချိတ်ထားသည်က တိရစ္ဆာ*

အရုပ်ကလေးများ မဟုတ်ပါလေတော့။ ကြံကြီးစည်ရာအသည်း
မြားတစ်ချောင်း စိုက်ဝင်နေသည့်ပုံပဲ ဖြစ်ပါလေ၏။

နှစ်ဦးသား အခန်းထဲသို့ ဝင်လိုက်ကြသည်။
ပြုံးလိုက်မိ၏။

"ဘာကိုပြုံးတာလဲ ကိုကိုရဲ"

"ဦးနှင်းဆီတို့ အဘိုးကြီးတစ်တွေ ကြံကြံဖန်ဖန် အရု
တွေကပ်ထားလို့ ရယ်တာပေါ့ ဝတီ၊ ဒါ ကိုကိုရဲကို ကသ
တာ"

သူ့စကားကြောင့် ဦးနှင်းဆီ၊ ဦးဂန္ဓမာ၊ ဦးစံပယ်
ပြုံးပါလေ၏။

"ဦးမိုးမြင့်ကို ဖမ်းထားလိုက်ပြီ။ မိုက်ကရိုဖလင်ထဲမှာပါ
သတင်းအချက်အလက်တွေ အားလုံးဟာ ဦးမိုးမြင့် ရို
ယူထားတာချည်းပဲ"

"ဘယ်သူ့ဆီက ရတာလဲ"

နေရဲက မကျေနပ်သံနှင့် မေးသည်။

"ဦးဂန္ဓမာဆီက ရတယ်လို့ပဲ ပြောရမှာပေါ့။ ကျုပ်တို့
ယောက်ဟာ သတင်းဖိုင်တွေ အချက်အလက်တွေကို
ယူသွားလေ့ရှိကြတယ်။ ဦးဂန္ဓမာ ယူသွားတဲ့အလှည့်တိုင်း
မှာ ဦးမိုးမြင့်က တိတ်တိတ် ခိုးရိုက်ယူတာပဲ"

"ဒါဆိုရင် ဦးဂန္ဓမာပေါ့လျော့တာပေါ့"

ဦးဂန္ဓမာက ခပ်ပြုံးပြုံးပဲ ဖြေရှင်းပါ၏။



*"ကျုပ်အိမ်မှာ သီးသန့်စာကြည့်ခန်း ရှိတယ်။ အထဲမှာ*
သံမဏိဗီရို ရှိသေးတယ်။ ကျုပ် အသုံးမပြုရင် သော့ခတ်
တယ်။ ဒီသော့ကို ကျုပ်လက်က မချာဘူး"

"ဒါနဲ့တောင် ဦးမိုးမြင့်က ရယူနိုင်သေးလား"

ယင်းကိစ္စကို ဦးနှင်းဆီက ဆက်၍ရှင်းပြခဲ့၏။

"အေး ... ဦးမိုးမြင့်က ဦးဂန္ဓမာဆီက ရယူပါတယ်လို့
ပြောခဲ့တာကို သူလည်း အံ့သြသွားမိတာပါပဲ။ ဦးဂန္ဓမာနဲ့
ဦးမိုးမြင့်ဟာ ပုဂ္ဂိုလ်ရေးအရ ခင်မင်ကြတယ်။ တစ်ယောက်
အိမ်တစ်ယောက် ဝင်ထွက်သွားလာ ရင်းနှီးကြတယ်။
ဦးမိုးမြင့်ကို တို့က တို့လုပ်ငန်းမှာ လူယုံအဖြစ်တောင်
သတ်မှတ်ခဲ့ကြတယ် ...

ဦးမိုးမြင့်မှာ ထူးခြားတဲ့အတတ်နှစ်ခုကို တတ်မြောက်
ထားခဲ့တယ်။ တစ်ခုက အိပ်မွေ့ချပညာနဲ့ တစ်ခုကသော့
တူနဲ့ ဖွင့်ဝင်နိုင်တဲ့ ဖောက်ထွင်းပညာရပ်ပါပဲ။ သော့တူနဲ့
တစ်အိမ်သားလုံးကို အိပ်မွေ့ချပြီး အခန်းထဲရောက်တော့
ဓာတ်ပုံရိုက်ယူခဲ့တာပါပဲ။ နေရဲဆီကို သန္တာစိုး အယောင်
ဆောင်ပြီး နန္ဒာကို လွှတ်ခဲ့တာလည်း ဦးမိုးမြင့်ပါပဲ"

"အခုအချိန်ကစပြီး ပန်းရနံ့စစ်ဆင်ရေးဟာ ပြီးဆုံးသွားခဲ့
ပါပြီ။ တစ်ဘက်နိုင်ငံက ဒုစရိုက်ဂိုဏ်းတွေကို သတင်း
အချက်အလက်တွေ ရောင်းစားနေခဲ့တာတွေဟာ ဦးမိုးမြင့်
ကို ဖမ်းလိုက်တဲ့အတွက် ပြီးဆုံးသွားခဲ့ပါပြီ။ ဦးဂန္ဓမာ
အပေါ်ကို ဘဝင်မကျခဲ့တာကိုလည်း အထက်အဖွဲ့အစည်း
ကို အစီရင်ခံ တင်ပြသွားမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"မှန်တာပြောရရင် ဦးမိုးမြင့်ကို ဖော်ထုတ်နိုင်တာက မရေဝတီကြောင့်ပဲလို့ မှုခင်းတပ်ဖွဲ့ဝင် ဘကျော်က ပြောသွားခဲ့ပါတယ်"

ဦးနှင်းဆီက ရေဝတီကို ကြည့်ကာ ပြောလိုက်လေသည်။

ရေဝတီ ထိုင်ရာမှထကာ ရှင်းပြလိုက်ပါ၏။

"ဝရန်တာကနေ ပစ်ချဖို့ ကြိုးစားတဲ့သူနဲ့ မန္တလေးမှာ ဆွဲကြိုးလုတဲ့သူဟာ အချက်နှစ်ချက် တူနေပါတယ်။ အဲဒါက နှစ်ကြိမ်လုံး နောက်ကနေ ပါးစပ်ပိတ်ပြီး ကြံစည်တာပါပဲ။ ပြီးတော့ ကြံစည်သူဟာ ကိုယ်ကာယ ထွားကျိုင်းလွန်းပါတယ်။ ဦးမိုးမြင့်နဲ့ ကြုံစဉ်က သူ့လက်မှာ လက်စွပ်အကြီးကြီး ဝတ်ထားခဲ့တယ်။ ကြံစည်သူမှာလည်း လက်စွပ်အကြီးကြီးတစ်ခုပါတာကို ရေဝတီ ပါးပြင်ကို ခြစ်မိလို့ သိခဲ့ရတာပါ။ အစင်းရာတော့ မထင်ခဲ့ပါဘူး။ နောက် ဆွဲကြိုးအလုမခံရခင်ကလေးမှာပဲ ဦးမိုးမြင့်နဲ့အဆုံမှာ သူက ထိုးမုန့် လ,မုန့် ဘယ်မှာဝယ်ရမှန်း မသိပါဘူးလို့ ပြောခဲ့တဲ့အချက်ကြောင့်ပါ။ မန္တလေးကို ကျွမ်းကျင်နေတဲ့ ဦးမိုးမြင့်ဟာ လ,မုန့် ထိုးမုန့်ဆိုင်ကို သူ မသိပါဘူးဆိုတာ လုံးဝမဖြစ်နိုင်တာပါပဲ"

"ဝတီရယ် ... ဒီလို ဆက်ဆက်တွေးနိုင်တာကို အစကတည်းက ကိုကိုရဲ့ကို ပြောမပြခဲ့ဘူး"

နေရဲက မကျေမနပ်ဖြင့် ပြောလိုက်ပါ၏။



"ဝတီတွေးတာ အထင်နဲ့တွေးတာ၊ မမှန်မကန်ဖြစ်နေရင် မှားကုန်မှာစိုးလို့ မပြောခဲ့တာပါနော်၊ ပြီးတော့ ဦးမိုးမြင့်ဟာ လူယုံလို့ သတ်မှတ်ထားတဲ့လူ ဖြစ်နေတာ မဟုတ်လား"

ထိုစဉ်မှာပင် ဦးနှင်းဆီက နေရဲအား စူးစူးရဲရဲကြည့်လေရင်း ...

"တို့များက မရေဝတီကို ဂုဏ်ပြုဖို့နဲ့ တကယ်လို့ မှုခင်းတပ်ဖွဲ့မှာ တာဝန်ထမ်းဆောင်ချင်တယ်ဆိုရင် ထမ်းဆောင်ဖို့ သက်ဆိုင်ရာ အထက်အဖွဲ့အစည်းကို တင်ပြပေးမယ် ဆိုတာပါပဲ"

"မလိုပါဘူး၊ မလိုတော့ပါဘူး"

နေရဲက ပြင်းပြင်းထန်ထန် ကန့်ကွက်ပါလေတော့၏။

"ဟာ ... ဘာကြောင့်များလဲ နေရဲ၊ သိပါရစေ"

ဦးနှင်းဆီကပင် အဖွဲ့ကိုယ်စား မေးပါလေ၏။

"ရေဝတီဟာ မကြာခင် ကျွန်တော် နေရဲရဲ့ အိမ်ထောင့်တာဝန်ကို ထိန်းသိမ်းရတော့မဲ့ ဝန်ထမ်းတစ်ဦး ဖြစ်နေလို့ပါပဲ။ ဒါကြောင့် ကျွန်တော် ကန့်ကွက်တာပါ"

နေရဲ အပြောကြောင့် ရေဝတီ ခမျာ ရှက်လို့မဆုံးနိုင်ပါတော့ပြီတည်း။

"သွား ... ဘာမှန်းလဲ မသိဘူး"

"ဟော့ ... ဟော့ ... အဲဒါတော့ မလုပ်နဲ့၊ မသွားပါနဲ့၊ တို့များလည်း နေရဲကို အိမ်မှာ ထမင်းအကုန်ခံပြီး မကျွေးနိုင်ပါဘူးဟော့"

www.burmeseclassic.com

www.burmeseclassic.com



ဦးစံပယ်၏ အပြောကြောင့် အားလုံး ဝိုင်းရယ်ဖြစ်ကြပါလေတော့၏။ ထိုရောအခါ ရေဝတီ မရှက်နိုင်ပါလေတော့။ ချစ်ရသူ နေရဲ၏လက်ကိုဆွဲကာ အခန်းအပြင်သို့ သွက်သွက်ကလေး လှမ်းရပါလေတော့သည်သာ။

ထက္ကသိုလ်တင်မြင့်

BURMESE CLASSIC

www.burmeseclassic.com